www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်
၁၉၉၂၊ မတ်လ

စာမူခွင့်ပြုအမှတ် ၁/၉၂(၁)
မျက်နှာဖုံးခွင့်ပြုအမှတ် ၁၆/၉၂(၁)

တန်ဖိုး ကျပ်လေးဆယ့်နှစ်တိတိ
အုပ်ရေ ၅၀၀ အုပ်
မျက်နှာဖုံးပန်းချီ ဝင်းသိန်း
ကာလာခွဲ လှိုင်

မျက်နှာဖုံးရိုက် ဦးမောင်လှိုင်(မြဲ ၀၃၀၅၄)
လှိုင်အောဖ်ဆက်
၁၃၄၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးစိန်ဝင်း (မြဲ ၀၁၃၀၆)
ဝင်းမျိုးပုံနှိပ်တိုက်၊
အမှတ် ၉၆၊ ၉၅ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးစိန်လေး(မြဲ ၀၀၇၀)
ဆန်းထွန်းစာပေ
၆၇၉၊ သန္တာ ၁၄ လမ်း၊ ၁-ရပ်ကွက်
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

လှျို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# [illegible]

'ဓကပုတ္တ မောင်ထွန်းပ'

စ-ဆုံး လုံးချင်းဝတ္ထုသစ်

[လှျို့ဝှက်ဆန်းကြယ် အသစ်စက်စက်]

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ် စာရေးဆရာကြီး

# သူရိန်ဆွေ

ကေပုတ္တမောင်ထွန်းပ

(စ/ဆုံး လုံးချင်းဝတ္ထု)

ပန်းလက်ဆောင်စာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးသူရိန်ဆွေနှင့် တွေ့ဆုံခြင်း
(အိုမဟုတ်)

ကေပုတ္တမောင်ထွန်းပ ဖွားမြင်လာခြင်း

ကျွန်တော်သည် စာပေတိုက်သို့ရောက်ရှိထားသည့်လူ့ဝှက်ဆိန်းကြယ် စာရေးဆရာကြီးသူရိန်ဆွေနှင့် မတ်သက်သော ဝေဖန်အကြံပေးစာများအနက် စာတစ်စောင်ကိုဖတ်ရှုကြည့်ရာ မြစ်ကြီးနားမြို့မှ တက္ကသိုလ်ကျောင်းသား မောင်ကျော်စိန် ဆိုသူ၏စာမှာ အထူးပင် စိတ်ဝင်စားဖွယ် ကောင်းလှကြောင်း တွေ့ရပေ၏။

သူ၏စာထဲ၌ စာရေးဆရာကြီးသူရိန်ဆွေ၏ ဝတ္ထုဇာတ်လမ်းများကို အထူးကြိုက်နှစ်သက်ပါကြောင်း၊ အထူးစိတ်ဝင်စားပါကြောင်း။

ဆိုရာတွင် နောက်ဆုံးစာပိုဒ်၌ ရေးသားထားသည်မှာ မြန်မာပြည်အတွင်းရှိ ကချင်ပြည်နယ်သည် သာဘာဝသဘာ

www.burmeseclassic.com

www.burmeseclassic.com

များ၊ ဆေးစင်ဆေးမြစ်များ၊ သယံဇာတပစ္စည်းများအပြင် လူမျိုးစုလည်း အတော်စုံစုံလင်လင်ရှိသည့်အတွက် အခြား အခြားဆန်းကြယ်မှုများ ရောစွက်ကာ ဝတ္ထုတစ်ပုဒ်ရေး သားပေးပါရန် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်း ပါရှိလေသည်။

ထို့ကြောင့် အားလပ်သည့်တစ်နေ့တွင် ဆရာကြီးသူရိန် ဆွေ၏နေအိမ်သို့ ကျွန်တော်ရောက်သွားမိ၏။

ဆရာကြီးက ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်၍ ကျွန်တော် အား နေရာထိုင်ခင်းပေးပြီးလျှင် အနီးရှိဖတ်လက်စစာအုပ် တစ်အုပ်ကို နံဘေးသို့ဖြည်းညင်းစွာ ဖယ်လိုက်လေ၏။

ကျွန်တော်တွေ့ရသည့်စာအုပ်မှာ စာရေးဆရာကြီး ဒဂုန် ရွှေမျှားရေးသားသည့် 'သေမင်းနှင့်စစ်ခင်းသူ' အမည်ရှိ ဝတ္ထုကြီးဖြစ်လေသည်။

'ဟာ—ဆရာကြီး၊ ကျွန်တော်ဖြင့် အဲဒီစာအုပ်ကို သိပ် ကြိုက်တာဗျ၊ ဆေးပညာရဲ့ အကျိုးသက်ရောက်မှုဟာ စိတ် ဓာတ်အယူအဆ မှားယွင်းမှုကြောင့် ဒုက္ခဖြစ်ရတာလေ'

'ဟဲဟဲဟဲ— ကျုပ်ကလဲ ကြိုက်တာပါပဲဗျ၊ ဒါကြောင့် ဒီနေ့အထိ အကြိမ်ပေါင်းဆယ်ထက်မနည်း ဖတ်ရှုပြီးပါပြီဆို ရင် ခင်ဗျားယုံနိုင်ပါ့မလား'

'အော်— ဆရာကြီးလဲ ကြိုက်တာကိုး'

ကျွန်တော်က အလိုက်အထိုက်ပြောရာ ဆရာကြီးက ခေါင်း ညိတ်လိုက်ပြီးနောက်....

'ဒီဝတ္ထုဟာ လျှို့ဝှက်သည်းဖိုရအအခော်များများပါဝင် တဲ့အပြင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါး တာ ခင်ဗျားတို့ကျုပ်တို့ရဲ့ အနီးအပါးမှာ ရစ်ဝဲပျံ့သန်းနေ ကြောင်း စောင်းပါးရိပ်ခြည် သတိပေးထားတဲ့ဓမ္မစာပေ တစ်ခုဆိုလည်း မှားလိမ့်မည်မဟုတ်ဘူးဗျ'

'မှန်ပါတယ်ဆရာကြီး'

'ပြီးတော့ ကျုပ်ပြောရဦးမယ်၊ အသက်ရှည်ခြင်းဆိုတဲ့ အရာကို ဆေးပညာရပ်ကသာ ဖြည့်စွမ်းကူညီနိုင်ကြောင်း သိကြပေမယ့် အခြားသော မယုံကြည်နိုင်စရာ အကြောင်း တွေကလည်း အသက်ရှည်ခြင်းကို အထောက်အကူပြုတာ ရှိ သေးတယ်ဗျ'

'ဖြစ်နိုင်ပါ့မလား ဆရာကြီး'

'သိပ်ဖြစ်နိုင်တာပေါ့ဗျာ၊ ဥပမာ ကျုပ်တို့ကချင်ပြည်နယ် မှာပဲကြည့်၊ မချစ်၊ မရှော့ခေါ် မသေဆေးမြစ်ကို စားသုံး သူတွေဟာ အသက်ပိုရှည်ကြတာကို တွေ့ရတယ်လေ'

'ဟုတ်ကဲ့'

'နောက်ပြီး အိန္ဒိယက အသက်ပြင်းပြင်းနဲ့ ရှည်ရှည် ရှူရှိုက်တဲ့ ယောဂီကျင့်စဉ်တစ်မျိုးဟာ လူ့သက်တမ်းကို ပိုမို ရှည်ကြာအောင် ဆွဲဆန့်နိုင်တယ်လို့ ဖတ်ရဖူးတယ်'

'ထူးဆန်းတယ်နော် ဆရာကြီး၊ ဩော်...ဆရာကြီးပြော လို့ ကချင်ပြည်နယ်က တက္ကသိုလ်ကျောင်းသား မောင်ကံစိန်ရဲ့ စာကို သတိရသွားတယ်၊ ဖတ်ကြည့်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တော်က ဆောင့်ဖေါ်လာသည့် ကချင်ပြည်နယ်မှ တက္ကသိုလ်ကျောင်းသား မောင်ကံစိန်၏စာကို ထုတ်ပေးလိုက်တော့သည်။

ဆရာကြီး သူရိန်အေးသည် မောင်ကံစိန်၏ စာကို သေချာစွာ ဖတ်ရှုပြီးနောက်—

'သူရေးတာ မှန်တယ်ဗျ၊ ကျွန်တော်တို့ မြန်မာပြည်က ကချင်ပြည်နယ်ဟာ ထူးခြားဆန်းကြယ်မှု၊ လျှို့ဝှက်တဲ့ အခြင်းအရာတွေနဲ့ ပြည့်နှက်နေတဲ့ နေရာတစ်ခုပဲ'

'ဆရာကြီး ရောက်ဖူးပါသလား'

'သုံးနှစ်လောက်ကြာအောင် နေခဲ့ဖူးပါတယ်၊ ပူတာအိုမှာပေါ့၊ အင်း–တက္ကသိုလ် ကျောင်းသား မောင်ကံစိန် သတိပေးလို့ ကျုပ်ရဲ့မိတ်ဆွေ ကချင်လူမျိုး မုဆိုးကြီး ဖရော်ဂန်ကို သွားသတိရမိတယ်'

'ဟုတ်ကဲ့ဆရာကြီး'

'ကောင်းပြီလေ၊ ခင်ဗျားက မောင်ကံစိန်ရဲ့ စာအရ ကျုပ်ကို လျှို့ဝှက်ဆန်းကြယ်မှု ရှုသမျိုးစုံအပြင် ကချင်ပြည်နယ်ရဲ့ ထူးခြားမှုတွေပါဝင်တဲ့ ဝတ္ထုတစ်ပုဒ် ရေးခိုင်းချင်တာယ်ပေါ့'

'မှန်ပါတယ်ဆရာကြီး'

ကျွန်တော် အနေနှင့် လူတစ်ဖက်သား၏ လိုအင်ဆန္ဒကို သိတတ်လွန်းသော ဆရာကြီးအား အထူးပင် လေးစားသွားမိတော့သည်။

ထို့နောက် ဆရာကြီးက 'သေမင်းနှင့် စစ်ခင်းသူ' စာအုပ်အား လက်ညှိုးထိုးပြလျက်—

'ဆရာကြီး ဒဂုန်ရွှေမျှားရဲ့ ကျေးဇူးတရားကို ထောက်ပြီး စာဖတ်သူတွေကို လက္ခဏာရေးသုံးပါး ဆင်ခြင်ဉာဏ်သွားနိုင်အောင်ရယ် ပြီးတော့ မောင်ကံစိန်နဲ့ ခင်ဗျားရဲ့ဆန္ဒပြည့်ဝအောင်ရယ် ကချင်ပြည်နယ်ရဲ့ ထူးခြားလှသဆန်းကြယ်မှု ရှုသမျိုးစုံ ပါဝင်အောင်ရယ် ကျုပ် ဝတ္ထုတစ်ပုဒ် ရေးပေးပါမယ်'

'ကျေးဇူးအထူးတင်ရှိပါတယ် ဆရာကြီး'

'သို့သော်ငြား ဝတ္ထုဟာ ဝတ္ထုသဘော မသက်ရောက်ဘဲ ဗဟုသုတပိုင်းကို လိုက်ရေးတဲ့အခါ ပျင်းစရာများဖြစ်နေရင် ငြီးငွေ့စရာများ ဖြစ်နေခဲ့ရင် ခွင့်လွှတ်စေကြောင်း ခင်ဗျားက စာဖတ်ပရိသတ်ကို ပန်ကြားပေးပါ'

'စိတ်ချပါဆရာကြီး'

ထိုအခိုက် ဆရာကြီးသည် ၎င်း၏စာအုပ်စင်မှ ဝါကြန့်ကြန့် ဖဲသောင်းသုံးကြီးအား စားပွဲပေါ်နှင့် ရိုက်ခွဲလိုက်ပြီးနောက် အတွင်းမှ ထွက်ပေါ်လာသည့် စာတစ်ထပ်ကို ဆွဲထုတ်၍ ကျွန်ုပ်ထံသို့ ပေးလိုက်သေသည်။

'အဲဒါဟာ မုဆိုးကြီး ဖရော်ဂန် ရလာတဲ့ စာထော ကျုပ်ကို ခေတ္တလက်ဆောင် ပေးလိုက်တာပေါ့၊ အဲဒါပဲ ဖြစ်ဖြစ်လေ၊ ခင်ဗျားအတွက်တော့ ဝတ္ထုကောင်းတစ်ပုဒ် ရမှာတော့ အသေအချာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ဆရာကြီး၊ ဒါနဲ့ ကြော်ငြာမှာ ဘာဝတ္ထုထွက်မယ်လို့ ကြော်ငြာရမလဲ'

'ကေမုတ္တ မောင်ထွန်းမလှိုသာ တပ်လိုက်ပါဗျာ' ဟုပြောလေသည်။

ကျွန်တော်လည်း မည်သို့မျှ မေးမနေတော့ဘဲ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပြန်လာခဲ့ပါတော့သည်။

တုတ်စေသူ

ပန်းလက်ဆောင်စာပေတိုက်။



တစ်နေ့သ၌ ဒီဇင်ဘာလ နှင်းဖွဲဖွဲတို့သည် တစ်သဲသဲကြဲဖြန့်ပြီးသကာလ နှင်းကန့်လန့်ကာကြီးတစ်ခုကို ဖန်တီးနေလေတော့၏။

အချိန်အားဖြင့်ကား ည တစ်ဆယ့်တစ်နာရီကျော်ကျော်ခန့် ရှိပြီ ဖြစ်လေ၏။

ထိုအချိန်တွင် ကားလေးတစ်စီးသည် ပဲခူးလမ်းမကြီးအတိုင်း ရန်ကုန်မြို့ဖက်သို့ မောင်းနှင်လာခဲ့ရာမှ အင်းတိုင်၊ လှည်းကူးတို့ကို ကျော်လွန်ခဲ့ပြီးလျှင် ထောက်ကြန့် ရာဘာတောကြိုပင် အနည်းငယ်ကျော်လွန်ခဲ့ပြီ ဖြစ်၏။

ကားမောင်းလာသူမှာ တစ်ယောက်တည်းဖြစ်၍ အသက်အားဖြင့် ၄၀ လေးဆယ်ကျော်ခန့် ရှိနေပြီ ဖြစ်လေ၏။

နှင်းဖွဲဖွဲများကို ထွင်းဖောက်လျက် လင်းထိန်နေသည့်ကားမီးလုံးနှစ်လုံး၏ အလင်းရောင်မှာ သတ္တဝါကြီး တစ်ကောင်၏ မျက်လုံးများနှင့်ပင် တူနေတော့၏။

ကားမောင်းသူကဲ့ ပတ်ဝန်းကျင်ကို တစ်ချက်မျှ အကဲခတ်ကြည့်ရှုရင်း ကား၏လီဗာကို ဖိမိမြှင့်တင်ရန် ကြိုးစားလိုက်၏။ ထိုစဉ်တွင်—

www.burmeseclassic.com



လှုပ်ခဲသော နှင်းဆုများကို ဖောက်ထွင်း ဖြတ်သန်းနေသော အလင်းရောင်ထဲတွင် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကား၏ လီဗာအစား ဘရိတ်ကို ခပ်သော့သော့ နင်းလိုက်ရတော့၏။

"အလို—"

"ကျွိ...အီ-အီ"

ကားမောင်းသူ မြင်လိုက်ရသည့် မြင်ကွင်းမှာ လွန်စွာကြော့ရှင်းလှပသော မိန်းကလေးတစ်ဦး ဖြစ်လျက် ရှိနေလေ၏။

ကားသည် ကား လမ်းအလယ် မီးရောင်အောက်၌ ရပ်နေသည့် မိန်းမပျိုလေးနှင့် တစ်ဘောင်စန့်အကွာ၌ အသေနှင်နှေးသော မြင်းအား ဇက်ကြိုးဆောင့်ဆွဲလိုက်သကဲ့သို့ တုံ့ခနဲ ရပ်တန့်သွားတော့၏။

ထိုအခါ—

ကားမောင်းသူက ကပျာကယာ ကားပြတင်းမှ ခေါင်းပြူလျက်—

"တူ—တူမက ဘာကိစ္စ လက်တားတာလဲ၊ ပြီးတော့ ဘယ်ကိုသွားမလို့လဲ၊ ဘာကိစ္စ ဒီနေရာမှာ..."ဟု အံ့ဩလျက် တုန်ယင်ချောက်ချားသောအသံနှင့် မေးလိုက်လေ၏။

ဤတွင် မိန်းမပျိုက မခိုးမခန့်အပြုံးဖြင့်—

"အော်—မေးခွန်းတွေက များလှချည်လားရှင့်၊ ကားကြုံလိုက်ချင်လို့ အခုလိုတားရတာပါ"ဟု ပြန်ပြောလေ၏။





ကားမောင်းသူမှာ မယုံနိုင်ဟန် ဖြင့် အနည်းငယ်မျှ စဉ်းစားနေလိုက်၏။

ထိုအချိန်က ထိုနေရာတစ်ဝိုက်တွင် လူဆိုး၊ သူဆိုးများသာ ကျက်စားလေ့ရှိနေပေရာ ထိုမိန်းမပျိုမှာလည်း လူဆိုးသူဆိုးများနှင့် တစ်နည်းအားဖြင့် ပတ်သက် စပ်ဆိုင်နေမည်လားဟု တွေးကြည့်နေခြင်း ဖြစ်၏။

အချိန်မှာလည်း ညဉ့်နက်သန်းခေါင်အချိန်သို့ပင် ရောက်တော့နီးနေပေပြီ။

သူမမှာ မည်သည့်နည်းနှင့်မှ မိန်းမကောင်းအမျိုးသမီးတစ်ဦး မဖြစ်နိုင်ဟု တွေးထင်မိ၏။

ကားမီးရောင်အောက်မှ မိန်းမပျိုက သူမ၏ ဇာမဝါလေးကို လည်ပင်းမှ ဆွဲချလိုက်ရင်း—

"အို...ကျွန်မဟာ မိန်းမကောင်းတစ်ယောက် မဖြစ်နိုင်ဘူးလို့ ရှင်ထင်နေတယ် ဟုတ်ရဲ့လား-ဟုတ်လားဟင်"ဟု ညှိုးငယ်သောမျက်နှာထားနှင့် မေးလိုက်လေ၏။

ကားမောင်းသူမှာ စိတ်ထဲ၌ တွေးနေသည့် သူ၏အတွေးကို အပ်ကျမပ်ကျ ပြောလိုက်သောကြောင့် အံ့ဩလျက် ဆတ်ခနဲ တုန်လှုပ်သွားတော့၏။

ပြီးမှ—

"ဟုတ်တယ်မိန်းကလေး၊ ဘယ့်လိုမှတော့ မထင်ချင်ဘူး၊ အချိန်ကလဲမဲ့နေပြီ၊ နောက်ပြီး ဒီနေရာဟာ လူဆိုးသူခိုးတွေသာ ရှိနေတတ်တဲ့ နေရာတစ်ခုပဲ၊ ချုပ်တောင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ကားပျက်နေလို့ ခုလို အချိန်မတော် မောင်းလာရတာ''ဟု မြွော်လိုက်၏။

မိန်းမပျိုက အသနားခံဟန်ဖြင့်—

''ကျွန်မဟာ စော်ဘွားကြီးကုန်း အနီးက အိမ်တစ်အိမ်မှာ နေပါတယ်ရှင်၊ လူဆိုးနှစ်ယောက်က 'ကျွန်မကို ပြန်ပေးဆွဲပြီး ချုပ်ထားတုန်း သူတို့အလစ်မှာ ထွက်ပြေးလာခဲ့တာပါ၊ ဒါကြောင့် အိမ်ရောက်အောင် လိုက်ပို့ပေးပါလို့ အကူအညီ တောင်းပါရစေ''ဟု မေတ္တာရပ်ခံ၏။

''အို—ဒီလိုလား''

''ဟုတ်ပါ့ အမှန်ပါပဲရှင်''

ကားမောင်းသူမှာ ဒုတိယမှို့ ထပ်မံ၍ စဉ်းစားလိုက်ပြီးပြီးလျှင် ဆတ်ခနဲ ခေါင်းညိတ်လိုက်၏။

ပြီးနောက်—

''ကောင်းပြီလေ—လာလာ၊ ကားပေါ် တက်ပါ၊ အိမ်အရောက် ကျုပ်လိုက်ပို့ပေးပါ့မယ်''ဟု ပြောဆိုလျက် ကားတံခါးကို အသင့်ဖွင့်ပေးလိုက်တော့သည်။

'ကျေးဇူးပါပဲရှင်'

မိန်းမပျိုက ကားမောင်းသူဘေးသို့ လှစ်ခနဲ ရောက်ရှိလာလျက် ဝင်ထိုင်လိုက်၏။

ကားမောင်းသူက တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်သည်တွင် ရှေးခေတ်မင်းသမီးများ ဝတ်ဆင်လေ့ရှိသည့် ထိုင်မသိမ်းအင်္ကျီသဏ္ဍာန်နှင့် မန္တလေးချိတ်သဘိကို အဆင်ပြေစွာဝတ်ဆင်ထားပြီးလျှင် လှပသောလည်တိုင်၌ ပုလဲပုတီးနှစ်ကုံး





ကို လိုက်လျောညီထွေစွာ ဆင်ယင်ထားသည့် မိန်းမပျို၏ဝတ်ဆင်မှုအား သတိပြုလိုက်မိ၏။

ထိုမှ ထီးဟန်နန်းဟန် အဝတ်အစားများနှင့် လူဆိုးများလက်မှ လက်လွတ်အောင်ပြေးလာသည်ဆိုသောစကားမှာ ရှေ့နောက်မညီညွတ်ကြောင်းလည်း တွေးလိုက်မိ၏။

တစ်ဖန်တုန် ကားသမားမိဘ်ဆွေတစ်ယောက်နှင့် စကားစပ်၍ ပြောမိကြရာမှ ထိုနေရာတစ်ဝိုက်တွင် မကြာခဏ ခြောက်လှန့်လေ့ရှိသည့် ဥစ္စာစောင့်မလေး မနန်းအေးဆိုသူရှိတတ်ကြောင်းကိုလည်း ပြန်လည်၍သတိရမိတော့၏။

သို့စဉ်အခိုက်—

မွှေးကြိုင်စူးရှသောရနံ့များသည် မိန်းမပျို၏ကိုယ်တစ်ဆင့် ကားမောင်းသူ၏နှာဝသို့ ရှတ်တရက်တိုးဝင်လာရာ ကားမောင်းသူမှာ ကြောက်တတ်သူတစ်ဦး မဟုတ်သော်လည်း ကြက်သီးများပင်ထ၍ စိမ့်ခနဲတုန်သွားလေ၏။

မိန်းမပျို၏ ဆည်းလည်းသံက နှင်းမှုန်များကို ဖောက်ထွင်း၍ ထွက်ပေါ်လာပြန်၏။

'ကျွန်မဟာ ဥစ္စာစောင့်လဲ မဟုတ်ရပါဘူးရှင်၊ လူသားစင်စစ်မှ အသေအချာပါပဲ၊ ရှင်လုပ်နေတာနဲ့ မကြာခင် လူဆိုးတွေလိုက်လာရင် ခက်ကုန်တော့မယ်'ဟု လောဆော်လေ၏။

'အင်း ဟုတ်သားပဲ'ဟု ပြောပြောဆိုဆို ကားမောင်းသူက ကားစက်ကိုပြန်နှိုးရင်းမှ—



www.burmeseclassic.com

www.burmeseclassic.com



'နို့ ကျုပ်စိတ်ထဲမှာ တွေးနေတဲ့အတွေးတွေရှိ မြင်းက တယ်လို့ကြောင့် သိနေရတာလဲ၊ ပြောစမ်းပါဦးကွ' ဟူ ပြန်လည်မေးလိုက်၏။

မိန်းကလေးက တခစ်ခစ်ရယ်မော၍ —

'ဒါမျိုး အဆန်းလုပ်လို့ရှင်၊ ဘယ်သူဖြစ်ဖြစ် အခုလို အဖြစ်မျိုးနဲ့ ကြုံရင် ရုတ်တရက်မယုံနိုင်ဘဲ ဒီနေရာမှာ ကြုံတွေ့ရတတ်တဲ့ အခြေအနေအရပ်ရပ်ကိုပြန်လည်တွေးမိကြမှာပေါ့၊ အမှန်တော့လည်း ဒီနေရာဟာ ရှင်တွေးသလို လူဆိုးသူဆိုးတွေသာရှိပြီး၊ ဥစ္စာစောင့်မနန်းအေးဆိုတာ ခြောက်လှန့်တတ်ကြောင်း ကျွန်မဖေဖေပြောပြဖူးလို့ ကျွန်မလဲကြားသိထားပါတယ်။ ထမတော့ကျွန်မလဲ အလွန်မြောက်လန့်နေမိတာပေါ့၊ ရှင့်ကားကိုတွေ့ရမှ ကြောက်စိတ်တွေပြယ်ပြီး ကူခြေဆယ်နိုင်ပါတော့တယ်' ဟု တည်ကြည်စွာ ရှင်းလင်းပြောပြ၏။

ဝိုင်းစက်သောမျက်ဝန်း၊ သွယ်တန်းနက်မှောင်သည့်မျက်တောင်နှင့် မတ္တာဆန်လှသော နှုတ်ခမ်းအပြင်၊ ထင်ရှားပေါ်လွင်လှသည့်နှာတန်မှာ လိုက်ဖက်လှလျက် ပီရိပါးလျားသော နှုတ်ခမ်းကလေးများက နှင်းဆီဖူးငုံပမာ ငုံအာလျက်ပွင့်ထစ်တော့မည့်ကဲ့သို့ ရှိလေ၏။

ထို့ကြောင့်လည်း ကားမောင်းသူက 'သူမမှာ လွန်စွာချေပြစ်လှစသည့် မိန်းမပျိုတစ်ယောက်ပါတကား' ဟု စိတ်တွင်းမှ မှတ်ချက်ချကာ တစ်စုံတစ်ရာမပြောဆိုတော့ဘဲ ကား





စက်ကိုနှိုး၍ ကားလမ်းအတိုင်း နှင်းမှုန်များကို ဖောက်ထွင်းလျက်မောင်းထွက်ခဲ့တော့၏။

ကားလေးမှာ တရိပ်ရိပ်ပြေးလွှားလျက်ရှိ၏။

ကားမောင်းသူမှာ ကားကို မောင်းနှင်နေရင်းမှတစ်ခါတစ်ရံမိန်းမပျိုအား တစေ့တစောင်း အကဲခတ်ကြည့်ရှုမိ၏။

မိန်းမပျိုမှာမူ ပင်ပန်းလွန်းသောကြောင့် ထင်ရ၏။

ကားကူရှင်ကို နောက်မှီလျက် လှပသောမျက်လုံးများကို မှိတ်ကာ ငိုက်မြည်းလျက်ရှိချေလေ၏။

'ဟွင်း'

ကားမောင်းသူမှာ သက်ပြင်းတစ်ချက်ကို လေးတန်စွာချလိုက်၏။

ထို့နောက် ကားရှေ့တူရူသို့ကြည့်ပြီးလျှင် ကားစတီယာရင်ကို ဂရုတစိုက် ထိန်းသိမ်းမောင်းနှင်နေလေ၏။

ထိုသူမှာ ကားကို ဂရုတစိုက်မောင်းနှင် ထိန်းသိမ်းနိုင်သော်လည်း သူ၏စိတ်ကိုကား အနိုင်နိုင် ထိန်းသိမ်းထားလှင့် ကစား မရနိုင်တာန်ရှိနေလေသည်။

ဤသို့ဖြင့် စေတ်တွားကြီးကုန်းဖက်သို့ နီးကပ်လာပြီဖြစ်တော့၏။

'အဲအဲ—အဲ ဟိုရှေ့က မည်းမည်းအိမ်ကြီး ရှိတယ်မဟုတ်လား၊ အဲဒီအိမ်ရှေ့ခြံဝင်းထဲကို မောင်းဝင်လိုက်ပါ၊ ရှင့်ခဏတဖြုတ်လောက် အနားယူပေါ့' ဟု မျက်လုံးများပွင့်ကာ ရုတ်တရက်ပြောလိုက်သော မိန်းမပျို၏ အသံကြောင့် ကားမောင်းသူမှာ လန့်ဖျပ်၍ပင်တုန်ခါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ'

ကားမောင်းသူက ခေါင်းညိတ်အဖြေပေး၏၊

ထို့နောက် အသင့်ဖွင့်ထားခဲ့သော လမ်းဘေးမှ ခြံဝင်းကြီးထဲသို့ ကားလေးကို မောင်းနှင် ဝင်ရောက်သွားလိုက်တော့၏။

"ဟိုက်—ဘုရားရေ"

မီးရောင်အောက်၌ လျှပ်တစ်ပြက်တွေ့လိုက်ရသည့် တစ်စုံတစ်ရာသော ပုံသဏ္ဌာန်တစ်ခုကြောင့် ကားမောင်းသူမှာ အတော်အတန် ကြောက်လန့်သွားလေ၏။

၎င်းမြင်တွေ့လိုက်ရသည်မှာ အိမ်တံခါးပေါက်ဝတွင်ရပ်နေသည့် အရောင်နှင့်တူသူ ခါးကုန်းကြီးတစ်ဦး ဖြစ်နေသောကြောင့်။

အနည်းငယ် ကြောက်လန့်မိသော်လည်း ဟန်ကိုယ့်ဖို့ ဟူသော သဘောကို ပိုက်ကာ ခပ်တည်တည်ဖြင့် ကားတံခါးကိုဖွင့်၍ မြေနီလမ်းပေါ်သို့ ဆင်းလိုက်၏။

မိန်းမပျိုကလည်း သူမ၏ ထဘီအနားစများကိုမ၍ ကားပေါ်မှ ဆင်းလာပြီးလျှင်—

"လာပါ အိမ်ပေါ်တက်ရအောင်၊ အိမ်ပေါ်ကျရင်ရှင့်ကို ကျွန်မရဲ့ဖေဖေနဲ့လဲ မိတ်ဆက်ပေးရဦးမယ်၊ ဖေဖေကတော့ ကျွန်မ လွတ်မြောက်လာတာကိုသာ သိရရင် ရှင့်ကို အော်တော်ပဲ ကျေးဇူးတင်လိမ့်မယ်ရှင့်" ဟု ပြော၍ရှေ့မှလျှောက်သွားလေ၏။

ကားမောင်းသူသည်း မိန်းမပျို၏ မနီးမဝေးမှ ကပ်၍ လိုက်ပါလာ၏။





မွှေးကြိုင်စူးရှလှသော မိန်းမပျို၏ ကိုယ်ခန္ဓာကိုယ်မှ ရနံ့များက သူ့အား ကျီစယ်နေကြောင်း သတိပြုမိရင်း—

ဤမျှ အသက်အရွယ်ကွာခြား၍ သမီးနှင့်ဖခင်အရွယ်မျှ ရှိပြီဖြစ်သော်လည်း ၎င်းအား ရှင်နှင့်ကျွန်မဟူသော အသုံးအနှုန်းများကို သုံးစွဲနေသော မိန်းမပျိုအား နားမလည်နိုင်အောင် ဖြစ်နေမိတော့၏။

ယင်းအခိုက်မှာပင် ခါးကုန်းကြီးက တန်းလန်းကျနေသော ကြိုးတစ်ချောင်းကို ဆတ်ခနဲဆွဲလိုက်လေ၏။

"ဒေါင်—ဒေါင်—ဒလင် ဒင်"

အပေါ်ထပ်တစ်ခုလုံး မြည်ဟိန်း ထွက်ပေါ်သွားသော ခေါင်းလောင်းကြီး၏ မြည်သံမှာ ယမမင်း၏ ရယ်မောသံ အလား ပမာပင် ထင်မြင်ယူဆစရာ ဖြစ်နေလေ၏။

"ဖလပ်...ဖလပ်—ဖလပ်"

"ဖျပ် ဖျပ် ဗိုး"

"အိုး"

ခေါင်းလောင်းသံနှင့် မရှေးမနှောင်း၊ ရုတ်တရက် ဆိုး ဝှဲ့ရောက်ရှိလာသော အသံနှင့် အထိအတွေ့ကြောင့် ကားမောင်းသူက နောက်သို့တစ်ချက်ယိုင်၍ ရိုက်ချလိုက်၏။

ထိုအခါ တဖျပ်ဖျပ်လူးလျက် လေကွားရင်းသို့ ကျရောက်သွားသည့် လင်းနို့ကြီးတစ်ကောင်ကို တွေ့လိုက်ရတော့၏။

ထိုလင်းနို့မှာ မကြာမီငြိမ်သက်သွားလေ၏။

"ကျွန်မတို့အိမ်အနီးမှာ လင်းနို့တွေကအများသားရှင့်၊ ဖေဖေက သူတို့ကိုသိပ်ချစ်တာ၊ ဖေဖေသာ ဒီမှာဖြစ်မြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းမှာမဟုတ်ဘူး၊ ကဲ လာ အပေါ်တက်ကြစို့”

ဟု မိန်းမပျိုကပြော၏။

ကားမောင်းသူလည်း မှည်သည့်စကားမျှမဆိုဘဲ မိန်းမပျို နောက်မှ လှေကားပေါ်သို့ ထက်ကြပ်လိုက်ပါလာခဲ့၏။

အပေါ်ထပ်မှ ခြေသံတရှပ်ရှပ်ကို ကြားကြရ၏။

ထို့နောက် ဂျိုင်းခနဲမြည်ကာ တံခါးချပ်ပွင့်သွားခလေ၏။

ထိုအခိုက် မြောက်မှလေက သိမ့်ခနဲ တစ်ချက်တိုးဝှေ့တိုက် ခတ်လိုက်သဖြင့် စိမ့်ခနဲ ချမ်းအေးသွား၏။

“လာ လာ အထဲဝင်ပါရှင်”

ကားမောင်းသူက လှေကားအောက်ဖက်သို့ တစ်ချက် လှမ်းကြည့်လိုက်သည်၌ ‘မျက်လုံးတစ်ဖက် ပောက်ပက် ကန်း နေသော ခါးကုန်းကြီးသည် ၎င်းတို့အား ဂရုတစိုက် မော့ ကြည့်နေသည်ကို ထူးခြားစွာ တွေ့လိုက်ရလေ၏။

အခန်းထဲရှိ စားပွဲတစ်လုံးတွင် ခပ်မှိန်မှိန် ထွန်းထား သော စတွန်းကင်းမီးအိမ်က မလင်းတလင်းရှိနေ၏။

မိန်းမပျိုက ဦးစွာဝင်ရောက်သွားပြီးနောက် မီးအိမ်ကို မြှင့်တင်လိုက်၏။

ထိုအခါ...

တံခါးဘေး၌ မတ်တတ်ရပ်နေသည့် မုတ်ဆိတ်ကျင်စွယ် များဖြင့် ကြည့်ကောင်းသော ဥပဓိရုပ်ပိုင်ရှင် လူတစ်ဦးကို တွေ့လိုက်ရတော့၏။

ကားမောင်းသူမှာ ကြောက်လန့်ခြင်းမဖြစ်မိသော်လည်း အံ့ဩစိတ်နှင့် တွေ့ရပ်နေမိလေ၏။

စန်းလတ်ဆောင်စာစု



ဤတွင် မိန်းမပျိုက—

“ဖေဖေ ကျွန်မကို ပြန်ပေးဆွဲတဲ့ လူဆိုးတွေ လက်က လွတ်ခပြေးရင်း လမ်းမှာ သူ့ကားကို တွေ့လို့ အကူအညီ တောင်းပြီး အိမ်ကိုလိုက်ပို့ခိုင်းတာပါ” ဟု ပြော၏။

“အိုး ဒီလိုလား၊ ဒါဖြင့် မိတ်ဆွေဟာ ကျုပ်တို့ သား အဖရဲ့ ကျေးဇူးရှင်ပေါ့ ဟုတ်လား၊ ဟိုထိုင်ခုံမှာ ထိုင်ပါ မိတ်ဆွေ၊ ဘာမှ အားနာစရာမရှိပါဘူး” ဟု ဆိုလေ၏။

ကားမောင်းသူမှာ ထိုအခါကျမှ အသက်ရှူချောင်သွား ပြီး အနီးရှိ ထိုင်ခုံ၌ ဝင်ရောက်ထိုင်လိုက်တော့၏။

ထို့နောက် ၎င်း၏ ဘခလေဇာကုတ်အင်္ကျီ အိတ်ထဲမှကတ္တီ ကြေးစီးကရက်ဘူးကို ထုတ်ယူပြီးလျှင် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်၏။

ပြီးလျှင် အိမ်ရှင်လူကြီးအား....

‘စီးကရက်သောက်ပါဦးလား မိတ်ဆွေ’ ဟု လောကဝတ် ပြု၏။

အိမ်ရှင်လူကြီးက လက်ကာ၍—

‘နေပါစေ မိတ်ဆွေ၊ ကျုပ်က အိမ်ရှင်ဖြစ်ပြီး စီးကရက် မတည်နိုင်တဲ့အတွက် ခွင့်လွှတ်ပါ၊ ကျုပ်တဆေးလိပ်မသောက် တော့ ဧည့်သည်တွေအတွက်လဲ ဆေးလိပ်ဆောင်မထားမိဘူး ဗျာ’ ဟု ပြော၏။

ထို့နောက် အနီးရှိ ငွေခွက်ခွင်းလေးကို လက်ကိုင်ဖြင့် တီးခတ်လိုက်၏။ သံချက်ဖြစ်၏။

‘နောင်—နောင်—နောင်’

စန်းလတ်ဆောင်စာစု

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အငွေ့တထောင်းထောင်းထနေသော လက်ဖက်ရည် သုံးခွက်ကိုလင်ပန်းအတွင်း ထည့်၍ယူဆောင်လာသည့် မျက်စိအစိမ်းကလေး ကုလားကြီးကို တွေ့ရပြန်လေ၏။

ဝတ်ရုံနှင့်တူသော ဝတ်စုံဆန်းတစ်မျိုးကို ဝတ်ဆင်ထားသည့် အိမ်ရှင်လူကြီးက လက်ဖက်ရည်ခွက်များကို ဂရုတစိုက် ယူနေစဉ်မှာပင် အတွင်းခန်းမှ မိန်းမပျို ထွက်ပေါ်လာသေး၏။

'သောက်ပါရှင်၊ ချမ်းချမ်းစီးစီးမှာ လက်ဖက်ရည်ပူပူလေး သောက်လိုက်တော့ နွေးသွားဘာပေါ့၊ သုံးဆောင်ပါ' ဟုဆိုကာ လက်ဖက်ရည်တစ်ခွက်ကို ကားမောင်းသူရှေ့သို့ အလိုက်သင့် ပို့ဆောင်ပေးရှာ၏။

ထို့နောက် ညနေစောင်း၌ မြို့ထဲသို့အလည်အပတ်သွားသော သူ၏သမီးပျိုအား လူဆိုးများက ဖမ်းဆီးပြီးလျှင် ငွေငါးထောင်နှင့် ရွေးယူရန် စာပေးလာကြောင်း၊ နံနက်မိုးလင်းမှပင် ပုလိပ်ဖက်နှင့် တိုင်ပင်ညှိနှိုင်းမည်ဖြစ်၍အခိုက် ယခုကဲ့သို့ လွတ်မြောက်လာခြင်းနှင့် ဤကဲ့သို့ကူညီပို့ဆောင်ပေးခြင်းအတွက် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ အိမ်ရှင်လူကြီးက မွန်ရည်စွာ ပြောဆိုသေး၏။

ကားဖြင့်ပို့ပေးသူက ကျေးဇူးတင်ရန် မလိုကြောင်းနှင့် အလျဉ်းသင့်၍ ကူညီရခြင်းသာဖြစ်ကြောင်း ပြောဆိုသော၏။

ထိုအခါ အိမ်ရှင်လူကြီးက—

'မောင်ရင်၊ လောကမှာ မိတ်ဆွေတို့လိုလူတွေ အများကြီး လိုအပ်နေတာပဲ၊ သူတစ်ပါးကို ကူညီရခြင်းဟာ အင်မတန်မွန်မြတ်သလို မိမိရဲ့ရင်ထဲမှာလဲ အင်မတန်မှကြည်နူးချမ်းမြေ့ခြင်း အရသာတစ်မျိုးကို ခံစားရတာ လူတိုင်း လူတိုင်း မတွေ့မိနိုင်ကြဘူး' ဟု ပြော၏၊

'မှန်တာပေါ့ ခင်ဗျာ' ဟု ကားမောင်းသူကလည်း အလိုက်သင့် အလျာသင့် ပြန်လည်ပြောကြား၏။

မိန်းမပျိုကမူ လက်ဖက်ရည်ပူပူကို အရသာခံ၍ တစိမ့်စိမ့် သောက်နေရာမှ ကားမောင်းသူ၏ မျက်နှာကို အဓိပ္ပာယ်ရှာမရသော အကြည့်တစ်မျိုးနှင့် ကြည့်နေလေ၏။

ထိုအခိုက် မိန်းမပျို၏ ဖခင်ဖြစ်သူ အိမ်ရှင်လူကြီးက ဧည့်သည်အား—

'ဒါနဲ့ မိတ်ဆွေ၊ ခင်ဗျားကြည့်ရတာ ဘယ်လို အနေအထားမှာ ဖြစ်စေ တစ်ဦးတစ်ယောက် အပေါ်မှာတော့ အင်မတန်ကူညီချင်တဲ့ စေတနာရှိသူ ဖြစ်ကြောင်း ကျွန်ုပ် အကဲခတ်မိပါတယ်၊ အဲဒါမှန်ပါသလား' ဟု မေးလိုက်၏။

ထိုမေးခွန်းအတွက် အဖြေကို ဧည့်သည်ဖြစ်သူ ကားမောင်းသမားက မည်သို့မျှ ပြန်လှန်ဖြေကြားခြင်း မပြုဘဲ ခပ်ဆိတ်ဆိတ်သာ ရှိနေလေ၏။

'ကျုပ်ပြောတာ ဟုတ်ပါသလား မိတ်ဆွေ' ဟု အိမ်ရှင်လူကြီးက ဒုတိယမ္ပိအကြိမ် ထပ်မံမေးလိုက်ပြန်၏။

ကားမောင်းသူက မနေသာတော့သဖြင့်…

'အခြေအနေနဲ့ အကြောင်းခြောင်းကိုလိုက်ပြီး တွေးပေါ့ဗျာ၊ ကူညီရမယ်ကိစ္စဆိုရင် ကူညီဖို့တော့ ဦးမလေးပါဘူး' ဟု ပြန်လည်ဖြေကြားလိုက်၏။







www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား ဟား၊ ကြိုက်ပြီ၊ ကြိုက်ပြီ၊ ဒါမျိုးမှ ကျုပ်က သဘောကျတာဗျ၊ ဟဲဟဲဟဲ သူများအတွက်ချည်း မဟုတ်ရပါဘူး၊ ခင်ဗျားအတွက်လဲ ဒီဘဝသက်မှာ ဘယ်လိုမှ ယုံကြည်နိုင်စရာ မရှိတဲ့ အကျိုးကျေးဇူးတွေကို ခံစားရရှိဦးမှာပါ မိတ်ဆွေ'

'ခင်ဗျားပြောတာ ကျွန်တော်နားမလည်ပါလား၊ ဘာတွေ ပြောနေတာလဲ မိတ်ဆွေ' ဟု ကားမောင်းသမားက နားမလည်စွာမေးရာ အိမ်ရှင်လူကြီးက ခေါင်းတညိတ်ညိတ်ဖြင့်...

'စိတ်ချပါ၊ အခုချက်ချင်း နားလည်ရမှာပါလေ၊ ကဲ-'

'နောင်-နောင်'

ပြောပြောဆိုဆို အိမ်ရှင်လူကြီးက ငွေမောင်းကလေးအား တူခလေးဖြင့် ခပ်ဆတ်ဆတ် နှစ်ချက်တီးလိုက်သည်တွင် ငွေမောင်းသံမှာ အိမ်ဟောင်းကြီး၏ အတွင်း၌ ညင်သာစွာ မြည်ဟီးသွားတော့၏။

ကားမောင်းသူက အိမ်အတွင်းသို့ လှမ်းမျှော်ကြည့်လိုက်၏။

ထိုအခါကျမှ အိမ်အိုကြီးအတွင်း၀ယ် ပြောပလောက်သော အိမ်ထောင်ပရိဘောဂ ဟူ၍ မရှိဘဲ မီးရိုကြီးတစ်လုံး၊ ၀ အုဝိစင်တစ်ခုနှင့် စားပွဲဘူသားထိုင်အချို့နှင့် အတွင်းခန်းမှ ခုတင်တစ်လုံးကိုသာ တွေ့လိုက်ရလေ၏။





နာရီကို ကြည့်လိုက်သောအခါ အချိန်မှတ်ဒိုင်ခွက်တွင် မြားတံကလေးများက တစ်နာရီတိတိရှိပြီဖြစ်ကြောင်း ရည်ညွှန်းနေတော့၏။

ထို့ကြောင့် ကားမောင်းသူက-

'အချိန် သိပ်မရဘူးဗျာ၊ ရန်ကုန်ကို အမြန် သွားပြီး အရောင်းအ၀ယ်ကိစ္စလေးတွေ ပြောရဦးမှာ၊ ပြီးရင်ပဲခူးကို မနက်စောစောပြန်ရမှာ' ဟု ပြော၏။

အိမ်ရှင်လူကြီးက ခေါင်းညိတ်လျက်-

'ခဏလေးပါမိတ်ဆွေ၊ ပြစရာလေး တစ်ခုရှိလို့ပါ၊ ပြီးတော့အချိန်မီသွားနိုင်ပါတယ်၊ ဇော်ဘွားကြီးကုန်းနဲ့ရန်ကုန်ဟာ ဘာများဝေးလို့လဲ၊ ချက်ချင်းရောက်သွားမှာပါ' ဟု တားဆီး၏။

ကားမောင်းသူ ဉ္ဈေ့သည်သည်း စကားမဆိုသာသဖြင့် ငြိမ်သက်နေစဉ် မိန်းမပျိုက-

'ဟိုမှာလာနေပြီ' ဟု ပြော၏။

အားလုံးကြည့်လိုက်သောအခါ မျက်စိဆစ်ဖက်လပ် ခါးကုန်းကြီးသည် အတန်ငယ်ကြီးမားရှိ အဝတ်ဖုံးထားသော ပန်းချီကားသဏ္ဍာန်ပစ္စည်းတစ်ခုကို ဂရုတစိုက် ကိုင်ဆောင်ယူလာကြောင်း တွေ့ကြရ၏။

ခပ်စောစောက မတွေ့မိသော်လည်း ယခုအခါ၌ ခါးကုန်းကြီး၏ခါး၌ ချိတ်ဆွဲထားသော ကြီးမားသည့်ဓားကြီးတစ်ချောင်းကိုလည်း ဧည့်သည်ဖြစ်သူ ကားမောင်းသမားက အထူးသတိပြုမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓန်းချိုကားချပ်ကြီးအား စားပွဲခုံပေါ်သို့ ညင်သာစွာ ချလိုက်ပြီးနောက် ခါးတုန်းကြီးက တံခါးပေါက်အနီးသို့ လျှောက်သွားကာ ရပ်နေလေ၏။

'အဟမ်း...အဟမ်း'

အိမ်ရှင်လူကြီးက ချောင်းဟန့်၍ လည်ချောင်းရှင်းလိုက်၏။ ပြီးမှ–

'ဓိဓန်းချိုကားအကြောင်းကို ပြောမပြခင် ကျုပ်တယ်သူ့ သိဆိုတာ မိတ်ဆွေတို့ အရင်ပြောပြပါရစေ'

ကားမောင်းသူတာမူ စိတ်ဝင်စားမှုဖြင့် ငြိမ်သက်စွာနားထောင်နေ၏။

ထိုစဉ် လူကြီးက–

'ကျုပ်နာမည်က မီးပွားတဲ့'ဟု ပြောလိုက်၏။

'ဗျာ မီးပွား ဒေါ်နာမည်လား'

'ဟုတ်တဲ့ ဟုတ်တယ်မိတ်ဆွေ၊ ပရော်ဖက်ဆာ ဒေါက်တာမီးပွားလို့ခေါ်ရင် ပိုမှန်လိမ့်မယ်'

'အင်း'

'ကျုပ်ဟာ ကာလကတ္တားတက္ကသိုလ်မှာ ဆေးပညာသင်ကြားခဲ့တာပေါ့။ နောက်ဆုံးတော့ အထူးခွဲစိတ်ကုသမှုဘာသာ ( ) ဘွဲ့ရပြီး မြန်မာပြည် ပြန်လာခဲ့တော့တယ်'

ကားမောင်းသမားညွှန့်သည်နှင့် အမျိုးသမီးငယ်တို့က ငြိမ်သက်စွာနားထောင်နေရာ၊ အိမ်ရှင်လူကြီးဖြစ်သူ ပရော်ဖက်ဆာ ဒေါက်တာမီးပွားက ဆက်လက်၍ပြောဆိုပြန်၏။





'ကျုပ်ဟာ မြန်မာပြည်ပြန်ရောက်တဲ့အခါ မီးအနှစ်ပါး လည်း ဆုံးပါးသွားတော့ ရရှိတဲ့အမွေအနှစ်ကလေးနဲ့ကချင်ပြည်နယ်ဘက်မှာ ဆေးကုသရင်း ဆေးပညာတွေကိုပိုပြီး သုတေသနပြုခဲ့တယ်၊ အဲဒီနောက် ဆေးပညာရဲ့ထူးချက်တွေ ရှိချက်တွေကို ဆရာဝန်များအသင်းမှာ စာတမ်း တင်ပြီး ရေးသားပေးပို့ခဲ့ရာက သွေးကြောမျှင်တွေနဲ့ လူ့မြန်မာပြုမှု ပညာရပ်ကြောင့် မျက်နှာဖြူဆရာဝန်တွေအဖြင့် အုပ်ချုပ်မှု အရာရှိအတော်များများကပါ ကျုပ်ကို ပရော်ဖက်ဆာဘွဲ့ ပေးပြီး မန္တလေး ဆေးတက္ကသိုလ်မှာ တာဝန်ပေးတော့ တယ်'

လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်ပြီးနောက် ညွှန့်သည်ဖြစ်သူ ကားမောင်းသမားအား တစ်ချက်စိုက်ကြည့်ကာ ဆက်လက်ပြောပြန်လေ၏။

'မန္တလေးဆေးတက္ကသိုလ်မှာ ပါမောက္ခအဖြစ်နဲ့ ဆေးပညာရပ်တွေ သင်ကြားပို့ချနေတုန်း၊ တစ်နေ့မှာ ကျုပ်ရဲ့ တပည့် ဆေးကျောင်းသားမောင်ထွန်းဝေရဲ့ မိတ်ခေါ်ချက်အရ လူနာတစ်ယောက်ကို ကြည့်ရှုခဲ့ရတယ်၊ သူကတော့ မန္တလေးမြို့မြောက်ပြင်နားက အိမ်တစ်အိမ်ကပဲ'

ကားမောင်းသူက ငြိမ်သက်စွာ နားထောင်နေ၏။ ပြီး လူနာရိုကို ကြည့်လိုက်၏။

နှစ်ချက်ထိုးနေပေပြီ။

မိန်းမပျိုကမူ စားပွဲပေါ်မှ အဝတ်ဖုံးထားသော ဓန်းချိုကားဆီသို့ မျက်စိရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်လူကြီးက ဆက်လက်၍ပြောပြန်၏။

'ဒီလူဟာ အသက်အားဖြင့် ငါးဆယ်နီးပါးရှိနေပြီ ဒါပေမယ့် သူကပြောတော့ အသက်တစ်ရာကျော်ပြီတဲ့၊ ကျုပ် မယုံဘူး ဒါကြောင့်ဆေးပညာနည်းနဲ့ သူ့ရဲ့အရိုးမာကျော မှုကို တိုင်းတာကြည့်တော့ အာယပဲသူဟာ အသက်တစ်ရာ ကျော်တဲ့အကြောင်း ဆေးပညာနည်းအရ လက်ခံသိရှိရ တော့တယ်'

'ဟင်'ဟု ကားမောင်းသူသည်ထံမှ အာမေဋိတ်သံ ထွက်ပေါ်လာတော့၏။

မိန်းမပျိုကား ထူးဆန်းမှုမရှိသလို ငြိမ်သက်စွာရှိနေလေ ၏။

'သူ့ရဲ့ရောဂါကလဲ ဘာရယ်လို့ အခြည်ဘပ်လို့မဖြစ်အောင် ထူးထူးထွေထွေ မရှိလှပါဘူး။ ဒါနဲ့ ကျုပ်လဲ အကောင်းဆုံး ဆေးကုသနည်းတွေနဲ့ အစွတ်နိုင်ဆုံး အဖြေရှာပြီး ကုသပါ တယ်၊ ဒါပေမယ့် အဲဒီလူနာဟာ တဖြည်းဖြည်း အသား အရေတွေ ခြောက်ခန်းနွမ်းယိုပြီး တစ်ပတ်လောက်အကြာ မှာ သေဆုံးသွားတော့တယ်'

'ဆို'

'အင်း…ဒီမှာ တစ်ခုပြောစရာရှိတာက အဲဒီလူနာ ကိုယ် တိုင် ပြောသလို သေဆုံးတဲ့အခါမှာ သူ့ရဲ့ရုပ်ရည်ဟာ အသက် တစ်ရာကျော် အအိုးအိုအတိုင်း တွေ့မြင်ရတာပဲ ဖြစ်တယ် ။ …မထူးဆန်းဘူးလား'

'ထူးဆန်းပါပေ ဗျာ'





'ဒီလူနာနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်း တွေ့ကြစဉ်တွေမှာ ကျုပ်ကိုဖွင့်ပြောတဲ့ သူ့ရဲ့ လျှို့ဝှက် အကြောင်းအရာအရ ကျုပ်ဟာ မကြာခင်မှာဘဲ မန္တလေးဆေးတက္ကသိုလ်က ထွက် ပြီး မထင်မရှားအသွင်နဲ့ နေရာဒေသတစ်ခုကို သွားခဲ့တယ် မိတ်ဆွေ'

'ဟုတ်ကဲ့'

'တိုတိုပြောရရင်ပေါ့လေ၊ အဲဒီဒေသက ထူးဆန်းတဲ့ ပစ္စည်းတွေအနက် အလွန်ထူးဆန်းတဲ့ ဟော့ဒီ ပန်းချီကား တစ်ချပ်ကို ယူဆောင်လာခဲ့တယ်'

'အင်း-အင်း'

'ဒါဟာ ဘယ်သူ့အတွက် ရည်ရွယ်ထားတဲ့ ပစ္စည်းလို့ ထင်ပါသလဲ မိတ်ဆွေ'

'ကျွန်တော်-ကျွန်တော် မသိပါဘူး'

'ဟဲဟဲဟဲ မိတ်ဆွေလိုလူမျိုး၊ အဲ-အဲ- ခင်ဗျားအတွက် ဆိုပါတော့လေ'

'ဗျာ၊ ဒီပန်းချီကားဟာ ကျွန်တော့်အတွက်၊ ဟုတ်လား၊ အံ့ဩစရာပဲ' ဟု ညွှဲသည့် ကားမောင်းသမားက ရေရွတ် လိုက်မိ၏။

'သိပ်မှန်ပါတယ်ဗျာ၊ အံ့ဩသွားသလား၊ ဒီပန်းချီကား အကြောင်း ပြောရရင် မကြာခင် ဒီထက်အံ့ဩသွားရဦးမှာ ဦးမယ်'

'ခစ် ခစ် ခစ်'



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလည်း ကားမောင်းသမား၏ အပြစ်ကို ကြည့်၍ ချလဲသဏ္ဍာန် သွားလေးများ ပေါ်လာသည်အထိ သဘောကျစွာ ရယ်မောနေလေ၏။

အိမ်ရှင်လူကြီးက လက်ကိုမြှောက်ပြလိုက်သည်တွင် အမျိုးသမီးက ပန်းချီကားပေါ်မှ အဝတ်စလေးကို ဖြည်းညင်းစွာ ဆွဲခွာလိုက်တော့၏။

စတွန်းကင်း မီးအိမ်၏အလင်းရောင်အောက်၌ လှပသော ပန်းချီကား၏ ရုပ်ပုံလွှာကို ထင်ရှားစွာတွေ့မြင်ရလေ၏။

ပန်းချီကားအတွင်းမှပုံမှာ ထူးဆန်းသည်ဟု မဆိုနိုင်သော်လည်း ဆန်းကြယ်သော ဂူကြီးတစ်ဂူ၊ ဂူကြီးသို့အဝင် လှေကားထစ် သုံးထစ်၊ ထို့နောက် ဘေးတိုက် မြင်နေရသည့် ကျောက်ဖျာချပ်ကြီးများ၊ ထိုမှ ခဲလိုသဏ္ဍာန် အင်္ဂတေ များ စသည်တို့အား ဓါတ်သဘာဝနှင့် စပ်ဆိုင်ကာ စုတ်ချက် ကျကျ ရေးဆွဲအားသည့် ရိုးရိုးပန်းချီကားချပ်သာ ဖြစ်နေ ကြောင်း တွေ့ကြရ၏။

'အသို့ အလို ဒါဘာပါလိမ့်၊ ဟော ဟော ဂူကြီးထဲက အလင်းရောင်တစ်ခု တိုးထွက်လာပါလား၊ ဟင် မှောင်သွား ပြန်ပြီ' ဟု ငေးသည်ဖြစ်သူ ကားမောင်းသမားက အာမေဋိတ်ကျူး အော်ဟစ်လိုက်တော့၏။

အမှန်ပင်သည်၊ ပန်းချီကားချပ် အတွင်းရှိ ဆန်းကြယ် သော ဂူကြီးအတွင်းမှ အလင်းတန်းများ ထွက်ပေါ်လာ ကြောင်း တွေ့ရလေ၏။

ထိုစဉ် လူကြီးက ငေးသည်အား....





'မိတ်ဆွေ....ခင်ဗျားရဲ့ နာရီကို ကြည့်လိုက်စမ်း၊ ဘယ်နှစ် နာရီ ထိုးပြီလဲဆိုတာ' ဟု မေးလိုက်၏။

ထို့ကြောင့် ငေးသည်လူစိမ်းက သူ၏နာရီကို ကြည့်လိုက် ရာ သုံးနာရီထိုးပြီဖြစ်ကြောင်း တွေ့ရသဖြင့်....

'မနက်သုံးနာရီ ထိုးပြီခင်ဗျာ' ဟု ဆိုလိုက်၏။

'အင်း....ရှင်းရှင်းပြောရရင်တော့ ဟောဒီဂူဟာ အရှေ့ ဘက် အပိုင်းမှာ ရှိလိမ့်မယ်၊ မကြာခင် နေရောင်လာတော့ မယ့် နေရာပေါ့၊ ကျုပ်တို့နေရာမှာသာ မှောင်နေပေမယ့် သိပ်မကြာခင်မှာ အလင်းရောင် လာတော့မယ့် နေရာမျိုး တစ်ခုခုမှာ ဟောဒီကျောက်ဂူကြီး ရှိနေတယ်' ဟုဆို၏။

ပြီးမှ....

'အခုထွက်ပေါ်လာတဲ့ ဂူထဲကအလင်းရောင်ဟာ သာမန် အလင်းရောင် မဟုတ်ဘူး မိတ်ဆွေ၊ ကြယ်ထားရာ အလင်း ရောင်ကြောင့် တန်ပြန်ထွက်ပေါ်လာတဲ့ ဂူထဲက ရွှေတွေရဲ့ အလင်းရောင်တွေပဲ'

'ဗျာ'

'အမှန်ပြောနေတာပါ၊ မိတ်ဆွေသိအောင် ပြောပြရဦး မယ်၊ ဒီပန်းချီကားဟာ သိပ္ပံနည်းအပြင် အာဖရိကတိုက်က ဘူတူလူမျိုးတွေရဲ့ ဆေးစီရင်နည်းနဲ့ တွဲဖက်ပြီး ရွှေရှိတဲ့ နေရာကို လျှို့ဝှက်မှတ်တမ်းတင်ထားတဲ့ ပန်းချီကား ချပ်ဆိုရင် မှားမယ်မထင်ပါဘူး'

'ဆန်းပါပေ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ အဲဒီလောကီ ထူးဆန်းတဲ့ ပန်းချီကားကို လက်ဆောင်အဖြစ် ခင်ဗျားကို ပေးပါတယ်၊ မိတ်ဆွေ လက်ခံပါ'

'ဟာ...မဖြစ်နိုင်တာ'

ညွှန့်သည်ကိုလူစိမ်းမှာ မယုံနိုင်ဟန်ဖြင့် မျက်စိမျက်နှာ ပျက်လျက် ရှိနေတော့၏။

အိမ်ရှင်ဖြစ်သူ ပရော်ဖက်ဆာမီးပွားက တဟဲဟဲ ရယ်မောလျက်....

'ကျုပ်က ပေးရင်ယူမှကြိုက်တာဗျ၊ အဲ– တစ်ခုတော့ ကျန်သေးတယ်။ ဒီပန်းချီကားကို ခင်ဗျားအပိုင်ယူပါ၊ ပြီးတော့ အဲဒီရွှေရိုးရာကိုသွားရှာဖို့လဲ ခင်ဗျားဟာ ကျုပ်တို့နဲ့ အတူတူလိုက်ရလိမ့်မယ်၊ သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ လိုက်ကိုလိုက်ခဲ့ရမှာ မိတ်ဆွေ'

'ဟင်'

ညွှန့်သည်လူစိမ်းမှာ ငေးမတွင်း ပန်းချီကားချပ် လက်ဆောင်ရ၍ ဝမ်းသာသယောင်ဖြစ်မိသော်လည်း၊ ထိုရွှေရိုးရာ အရပ်သို့ ရင်းတို့နှင့်အတူတူ လိုက်ပါရမည်ဟူသည့် ပရော်ဖက်ဆာဒေါက်တာမီးပွား၏ အမိန့်ဆန်ဆန် စကားကြောင့် ဆတ်ခနဲတုန်လှုပ်လျက်–

'ဒါတော့ ကျုပ်–ကျုပ်– မလိုက်နိုင်ဘူးဗျာ၊ ကျုပ်သွားစရာရှိနေတော့'

သူက ပြောပြောဆိုဆို ထိုင်ရာမှထလိုက်ရာ ခေါင်းထဲ၌ မိုက်ခနဲမူးဝေသွား၏။



'ဟဲဟဲဟဲ'

'ခစ်...ခစ်...ခစ်...ခစ်'

မိန်းမပျိုနှင့် ပရော်ဖက်ဆာ ဒေါက်တာမီးပွား တို့က သဘောကျစွာ ရယ်မောနေကြ၏။

လူစိမ်းညွှန့်သည်မှာ အဖြစ်မှန်ကို ရိပ်မိသွား[illegible]

'ခင်ဗျား...ခင်ဗျားတို့ဟာ လူယုတ်မာတွေပဲ၊ [illegible] ရည်ထဲမှာ အဆိပ်ခတ်ပြီး ကျုပ်ကိုတိုက်ကြတယ်ပေါ့။ သိကြရောပေါ့လေ'

ပြောပြောဆိုဆို လူစိမ်းဖြစ်သူ ကားမောင်းသမားက မူးဝေနေသည့်ကြားမှ အင်အားများကို အစွမ်းကုန်ဖျစ်ညှစ် ထုတ်၍ သူ၏ဘလေဇာကုတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်တော့၏၊

သေနတ်တစ်လက်ဖြစ်ကြောင်း တွေ့ကြရ၏။

သေနတ်မှာ ရပ်ကွက်တော့မည့် မြွေဟောက်တစ်ကောင် ပါးပျဉ်ထောင်နေသကဲ့သို့ ရှိနေလေ၏။

ညွှန့်သည်လူစိမ်းက တဆတ်ဆတ်တုန်နေသော လက်ဖြင့် သေနတ်နှင့်ချိန်ထားရင်း တံခါးဝသို့ တရွေ့ရွေ့သွားနေပြီးလျှင်–

'ခင်ဗျားတို့ ကျုပ်ကို မနှောင့်ယှက်ကြနဲ့၊ နှောင့်ယှက်တာနဲ့ ဖောက်ဒီသေနတ်နဲ့ အသေပစ်သတ်မယ်' ဟု ကြိမ်းဝါးလိုက်၏။

'ခစ်....ခစ်....ခစ်....ခစ်'

'အဟား...ဟား....ဟား....ဟား'



www.burmeseclassic.com

www.burmeseclassic.com



မိန်းမချိုနှင့် ပရော်ဖက်ဆာ ဒေါက်တာမီးမွှား ဆိုသူတို့ကား ဖြတ်လမ်းတစ်ခုကို ကြားရဘိသကဲ့သို့ သဘောကျစွာ အားကိုးရယ်မောနေတော့၏။

[illegible]ကို အလင်းရောင်တစ်ချက် ပြိုးပြိုး ပြက်ပြက်လင်း[illegible]ပြီးနောက်—

'ဒုတ်'

'အား'

ခါးကုန်းကြီးသည် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိရဘဲ၊ လျှပ်မြန်စွာမောင်းတစ်ချက်ဝင့်လိုက်သည်တွင်၊ လူစိမ်းသည်၏ သေနတ်ကိုင်လက်မှာ လက်မောင်းရင်းမှ တိတိရိရိပြတ်ပြီးလျှင် ကြမ်းပြင်ပေါ်သို့ကျသွားတော့၏။

လူစိမ်းလည်း လွန်စွာနာကျင်သည်က တစ်ကြောင်း၊ ထိတ်လန့်သည်ကတစ်ကြောင်း၊ တို့ကြောင့် ချက်ချင်းပင် မေ့မြောလျက်လဲကျသွားရှာလေ၏။

ထို့နောက်— အိမ်အိုကြီးမှတံခါးများ ပိတ်သွားလေ၏။

မကြာခင်—

နှင်းမှုန်များအောက်၌ ငြိမ်သက်နေသော အိမ်အိုကြီးမှာ တိတ်ဆိတ်စွာရှိနေလေတော့၏။

* * *



ပုံပွားသူနှစ်ဦး

ပဲခူးမြို့ ဇိုင်းဂနိုင်းရပ်ရှိ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်အိမ်ကြီးအတွင်း၌ ဖြစ်လေ၏။

ရှစ်နှစ်သားအရွယ် ကလေးငယ်တစ်ယောက်နှင့် သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးတို့မှာ တစ်ဦးနှင့်တစ်ဦး ဖက်တွယ်လျက် ငိုကြွေးသမှုပြုလျက်ရှိကြလေ၏။

မိခင်ဖြစ်ဟန်တူသူ မိန်းမက—

'သားလေးရယ် မင်းဖေဖေဟာ တစ်စုံတစ်ရာသော ဘေးအန္တရာယ်တစ်ခုနဲ့ ကြုံတွေ့ရတာ သေချာပါပြီ၊ တာဖြစ်လို့လဲဆိုတော့ သူထွက်သွားတဲ့နေ့ကစပြီး ဒီနေ့အထိ တစ်လေးတင်းတင်းပြည့်နေပြီလေ၊ အော်— ကိုဒေါနဲ့ ကိုဒေါနဲ့အဖါးဖါး' ဟု ငိုယိုမြည်တမ်းနေသကဲ့သို့ ကလေးငယ်ကလည်း၊

'ဖေဖေကြီး ဖေဖေကြီးရဲ့ သားတို့ကိုပစ်သွားပြီဖေဖေနော် ဟင့်ဟင့်ဟင့်' ဟု ပြောဆို၍ ငိုနေမြန်တော့၏။

www.burmeseclassic.com



ထိုအခိုက် ၌သည် လင်မယားနှစ်ယောက် ရောက်လာ ကြသည့်အတွက် သားအမိနှစ်ဦးမှာ ကူနွေးဆည်လျက် မျက် ရည်စများကို ကြိုးစား၍ သုတ်လိုက်ကြ၏။

ထိုသူများမှာ ၎င်းတို့မိသားစု၏ အိမ်နီးနားချင်းဖြစ်သ စပါးပွဲစား ဦးလတ်နှင့် ဇနီး ဒေါ်ကြည်ကြည်တို့ဖြစ်ကြ၏။

ဦးလတ်က သားအမိနှစ်ဦး၏ သောကပရိဒေဝကို တ ချက် အကဲခတ်လိုက်ပြီးနောက်....

'ဒေါ်မြမေရယ် ကျွန်တော်တို့လဲ ခင်ဗျားတို့ သားအ တွေရဲ့ သောကကို ကိုယ်ချင်း စာမိပါတယ်၊ ကိုဒေါနဟာ မြွေရေးဆိုရာ လိမ္မာရေးခြားရှိသူ တစ်ယောက်ပါ၊ ကြောင့် အန္တရာယ် တစ်စုံတစ်ရာတော့ မရှိနိုင်ဘူးလို့ ကျွ တော်ဖြင့် အခုထက်ထိ ယူဆနေမိတယ်' ဟု နှစ်သိမ့်ရှာ၏။

ဇနီးသည် ဒေါ်ကြည်ကြည်ကလည်း ခင်ပွန်းသည် စကားကို ထောက်ခံလျက်....

'ဟုတ်ပါတယ် မမြမေ၊ ကိုဒေါနဟာ သက်လုံလဲ အ မတန် ကောင်းတဲ့ လူတစ်ယောက်ဆိုတာ ဒီရပ်ကွက်ထဲ လူတွေအားလုံး အသိပဲမဟုတ်လား၊ ပိုးဆိုးပက်စက် ဘေး အန္တရာယ်နဲ့တော့ မကြုံနိုင်ဘူးလို့ ယူဆရတာပါပဲ'ဟုနှစ်သိ ပြန်လေ၏။

ထိုအခါ ဒေါ်မြမေက သားကလေးကို ရင်ခွင်၌ ဆွဲသွ ရင်း....

'အဟွင့်-ဟာင့် ရှင်တို့ပြောတဲ့အတိုင်း ကျွန်မလဲ အဲဒီ နှစ်သိမ့်ရင်း ဖြေမိပါတယ် ဦးလတ်နဲ့ မကြည်ကြည်တို့ရှ





ပါပေမယ့်-ကားကို ရာဘာအောစပ်မှာ ပုလိပ်ဖက်က တွေ့ကြ တယ်ဆိုတော့ စဉ်းစားကြည့်လေ အဖြေရှာမရလေပါဘူး၊ ကိုယ် ကိုဒေါနဟာ ဘယ်နည်းနဲ့မှ ကားကို ဒီအတိုင်းထားပစ် မဟုတ်ဘူးရှင့်၊ တစ်စုံတစ်ရာသော ဘေးအန္တရာယ် တစ် ကြောင့်သာ ကားကို အခုလိုပစ်ထားခဲ့တာ သေချာနေ တာပေါ့ရှင်၊ ဩော်....ကိုဒေါန ကိုဒေါန၊ အဟင့်....ဟီးဟီး' အော်ငိုပြန်လေ၏။

ဦးလတ်နှင့် ဒေါ်ကြည်ကြည်တို့ ဇနီးမောင်နှံမှာလည်း ယ်သို့မည်ပုံနှစ်သိမ့်ရမှန်း မသိကြတော့သဖြင့် စိတ်မကောင်း ကြည့်လျက်သာ ရှိနေကြတော့၏။

ထူးဆန်းစွာ ပျောက်ဆုံးလျက်ရှိသည့် ဦးဒေါနမှာ ပဲခူး ဈေးအနီးတွင် သနပ်ခါးပွဲရုံ တည်ထောင်ထားရှိပြီး ရန်ကုန် မှ ဆေးလိပ်ခုံအချို့သို့ တင်ပို့ရောင်းချနေသူ ဖြစ်၏။

သူသည် သဘောသကာယ ကောင်းသည့်နှင့်အမျှ လူချစ် ခင် ပေါပြီးများလျှင် ရပ်ရွာရှိ လူငယ်များအား မြန်မာ့ ရာ ကိုယ်ခံသိုင်းပညာရပ်များကိုပါ တတ်အားသမျှ သင် ကြား ပြသနေသည့် သိုင်းဆရာတစ်ဦးလည်း ဖြစ်လေ၏။

ကိုဒေါနတွင် ဇနီး ဒေါ်မြမေနှင့် တစ်ဦးတည်းသော သားလေး မောင်ထွန်းပတို့သာရှိလေရာ မိသားစုသုံးဦးမှ အတန်အသင့် စားသောက် နေထိုင်နိုင်ကြသည့် အရှောက် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကိုဒေါနတစ်ယောက် ရန်ကုန်မြို့မှ ဆေးလိပ်ဆိုင်ကြီးတွင် ငွေရှင်းရန် ထွက်ခွာသွားခဲ့ခြင်း ဖြစ်ပေ၏။

သို့ရာတွင် ထိုနေ့မှစ၍ ကိုဒေါနတစ်ယောက် စုပ်စမြုပ်စ ပေါ်လာခြင်းမရှိတော့ပေ။

ထိုကိစ္စနှင့်ပတ်သက်၍ မဲခူးဂတ်သို့ တိုင်ကြားသည့်တွင် စီအိုင်ဒီရုံးသို့ အကူအညီ လှမ်းတောင်းရသည်အထိ ဖြစ်ရတော့၏။

နောက်တစ်နေ့၌ ကိုဒေါနံ၏ကားကို တောက်ကြန့်အနီး ရွာသာတောစပ်၌ ရပ်ထားသည်ကို ပုလိပ်ဖက်မှ ရှာဖွေတွေ့ရှိရလေ၏။

သို့သော် ကိုဒေါနအိုကား လုံးဝ ရှာဖွေတွေ့ရှိခြင်းမရှိ ဖြစ်ကာ ဆဲလွန်စပျောက်လျက် ပုလိပ်မှတ်တမ်း၌ ရှာဖွေ စုံစမ်းဆဲဟူသော မှတ်ချက်ကိုသာ ရေးသားထားရလေ၏။

ယခု အချိန်အားဖြင့် တစ်လကြာခဲ့ပြီ ဖြစ်သော်လည်း မည်သို့မျှ ထူးခြားမှု မရှိခဲ့ပါပေ။

အိမ်နီးချင်း မိတ်ဆွေများက ဒေါ်မြမေနှင့် သားကလေး မောင်ထွန်းပတို့အား နှစ်သိမ့်လျက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြ၏။

သို့ပါသော် ကိုဒေါန၏ ဘေးအန္တရာယ်ကို စဉ်းစားမိရှာသော ဒေါ်မြမေမှာ မည်သည့်နည်းနှင့်မျှ ဖြေမဆည်နိုင်အောင် ဖြစ်နေမိတော့၏။





ကိုဒေါန တစ်ယောက် ထူးဆန်းစွာပျောက်ဆုံး၍ ဆယ်ရက်ခန့် အကြာတွင် ဒေါ်မြမေမှာ သနပ်ဖက်ပွဲရုံကို ကိုယ်တိုင် သွားရောက်၍ ရောင်းဝယ်ဆေးသော်လည်း ရက်ပေါင်း နှစ်ဆယ်ကျော်ကျော်တွင်မူ ရှိသမျှကုန်စစ္စည်းများကို အကုန် ရောင်းချပြီး သကာလ ကုန်သစ်မတင်တော့ဘဲ အိမ်၌သာ ဆွေးဆွေးမြည့်မြည့် ရှိနေရှာလေ၏။

ခင်ပွန်းဖြစ်သူ ကိုဒေါနအား သတိရတိုင်း သားကလေး မောင်ထွန်းပအား ပွေ့ဖက်ငိုကြွေးခဲ့သည်မှာ အကြိမ်ပေါင်း မရေနိုင်အောင်ပင် ဖြစ်ပေတော့၏။

ထိုအခိုက် ဦးလတ်၏အသံက ထွက်ပေါ်လာပြန်၏။

"မပုရ မဆွေးရဘူးလို့တော့ မဆိုလိုပါဘူး ဒေါ်မြမေ၊ သို့ပေမယ့် တင်စုံတစ်ခု ဆုံးဆုံးရှုံးရှုံး ဖြစ်ခဲ့ရင် ပုလိပ်ဖက်က ကိုဒေါနရဲ့ အလောင်းကို ရှာတွေ့ရမှာပေါ့။ ကျွန်တော် အထင်တော့ ကိုဒေါနဟာ တခြား အရေးကြီးတဲ့ ကိစ္စတစ်ခုခုကြောင့် ဘာတစ်ခုမှအသိမပေးနိုင်ဘဲ ခြုန်းခြုန်း ဒိုင်းဒိုင်း ခရီးထွက်သွားတာ ဖြစ်လိမ့်မယ် ဒေါ်မြမေ" ဟု ပြော၏။

"ဒါဖြင့်ရင်လဲ အခု တစ်လရှိနေပြီ ဦးလတ်ရယ် ရောက်ရာအရပ်က စာထည့်ရင် အခုလောက်ရှိ အကျိုး အကြောင်း သိရပြီပေါ့ မဟုတ်ဘူးလား" ဟု ဒေါ်မြမေက ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလတ်က တစ်ဖန်–

''ဒါပေမယ့် အခုဟာက အင်္ဂလိပ်အစိုးရလက်ထက်မျိုးလောက်မှ အတိအကျ တွက်လို့ရဘူးလေ၊ သူတို့ရဲ့ အုပ်ချုပ်ရေး ယန္တရားအရ မြန်ချင်လဲမြန်မယ်၊ နှေးချင်လဲနှေးမယ်၊ ဒါကရှိသေးတယ်''ဟု ထောက်ပြ၏၊

ထိုစကားကြောင့် ဒေါ်မြမကအားတက်ကာ သားလေး မောင်ထွန်းပကို ပိုမိုအင်းကျွံစွာ ပွေ့ဖက်လိုက်၏။

သို့ပါသော် ဦးလတ်၏ အားပေးစကားမှာ အချည်းနှီးသာဖြစ်ကြောင်း ဒေါ်မြမတစ်ယောက် သိရှိရတော့၏။

× × ×



## မြင်းလှည်းသမားလေး မောင်ထွန်းပ

ရက်မှလ၊ လမှနှစ်သို့ အလီလီပြောင်းရွှေ့လာခဲ့သည်မှာ ယခုအခါ၌ ဆယ်နှစ်ခန့်ပင်တိုင်ခဲ့လေပြီတည်း။

အရာရာသည် ယခင်နှင့်မတူ ပြောင်းလဲကြီးသည့်အခါအခါ အရ ဒေါ်မြမေမှာ အသက် ငါးဆယ်ကျော် အဘွားအိုတစ်ဦး ဖြစ်လာ၍ မောင်ထွန်းပလေးမှာ တစ်ဆယ့်ရှစ်နှစ်အရွယ်သို့ ရောက်ရှိခဲ့ပြီဖြစ်၏။

ထို ဆယ်နှစ်တိုင်တိုင် ကိုဒေါ်န ရှာဖွေထားရစ်ခဲ့သည့် ရွှေဇိုရွှေစထေးများကို ရောင်းချသုံးစွဲလျက် သားအမိနှစ်ဦး ပေမပင်စားသောက်နေထိုင်နိုင်ခဲ့ကြသော်လည်း ယခုအခါ၌ ရောင်းစရာပစ္စည်းမှာ ကုန်သလောက်ဖြစ်နေသည်။

ထို့အပြင် ဒေါ်မြမေမှာလည်း ခင်ပွန်းသည်၏စိတ်ဖြင့် နှလုံးရောဂါခံစားနေရရှာ၏။

သားဖြစ်သူ မောင်ထွန်းပက ပညာအခြေခံ နည်းသည့်အလျောက် မြင်းလှည်းထောင်၍ ကိုယ်တိုင် မောင်းနှင်ခွင့်ပြုရန် အကြိမ်ကြိမ်ခွင့်တောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်—

လှမည့်သားငယ်၏ ပင်ပန်းမှုဒဏ်ကို မကြည့်မြင်လို၍ မိခင်ဒေါ်မြမေမှာ အကြိမ်ကြိမ်ကန့်ကွက်ခဲ့၏။

ရင်အုပ်ကျယ်ကျယ်၊ ကျစ်လျစ်မာကျောသော လက်မောင်းသားများနှင့် ခိုင်ခံ့သောလက်ဖျံများသာမက ချောမော လှ၍ မေးရိုးကားသော ဖအေတူသားလေး မောင်ထွန်းပ ကမူ အဖနိုင်တာလဲလဲ့ မိခင်ထံသို့ ခွင့်ပန်လေ၏။

အဆုံး၌ မတတ်သာသဖြင့် မောင်ထွန်းပ၏ ဆန္ဒကို ခေါင်းညိတ်လိုက်လျှောရတော့၏။

ထို့ကြောင့်လည်း မကြာမြင့်မီ ကာလတွင် ပဲခူးမြို့ရှိ မြင်းလှည်းသမားလောက၌ ထွန်းပ ဟူသော မြင်းလှည်း သမားလေးတစ်ဦး ပေါ်ထွက်လာလေတော့၏။

ထွန်းပသည် ထူးဆန်းစွာ ပျောက်ဆုံးသွားသော ဖခင် ကြီးနှင့်ရောဂါသည်မိခင်ကြီးတို့အတွက် စိတ်သောက ရောက် ရသည်မှအပ မြင်းလှည်း မောင်းနှင်နေရသည့် အချိန်များ တွင် ပျော်ရွှင်တက်ကြွနေတတ်သေး၏။

သူ၏မြင်းမှာလည်း အကောင်းဆုံးမြင်းကြီး ဖြစ်ပေရာ ပဲခူးမြို့သူမြို့သားများက—

“ထွန်းပတို့ကတော့ကွာ မြင်းကြီးက ကြော့လို့၊ သူ ကိုယ်တိုင်က မော့လို့ မဆာရပါဘူး” ဟု ချီးကျူးတတ်ကြ လေ၏။





မြင်းလှည်းသိမ်းချိန်တွင် မိခင်ကြီးအတွက် စားသောက် ဖွယ်ရာများနှင့်ဆေးဝါးများကို ဝယ်ခြမ်းလာတတ်လေ့ ရှိ၏။

မိခင်ကြီးမှာ သားလေး၏ လီမ္မာရေးခြားရှိပုံကို ကြည်နူး မိသော်လည်း ပင်ပန်းလွန်းသည့်အဖြစ်ကိုမကြည့်ရက်သဖြင့်—

“သားရယ် နားနားနေနေလဲလုပ်ပါ၊ တော်ကြာနေထိုင် မကောင်းဖြစ်နေပါဦးမယ်” ဟု မကြာခဏ သတိပေးရှာ၏။

မောင်ထွန်းပကမူ မိခင်ကြီးအား ပြုံးကြည့်၍—

“မပင်ပန်းပါဘူးမေမေရယ်၊ သားက မြင်းကိုလဲ ချစ်တတ်တာဆိုတော့ ဒီအလုပ်ကိုလုပ်ရတာ ပိုပြီးသဘောကျ ပါတယ်” ဟု ပြန်ပြောတတ်၏။

ထိုအခါများ၌ ချစ်လင် ကိုဖေါနီ၏ မျက်နှာကို မြင်လည်း မြင်ယောင်မိကာ မျက်နှာညှိုးသွားတတ်သော ဒေါ်မြမေ၏ အဖြစ်ကို မောင်ထွန်းပတစ်ယောက် သတိမမူမိ ဖြစ်၏။

ဆက်ဆံရေးကောင်း၍ အနှစ်နာခံတတ်သော စိတ်ဓာတ် ရှိသဖြင့် မောင်ထွန်းပတွင် မိတ်ကောင်းလှလေ၏။

သူ၏မြင်းလှည်းမှာ အနည်းငယ်မျှ နားရသည်ဟူ၍ မရှိ ချေ။

ပဲခူးမြို့၊ ဈေးသူဈေးသားများသာမက ရာထူးကြီးသူများ၊ သူကြွယ်များအထိ မောင်ထွန်းပ၏ မြင်းလှည်းကိုစောင့်၍ စီးကြသည်အထိ ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကြာသော် မြင်းလှည်းသမားအချို့မှာ မောင်ထွန်းပ အပေါ်၌ မနာလိုမရှုဆိတ် ဖြစ်လာကြလေ၏။

မောင်ထွန်းပခမျာမှာကား ထိုအကြောင်းကို တစိုးတစိမျှ ရိပ်မိပုံမရဘဲ သူ၏မြင်းလှည်းလေးဖြင့် ပျော်ရွှင်စွာ မောင်းနှင်လျက်သာ ရှိပေသည်။

မောင်ထွန်းပ၏ဝင်ငွေမှာ သားအမိလုံလောက်စွာ စားသုံးနိုင်ရုံမျှမက၊ မိခင်ကြီးဒေါ်မြမေ၏ ဆေးဖိုးဝါးခများကိုပင် မပူမပင်ပေးနိုင်သဖြင့် မောင်ထွန်းပတစ်ယောက် သူ၏မြင်းလှည်းလေးကို တစ်သသပြင်ဆင်မွမ်းမံလျက်သာ ရှိနေ၏။

တစ်နေ့တာ ပင်ပန်းလွန်းလှသော်ညည်း အိမ်ရောက်သည့်တွင်လည်း နားနေရခြင်းမရှိပေ။

မြင်းကို ရေချိုးပေးခြင်း၊ အစာကျွေးခြင်း၊ ဆေးမွှံခြင်း၊ ခြင်မကိုက်စေရန် မီးခိုးပေးခြင်းများအပြင် မြင်းလှည်းကိုလည်း ဆေးခြယ်၍သရမြန်လေ၏။

ထို့နောက်—

ရေမိုးချိုး၊ ထမင်းစားသောက်ပြီး၍ မိခင်ကြီးအား နှိပ်နယ်ခြင်း၊ ဆေးတိုက်ပေးခြင်း စသည့်ကိစ္စများပြီးဆုံးသောအခါ ဆရာကြီးပီမိုးနင်း၏ စာအုပ်များကို မီးတိုင်ထွန်းညှိ၍ ဖတ်ရှုပြန်၏။

ဤသို့ဖြင့် ညဉ့်အတော်နက်မှပင် မောင်ထွန်းပ တစ်ယောက်အိပ်ရာဝင်ရသည်မှာ နေ့စဉ်ပင် ဖြစ်ပေတော့၏။





နံနက်စောစောထ၍ မိခင်ကြီးအတွက် စားသောက်ဖွယ်များကို ပြင်ဆင်ထားခဲ့ကာ၊ ဈေးသည်များအချိန်မီရောင်းချနိုင်စေရန် သူ၏မြင်းလှည်းဖြင့် အခေါက်ခေါက်အခါခါ သယ်ပို့ပေး၏။

အားလပ်ချိန်မရရှာသော မောင်ထွန်းပမှာ ကြာသောအခါ သူ၏ဖခင်ကိုဒေါနအား တစ်ခါတစ်ရံ သတိရသည်မှလွဲ၍ ထူးထူးခြားခြား အမှတ်မရတော့ပေ။

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောလူတစ်ယောက်

(သို့မဟုတ်)

### မုဆိုးကြီးဖဓရာဂန်

တစ်နေ့သ၌ မောင်ထွန်းပသည် ခရီးသည်တစ်ဦးအား ရွှေမော်ဓောဘုရားသို့ လိုက်ပို့ပြီးအပြန်တွင် လူရှင်းသည့် နေရာအရောက်၌ မမျှော်လင့်သောအဖြစ်အပျက်ကို လှမ်းမြင်လိုက်ရလေ၏။

**မှတ်ချက်။** ။ရွှေမော်ဓောဘုရားအား။ ရွှေမုဋ္ဌောဟု ရေးသားထားသည်ကိုလည်း စာပေ-ကျမ်းဂန် အမြောက်အမြားတွင် မတ်ရှု ရပါကြောင်း မထွေသူဘအဖြစ် ဖော်ပြရပါ၏။

စာရေးသူ





မောင်ထွန်းပမြင်ရသည်မှာ မြင်းလှည်းငါးစီးသည့် လမ်းပေါ်၌ ကန့်လန့်ဖြတ်၍ သူ၏သာလမ်းကို ပိတ်ဆို့ထားကြခြင်း ဖြစ်ပေ၏။

လူငါးဦးကလည်း လမ်းပေါ်၌ အသင့်ရပ်နေကြ၏။

ထိုအခါ မောင်ထွန်းပက အနည်းငယ်မျှ မရိပ်မိရှာဘဲ သိကျွမ်းရင်းနှီးပြီးသားဖြစ်သော ကိုကြွက်နီအား

'ဗျို့...ကိုကြွက်နီ၊ ဘယ်လိုခွဲ့ဖြစ်လို့ ခင်ဗျားတို့ မြင်းလှည်းတွေကို လမ်းပေါ် ပိတ်ဆို့ထားရတာလဲ၊ ဘာများ ချို့ယွင်းလို့လဲ၊ အကူအညီလိုရင် ပြောဗျာ၊ ကျွန်တော်ကူညီပြီး ဆောင်ရွက်ပေးပါ့မယ်'

ဟု ပြောပြောဆိုဆို မြင်းလှည်းပေါ်မှ လမ်းပေါ်သို့ ခုန်ဆင်းလာခဲ့လေသည်။

ကိုကြွက်နီဆိုသူက မျက်နှာမဲ့ ရွဲ့ လျက်...

'ဟဲဟဲဟဲ...မင်းဟာလေ ကျောချဘာတောင် ဓားမြမှန်း မသိဘူးဆိုတဲ့ အကောင်စားပဲ ထွန်းပရ' ဟု ဆို၏။

ထိုမှနှင့်မင် မရိပ်မိသေးသော မောင်ထွန်းပက...

'ကိုကြွက်နီ ဘာတွေပြောနေတာလဲဗျ၊ ပြောဗျာ..ကျွန်တော် ဘာလုပ်ပေးရမှာလဲ' ဟု ထပ်မံမေးမြန်း၏။

'နေပါစေ၊ တို့ကသာ မင်းကို ရိုင်းပြီး ပြုပြင် ပေးမယ်၊ မဟုတ်အုံးလားကွာ၊ ဟား ဟား ဟား'

'ဟဲဟဲဟဲဟဲ'

'အဖတ်...ဟား...ဟား...ဟား'

'အဟီး ဟီး'

www.burmeseclassic.com

‘တုတ်တယ်…ဟဲဟဲဟဲ’

လူငါးဦး၏ မထေ့မဲ့မြင် လှောင်ရယ် ရယ်မှုကြောင့် ထွန်းဝေတစ်ယောက် ခေတ္တမျှ မျက်မှောင်ကြုတ်သွားလျက်—

‘ကိုကြွက်နီ ဘာကိုဆိုလိုတာလဲဗျ၊ ပြောစမ်းပါဦး’

‘ဘာကိုမှ ဆိုလိုတာမဟုတ်ဘူးဟေ့၊ မင်းကိုဝိုင်းရိုက်ကြ မလို့ကွ၊ နားလည်ပြီလားဟေ့’ ဟု ကိုကြွက်နီက ပြောလိုက်၏။

‘ဘာ…ကျွန်တော့်ကို ဝိုင်းရိုက်ကြမလို့ ဟုတ်လား၊ မဟုတ်တာဗျာ၊ ကျွန်တော်က ခင်ဗျားတို့ကို ဘာများလုပ်မိ လို့လဲ’ ဟု ထွန်းပက မေး၏။

‘အဟေး…ဟေး…မင်း နားလည်အောင် ပြောရမယ်ဆို ရင် မင်းကြောင့် ငါတို့ မြင်းလှည်းသမားတွေရဲ့ မိသား စုတွေ ကြတော့မယ်လေ၊ ဒါကြောင့် မင်းကိုရိုက်နှက်ပြီး သင် ပေး ဆုံးမရမှာကွ’

‘ဟာ…ကျွန်တော်က ကိုကြွက်နီတို့ မိသားစုတွေကို ဘာ များ လုပ်မိလို့ပါလိမ့်’

‘ဟေ့ ကောင်၊ မသိချင်ယောင် ဆောင်မနေနဲ့၊ မင်း ဟာ ခရီးသည်မှန်သမျှကို မနားတမ်း လိုက်ပို့နေလို့ ငါ့ ဘတ်ကျက်ထိခိုက်နေပြီ၊ ဒီတော့ ဒီနေ့ကစပြီး တို့သတ်မှတ် ခရီးသည်တွေကိုသာ လိုက်ပို့ရမယ်၊ ဒါမှ မဟုတ်ရင်တော့ ဟဲဟဲဟဲဟဲ’ ဟု ကိုကြွက်နီက ပြော၍ ရယ်၏။

ထို့နောက် ကိုကြွက်နီကပင်…





‘ဒီမှာ ထွန်းပ၊ မင်းဟာ ငယ်ပါသေးတယ်၊ မောဒီ ကောင်နှစ်ကောင်ဟာ ရန်ကုန်သစ်း လူမိုက်တွေပဲကွ၊ စုလိမ် နက်က ရှာနေလို့ ငါ့ဆီမှာ ခေတ္တလာခိုနေပြီး မြင်းလှည်း မောင်းနေတာ ငါ့ယုံလူ’ ဟု ခြိမ်းခြောက်လေ၏။

ထွန်းပက မကျေမနပ်ဖြင့်…

‘ဒါကတော့ဗျာ ကျွန်တော်က မတရားသက်သက် လုပ် တာမှ မဟုတ်ဘဲ၊ ခရီးသည်တွေက သူ့လိုအင်ဆန္ဒကြောင့် ကျွန်တော့်ကို အားပေးကြတာတော့ မတတ်နိုင်ဘူးလေ’ ဟု ပြန်ပြော၏။

‘မင်းက ဆင်ခြေတွေ ပေးနေတာပေါ့လေ၊ ကြာတယ် ဟေ့၊ ဒီကောင့်ကို ဝိုင်းရိုက်ကြစမ်းကွာ’

ကိုကြွက်နီက လက်ပြ၍ အမိန့်ပေးလိုက်သည်တွင် လူမိုက် ဆိုသူ နှစ်ဦးက မြင်းလှည်းပေါ်မှ သစ်သား တုတ်များကို အသီးသီးဆွဲယူ၍ ထွန်းပကို ရိုက်ကြလေတော့၏။

ထွန်းပခမျာ ကိုယ်ခံသိုင်းပညာ မတတ်သော်လည်း သတိ ကို အထူးထား၍ တုတ်ချက်ကိုမမိစေရန် ရှောင်တိမ်းနေရ ရှာ၏။

ပေါ်ပေါ်ဆဆ ရိုက်လိုက်သော တုတ်ချက်များကို ထွန်းပ က ရှောင်လိုက်နိုင်သဖြင့် ဒေါပွသွားကာ လူမိုက်နှစ်ယောက် က အစောင်းဝင်ရိုက်ကြတော့၏။

သို့ရာတွင် လူရိပ်တစ်ခုသည် ရုန်းမဲ့အတွင်းသို့ လျှပ်စီး ပြက် ခုန်ဝင်လာပြီးနောက် ထွန်းပ၏ ခန္ဓာကိုယ်အား ကြောင် တစ်ကောင်ကဲ့သို့ ဆွဲ ခုန် မြောက်ချီ၍ သူ၏ ခန္ဓာကိုယ်

www.burmeseclassic.com



ရှောက်ချိသားရှိသော တုတ်ချက်များကို လှပစွာရှောင်တိမ်း ပြီးလျှင် ဖက်ပြန်တိုက်ခိုက်လိုက်လေသော၏။

'ဖုန်း...ဖုန်း'

'အား...အား'

မည်သို့တိုက်ခိုက်လိုက်သည် မသိနိုင်ခင်မှာပင် လူမိုက်ဆိုသူ နှစ်ဦးမှာ လေထဲသို့ မြောက်တက်၍ မြက်ခင်းပြင်ပေါ်သို့ လဲကျသွားလေ၏။

ထိုအခါ ကြွက်နီနှင့် ကျန်နှစ်ယောက်လည်း အံ့အားသင့် နေရာမှ မြင်းလှည်းပေါ်မှ တုတ်များကို ဆွဲယူကာ ထွန်းပကို ကူညီသူအား ဝင်ရောက် တိုက်ခိုက်လိုက်ကြပြန်လေ၏။

ထိုသူက ထွန်းပကို လက်တစ်ဖက်ဖြင့် ဖယ်မှ မြောက်သား ချက်မှ တုတ်ချက်များကို လှပစွာ ရှောင်တိမ်းနေလေ၏။

ကြွက်နီတို့က ပိုက်၏။

ထိုသူက ရှောင်၏။

ကြွက်နီတို့က သိမ်း၏။ ထိုသူက ယိမ်း၏။

ကြွက်နီတို့က ခုတ်၏။ ထိုသူကဆုတ်၏။

ကြွက်နီတို့က အဆုံးတွင် ထိုသူက ရှေ့သို့ လျှပ်တစ်ပြက် တိုး၍ သူ၏လက်များကို သွက်သက်စွာ လှုပ်ရှားလိုက်ရာ...

'ဖုန်း—ခွပ်...ဒုတ်'

'အား'

'အင်း'

'အီး' ဟူသည့် အသံသုံးသံ ထွက်ပေါ်လာလျက် လမ်း ဘေး မြက်ခင်းပြင်ပေါ်သို့ အသီးသီး လဲကျသွားကြလေ၏။





ထွန်းပမှာ မြင်တွေ့ရသော အနေအထားကို မယုံကြည် နိုင်အောင် များစွာအံ့သြသွားရလေတော့၏။

ရင်းအား ကူညီတိုက်ခိုက်ပေးသူမှာ ခေါင်းပေါင်းကြီး ပေါင်းလျက် ပင်နီတိုက်ပုံအင်္ကျီ၊ မြင်းခြံလုံချည် ကွက်ကြဲနှင့် အသားနီစပ်စပ်ရှိသော လူကြီးတစ်ဦးဖြစ်ကြောင်း တွေ့ရ လေ၏။

ထိုလူကြီးကပင် ကြောင်ကြည့်နေသော ထွန်းပအား...

'ဟေ့ ကောင်လေး၊ ကြောင်ကြည့်မနေနဲ့၊ သွား...ဟိုလမ်း ပေါ်မှာ ပိတ်ဆို့ထားတဲ့ မြင်းလှည်းတွေကို လမ်းဘေး မောင်းချစမ်းကွာ' ဟု ခိုင်းလေ၏။

ထို့ကြောင့် ထွန်းပလည်း မြင်းလှည်း ငါးစီးကို လမ်း ပေါ်မှ လမ်းဘေးသို့ လျင်မြန်သွက်လက်စွာ တွန်းထိုး မောင်းချရလေတော့၏။

လူကြီးကမူ လဲကျနေသူများအား တစ်ချက်အကဲခတ်လျက် လက်ပိုက်ပြီး ရပ်နေလေ၏။

မကြာမီ မြင်းလှည်းများအားလုံး လမ်းဘေးသို့ စနစ် တကျ ပို့ဆောင်ပြီးသွားသည့်တွင် မောင်ထွန်းပသည် ကူညီ သူ လူကြီးအနားသို့ လျှောက်လာ၍...

'ကျွန်တော့်ကို ဝိုင်းဝန်းကူညီတဲ့အတွက် အထူးကျေးဇူး တင်ရှိကြောင်း ပြောပါရစေ ဦးလေးခင်ဗျာ' ဟု ရိုကျိုးစွာ ပြောလိုက်၏။

ထိုအခါ လူကြီးက ခေါင်းခါလျက်—



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးကွယ်၊ ဦးလေးလဲ ရွှေမော်ဓောဘုရား ပွဲ့ဖြိုးအပြန်- လမ်းဘေးက ကပ်လျှောက်လာတုန်းမှာ အမှတ်မထင် မင်းတို့ရန်စွဲကို ဝင်တိုးမိတာနဲ့ ရပ်နားသောင်နေတာ အားလုံး သတိမပြုမိကြဘူးလေ"

"အော်... ဒီလိုကိုး"

"အေး-ဒါကြောင့်လဲ တရားတဲ့ မင်းဘက်က ဝင်ပြီး မတရားတဲ့ သူတို့ကို ဝင်ရောက်တိုက်ခိုက်ရတာပေါ့ကွယ်" ဟု ဆိုလေ၏။

ဘာချက်။ ။ထိုအချိန်က လူမိုက်ခေတ်ဖြစ်ရာ မောင်ထွန်းပ ကို ဝင်ရောက် ရိုက်နှက်သူ နှစ်ဦးမှာ ပုဇွန် တောင်လူမိုက် ငှက်နဂါး၏ လက်ရင်းတပည့် နှစ်ဦးဖြစ်ကြောင်း နောင်အခါ၌ သိရှိရလေ၏။

စာရေးသူ

"အော်-ဒါနဲ့ ဦးလေးကို စိုင်းဂနိုင်းကို လိုက်ပို့စမ်းပါ ကွယ်"

"ရပါတယ်ခင်ဗျာ ဒါနဲ့ စိုင်းဂနိုင်းက ဘယ်သူ့အိမ်ကို သွားမှာလဲ ဦးလေး"

"ဦးဒေါနုတို့အိမ်ကိုကွယ်"

"ဗျာ—" ဟု တစ်လုံးတည်းသာ ရေရွတ်လျက် မောင်ထွန်းပတစ်ယောက် ငိုင်သွားရှာတော့၏။

× × ×



ပျောက်ဆုံးသူအတွက် ပူဆွေးကြသူများ

မောင်ထွန်းပမှာ သူ၏ဖခင် ဦးဒေါနုအမည်ကို မေး သည့်လူကြီးအား ခေတ္တမျှ တွေဝေငြိမ်သက်၍ ကြည့်နေပြီး နောက်တွင်—

'ဦး—ဦးလေးက ကျွန်တော့် အဖေကို သိတယ်လားဗျာ' ဟု မေးလိုက်မိလေ၏၊

'ဟင်—မင်း မင်းက'

သည်တစ်ခါ အံ့ဩသွားသူမှာ လူကြီးဖြစ်၏။

လူကြီးက မောင်ထွန်းပ၏မျက်နှာကို အသေအချာကြည့်၍ မေးလိုက်ခြင်း ဖြစ်ပေ၏။

ထိုအခါ မောင်ထွန်းပက ခေါင်းညိတ်လျက်—

'ဟုတ်ပါတယ်ဦးလေး၊ ကျွန်တော်က သနပ်မင်းပွဲစား ကြီး ဦးဒေါနုရဲ့ တစ်ဦးတည်းသောသား မောင်ထွန်းပပါ' ဟု ဆိုလိုက်၏။

'အော်...ဒါကြောင့် မင်းရဲ့ရုပ်ရည်ဟာ ငါ့သူငယ်ချင်း ဒေါနုနဲ့ မျက်နှာကျပုံကျနည်းနဲ့တော့ ဆင်ဆင်တူပေသားပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ ငါအောက်မေ့မိတာကွ။ ကဲ...ကဲ မောင်ထွန်းပရေ မနေ့မျက်လင့်အဲတွေ့ကြုံရတာ ဝမ်းသာတယ်ကွာ၊ လာ...လာ ငါ့မင်းတို့အိမ်ကို သွားကြစို့’

‘ဟုတ်ကဲ့ ဦးလေး’

ထို့နောက် သူတို့နှစ်ဦးသား မြင်းလှည်းဆီသို့ လျှောက်သွားစဉ် ကြွက်နီနှင့် လူမိုက်များမှာ သတိရလာပြီးနောက် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ၎င်းတို့၏ မြင်းလှည်းများကို ဆိုင်းပစ်ထွဲယူကာ တက်ရောက်မောင်းနှင်သွားကြတော့၏။

‘ထို...အင်မတန်ရှုံ့ဖို့ကောင်းတဲ့ကောင်တွေ၊ လောကကြီးမှာ တရားတာမတရားတာ သူတို့မသိဘူး၊ ကိုယ်လုပ်ချင်တဲ့ကိစ္စကို အင်အားနဲ့ အနိုင်ယူဖို့ပဲတတ်တယ်’ဟု လူကြီးကဆို၏။

မောင်ထွန်းပက မြင်းလှည်းမောင်းသူနေရာ၌ ဝင်ထိုင်လိုက်ပြီးလျှင် တစ်စုံတစ်ရာ သတိရဟန်ဖြင့်—

‘ဒါနဲ့ ဦးလေးရဲ့နာမည်က ဘယ်သူပါလိမ့်’ဟု မေးလေရာ လူကြီးက ပြုံး၍—

‘ဖရော်ဂန်တဲ့ကွ၊ မင်းအဖေကိုအေါနဲ့ အခင်မင်အရင်းနှီးဆုံး ကချင်ပြည်နယ်က မုဆိုးကြီး ဖရော်ဂန်ဆိုရင် ပိုပြီး ပြည့်စုံမယ်တာပေါ့ကွာ’ဟု ဆို၏။

‘အော်—ဖရော်ဂန်တဲ့သား၊ နာမည်က တစ်မျိုးပဲနော်’

မောင်ထွန်းပက ထိုသို့ပြောလိုက်သဖြင့် လူကြီးက ပြုံးကာ—





‘ဟာကောင်ရေ ကချင်လူမျိုးတွေရဲ့နာမည်ဆိုတော့ မင်းအတွက် ထင်မျိုးဖြစ်နေတာပေါ့၊ ကဲ-ကဲ အိမ်ကိုမောင်းပေတော့’

ထိုအခါကျမှပင် မောင်ထွန်းပက မြင်းလှည်းကို စတင်မောင်းနှင်လေတော့၏။

မကြာမီ ဇိုင်းဂနိုင်းရပ်ရှိ မောင်ထွန်းပတို့အိမ်ရှေ့သို့ ရောက်ရှိလာတော့သည်။

သည်တွင် ဖရော်ဂန်ဆိုသောလူကြီးမှာ မြင်းလှည်းပေါ်မှ အရွယ်နှင့်မလိုက်အောင် ပေါ့ပါးစွာခုန်ဆင်း၍—

‘မောင်း ဒေါနု ဒေါနု၊ ဟေ့ကောင်ကြီး၊ ငါလာပြီလေ ငါ့ကိုလာကြိုပါဦးကွ’ဟု အောင်မြင်သောအသံကြီးနှင့် အိမ်ဖက်သို့ လှမ်း၍အော်လေတော့၏။

မောင်ထွန်းပမှာ စိတ်ထိခိုက်လှသောကြောင့် မည်သို့မျှ မပြောဘဲ ငိုင်တွေ၍သာ ကြည့်နေလိုက်မိ၏။

မုဆိုးကြီးဖရော်ဂန်၏အော်ဟစ်သံကြောင့် အိမ်ရှေထဲတွင် လဲနေသည့် ဒေါ်မြမေမှာ ဂယီးဒယိုင်ထ၍ တံခါးပေါက်မှ လှမ်းမျှော်ကြည့်ရှုပြီးလျှင်—

‘အို...အို... ဖရော်ဂန်ပါလားနော်၊ ဝမ်းသာလိုက်တာဟယ်၊ မြန်မြန်လာခဲ့စမ်းပါ ဖရော်ဂန်မြန်မြန်’ဟု စကားမဆုံးမီမှာပင် လဲကျသွားလေရာ...

မုဆိုးကြီးဖရော်ဂန်က အလျင်အမြန် ပြေးဝင်ပွေ့ထားလိုက်သောကြောင့်သာ လှေကားအောက်သို့ ကျမသွားခြင်း ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ... မေမေ အတိသစ်သွားပြီထင်တယ် ဦးလေး၊ မေမေကို သတိရအောင် လုပ်ပေးပါဦးလေးရယ်' ဟု မောင်ထွန်းပက- အော်နေ၏။

'ကိစ္စမရှိပါဘူး မောင်ထွန်းပ၊ ငါကိုမြင်တော့ ရုတ်တရက် ဝမ်းသာလုံးဆို့ပြီး အခုလို သတိမေ့သွားတာပါ၊ မကြာခင် သတိရသွားမှာပါ' ဟုဆိုကာ ညောင်ခန်းသို့ ဒေါ်မြမေကို ယူဆောင်သွား၏။

ပြီးလျှင်— ၎င်း၏လွယ်အိတ်အတွင်းမှ ဆေးထုပ်တစ်ထုပ်ကိုယူ၍ ဖြေလိုက်ပြီးနောက် အမှုန့်အနည်းငယ်ကို ဒေါ်မြမေ၏နှာဝသို့ ပွတ်ပေးလိုက်တော့၏။

ဖြီးလျှင်—

'မောင်ထွန်းပ...ဒါနဲ့ မင်းအမေကိုဒေါနဲ ဘယ်ကိုသွားနေသလဲကွဟင်' ဟုမေးရာ မောင်ထွန်းပက...

'အဖေ့...အဖေ ပျောက်ဆုံးနေတာ တော်တော်ကြာပါပြီ ဦးလေး' ဟု ဖြေလေ၏။

'ဘာ... ပျောက်ဆုံးနေတယ် ဟုတ်လား၊ မယုံနိုင်စရာကွာ'

မုဆိုးကြီးဖရော်ဂန်က တအံ့တသြဆို၏။

'ပျောက်ဆုံးနေတာ အမှန်ပါခင်ဗျာ'

'အယ်လောက် ကြာပြီလဲကွယ်'

'အင်း... ဆယ်နှစ်ကျော်ကျော်လောက် ရှိပါပြီ'

'ငါ... ဒီကိုမရောက်တာလဲ ဆယ်နှစ်ကျော်ကျော်လောက် ရှိပြီကွ၊ ဖြစ်မှဖြစ်ရလေ ဒေါနဲရာ'





ထိုအချိန်မှာပင် ဒေါ်မြမေသတိရလာပြီးနောက် မုဆိုးကြီးဖရော်ဂန်အားကြည့်၍ ငိုပြန်လေ၏၊

'ကိုဒေါနရေ ရှင့်သူငယ်ချင်းကြီး ဖရော်ဂန်လာပြီလေ၊ ရောက်ရာအရပ်က အမြန်ပြန်လာခဲ့ပါလား၊ ရှင်တို့အမဲလိုက်ထွက်ကြပါတော့သား' ဟု ကြိတ်မနိုင်ခဲမရငိုလေ၏၊

မုဆိုးကြီးဖရော်ဂန်က—

'ကဲ...ကဲ... တိတ်ပါမြမေရာ၊ ငါ့ကို အကျိုးအကြောင်း အပြည့်အစုံပြောပြစမ်းပါလား၊ ဒါမှ ဘာဖြစ်တယ်၊ ဘာလုပ်သင့်တယ်ဆိုတာ ငါဆုံးဖြတ်လို့ရမယ်'

ဤတွင် ဒေါ်မြမေက ရန်ကုန်မြို့သို့ ကားတစ်စင်းနှင့် ကိုဒေါန ထွက်သွားပုံမှစ၍ ပျောက်ဆုံးသည်အထိ၊ ထိုမှ ပုလိပ်ဖက်က စုံစမ်းသော်လည်း ယခုဆယ်နှစ်ကျော်သည့်တိုင် လုံးဝအစအန မတွေ့ရခြင်းတို့ကို ပြည့်စုံစွာ ပြောပြလေ၏။

မုဆိုးကြီးဖရော်ဂန်မှာ အံ့အားသင့်ခြင်း၊ မယုံနိုင်ခြင်း၊ အဖြေရှာမရခြင်းတို့ဖြင့် နားထောင်နေရှာ၏။

ပြီးလျှင်...

'အင်း... ဒါတာ ဈေးထူးဆန်းဆန်းကိစ္စရပ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမလို ဖြစ်နေပါလား' ဟု ညည်းညူ၏။

ထို့နောက်—

မောင်ထွန်းပက သူနှင့်မုဆိုးကြီးဖရော်ဂန်တို့ မျှော်လင့်အဲ့ တွေ့ဆုံကြရပုံကို မိခင်ကြီးအားပြောပြရာ ဒေါ်မြမေမှာ စိုးရိမ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



'ဘုရား ဘုရား တော်မှပါသေးရဲ့သားရယ်၊မင်းဦးလေးနဲ့ သာမတွေ့ရင် မေမေတော့ သားလေးရဲ့အဖြစ်ကို လုံးဝ မတွေးရဲပါဘူးကွယ်'ဟု ပြော၏။

ပြီးမှ...

'ကဲ ကဲ သားရေ၊ မင်းဦးလေးကို ရေချိုးပါစေ၊ ပြီးမှ ထမင်းစားကြတာပေါ့၊ မေမေ ပြင်ထားလိုက်မယ်၊ အော်- သားကို ပြောရဦးမယ်၊ တောဒီ ဖရော်ဂန်ဟာ ကချင် ပြည်နယ်က မုဆိုးကြီးတစ်ဦးပဲသားရဲ့၊ မေမေတို့ကချင်ပြည် နယ်ဖက်မှာ သွားနေခဲ့သေးတယ်၊ မင်းအဖေနဲ့ဖရော်ဂန်ဟာ ညီရင်းအစ်ကိုတွေလို အင်မတန်ချစ်ကြတာကွယ့်၊ အမြဲတစ် တွဲတွဲနဲ့ အမဲလိုက်လေ့ရှိတာပေါ့'ဟု ပြောပြလေ၏။

'ဟုတ်ကဲ့မေမေ၊ သားလဲ ဦးလေး အဲ ဖရော်ဂန်ကိုတွေ့ ရတာ တအားတက်မိသယ်၊ ပြီးတော့ ဦးလေးဖရော်ဂန်ရဲ့ သတ္တိနဲ့ ကိုယ်လုံးကိုယ်ခပေါက်ကို သဘောလဲကျတယ်'ဟု ဆို လိုက်၏။

'ဟား ဟား ဟား ဟား မင်းကိုလဲ ဦးလေးလိုဖြစ် အောင် လုပ်ပေးပါမယ်ကွာ၊ မပူပါနဲ့ မောင်ထွန်းပရယ် ကဲ ကဲ ရေမိုးချိုးကြစို့'

'ဟုတ်ကဲ့ ဦးလေး'

ဒေါ်မြမေမှာ မုဆိုးကြီးဖရော်ဂန်နှင့် မောင်ထွန်းပတို့ ထွက်ခွာသွားသည်ကိုကြည့်ရင်း ထူးဆန်းစွာပျော်ဆုံးနေ သည့်ချစ်လင်ကိုဒေါ်နှကို အတိရနေမိတော့၏။

* * *



**မောင်ထွန်းပနှင့် ရှခင်းသစ်များ**

မုဆိုးကြီး ဖရော်ဂန် ရောက်သည့်ရက်မှစ၍ အနည်းငယ် နေထိုင်ကောင်းလာသော ဒေါ်မြမေမှာ ရက်အနည်းငယ် ကြာသော် ပြန်လည်၍ နေထိုင်မကောင်း ဖြစ်လာပြန်လေ၏။

မောင်ထွန်းပတစ်ယောက်သည်း ထိုနေ့မှစ၍ မြင်းလှည်း မမောင်းတော့ဘဲ မိခင်ကြီးကိုသာ ပြုစုစောင့်ရှောက်နေ ရှာ၏။

မုဆိုးကြီး ဖရော်ဂန်က ကချင်ပြည်နယ်မှ ပါလာသည့် အစွမ်းထက်သော ဆေးဝါးများနှင့် တိုက်ကျွေးကုသရှာ၏။

သို့ပါသော်လည်း ရောဂါကလည်း ကျွမ်း၊ ချစ်လင် အတွက် စိတ်ဒုက္ခကလည်း ရောက်နေရှာသော ဒေါ်မြမေမှာ မကြာမီမှာပင် ကွယ်လွန်အနိစ္စရောက်သွားရှာလေ၏။

မသေမီတွင် သားဖြစ်သူ မောင်ထွန်းပအား မုဆိုးကြီး ဖရော်ဂန်နှင့် လိုက်ပါသွားရန် ပြောခဲ့ရှာသဖြင့် မောင် ထွန်းပလည်း လိုက်ပါသွားမည့်အကြောင်း ကတိပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဒေါ်မြစမ၏ အသုဘကိစ္စ ရက်လည်ပြီးသော အခါ နေအိမ်နှင့် မြင်းလှည်းကို ဆင့်တင်ချော်ကပ်ပတ်သော ဈေးနှင့် ရောင်းချပြီးလျှင် မုဆိုးကြီး မဒရော်ဂန်နှင့် မောင်ထွန်းပတို့ နှစ်ယောက်မှာလည်း မဲခူးမြို့မှ ထွက်ခွာခဲ့ကြ လေတော့၏။

ပထမဦးစွာ ရန်ကုန်မြို့သို့ ထွက်ခွာ၍ ကွမ်းခြံကုတာ ကြိုးမှ တစ်ဆင့် မီးရထားစီးကာ မြစ်ကြီးနားမြို့သို့ လိုက်ခဲ့ ကြ၏။

မြစ်ကြီးနားမှတစ်ဆင့် ခရီးအဆင့်ဆင့် ဖြတ်သန်းကာ ပူတာအိုမြို့ဆီသို့ လာခဲ့ကြပြန်၏။

ပူတာအိုမြို့အဝင်တွင် အဝတ်နက် ဇတ်ဆင်ထားသူများ၊ ထဘီအဖြူနှင့် အင်္ကျီအနက် ဝတ်ဆင်ထားသူများ၊ ဘောင်းဘီ အနက် ဝတ်ဆင်ထားသူများ စသည်ဖြင့် တိုင်းရင်းသားများ ကို တွေ့ရာ မောင်ထွန်းပက မည်သည့်လူမျိုး ဖြစ်ကြောင်း မေးမြန်းလေ၏။

ထိုအခါ...

မုဆိုးကြီး မဒရော်ဂန်က ရှင်းပြ၏။

'မင်းတို့ရန်ကုန်မြို့မှာ မြန်မာချင်းအတူတူ အထက်သား (အညာသား) အောက်သား ခေါ်သလိုပေါ့ကွာ၊ ပူတာအို ဘက်မှာ တွေ့ရတဲ့ ကချင်လူမျိုးတွေကို အညာသားကချင်လို့ ခေါ်ကြတယ်၊ သူတို့ဘာသာနဲ့ဆိုရင်တော့ ဒူးလင်းဂျိုင်းဖော လို့ ခေါ်တာပေါ့ကွာ၊ အခု မင်းတွေ့ရတာ အဲဒီ ဒူးလင်း ဂျိုင်းဖောတွေပေါ့၊ ဘောင်တန်း ကချင်လူမျိုးထဲမှာ ကချင်၊





ဂျိုင်းဖော၊ မရူ၊ ယောရင်၊ အဇီး၊ လီဆူး၊ ရဝမ်၊ ခန္တီး ရှမ်း စသူတွေလဲ ရောနှောနေထိုင်ကြတယ် မောင်ထွန်းပ' ဟု ရှင်းလင်းပြောပြ၏။

တစ်နေရာတွင် ဆင်များစီး၍ လာကြသော ဒူးလင်း ဂျိုင်းဖော အမျိုးသားနှင့် အမျိုးသမီးများကို တွေ့ရသော ကြောင့် မောင်ထွန်းပက တအံ့တသြဖြင့်...

'ဟာ...ဟိုမှာ ဆင်ကြီးတွေနဲ့ပါလား ဦးလေးရ၊ ဒီဆင် ကြီးတွေဟာ သစ်ဆွဲတဲ့ ဆင်ကြီးတွေပေါ့ ဦးလေးရ' ဟု မေးလေ၏။

မုဆိုးကြီး ဗရော်ဂန်က...

'မဟုတ်ဘူး မောင်ထွန်းပ၊ အဲဒါ ဆင်တွေနဲ့ ဈေးလာ ရောင်းကြတဲ့ ဂျိုင်းဖောအမျိုးသားတွေလေ၊ မင်းတို့မြို့မှာ က လှည်းစီးပြီး ဈေးရောင်းတဲ့ လူတွေလိုပေါ့ကွာ၊ ဟား ဟား ဟား' ဟု ပြုံးရယ်၍ ရှင်းပြပြန်၏။

မောင်ထွန်းပအဖို့ တွေ့သမျှ၊ မြင်သမျှ အထူးအဆန်း ချည်း ဖြစ်နေရှာတော့၏။

ပူတာအိုမြို့တွင် သုံးရက်ခန့်နေထိုင်ကြပြီးနောက် ဖရုံသီး များကို တင်ဆောင်ရန်အတွက် လောင်းပန်ခေါ် အငှား တရုတ်လားသမားများအား ငှား၍ ထွက်လာခဲ့ကြ၏။

မှတ်ချက်။ ။လမ်းခရီး မကျွမ်းကျင်သူများအဖို့ လမ်းပြ အဖြစ် လီဆူးနှင့် ရဝမ် အမျိုးသားများကို ငှားရမ်းကြရကြောင်း စာဖတ်သူများ ဗဟု သုတ ဖြစ်စေရန် ဖော်ပြရပါ၏။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမြသော သစ်ပင်များသည် ဆီးနှင်းများ တွယ်ကပ်နေမှုကြောင့် ငွေမှုံးသီးများပမာ ဖြစ်နေရာမှ နေရောင်ခြည်များ ထိုးသက်လာသည်တွင် အဆုပ်လိုက် အဆုပ်လိုက် ကွာကျသွားရာ တစ်မျိုးပင် ကြည့်၍ကောင်းလှလေ၏။

တောင်များမှာလည်း တဖြည်းဖြည်းမြင့်တက်လာလေ၏။ လမ်းခရီးမှ ပိုမိုကြမ်းတမ်းလာ၏။

ကျောက်တုံးများ ပိအိဆီးနေသည့် ကျောက်လမ်းများကို ... ရ ...၍တစ်ဖုံ တသဲသဲ တဖွဲဖွဲ စီးဆင်းနေသော တောင်ကျ ရေများတွင် တလိမ့်လိမ့် ...ပါလာသော ကျောက်ဆောင်တုံးကြီးများကို သတိထား ရှောင်ရှားလျက် တင်နည်း ဖြတ်ကျော်ကြရ၏။

ဝဲသာနှစ်ဖက်၌ သစ်ပင်ကြီးငယ်များ ပေါက်ရောက်လျက်ရှိနေလင့်ကစား ထိုကိုင်လိုက်သည်နှင့် ကျွမ်းခနဲ ကျိုးကျကာ တောင်အောက်ခြေရှိ ချောက်ထဲသို့ ... ကျသွားနိုင်လာဖြင့် မုဆိုးကြီးဖရော်ဂန်က မောင်ထွန်းအား အထူးသတိပြု ရှောင်ထိမ်းသွားလာရန် သတိပေးရ၏။

လားသခား လောပန်းတရုတ်ကြီးများသည် ၎င်းတို့၏ မြည်းပုကလေးများအား ခပ်ချောချော့ဆွဲ၍ နောက်ဘက်မှ လိုက်ပါလာကြ၏။

မှတ်ချက်။ ။၎င်း လောပန်း တရုတ်ကြီးများတွင် ခရီးစန်းမှုဒဏ်ကို ခံနိုင်စေရန် ဘိန်း အချို့ကို သယ်ဆောင်လာကြကြောင်း ဖတ်ရှုသူ ... ဖြစ်စေရန် ဖော်ပြအပ်ပါသည်။ စာရေးသူ





ချွေးသီး ချွေးပေါက်များ စီးဆင်းနေသော မောင်ထွန်းအား ပြုံး၍ ကြည့်၍ မုဆိုးကြီး ဖရော်ဂန်က မေး၏။

'ဘယ့်နှယ်လဲတော မောင်ထွန်းရေ၊ ခဏတစ်ပြင်ပန်းနေပြီလား၊ ရောက်ခါနီးတော့မယ်ကွ'

'မပင်ပန်းပါဘူး ဦးလေး၊ ကျွန်တော် လျှောက်နိုင်ပါတယ်' ဟု မောင်ထွန်းက ပြန်ပြော၏။

သို့ရာတွင် မောပန်းနေရှာသော မောင်ထွန်းအား ကြည့်၍ မုဆိုးကြီး ဖရော်ဂန်က ခေါင်းတညိတ်ညိတ် လုပ်နေ၏။

ပြီးမှ....

'ဘာပဲဖြစ်ဖြစ် သောက်ရေအိုးဆိုတာ အဲဒီလို ရှိရတယ်ကွ၊ ဒါမှ ဦးလေးကကြိုက်တာ' ဟု ဆို၏။

တစ်နေရာတွင် ... စီးဆင်းနေသော စမ်းချောင်းကလေးကို ဖြတ်သန်းကြရပြန်၏။

မြည်းတစ်ကောင်မှာ စမ်းချောင်းကို မဖြတ်လိုသောကြောင့် ရုန်းကန်နေရာ အတင်းပင် စမ်းချောင်းအတွင်းသို့ ဆွဲချကြရလေ၏။

တစ်ဖက်ကမ်းသို့ အရောက်၌ မုဆိုးကြီး ဖရော်ဂန်သည် တစ်စုံတစ်ခုကို သူ၏လက်ခေါင်းမှ ဆွဲခွာလိုက်သောကြောင့် မောင်ထွန်းမှက....

'ဟာ...နည်းတဲ့မျှော့ကြီး မဟုတ်ဘူးနော် ဦးလေး' ဟု အံ့တသြကြီး ပြောလိုက်၏။

ထိုအခါ မုဆိုးကြီး ဖရော်ဂန်က တဟဲဟဲရယ်မော၍....



www.burmeseclassic.com

www.burmeseclassic.com



'ဒါက တော်သေးတာပေါ့ မောင်ထွန်းပရယ်၊ အခုတို့သွားမယ့် ပန်နန်ဒင်ရွာကကျော်ရင် မင်းတွေ့ရပါလိမ့်မယ်၊ မျှော့ကြီးတစ်ကောင် တစ်ကောင်ဟာ လက်မောင်းလုံးခန့်ရှိတယ်ကွ' ဟု ဆို၏။

ထို့ကြောင့် မောင်ထွန်းပမှာ ထိတ်လန့်သွားရ၏။

ဤသို့နှင့်ပင် နမ်းခမ်းမှ၊ ခမ်းမတီး၊ နောင်မွန်းစသော [illegible]ဝမ်ရွာကလေးနှင့် ရွာကြီးများအား နိုင်ငွန်ဘွန်တောင်ကြီးများအစီလျှောက် ဖြတ်သန်း၍ ပန်နန်ဒင်ရွာကလေးသို့ သုံးရက်ခန့်အကြာ၌ ရောက်ရှိလာခဲ့လေတော့သည်။

* * *





ပန်နန်ဒင်ရွာရှိ မုဆိုးကြီးဖရော်ဂန်၏ နေအိမ်လေးမှာ နေချင့်စဖွယ်ကောင်းလှပေ၏။

အာကီဝါခေါ် ရွာသူကြီးမှာ မုဆိုးကြီးဖရော်ဂန်၏ သူငယ်ချင်းဖြစ်လေရာ မောင်ထွန်းပကိုလည်း ခင်မင်ရှာလေ၏။

မကြာခဏ ရွာသို့ရောက်ရှိလာသည့် ဒူးဝါး အတောင်မျိုးများတို့လည်း မောင်ထွန်းပအား ခင်မင်ကြလေ၏။

မောင်ထွန်းပတို့နေထိုင်သော တဲအိမ်လေးမှာ အင်ဖက်ရွက်များဖြင့် မိုးထားပြီးလျှင် အိမ်ခေါင်းကိုမြင့်ထားသောကြောင့် လသာသည့်ညများတွင် ငွေလရောင် ဆွတ်လိမ်းထားသည့်သို့ တလက်လက်ဝင်း၍ ထွန်းတောက်လျက် ရှိနေတတ်၏။

လသာသောညများတွင် လီဆူးအမျိုးသားများက [illegible] ဒလင်တီး၍ လီဆူးအမျိုးသမီးများက [illegible] ပျော်ရွှင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ချောက်ကိုချဲ့ ... ဝါးခါးခါး .. ချောက်ကိုချဲ့ .. ဝါးခါးခါး'
ဟူသော အသံစေ့များမှာ သာသာစွာ လွင့်ပျံထွက်လာ
ပေ ရှိ၏။

ထိုအခါမျိုးတွင် မောင်ထွန်းပတ မုဆိုးကြီးဖရောင်ဂန်
အား —

'ဦးလေး —အဲဒီအစီပွာယ်က ဘာလဲဟင်'ဟုမေးမိ၏၊

မုဆိုးကြီး ဖရောင်ဂန်က—

'အဲဒါ မင်းကိုကျော်ရှုံပြီး တီးမှုတ်ကြတာ ကွ မောင်
ထွန်းပ။ ချောက်ကိုချဲ့— ဝါးခါးခါးဆိုတာ 'ကြိုးဆိုပါ၏ မိုးကျ
ရောသည်တော့ရယ်'တဲ့ ဟဲဟဲဟဲ အဓိပ္ပာယ်က သိပ်မလှဘူး
လားကွ ဟင်'ဟု မြန်ဖြေ၏။

'သိပ်လှတာပေါ့ဦးလေးရယ်'

မှတ်ချက်။ ။လီဆူးအမျိုးသမီးများမှုတ်သော ဝါးပလွေမှာ
ထုလီထူဟုသည်းခေါ်၍၊ အပေါက်သုံးပေါက်
ပါတာ မောင်းဟုသည်းခေါ်လေ၏။အင်္ဂလိပ်
အသံထွက်ဖြင့်ခေါ်ရလျှင် (  )ဖြစ်၏။

စာရေးသူ။

တစ်နေ့ထက်တစ်နေ့ မောင်ထွန်းပပျော်လာ၏။

အစတွင် ထူးဆန်းစွာပျော်ကျွှဆုံးသွားသော ဖခင်ကြီး
နှင့် သေဆုံးသွားရှာသည့် မိခင်ကြီးတို့အား လွမ်းဆွတ်မိ
သော်လည်း ကြာသော် နန်ပန်ဒင်ရွာကလေးတွင် ပျော်ပိုက်
လာလေ၏။





လီဆူးအမျိုးသားများနှင့်လည်း ရင်းနှီးလာကာ ၎င်းတို့
တီးခတ်သောမယ်ဒလင်ကိုပင် တီးတတ်လာခဲ့၏။

မှတ်ချက်။ ။၎င်းမယ်ဒလင်၏ ကြိုးများကို မြင်းမြီးဖြင့်မြ
လုပ်ထားပြီးလျှင် လီဆူးအခေါ် ဆားဖြင့်ကြည့်
ဖွဲ့ဟုလည်းခေါ်ကြောင်း ဗဟုသုတအဖြစ်ဖော်
ပြအပ်ပါ၏။

စာရေးသူ။

'ဘော့ မောင်ထွန်းပ၊ မင်းက မုဆိုးလာမ်ရမည့်ကောင်
ကွ။ ဒီတော့တီရှစ္တွာန်တွေနာမည်ကို အရင်သိထားရမှ
သင်ပေးမယ်'ဟုဆို၍ မုဆိုးကြီးဖရောင်ဂန်က နှုတ်တိုက်သွား
၏။

'ဂျိုဒို ကျွဲ'

'ကျွဲ'

'ဟုတ်ပြီ'

'မြင်းကို တွမ္မရာ'

'တွမ္မရာ'

'ဟုတ်ပြီ'

'ဆတ်ကို ရှန်နာ'

'ရှန်နာ'

'ဟုတ်ပြီ'

'ကြောင်ကို လဥညှောင်'

'လဥညှောင်'

'ဟုတ်ပြီ— ဆက်ဆိုစမ်းကွေ့'



www.burmeseclassic.com

www.burmeseclassic.com



'ဂျိုကို ကျွဲခို၊ မြင်းကို ဘွမ်မှရာ၊ ဆတ်ကို ရှန်နာ၊ကြောင်ကို လင်ညာင်၊ ဟုတ်လားဦးလေး'

'အင်း–ဟေး မင်းသိပ်တော်ပါလား မောင်ထွန်းပ၊ မှတ်ဉာဏ်မဆိုးဘူး၊ လောလောဆယ် အဲဒါကိုပဲ မှတ်ထားအောင်ကျက်ထားဦး၊ ဦးလေးရေချိုး သွားတည်ဦးမယ်'

'ဟုတ်ကဲ့ဦးလေး'

မောင်ထွန်းပမှာ မှတ်ဉာဏ်ကောင်းသူ ဖြစ်သောကြောင့် ကြာမြင့်မှာပင် လီဆူးအမျိုးသားတစ်ယောက်နီးပါး ပြောဆိုဆိုတတ်လာခဲ့လေ၏။

ထိုသို့နောက်တွင်ကား မုဆိုးအတတ်များဖြစ်သည့် သားကောင်များ၏ သဘာဝ၊ သားကောင်ချောင်းမြောင်းခြင်း၊ ပုန်းရှောင်ခြင်း၊ ရှာဖွေခြင်း၊ ဒူးလေးပစ်ခြင်း၊ ဓားကိုင်တိုက်ခြင်း၊ အချင်းချင်းအချက်ပေးခြင်း၊ တိရစ္ဆာန်၏အသံတုခြင်း၊ သစ်ပင်တက်ခြင်း အစရှိသည့် ပညာရပ်များကို သင်ကြားရလေ၏။

တစ်ဖန် ကိုယ်ခံသိုင်းပညာရပ်များကိုလည်း မုဆိုးကြီးဖရော်ဂန်က စနစ်တကျ သင်ကြားပြသပေးပြန်လေ၏။

မောင်ထွန်းပမှာ တစ်နှစ်ခန့်အကြာ၌ ဖိခူးမှရောက်စကလို မဟုတ်တော့ဘဲ၊ ကြံ့ခိုင်ရေချောဆောင်းနှင့် လုံးကျစ်တောင့်တင်းသော ခန္ဓာကိုယ်ပိုင်ရှင် သိုင်းသမားမုဆိုးကြီး ဖြစ်နေလေတော့၏။

မုဆိုးကြီးဖရော်ဂန်မှာ မောင်ထွန်းပ၏အနေအထားကို ကြည့်၍ လွန်စွာ နှစ်သိမ့်ကြည်နူးနေရှာလေ၏။





'အေး–မောင်ထွန်းပ၊ တစ်ခုတော့ ဦးလေးပြောချင်တယ်။ မုဆိုးဟာ ဘယ်တော့မှ သားကောင်တော့မဖြစ်စေနဲ့ကွ၊ အဲ–မုဆိုးက သားကောင်ဖြစ်ပြီဆိုရင်လို့ အသက်ပေးဖို့သာ ပြင်ထားပေတော့၊ အဲဒါကို မင်း သေသေချာချာမှတ်ထား ဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်တော်မှတ်ထားပါမယ်ဦးလေး'

မုဆိုးကြီးဖရော်ဂန်က မုဆိုးများ၏ စည်းကမ်း၊ ဓလေ့၏ အယူအဆနှင့် တော၏ပရိယာယ်များကိုလည်း မောင်ထွန်းပအား သင်ကြားပေးပြန်လေ၏။

မကြာခင်ကလည်း တောတောင်ထဲသို့ ခေါ်ဆောင်သွားကာ နှစ်ဦးသား တောလည်ထွက်ကြ၏။

ရရှိသောအမဲများကို ရွာထဲရှိ လိုအပ်သောပစ္စည်းများနှင့် လဲလှယ်လေ့ရှိ၏။

အသားများသောအခါများတွင် လှီးဖြတ်၍ အခြောက်များ ပြုလုပ်ထား၏။

အသက်အရွယ်ကြီးရင့်သောသူများအား အခမဲ့ပေးခြင်းသာမက၊ တောတောင်အတွင်းမှ ရှာဖွေတွေ့ရှိသည့် ဆေးဝါးများကိုပါ အခမဲ့ပေးရှာ၏။

ထို့ကြောင့်လည်း နန့်ခင်ဒင်တစ်ရွာလုံးက မုဆိုးကြီးဖရော်ဂန်နှင့် မောင်ထွန်းပကို အလွန်ချစ်ခင်ကြလေ၏။

မှတ်ချက်။ ။ပန်နန့်ဒင်ရွာသို့သာရာတွင် သိမ်းခရီး၌ နှစ်ထောင့်ငါးရာ ကျော်သော ခင်းမတီး တောင်နှင့် ပေပေါင်း ရှစ်ထောင်နီးပါးရှိ



www.burmeseclassic.com

www.burmeseclassic.com



သည့် နွှဲ ဂိုင်ငွေနှိုဘွန်တောင်ကြီးများကို မြှတ်
သန်းရမည့် ဖြစ်ကြောင်း ဗဟုသုတအဖြစ်ရေး
သားဖော်ပြရပါ၏။

စာရေးသူ

တစ်ခါတစ်ရံ မှုတာအိုး၏ နယ်စွန် နယ်ဖျား ဖြစ်သော
တစ္စန်းဒန်းနှင့် ရှုံးဘားဟူသည့် ရွာကလေးများဆီအထိခရီး
ပေါက်ကြ၏။

အဝေးဆီတွင် ခါကာဘိုရာဇီတောင်မြင့်ကြီးကို လှမ်း
မြင်ရသည့်အခါ များ၌ မောင်ထွန်းပက သွားရောက်လိုစိတ်
ား ဖြူးထန်လာတတ်၏။

ထိုအခါများတွင် မုဆိုးကြီးဖရော်ဂန်က–

'တစ်နေ့တော့ ရောက်မှာပေါ့မောင်ထွန်းပရယ်၊ ကချင်
ပြည်နယ်မှာ မင်းမရောက်ဖူးတဲ့ဒေသ လုံးဝ ရှိမနေစေရဘူး။
အခုလာလောဆယ်တော့ ရလာတဲ့အမဲတွေကို ရွာအရောက်
သယ်ကြပါစို့'ဟူ၍ နှစ်သိမ့်တတ်၏။

ဤသို့ဖြင့်–

မုဆိုးတစ်ပိုင်း ဖြစ်လာသော မောင်ထွန်းပသည် မုဆိုး
ကြီး ဖရော်ဂန်နှင့် ချစ်ခင်အားကိုးစွာဖြင့် ပန်နန်ဒင်ရွာ
ကလေး၌ ပျော်ပိုက်စွာ နေထိုင်လာခဲ့သော တစ်နှစ်ကျော်ရှိ
နှစ်နှစ်နီးပါးခန့်သာ ရှိနေပြီဖြစ်ပေတော့၏။

* * *



## မမျှော်လင့်သော သတင်းတစ်ခု

တစ်နေ့သ၌ ညစာ စားရန်အတွက် ထမင်းဟင်းလျာများ
ကို နှစ်ဦးသား ပြင်ဆင်နေခိုက် အိမ်ရှေ့သို့ ရွာသား
တစ်ဦး ကညင်ဆီမီးတိုင်ကိုင်၍ အမောတကော ရောက်လာ
ကာ–

'မုဆိုးကြီး–မုဆိုးကြီး၊ မွန်ခင်းရွာနဲ့မနီးမဝေး ကျောက်ဂူ
တစ်ခုအနီးမှာ မျက်စိကန်းနေပြီး စကားမပြောတတ်တဲ့ လူ
တစ်ယောက်ကို ကျုပ်တို့တွေ့ရတယ်၊ သူက စာရွက်တစ်ရွက်
မှာ လက်နှိပ်မီးပြီး စာတစ်ကြောင်းရေးပေးလိုက်တယ်၊ အဲ
ကီဝါးက မြန်မာလို ဖတ်တတ်တဲ့ ရဝမ် အမျိုးသမီးလေး
တစ်ဦးကို ဖတ်ခိုင်းတော့ မုဆိုးကြီးလို့ပေးလိုက်တာမှန်း သိ
ရတယ်။ ရော့–ဒီမှာ'ဟု ဆိုကာ စာရွက်တစ်ရွက်ကို ပေး
လေ၏။

'ဟင် ဟုတ်လား၊ မျက်လုံးက လဲကန်း စကားမပြော
နိုင်ဆိုတော့ တယ်ထူးတာပဲ၊ အေး–အေး ကျေးဇူးပဲဗျို့စွာ'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စာကို ဖတ်ရှုကြည့်လိုက်ရာ အောက်ပါအတိုင်း ရေးသားထားကြောင်း သိရှိရလေ၏။

စာမှာ မမြင်မကန်း စမ်း၍ ရေးသားထားရာ အတော်ပင် ခက်ခဲစွာ ဆက်စပ်ဖတ်ရှုရလေ၏။

ဖခင်ရှင်ဂန်...
ငါ့ကိုလာတွေ့ပါ။
အမြန်ဆုံးလာပါ။

ဒေါ်နု။

'ဟင်....ဒါ....ဒါပျောက်ဆုံးနေတဲ့ မင်းအမေ ဒေါ်နုပဲကွ မောင်ထွန်းပ၊ ကဲ...တို့အမြန်သွားကြမှဖြစ်မယ်'

'အို...အဖေ....အဖေ ဟုတ်သား၊ ဘယ်လိုက ဘယ်လို ဒီနေရာ ရောက်နေပါလိမ့်၊ ထူးဆန်းလှတီတော့' ဟု မောင်ထွန်းပက တအံ့တသြ ရေရွတ်ရင်း လွှဲအပ်သည့် ပစ္စည်းပစ္စယ များကို အမြန်ဆုံး ထည့်သိုနေတော့၏။

'ဟား...မောင်ထွန်းပရေ၊ ပြီးရင် ကညင်ဆီမီးတိုင် နှစ်ခုကို ထည့်ဖို့ရဲ့ မမေ့နဲ့ဟေ့၊ ငါ အခုန လီဆူး အမျိုးသားဆီ သွားပြီး အခြေအနေ တိတိကျကျသိအောင် မေးရင်း အောက်ပါးဆီကို အကျိုးအကြောင်း ဝင်ပြောဦးမယ်'

'ဟုတ်ကဲ့ ဦးလေး'

မောင်ထွန်းပက ကညင်ဆီမီးတိုင်နှစ်တိုင်နှင့်အတူ အခြားလိုအပ်သည့်ပစ္စည်းများကို ထုပ်ပိုးပြီးချိန်တွင် ခေတ္တမျှအကြာ၌ မူဆိုး ကြီး ဖခင်ရှင်ဂန် ပြန်ရောက်လာ၏။

ပြီးနောက်—





'သွားကြမယ်ဟေ့ မောင်ထွန်းပရေ'

'ဟုတ်ကဲ့ဦးလေး'

နှစ်ယောက်သား ကညင်ဆီမီးတိုင် ကိုယ်စီကိုင်၍ ခရီး ပြင်း နှင်ခဲ့လေတော့၏။

နမ့်အမိုင် မြစ်ကလေးအတိုင်း တောင်တန်းကြီးများကို ကျော်လွှားလာခဲ့ရလေ၏။

ခရီးမှာ တဖြည်းဖြည်း ဝေးလာသလို တောင်ဘေးများက ကြမ်းတမ်း၍လာ၏။

ပန်နန်ဒင်မှ ၁၀ မိုင်ခရီးမျှ ရောက်သည်တွင် ရေခဲများ ဖုံးလွှမ်းနေသော တောင်များကို တဖြည်းဖြည်း တက်ကြရ၏။

လမ်းခရီးများက ၂ ပေခရီး၊ ၃ ပေခရီး ဖြစ်သော ကြောင့် ကမ်းပါးလမ်းများကို ကွေ့၍လာရသည်လည်း ရှိလေ၏။

ယွန်စွာပင် ခက်ခဲကြမ်းတမ်းလှပေတော့၏။

အစုလိုက် အပြုံလိုက် ကျနေသော ဝါဂွမ်းပုံကြီးများမှာ နှင်းခဲများက တောင်ကမ်းပါး ခရီးလမ်းဖြစ်သော ကျောက်လမ်းများပေါ်၌ ပိတ်ဆီးနေသောတော့ရှာ ခြေချလိုက်သည့် အခါများတွင် ဒူးဆစ်မှ ပေါင်လယ်အထိ နစ်မြုပ်ဝင်သွား တတ်သဖြင့် သေဘေးဖက်ရှိ ကျောက်နံရံကြီး တစ်ခုကို သာ အားပြု၍ သွားလာကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ကျောက်နံရံကြီးဘက် ထိုးကပ်သွား၍ အားကိုး အားထား ပြုနေရသည့်အခိုက် လေမှာ တဟူးဟူးတဟုန်းဟုန်း တရှိုးရှိုး မြည်၍ ပြင်းထန်စွာ တိုက်ခတ်လာပြန်လေ၏။

လင်းနေသော ကောင်းကင်ပြင်မှာ မည်းမှောင်၍ လာ လေတော့၏။ လျှပ်စီးများလည်း လက်လာ၏။

မုဆိုးကြီး ဖရော်ဂန်က...

'သတိထားတော့ မောင်ထွန်းပရေ' မိုးရွာမယ်၊ မိုးရွာမှာ သေချာတယ်ဟေ့' ဟု သတိပေးသံ မဆုံးမီမှာပင် မိုးသည် သဲသဲမဲမဲ ရွာချလိုက်လေတော့၏။

'တောက်...ဆယ်ခက်တဲ့ မိုးပါပဲဟေ့' ဟု ညည်းညူ လျက် မုဆိုးကြီး ဖရော်ဂန်က အသင့်ပါလာသော ကြိုးဖြင့် မောင်ထွန်းပနှင့် သူ၏ခါးတို့ တွဲချည်ထားလိုက်၏။

ထိုသို့ချည်ထားခြင်းမှာ တစ်ဦးအနေဖြင့် တောင်တက် လမ်းမှ ချော်ကျသွားခဲ့သည်ရှိသော် ကျန်တစ်ဦးက ကူညီ ဆွဲတင်နိုင်ရန် ဖြစ်လေ၏။

နှစ်ဦးသားမှာ ကျောက် နံရံဘက်သို့ ပို၍ တိုးကပ်သွားရ တော့၏။

ကျောက်နံရံမျာ မှာ အတွင်းဘက် ရေတိုက်စားထား သောကြောင့် တရုတ် ဘုရားရှိခိုး ကျောင်း၏ အမိုးပမာ ကော့ထွက်လျက် ရှိလေ၏။

လေတိုး၍ မိုးစက်မိုးပေါက်များ ထိခတ်သည့်ဒဏ်ကြောင့် မျက်နှာများမှာ ကျိန်းစပ်နေ၏။





သို့သော် ခရီးကို ရပ်နားခြင်းမပြုနိုင်ဘဲ ခက်ခဲစွာ ရှေ့ဆက်ကြရပြန်လေ၏။

'တာ...ဟိုမှာ ဘာတွေလဲ ဦးလေး'

ကျောက်နံရံဘက်ဆီမှ တွား၍ တွား၍ ခေါင်းထောင် လာနေသော အကောင်များကို မောင်ထွန်းပက လက်ညှိုး ညွှန်ပြလိုက်ရာ မုဆိုးကြီး ဖရော်ဂန်က...

'လဝမ်ကောင်လို့ ခေါ်တယ်ကွယ်၊ လူ့အသွေးကို စုပ်မျို တဲ့ ကျွတ်ကြီးတွေပဲ မောင်ထွန်းပရေ' ဟု ပြောပြ၏။

'ဟာ...အများကြီးပဲ ဦးလေး၊ ဘယ်လိုလုပ်ကြမလဲ' ဟု မောင်ထွန်းပက မေးလိုက်၏။

'တောင်ကမ်းပါးဆီ စီးဆင်းနေတဲ့စမ်းချောင်းကလေးဆီ အမြန်သွားတော့ လာ လာ'

ထိုသို့ပြောကာ မုဆိုးကြီးဖရော်ဂန်က အစာင်းဆွဲခေါ် ကာ လူသားစားကျွတ်များ၏ရန်မှ ကင်းဝေးစေ၏။

ထိုအခိုက်—

ခြောက်ပေသာသာခန့်ရှိသည့် မည်းမည်းအရာဝတ္ထုကြီး သုံးခုသည် ရေစီးကြောင်းအတိုင်း မျောပါလာကြောင်း တွေ့လိုက်ကြရ၏။

၎င်းတို့သည် ရေစီးကြောင်းအတိုင်း တောင်ထိပ်ဆီ တရွေ့ရွေ့ လာနေကြခြင်းဖြစ်၏။

ထိုအရာဝတ္ထုသုံးခုကို မြင်လိုက်သည်နှင့် မုဆိုးကြီးဖရော် ဂန်မှာ အထိတ်တလန့်ဖြစ်သွားပြီးလျှင်—



www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်— ဝမ်းကိုကြီး— ဝမ်းကိုကြီး' ဟု အော်ဟစ်လိုက်လေ၏။

မောင်ထွန်းပက မသိသေးသကြောင့်—

'ဘာလဲ... အဲဒါဘာကောင်လဲ ဦးလေးရဲ့' ဟု လှမ်းမေးလေ၏။

'ဝမ်းကိုကြီးဆိုတာက အဲဒါဟာ လူသားစားမျှော့ကြီးတွေလို့ပြောတာကွ၊ ဟိုကျောက်ဆောင်ဘေးကို အမြန်ဆုံးကပ်လိုက်စမ်း မောင်ထွန်းပ' ဟု ပြောလိုက်၏။

ကျောက်ဆောင်ဘေးသို့ ကပ်လိုက်စဉ်မှာပင် ကြီးမားသောမျှော့ကြီးသုံးကောင်မှာ တရွေ့ရွေ့ လျှောဆင်းသွားလေ၏။

'ဗြို... တော်ပါသေးရဲ့ကွာ၊ ဒီကောင်တွေနဲ့ တိုးလိုက တော့ သေပြီသာမှတ်၊ အင်မတန်အားပြင်းတဲ့ အကောင်ကြီးတွေကွ၊ မျောင်ခနဘယ်နော်၊ သတိသား— ချော်ပြီးချောက်ထဲကို လဲကျသွားဦးမယ်' ဟု မုဆိုးကြီးဖရော်ဂန်က သတိပေး၏။

ခေတ္တမျှအကြာ၌ မိုးနှင့်သေသည် ရုတ်တရက်တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

သို့သော်—

ရေမျှားမှာ ရှင်းတို့ဆက်လက်သွားရောက်ရမည့် သုံးပေခန့်ရှိ ကျောက်လမ်းကလေးအတိုင်း ကျောက်ဆွေးတုံးကြီးများကိုတိုက်၍ စီးဆင်းလာသေးရာ ခဏချင်းမှာပင် ရေများသည် ဒူးဆစ်အထိ ဖုံးလွှမ်းလေတော့၏။





'အိုး...အေးလိုက်တာ' ဟု မောင်ထွန်းပက အော်လိုက်၏။

'မြန်မြန် လျှောက်ကွ၊ အေးမှာပေါ့၊ ဒီရေတွေဟာ ကျောက်ကြားက ဖြတ်သန်းလာရတဲ့ ရေတွေကိုး၊ မြန်မြန်မလျှောက်ရင် ခြေသလုံးရိုးတွေတောင် အက်ကွဲကုန်လိမ့်မယ်'

သူတို့သည် အခက်အခဲများကို ဖြတ်သန်း၍ မနားမနေလျှောက်ခဲ့ကြပြန်ရာ မကြာမီ ခြောက်သွေ့သော တောင်ပေါ်ကျောက်လမ်းကလေးတစ်ခုသို့ ဆိုက်ရောက်ခဲ့တော့၏။

ထိုအခါ ခေတ္တမျှ အမောအပန်းဖြေကြပြီးလျှင် အသင့်ယူဆောင်လာသည့် အသားခြောက်နှင့် ဂျုံမှုန့်အနည်းငယ်စီကို အရက်တစ်စီခွက်စီနှင့် စားသောက်လိုက်ကြ၏။

စားပြီးသည်နှင့် မောင်ထွန်းပကလာ၏။

'ဦးလေး...အမြန်သွားကြရင်ကောင်းမယ်'

'အေးပါ မောင်ထွန်းပရယ်၊ မင်းအဖေကိုမင်း အမြန်တွေ့ချင်သလို ငါ့ရဲ့ ချစ်သူငယ်ချင်းကိုလည်း ငါအမြန်တွေ့ချင်ပါတယ်ကွ၊ မှန်ဒင်းရွှေနဲ့ နီးနေပြီ— လာ လာ' ဟု ပြောပြောဆိုဆို ခရီးဆက်ကြပြန်လေ၏။

ကညင်ဆိမ်းတိုင်တို့ ပြန့်လည်ထွန်းညို၍ ခရီးဆက်ခဲ့ကြခြင်းဖြစ်ရာ တစ်နေရာတွင်ကြီးမားလှသည့် ခြေရာကြီးများကိုတွေ့ရာ မုဆိုးကြီးဖရော်ဂန်က အသေအချာ စစ်ဆေးကြည့်ရှုလျက်—



www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ နှင်းလူလို့ခေါ်တဲ့ ရေခဲလူကြီးတွေရဲ့ ခြေရာတွေပဲ မောင်တွန်းပရေ၊ တို့မရောက်ခင်လေးတင် ဒီနေရာကဖြတ်သွားတာကွ၊ တို့နှစ်ယောက် တော်တော်ကံကောင်းတယ် ဆိုရမှာပေါ့ကွာ' ဟု ပြောပြ၏။

မှတ်ချက်။ ။နှင်းလူနှင့် ပတ်သက်၍ ထင်မြင်ချက်များ သတင်းများ၊ သုတေသနပြုချက်များ၊ ကိုယ်တိုင် တွေ့ရှိချက်များကို ကမ္ဘာ့ခရီးသည်စာစဉ်များတွင် ဖတ်ရှုဖူးကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

စာရေးသူ

တစ်နာရီခန့် လျှောက်ခဲ့ကြပြီးနောက် ကျောက်ဂူတစ်ခုကိုလှမ်းမြင်ရလျှင် နှစ်ယောက်သား ဝမ်းသာအားရ ဖြစ်လျက် မုဆိုးကြီးဖရော်ဂန်က…

'လီဆူးအမျိုးသားပြောတဲ့ ကျောက်ဂူဟာ အဲဒီကျောက်ဂူပဲဖြစ်မယ်' ဟု ပြောလေ၏။

နှစ်ဦးသားမှာ ထိုကျောက်ဂူရှိရာသို့ အလျင်အမြန်သွားရောက်ကြလေတော့၏။

* * *



ယောင်းလုံးတပ်လုံး ပန်းချီဆရာ တစ်ချပ်

ကျောက်ဂူကလေးမှာ အတန်ငယ် ကျယ်ဝန်းသော်လည်း လွန်စွာပင် အေးလွန်းလှလေ၏။

ကညင်ဆီမီးတိုင်များကို ရှူအန်နှင့် မြောက်၍ ရှာဖွေကြရာ တစ်နေရာတွင် အစားအသောက်အချို့ကို တွေ့ရပြီးလျှင် ကျောက်ဆွယ်တစ်ခုပေါ်တွင် ခြေတစ်ဖက်ကို တွေ့လိုက်ရလေ၏။

'ဟာ—ဟိုမှာ ခြေထောက်တစ်ဖက်ဦးလေး'

'အေးကွ…၊ ဒါပေမယ့် ဒါဟာ မိန်းမခြေထောက်ပဲ၊ လာလာ…တာဖြစ်ဖြစ် သွားကြည့်ကြရအောင်' ဟု ဆိုကာ မုဆိုးကြီးဖရော်ဂန်က အလျင်အမြန် လျှောက်သွားလေ၏။

'ဖောင်'

'ဟာ'

မြင်ရသည့်မြင်ကွင်းကြောင့် နှစ်ဦးသား ကြက်သေသေသွားကြရ၏။

[illegible]

www.burmeseclassic.com



ထိုအရာကား ကတ္တီပါစဖြင့် ပတ်ထားသော ပန်းချီကားတစ်ချပ် ဖြစ်နေကြောင်း တွေ့ရလေ၏။

၎င်းအပြင် ပန်းချီကားချပ်နံဘေး၌လည်း ကြီးမားသော ဖယောင်းလုံးကြီးတစ်လုံးကို တွေ့ရပြန်လေ၏။

မောင်ထွန်းပလည်း ဝိုင်နေရာမှ ထိုအရာဝတ္ထုများကို လှမ်းမြင်နေရသည်ဖြစ်ရာ သိလိုဇောနှင့် လျှောက်လာခဲ့လေ၏။

'ဒါ ဘာတွေလဲ ဦးလေး'

'ပန်းချီကားတစ်ချပ်နဲ့ ဖယောင်းလုံးကြီးတစ်လုံးပဲမောင်ထွန်းပရေ၊ ထူးခြားတဲ့ အကြောင်းတော့ ရှိရမယ်ကွ၊ ဒါကြောင့်သာ မျက်စိမမြင်၊ စကား မပြောနိုင်တဲ့ ကြီးက ဒီပစ္စည်းတွေကို ခက်ခက်ခဲခဲ ယူလာခဲ့တာပေါ့'

'ဟုတ်လိမ့်မယ်ဦးလေး'

'ကဲ-ကတ္တီပါစကိုဖွင့်ပြီး ပန်းချီကားကို ပထမဦးဆုံး ကြည့်ကြစို့ကွာ'ဟု ပြောပြောဆိုဆို မှုဆိုးကြီးဖရော်ဂန်က ကတ္တီပါစကို ဆွဲယူဖွင့်လှစ်လိုက်၏။

ထိုအချိန်မှာ အရုဏ်တက်ခါနီးအချိန် ဖြစ်ပေရာ၊ ကညင်ဆီမီးတိုင်၏ မီးရောင်ဖြင့်သည်းကောင်း၊ ပြင်မှအလင်းရောင်ဖြင့် လက်ကောင်း၊ ပန်းချီကားချပ်တွင် ရေးဆွဲထားသည့် ရှုခင်းအား ထင်ရှားစွာ မြင်တွေ့ကြရလေ၏။

ပန်းချီကားအတွင်း ရေးဆွဲထားချက်မှာ ဆန်းကြယ်သော ဂူကြီးတစ်ဂူနှင့် ဂူကြီး၏ အဝင်ဝ၌ လှေကားသုံးထစ်ကိုလည်း တွေ့ကြရ၏။





တစ်ခုနှင့်....

ဘေးတိုက်မြင်နေရသည့် ကျောက်ဖျာချပ်များ အပြင်၊ ဂူအရှေ့တွင် ခဲလုံးသဏ္ဌာန် အရာဝတ္ထုများကို ရေးဆွဲထားပေ၏။

'ဘာမှလဲ မထူးခြားပါလား၊ ရိုးရိုးပန်းချီကားတစ်ချပ်ပါပဲကွာ'

မုဆိုးကြီးဖရော်ဂန်၏ စကားအဆုံးတွင် မောင်ထွန်းပက—

'ဟာ-အလို ဦးလေး၊ ဒီမှာကြည့်စမ်း၊ ဒီမှာလေ ရှမ်းပုံထဲနေ ရာရှိတဲ့ ဂူကြီးထဲက အဝါရောင်တွေ တိုးထွက်လာသလို ဖြစ်နေတာ'ဟု အော်ပြောလေသည်။

'အေး...ဟုတ်တယ်ကွ၊ ဘယ်လိုသဘောပါလိမ့်၊ ဟော...ခဲတောင် လင်းလာပြီ၊ ကွန္တ ဒီဂူထဲမှာ ရွှေလိုပစ္စည်းမျိုး ရှိနေမယ်ထင်တယ်'

'ဖြစ်နိုင်တယ်ဦးလေး၊ အဖေဟာ အပြင်မှာဒီဂူရှိကြောင်း သိလို့ ကျွန်တော်တို့ကို ဒီအကြောင်းပြောပြချင်တာနဲ့ မှတ်တမ်းသဘော ပန်းချီဆွဲယူလာခဲ့တာနဲ့တူတယ်'

မောင်ထွန်းပ၏စကားကို မုဆိုးကြီးဖရော်ဂန်ကအနည်းငယ် စဉ်းစားလိုက်ပြီးနောက် ခေါင်းညိတ်၍...

'အင်း...မဖြစ်နိုင်ဘူးလို့တော့ ပြောလို့မရဘူးကွဲ ၊ ကဲ ကတ္တီပါစနဲ့ ပန်းချီကားကို မြန်မြန်အုပ်လိုက်ပါ မောင်ထွန်းပ'ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်ထွန်းပလည်း အရောင်အဝါများ ဆက်လက်ထွက်ပေါ်နေသည့် ပန်းချီကားအား ကတ္တီပါ ဖြင့် လုံခြုံစွာ ရစ်ပတ်ထားလိုက်တော့၏။

'ဗီဖယောင်းလုံးကြီးကို ခွဲကြည့်ဖို့ပဲကျန်တော့တယ်၊ မြီး မင်းအဖေအလောင်းနဲ့ ဟိုအဘွားကြီးအလောင်းကို သင် သလို မြုပ်နှံကြတာပေါ့ကွာ'

'ဟုတ်ကဲ့ဦးလေး'

ထို့နောက် မှဆိုးကြီးဖရော်ဂန်က ဖယောင်းလုံးကြီးကို ကျောက်သားပြင်နှင့် ရိုက်ခွဲလိုက်တော့၏။

'ခွမ်း'

'ဟာ...စာထုပ်ကြီးတစ်ထုပ်ပါလား'

'အေးကွ၊ ဗီဇာဟာ သူ့ရဲ့အဖြစ်အပျက်ကို မင်းတို့ပါ သိအောင် ရေးထားတာနဲ့တူတယ်၊ ဖတ်ကြည့်ကြရအောင်'

အချိန်မှာ မိုးဖင်စင်စင့်လင်းနေပြီ ဖြစ်ရာ မုဆိုးကြီးဖရော် ဂန်နှင့် မောင်ထွန်းပတို့နှစ်ဦးသည် ဈေးဆန်းစွာပျောက်ဆုံး ခဲ့သည့်၊ ထူးဆန်းသော ဦးဒေါနဲ၏မှတ်တမ်းမှ ဆန်းကြယ် အံ့ဖွယ်၊ လျှို့ဝှက်မှု အကြောင်းအရာများကို ရင်ဖိုလိုက်မောစွာဖြင့် ဖတ်ရှုကြရလေတော့၏။

* * *



## အန္တရာယ်ပြွမ်းသော ခရီးသမ်း

ဤစာကို တွေ့ရှိသူများအား အထူးအမေတ္တာရပ်ခံချက်

ကျွန်ုပ်သည် အမည်အားဖြင့် ဦးဒေါနဲဖြစ်၍ သနင်းရှာ ဖက် ပွဲစားတစ်ယောက် ဖြစ်ပြီးလျှင် ပဲခူးမြို့၊ ဇိုင်ဇွေးမော် ဂနိုင်း အရပ်တွင် နေထိုင်ပါသည်။

ဇနီးသည်၏ အမည်မှာ ဒေါ်မြမေ ဖြစ်ပြီးလျှင် ကျွန်ုပ်၌ ဧကပုတ္တ တစ်ဦးတည်းသောသားဟူ၍ ဆိုအပ် သည့် မောင်ထွန်းပဆိုသော သားလေးတစ်ယောက် ရှိပါသည်။

တစ်ဖန်တုံ ကျွန်ုပ်၌ အချစ်ခင်ဆုံး မိတ်ဆွေဟူ၍ ဆိုအပ်သည့် ရောင်းရင်း အနေဖြင့် ကချင်ပြည်နယ် ပန်နှန်ဒင်ရွာမှ မုဆိုးကြီး ဖရော်ဂန် ဆိုသူ ရှိပါ သည်။

ဤစာကို တွေ့ရှိသူ မိတ်ဆွေသည် ထူးဆန်း၊ ကြောက်မက်ဖွယ် ကောင်းလှသည့် ကျွန်ုပ်၏ ဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



အား တစ်မက်ရှိ စာတွဲတွင် ဖတ်ရှုနိုင်ကြောင်း ပြော
ကြားလိုပါသည်။

အထူး မေတ္တာရပ်ခံလိုသည့် အချက်မှာ ဤစာကို ဖတ်ရှုပြီးသည်နှင့် စာနှင့်အတူ တွေ့ရှိရသော ပန်းခြံ ကားကိုပါ ပူးတွဲယူဆောင်၍ အထက်တွင် ဖော်ပြ ထားသော နေရာဒေသများမှ ကျွန်ုပ်၏သား မောင် ထွန်းပထံသို့ လည်းကောင်း၊ ကျွန်ုပ်၏ ရောင်းရင်း ဖြစ်သူ မုဆိုးကြီး ဖရော်ဂန်ထံသို့ လည်းကောင်း အကြောင်းကြားပေးပို့ပါရန် အနူးအညွတ် ပန်ကြား အပ်ပါသည်။

ဦးဒေါနု။

## ကျွန်ုပ်ဦးဒေါနု၏ တွေ့ကြုံခံစားရမှု မှတ်တမ်း

ကျွန်ုပ်သည် သနပ်ဖက်ပွဲစား အလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူ တစ်ဦး ဖြစ်၏။

ကျွန်ုပ်၌ တစ်ဖက်တွင် ဇနီးသား ဖော်ပြပြီး ဖြစ်သည့် အတိုင်း ဇနီး မမြမေနှင့် ရှစ်နှစ်သားကလေး မောင်ထွန်းပ တို့ ရှိပါ၏။

ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ ဆေးလိပ်ခုံများသို့ ငွေစာရင်း ရှင်းလင်းရန် သွားရောက်လေ့ ရှိပါ၏။

ထိုနေ့ကလည်း ရန်ကုန်မြို့ရှိ ဆေးလိပ်ခုံများသို့ ငွေကြေး ကိစ္စ သွားရောက်ရှင်းလင်းရန် ကားဖြင့် ထွက်လာခဲ့ ပါ၏။





အင်းတိုင်အနီး အရောက်၌ ကျွန်ုပ်၏ကားမှာ ဖွတ်ချက်၊ ဖွတ်ချက်ဖြင့် ရပ်သွားရာ ကျွန်ုပ်လည်း ကားကိုရပ်၍ ထုတ်သမျှ မှတ်သမျှ ပြုပြင်ရပါတော့၏။

သို့ပါသော်....

ကားစက်မှာ လုံးဝနိုးလာခြင်း မရှိသောကြောင့် စိတ် ပျက်ပျက် ရှိသည်နှင့် အတန်ငယ်ဝေးသော အကြော်ဆိုင် တစ် ဆိုင်တွင် အကြော်ဝယ်စားရင်း အချိန်ဖြုန်းရပါတော့၏။

ညနေစောင်း အချိန်လောက်တွင်မှ ကျွန်ုပ်နှင့် အတန် ငယ် သိကျွမ်းသော ကားတစ်စီး ဖြတ်သန်းမောင်းနှင်သွားရာ တား၍ အကူအညီ တောင်းသောကြောင့် ထိုမိတ်ဆွေ၏ ပြုပြင်ပေးမှုအရ ကားစက် ကောင်းမွန်လာသည်တွင် အချိန် မှာလည်း မိုးစုပ်စုပ်ချုပ်ပြီ ဖြစ်နေလေ၏။

ထို့နောက်....

ကျွန်ုပ်၏ ကားကို ရန်ကုန်ဘက်သို့ မောင်းထွက်လာခဲ့ရာ လမ်းတစ်ဝက်၌ စီးကရက် သောက်ရန် မီးခြစ် ထုတ်လိုက် သောအခါ မီးခြစ်မရှိတော့ပေ။

ထိုမီးခြစ်မှာ သမီးရည်းစား ဘဝမှစ၍ ကျွန်ုပ်၏ ဇနီး ဖြစ်သူ မမြမေ၏ ချစ်သင်္ကေတ လက်ဆောင် ဖြစ်နေပေရာ ကျွန်ုပ် မှာ လွန်စွာ နှမြောတသ ဖြစ်ရတော့၏။

ထို့ကြောင့် ကျွန်ုပ်လည်း ကားကို အင်းတိုင်ဘက်သို့ ပြန် မောင်းရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ကား ပျက်စဉ်က ရပ်ထားခဲ့သော နေရာတွင် မီးခြစ်ကလေးကို ကောင်းမွန်စွာ ပြန်တွေ့ရသည်နှင့် ကျွန်ုပ်မှာ အလွန်အခင်း ဝမ်းသာအားရ ဖြစ်ရပါတော့၏။

စီးကရက်တစ်လိပ်ကို ကျွန်ုပ်သည်အသီ ဖွာရှိုက်ပြီးမှ ကားကိုလှည့်၍ ရန်ကုန်ဖက်သို့ ဆက်လက်မောင်းနှင်ရင်း နာရီကို ကြည့်လိုက်မိရာ ညဆယ့်တစ်နာရီနီးပါး ရှိနေပြီကို တွေ့ရပေလေ၏။

ဤသို့ဖြင့် အချိန်မတော်တွင် မောင်းနှင်ရန် သင့်မသင့်၊ အိမ်သို့ပြန်ရလျှင် ကောင်းမကောင်း စဉ်းစားဘွေဝေမိပေသ၏။

သို့သော် သွားမည်ဆိုလျှင် ရောက်အောင်သွားတတ်သော ကျွန်ုပ်၏ငယ်ချင့်အတိုင်း နှင်းများလွှမ်းစွာဝေနေသည့်ကြားမှ ရန်ကုန်ဖက် ဆက်လက် မောင်းလာခဲ့တော့၏။

မှတ်ချက်။ ။ဦးဒေါနု ရန်ကုန်ဖက်သို့အလာတွင် တောက်ကြန့်ရာဘာခြံအနီး၌ ထူးဆန်းသည့်အမျိုးသမီးတစ်ဦးနှင့် ကြုံဆုံရပုံကို ဤစာအုပ်၏ အခုစာမျက်နှာ၌ 'နှင်းဖွေးဖွေး၊ သွေးအေးအေး'ဟူသော အခန်းတွင် ရေးသားထားသည်ကို စာဖတ်သူများ ပြန်လည် အမှတ်ရလိမ့်မည်ဟု ယူဆမိပါသည်။

စာရေးသူ။

ကျွန်ုပ်သည် တုန်ခါမှုအားရှိန်ကြောင့် သတိရလာသည်တွင် ခလေးသခွဲများပေါ် ရောက်ရှိနေကြောင်းသတိပြုမိလေ၏။





ထိုအခါကျမှသာ ကျွန်ုပ်မှာ ပရော်ဖက်ဆာ ဒေါက်တာမီးပွားအိမ်သို့ ရောက်ရှိခဲ့ရာမှ လက်ဖက်ရည်ထဲ၌ အဆိပ်ဆေးခတ်ခံရသည့်အပြင်၊ ကျွန်ုပ်၏ လက်မောင်းတစ်ဖက်မှာလည်း ခါးကုန်းကြီး၏ဓားချက်ကြောင့် ပြတ်ကျခဲ့ကြောင်း သတိရမိတော့၏။

ထို့ကြောင့် ကျွန်ုပ်၏လက်မောင်းကို ခယောင်ယမ်း၍ စမ်းကြည့်လိုက်သည်တွင် ကျွန်ုပ်မှာ လွန်စွာ အံ့သြသွားရပါတော့၏။

အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်၏ လက်မောင်းမှာ အနည်းငယ် နာသည်မှအပ အကောင်းပကတိ အတိုင်း ဖြစ်နေသောကြောင့်ပင်တည်း။

လက်မောင်း၏ အထက်တွင်မူ ပတ်တီးတစ်ခုကို သိုင်း၍ ချည်နှောင်ထားကြောင်း တွေ့ရလေ၏။

ထိုအခိုက် ပရော်ဖက်ဆာဒေါက်တာမီးပွားရောက်ရှိလာပြီးလျှင်...

'အဘယ့်နှယ်လဲမိတ်ဆွေ၊ နေထိုင်ကောင်းရဲ့လား၊ မကြာမီ သက်သာသွားမှာပါ'ဟု ဆိုလာလေ၏။

ကျွန်ုပ်လည်း ဒေါသဖြစ်သည်နှင့်...

'ခင်ဗျား...ခင်ဗျားတို့ လူယုတ်မာတွေ၊ လူတစ်ယောက်ကို သူသဘောမတူဘဲ အဘင်းဖမ်းခေါ်တာ ကောင်းသလား ဗျ'ဟု ပြန်ပြောမိ၏။

ထိုအခိုက် အမျိုးသမီးငယ်ရောက်လာပြီးလျှင်...

'အခုမှတော့ စိတ်ဆိုးနေလဲ အပိုပါပဲရှင်၊ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ သွားမယ့်ဒေသ ရောက်တော့မှာပဲဉစ္စာ၊ တစ်ဦးနဲ့ တစ်ဦး ချစ်ချစ်ခင်ခင်နေသွားကြရင် ပိုမကောင်းဘူးလား’ ဟု ပြောလေ၏။

‘မှန်ပါတယ်မိတ်ဆွေ’ ဟု ပရော်ဖက်ဆာ ဒေါက်တာ မီးပွားကလည်း ဝင်ပြော၏။

ထို့ကြောင့်...

ကျွန်ုပ်လည်း စိတ်ကိုလျှော့၍ လေယာဉ်ပြတင်းမှ ငှေ့ကြည့်ရသည့် အဆုပ်လိုက်၊ အခိုင်လိုက်ဖြင့် နိမ့်ချည်မြင့်ချည် ဖြစ်နေသော နောက်ခံမိုးသားပြာပြာနှင့် တိမ်ဂွမ်းစိုင်ဖြူဖြူများ၏။ ကို ကြည့်လျက် ရှိနေပါတော့၏။

‘အေးဗျာ အခုနေတော့ ခင်ဗျားဟာ ကျွန်ုပ်တို့ကို စိတ်ဆိုးရင်ဆိုးနေမှာပေါ့၊ ဟိုရောက်တဲ့အခါကျမှ ကျုပ်တို့ကို အထူးကျေးဇူးတင်နေမှာ မြင်ယောင်နေမိပါသေးတယ်’ ဟု ပရော်ဖက်ဆာဒေါက်တာမီးပွားက ဆိုလေ၏။

အမျိုးသမီးငယ်က ကျွန်ုပ်အား လှပကြည်နူးစွာ ပြုံးပြပြီးလျှင်—

‘ဒါနဲ့ ရှင့်နာမည်လဲ ကျွန်မတို့ မသိရသေးပါလား၊ အတူတူနေထိုင်ရမယ့်သူတွေပဲဟာ၊ တစ်ဦးနဲ့တစ်ဦး မိတ်ဆက်ကြရင် ကောင်းလိမ့်မယ်’ ဟု ပြောလျက်—

‘ကျွန်မနာမည်က ပုလဲမေတဲ့၊ ပရော်ဖက်ဆာဒေါက်တာ မီးပွားဟာ ကျွန်မရဲ့ လင်ယောကျ်ားပါ’ ဟု ဆိုရာ၊ ကျွန်ုပ်မှာ ယောင်ယမ်း၍ ထိုင်ရာမှ ထမိသည်အထိ အံ့ဩစွာဖြင့် ‘ဗျာ’ ဟု အာမေဍိတ်သံ ပြုမိလေတော့၏။





အဘယ်ကြောင့်ဆိုသော်...

အမျိုးသမီးငယ် ပုလဲမေနှင့် ပရော်ဖက်ဆာ ဒေါက်တာ မီးပွားတို့မှာ ဖွားအေနှင့်သမီးကဲ့သို့ အရွယ်ကွာလွန်းလှသောကြောင့် ဖြစ်ပါလေ၏။

‘အံ့ဩနေသလားမိတ်ဆွေ၊ သူပြောတာ အမှန်တွေချည်းပဲ’ ဟု ပရော်ဖက်ဆာ ဒေါက်တာမီးပွားကလည်း ... ထောက်ခံ၏။

ကျွန်ုပ်မှာ လေယာဉ်မောင်းနှင်သူပိုင်းလော့ကိုသာ ကြည့်နေမိလေ၏။

ပြီးမှ....

‘ကျုပ်နာမည်က ဒေါနတဲ့၊ ကျုပ်မှာ အလွန်ချစ်တဲ့ ဇနီးသည်နဲ့ သားကလေးတစ်ယောက် ရှိတယ်၊ ခုနရင်ကတော့ ပဲခူးမြို့၊ ဒါဆိုပြည့်စုံပြီလား’ ဟု အငေါ်တူးမိ၏။

‘အေးဗျာ စိတ်မကောင်းပါဘူး၊ ခင်ဗျားရဲ့ သံယောဇဉ်တွေ ပြတ်တောက်အောင်လုပ်ခဲ့ရတာ၊ ဘာဖြစ်ဖြစ်လေ...ဟိုရောက်ရင်တော့ ခင်ဗျား စိတ်ချမ်းသာမှာပါ’ ဟု ဒေါက်တာမီးပွားက ဆို၏။

လေထု၏ဖိအားကြောင့် လေယာဉ်မှာသိမ့်ခနဲဖြစ်သွား၏။

ထို့နောက်— ဒေါက်တာမီးပွားကပင်....

‘ကျုပ်ဟာ လန်ဒန်မြို့မှာရှိတဲ့ တော်ဝင်လောကဓာတ်ပညာအသင်းကြီးမှာ အသင်းဝင်တစ်ယောက် ဖြစ်ပေမယ့်တော့ လန်ဒန်ကိုသွားမယ်ဆိုပြီး၊ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကလေတန်ရဲ့လေယာဉ်ကို ခဏငှားလာခဲ့တာပဲဗျ’ ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။တော်ဝင် လောကဓာတ်ပညာ အသင်းကြီး (ROYAL ACADEMY)မှာ ပဋ္ဌမမြောက် ဖျော်ဘုရင်မင်းမြတ်၏ ဇနီး (ယခု အယ်လီဇဘက် ဘုရင်မကြီး၏အမေ)ကိုယ်တိုင် အထူးအားပေးကူညီသော အသင်းကြီးဖြစ်ကြောင်း ဗဟုသုတအဖြစ် ဖော်ပြရပါ၏။

စာရေးသူ။

နှစ်သည့် ပြတင်းမှအဖြင်သို့ကြည့်လိုက်ရာ မိုးကောင်းကင်တစ်ခွင်လုံး မည်းမှောင်လာသည်ကို တွေ့ရ၏။

ပြီးနောက်— အောက်ဖက်အဆောင်ငယ်လေး တစ်နေရာ၌ နှင်းမြူနှင်းခဲများ ဖုံးအုပ်လွှမ်းခြုံလျက်ရှိသော တောင်စာန်းရှည်ကြီးကို တွေ့ရလေ၏။

ထိုတောင်တန်းရှည်ကြီးမှာ တိမ်တိုက်တိမ်လွှာတို့အကြားတွင် စီးမိုးနေသကဲ့သို့ ရှိချေတော့၏။

မည်သည့်ဒေသသို့ ရောက်ရှိနေသည်ကို ကျွန်ုပ်မှာ လုံးဝ မခန့်မှန်းတတ်ပါချေ။

တစ်ခါတစ်ရံ၌ နေရောင်ခြည်များ ပက်ဖျန်းလိုက်သောအခါ အောက်ဖက်ရှိတောင်ကြီးမှာ ရေခဲတိုင်များ၏အရောင်ဟပ်၍ မီးခဲတောင်ကြီးများအလား ဖြစ်ပေါ်နေသည်မှာ လှပလွန်းကာ အထူးအံ့ဖွယ်ကောင်းလှတော့၏။

ကျွန်ုပ်မှာ မည်သည့်နေရာဒေသသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း အမေးပုစ္ဆာတစ်ခုကို ကျိုးစားဖြေရှင်းသော်လည်း အချည်းနှီးသာတည်း။





မကြာမီ— မီးနီးလုံးတောင်လုံး ဖျတ်ခနဲလင်းလာလေ၏။ ဗုလ်ခေမဆိုသူ အမျိုးသမီးက—

'ဟော—လေယာဉ်ဆင်းတော့မယ်၊ ကိုဒေါနှ ရှင့်ရဲ့ခါးပတ်ကို ပတ်ထားလိုက်လေ'ဟု ဂရုတစိုက် ပြောရှာသဖြင့် ကျွန်ုပ်လည်း ခါးပတ်ကိုပတ်ထားလိုက်ရ၏။

သို့ရာတွင်— ကျွန်ုပ်၏သမီးအရွယ် အမျိုးသမီးတစ်ဦးက ကျွန်ုပ်အား ကိုဒေါနှဟု သက်တူရွယ်တူအနေ ခေါ်ဝေါ်ခြင်းကိုကား ကျွန်ုပ်မှာ အထူးပင်အံ့သြသင့်သက်ဖြစ်နေရလေ၏။

လေယာဉ်ကွင်းမရှိဘဲလျက် အဘယ်ကြောင့် ဆင်းရမည်ဖြစ်ရ ကျွန်ုပ်တို့အား လုံးမှာ သင့်ခနဲတုန့်ခနဲ သွားသော လေယာဉ်ကြောင့် ယိမ်းယိုင်သွားကြရလေ၏။

သို့သော်— မည်သူတစ်ဦးတစ်ယောက်မျှ အနာတရမဖြစ်ကြပါပေ။

ပရော်ဖက်ဆာ ဒေါက်တာမီးမွှားက လေယာဉ်တံခါးကို ဆွဲဖွင့်၍ ကျွန်ုပ်အား ထွက်စေလေ၏။

ထိုအခါ ကျွန်ုပ်လည်း စဉ်းစားမနေဘဲ လေယာဉ်ပေါ်မှ ခုန်ချလိုက်တော့၏။

မကြာမီ— ဒေါက်တာမီးမွှားနှင့် ဗုလ်ခေ့တို့လည်း ရေဆင့်နောက်ဆင့် ခုန်ဆင်းလာကြ၏။

'ကိုဒေါနှရေ— ဝေးအုပ်ယက်ကို အမြန်ပြေး၊ လေယာဉ် ပြန်ထွက်လိမ့်မယ်၊ လှမ်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်ုပ်လည်း ရွှေခဲများဖုံးလွှမ်းနေသည့် တောအုပ်ဆီသို့ အပြေးထွက်လာခဲ့ရ၏။

လေယာဉ်မှာဖြင့်လည်း၍ စက်နိုးနေပြီဖြစ်၏။

ထို့နောက်- အချိန်ယူကာ တောအုပ်အစပ်မှကောင်းကင်ဆီလှလှရုံမျှဖြင့် ထိုးတက်သွားတော့၏။

ကျွန်ုပ်က လေယာဉ်ပျံကို လှမ်းမျှော်ကြည့်ရှုနေရာဒေါက်တာမီးပွားနှင့်ပုလဲမတို့ရောက်ရှိလာပြီးနောက် ...

'လာဗျို့ ကိုဒေါနု၊ ကျုပ်တို့ ဟောဒီတောအုပ်ကိုလွန်အောင် ခရီးဆက်ကြရဦးမှာဗျ' ဟု ပြောလေ၏။

'ဆေးကြီး သွားရဦးမှာလား'

'သိပ်မဝေးတော့ပါဘူးဗျာ'

ကျွန်ုပ်လည်း ဆက်လက်ငမြန်းခြင်းမပြုတော့ဘဲလေကိုသည့်နမူး၊ မထူးတုံးပူသောထုံးကို နှလုံးမူကာ ပရော်ဖက်ဆာ ဒေါက်တာမီးပွားနှင့် ပုလဲမတို့ ခေါ်ဆောင်ရာသို့လိုက်ပါခဲ့လေတော့၏။

* * *



ယုံကြည်နိုင်စရာလျှို့ဝှက်ဖြေကြောင်းအရာဇာစ်ခု

ဆက်လက်၍ခရီးထွက်ခဲ့ကြရာ ကျွန်ုပ်တို့သုံးဦးသွားသည့်ငှမားလှသော ကျောက်တောင်ကြီးနှစ်ခုရှိရာသို့ ရောက်ရှိလာခဲ့ကြလေ၏။

ညမှာလည်း အတန်ငယ်မှောင်နေပြီ ဖြစ်သောကြောင့်ရော်ဖက်ဆာဒေါက်တာမီးပွားက ထိုနေရာ၌ပင် ညအိပ်နားရန် ဆုံးဖြတ်လိုက်တော့၏။

ထို့ကြောင့် အသင့်ပါလာသည့် စည်သွတ်ဘူးနှင့် ပေါင်မုန့်များကို ညစာအဖြစ် စားသောက်ကြရလေ၏။

ထိုသို့ စားသောက်ရင်း စကားစပ်မိသဖြင့် ကျွန်ုပ်ကလေယာဉ်မောင်းသမား ကိစ္စကို မေးမြန်းမိသည်တွင် ပရော်ဖက်ဆာ ဒေါက်တာမီးပွားက....

'ဟဲဟဲဟဲ...ကိုဒေါနုရေ၊ ရှင်းရှင်းပြောရရင်တော့ ကျုပ်တို့ အခုသွားရောက်မယ့် ဒေသဟာ ကမ္ဘာပေါ်မှာ အလျှို့



www.burmeseclassic.com

www.burmeseclassic.com



ဝှက်ဆိုး နေရာတစ်ခုပဲဗျ၊ ခင်ဗျားသာ ကံဆိုးလို့ ရောက်တာ မှတ်ပေတော့' ဟု ဆို၏။

ဤအခါ ကျွန်ုပ်က မရှင်းသောကြောင့်....

'အင်္ဂလိပ်ဘုရင်ခံချုပ်ရဲ့ လေယာဉ်ပိုင်းလော့ဟာ ခင်ဗျားတို့ ကျုပ်တို့ကို ဒီနေရာမှာ ချပေးတာ ဆက်ဆိုင်ရေး ပြောပြမှာပေါ့ဗျ' ဟု ဆိုလိုက်၏။

'အဲဒါပြောတာပေါ့ဗျာ၊ လေယာဉ်ပိုင်းလော့ဟာ ... သာဉ် ပြန်မထွက်ခင်လေးမှာတင် ကျုပ်ဆီက စီးကရက်တစ်လိပ် ယူသောက်သွားတယ်ဗျ'

'အဲဒါ ဘာဖြစ်သလဲ'

'ဘာဖြစ်ရမှာလဲ ကိုဒေါနဲ၊ အဲဒီ စီးကရက်ထဲမှာ ... ငါးမိနစ်အတွင်း သေစေနိုင်တဲ့ ဆိုင်ယာနိုက် အဆိပ်တစ်ပါး ထည့်ထားတယ်လေ'

'ဟင်...ဒါဖြင့်...'

'ဟဲဟဲဟဲ...အခုလောက်ဆို လေယာဉ်တော့ မောင်းနှင်... ဆိန်းကျော်းတဲ့ ပိုင်းလော့ သေဆုံးသွားတော့ တော... တစ်ခုခုနဲ့ တိုက်ရင်တိုက်၊ ဒါမှမဟုတ်လဲ တောတစ်ခုခု... ဆိုးကျပျက်စီးမှာ အသေအချာပေါ့ဗျာ'

'ခင်ဗျား...ခင်ဗျား လူသတ်သမား'

ကျွန်ုပ်သည် ယုတ်မာလှသော ပရော်ဖက်ဆာဒေါက်တာ မီးပွားထံသို့ ဒေါသစိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ ခုန်အုပ်လိုက်လေတော့၏။





'တဲဟဲဟဲ...မရဘူးလေ၊ ငြိမ်ငြိမ်နေလိုက်ပါ ကိုဒေါနဲ၊ မငြိမ်ရင်တော့ ခင်ဗျားဗိုက်ထဲကို ကျည်ဆန်တွေ ဝင်ကုန်လိမ့်မယ်' ဟု ကျွန်ုပ်အား သေနတ်ဖြင့်ချိန်၍ ခြိမ်းခြောက်လေ၏။

ကျွန်ုပ်၏ ခုန်အုပ်လိုက်ပုံမှာ ခြင်္သေ့တစ်ကောင် အလားလျှပ်တစ်ပြက်ခုန်အုပ်ခြင်းဖြစ်သော်လည်း ကျွန်ုပ်ထက်ပိုမိုဖျတ်လတ်စွာရှောင်တိမ်းနိုင်သော ပရော်ဖက်ဆာ ဒေါက်တာ မီးပွားအား အံ့အားသင့်မိကြောင်း ကျွန်ုပ် ဝန်ခံရပေမည်။

ထိုအခိုက် ပုလဲမှော်သော မိန်းမပျိုက ကြားဝင်၍ဖွင့်ပြောရှာ၏—

'အို...ရှေ့လျှောက် ဘာတွေဖြစ်နေသွားကြရမယ် လူတွေ အချင်းချင်း သတ်ကြဖြတ်ကြမှုကို ပုလဲမ တောင်းပန်ပါရစေ ကိုဒေါနဲရယ်၊ ဖြစ်ပြီးတဲ့ ကိစ္စတွေလဲ ပြီးခဲ့ပြီပဲ မဟုတ်လား'

ထိုအခါကျမှပင် ပရော်ဖက်ဆာ ဒေါက်တာမီးပွားသည် သေနတ်ကို ၎င်း၏ ဘောင်းဘီအိတ်ထဲသို့ ပြန်လည် ထည့်သွင်းပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိ ဖွာရှိုက်နေလေ၏။

ကျွန်ုပ်လည်း ဒေါသဖြစ်နေသောစိတ်များကို ဖြေလျှော့ကာ မှန်ဝါးဝါးမြင်နေရသော လ၏အလင်းရောင်ပက်ဖျန်းနေသည့် မှိုင်းညို့ညို့ တောင်တန်းကြီးများကို ငေးမော ကြည့်ရှုနေမိလေ၏။

ထိုသို့ကြည့်နေရင်းမှ ပဲခူးမြို့တွင်ကျွန်ုပ်အတွက် မျှော်လင့်စွာ စောင့်မျှော်နေကြမည့် ဇနီးသည်ဒေါ်မြမေနှင့် တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုသောသားကလေး မောင်ထွန်းပတို့ကို သတိရနေမိတော့၏။

ပုလဲမေက ကျွန်ုပ်အား ရေခဲတောင်စီးကရက်တစ်ဘူးနှင့် မီးခြစ်တစ်လုံးကို လာရောက်ပေးရင်းမှ ကြင်နာစွာသော အပြုံးတစ်ခုကိုပြုံးလျက်...

'ကိုဒေါနအတွက် ပုလဲမေ စိတ်မကောင်းဖြစ်မိကြောင်း ပြောပါရစေရှင်' ဟု ဆို၏။

ထိုအချိန်၌ သူမ၏မျက်လုံးတွင် ဖော်ပြခြင်းငှာမစွမ်းနိုင်သည့် အရောင်တစ်မျိုးဖြင့် တောက်ပနေသည်ဟုကျွန်ုပ်ယူဆမိပေ၏။

သို့စဉ်အခိုက်၌ပင် ကျောက်တုံးတစ်တုံးကို ခေါင်းအုံးအဖြစ်ပြုလုပ်ရင်း လဲလျောင်းနေသည့် ပရော်ဖက်ဆာ ဒေါက်တာမီးပွား အသံထွက်ပေါ်လာလေ၏။

'အိုင်ဆေးကိုဒေါန– ဒါနဲ့ခင်ဗျားကို တစ်ခုမေးရဦးမယ်၊ ခင်ဗျားစိတ်ထဲမှာ ရှိတဲ့အတိုင်းဖြေနိုင်ပါတယ်' ဟု ဆို၏။

ကျွန်ုပ်လည်း ဒေါသမပြေသေးသည်နှင့် ပြန်လည်ဖြေကြားခြင်းမပြုဘဲ ခပ်မဆိတ်နေလိုက်၏။

ပရော်ဖက်ဆာ ဒေါက်တာမီးပွားက–

'ပုလဲမေရဲ့အသက်ဟာ ဘယ်လောက်ရှိပြီလို့ ခင်ဗျားခန့်မှန်းသလဲ။ အဲဒါ ဖြေကြည့်စမ်းပါ'

'အလွန်ဆုံးရှိလှ နှစ်ဆယ့်သုံးနှစ်ပေါ့'

'ဟား ဟား ဟား ဟား'





ရယ်စရာ မဟုတ်ပါဘဲလျက် ပရော်ဖက်ဆာ ဒေါက်တာမီးပွားက ဟားတိုက်ရယ်လိုက်၏။

ပုလဲမေကလည်း လှပစွာပြုံးရယ်နေရာ ကျွန်ုပ်မှာ အူကြောင်ကြောင် ဖြစ်နေရလေ၏။

ထို့နောက် ပရော်ဖက်ဆာဒေါက်တာမီးပွားက–

'အသက် ခုနစ်ဆယ်ကျော်ရှိပြီဆိုရင် ခင်ဗျားယုံနိုင်မလား ကိုဒေါန' ဟု မေး၏။

'ဘာ– အသက်ခုနစ်ဆယ် ဟုတ်လား'

ကျွန်ုပ်အား အကြောင်းမဲ့ နောက်ပြောင် ကျီစယ်သူ ဒေါက်တာမီးပွားအား ဒေါသဖြင့် ပြန်ကြည့်မိ၏။

'မှာဘ်တယ် ကိုဒေါန၊ ကျွန်မဟာ ရှေ့လဆိုရင် အသက်ခုနစ်ဆယ်အင်းတင်း ပြည့်ပြီ' ဟု ပုလဲမေက တည်ကြည်စွာ ပြောပြန်လေ၏။

'ဒီလိုတော့ နောက်ဖို့မကောင်းပါဘူး ပုလဲမေ'

ကျွန်ုပ်ကပြောသည်တွင်ပရော်ဖက်ဆာဒေါက်တာမီးပွားက–

'ဒီလိုဗျ ကိုဒေါနရဲ့၊ စောစောက ကျုပ် ပြောပြီးပါပကော၊ ယောဒီဒေသဟာ ကမ္ဘာကြီးရဲ့ လျှို့ဝှက်ဒေသတစ်ခုပါလို့၊ ဒီဒေသကို ရောက်လာတဲ့ သူဟာ ထူးခြားတဲ့ သဘာဝအစွမ်းကြောင့်လည်းတစ်ကြောင်း၊ ပြီးတော့ ထူးခြားတဲ့ ယောဂကျင့်စဉ် တစ်မျိုးရဲ့ အစွမ်းကြောင့် တစ်ကြောင်း၊ လက်တွေ့ရောက်ရှိတဲ့ အသက်ရဲ့ရုပ်ရည်အတိုင်း ရှိနေတော့တာပဲလေ' ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ခေါင်းခါ၍—

'ဒါတွေ ကျုပ်မယုံဘူး၊ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် မသေဆေးတစ်မျိုးကို ရှာတဲ့လူတစ်ယောက်သဘောမျိုး ဖြစ်နေပြီ၊ ကျုပ်တော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတစ်ယောက်ပဲ၊ ဘယ်ဟာမှ အမြဲမရှိနိုင်ဘူး၊ ခန္ဓာရှိလို့ ရှိလာပြီးရင် သေခြင်းတရားဆိုတာ တစ်နေ့ခံရမယ်၊ ဒါပဲ ကျုပ်လက်ခံတယ်' ဟု ပြောလိုက်၏။

'မှန်ပါတယ်ဗျာ၊ ကျုပ်ဆိုလိုတာက တစ်မျိုးပါ၊ ဒီဒရဲ့မြေ သဘာဝနဲ့ ထူးခြားတဲ့ ယောဂကျင့်စဉ်တစ်မျိုးကြောင့် ရှင်ရည်နှုတ်ပြီး အသက်ရှည်တာ တော့အမှန်ပါ၊ ခင်ဗျားယူဆသလို မသေဘူးဆိုတာတော့ မပြောပါဘူး၊ ကျုပ်တို့ခင်ဗျားတို့ အတွက် အိုမင်းခြင်းနဲ့ သေဆုံးခြင်းဆိုတာ တခြားလူတွေလိုပဲ ဆိုက်ရောက်လာမှာ ဖြစ်ပါတယ်'

ပရော်ဖက်ဆာဒေါက်တာ မီးပွားက စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီးနောက် ဆက်လက်ပြောပြန်၏။

'ဒါပေမဲ့ အဲဒီလို အိုမင်းတဲ့သဘောတရားဟာ အလွန် နှေးကွေးစွာပဲ လာပါတယ်၊ အသက် ရှစ်ဆယ်လောက် အရွယ်အထိ လုံယုံလူရွယ်တစ်ယောက်နဲ့ မခြား ကျန်းမာ သန်စွမ်းနေမှာ ဖြစ်ပါတယ် ကိုဒေါနဲ'

ကျွန်ုပ်က စဉ်းစားရင်း ငြိမ်သက်နေရာက ဒေါက်တာ မီးပွားက ဆက်လက်၍—

'သို့သော် အဲဒီအသက်အရွယ်နဲ့ နှစ်ဆယ်လောက်ဖြစ်သာတဲ့အခါမှာတော့ ဒီလိုဖွံ့ဖြိုးမှုမရှိတော့ပါဘူး၊ ဒီမှာတင်





သေခြင်းတရားဟာ ဆိုက်ရောက်လာတော့မှာ ဖြစ်ပါတယ်' ဟု ပြောပြန်၏။

'ခင်ဗျားပြောနေတာတွေဟာ အမှန်တွေပဲလား' ဟုကျွန်ုပ်က မယုံကြည်နိုင်သောကြောင့် ပြန်မေးမိ၏။

'အမှန်တွေပါ ကိုဒေါနဲ၊ ရှင်းရှင်းပြောရရင်တော့ အိုခြင်းနဲ့ သေခြင်းတရားကို ဆန့်ကျင်တာ မဟုတ်ပါဘူး၊ သို့ပေမယ့် ဘဝခရီးရဲ့ခြေလှမ်းတွေကို တတ်နိုင်သမျှ နှေးကွေးအောင် လုပ်ဆောင်ခြင်းသာ ဖြစ်ပါတယ်'

ကျွန်ုပ်မှာ ယုံရအခက်၊ မယုံရအခက် ဖြစ်နေတော့၏။

ပုလဲမကောမူ တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း

ပစ္စည်းထည့်ထားသော အိတ်တစ်အိတ်ကို ခေါ်၍ ကျွန်ုပ်ဘက် လျှောက်ရင်း ကျွန်ုပ်အား စူးစိုက်ကြည့်ရှုနေကြောင်းအား နှိုး ရလေ၏။

ဒေါက်တာ မီးပွားကသာ—

'အမှန်တော့ ကိုဒေါနဲရေ၊ ဖြန်းဖြန်းဖိုးဖိုးကြီး အိုမင်းမသွားဘဲ၊ အင်မတန်နူးညံ့သိမ်မွေ့တဲ့ နှုန်းအတိုင်းသာ ဖြည်းဖြည်းဆေးဆေး အိုသွားသေသွားရမယ့် အနေအထား ဖြစ်ပါတယ်' ဟု ပြော၏။

'ဖြစ်နိုင်ပါ့မလားဗျာ' ဟု ကျွန်ုပ်က မေးရာ—

'ဖြစ်နိုင်မဖြစ်နိုင် ဆိုတာကတော့ ကျုပ်နဲ့ ပုလဲမတို့ကိုသာ ကြည့်ပေတော့ဗျို့၊ ကျုပ်အသက်ဟာ အခုဆိုရင် တစ်ရာနဲ့လေးနှစ် ရှိနေပြီဗျ'

ထိုစကားကြောင့် ကျွန်ုပ်မှာ အလွန်အံ့ဩသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

'ဒီဒေသကို ပုလဲမေက အရွယ်ကောင်းစဉ်မှာရောက်လာ တော့ သူ့အရွယ်နဲ့ သူ့ရုပ်ရည်ဟာ အခု ခင်ဗျားမြင်တဲ့ အတိုင်း အပြောင်းအလဲမရှိ ဖြစ်နေတော့တာပေါ့'

'ဟင်း...'

ကျွန်ုပ်မှာ စိတ်အိုက်အိုက်ရှိလာသောကြောင့် သက်ပြင်း တစ်ချက်ကို လေးပင်စွာ မှုတ်ထုတ်လိုက်တော့၏။

ပရော်ဖက်ဆာဒေါက်တာမီးပွားကပင်—

သဘာ အားလေ—ဒါတွေက ခင်ဗျား ကြိုတင်သိအောင်သာ ရည်ရွယ်ပြောရတာပါ၊ နောက်တော့လဲ ခင်ဗျားကိုယ်တိုင်ခံစား သိလိမ့်မယ် ... ဥပမာ၊ အဲဒီတော့ သိလာပါလိမ့်မယ်၊ အထူးသဖြင့် တို့ အား နှစ်ကြာလာတဲ့အခါမှာ ခင်ဗျားရုပ်ရည်ဟာအခုအတိုင်း မပြောင်းလဲဘဲရှိနေမယ်ဆိုရင် ခင်ဗျား ယုံတော့မှာ အသေ အချာပါပဲ ကိုဒေါနာ၊ ကဲ—ကဲ အိပ်ပေတော့ဗျို့၊ မနက်စော စော ခရီးဆက်ကြရဦးမယ်'

ထိုသို့ပြောကာ စောင်တစ်ထည်ကို ကျွန်ုပ်ထံသို့ပစ်ပေး၍ စောင်တစ်ထည်ကို ပုလဲမေသို့ခြုံပေးကာ သူကိုယ်တိုင်လည်း စောင်ခြုံ၍အိပ်လေတော့၏။

ပုလဲမေလည်း နှစ်ခြိုက်စွာအိပ်ပျော်နေပြီ ဖြစ်လေ၏။

ကျွန်ုပ်မှာသာ ပရော်ဖက်ဆာဒေါက်တာမီးပွား ပြောဆို ခဲ့သော တိုစ္စများအတွက် ယုံကြည်ရန် တအံ့နွေးနွေးဖြစ် လျက်ရှိရာ မီးပေါ်မှကြယ်ပွင့်ကလေးများကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်းအတော်ညဉ့်နက်မှအိပ်ပျော်သွားလေတော့၏။





'ကိုဒေါနာရေ ထတော့လေ၊ ခရီးဆက်ရဦးမယ်'

နူးညံ့သည့် လက်တစ်ဖက်၏အတွေ့အထိကြောင့် ကျွန်ုပ် မျက်ခွံလန့်နိုးလာရာ ချစ်စဖွယ်အပြုံးနှင့် ကျွန်ုပ်အား နိုး နေသည့်ပုလဲမေအား နံနက်ခင်း၏ လင်းရောင်ခြည်နှင့်အတူ လှပစွာတွေ့မြင်ရလေ၏။

ထိုအခါကျမှပင် အဝေးတစ်နေရာ၌ မိုးကောင်းကင်ထဲ သို့အရှိပ်မည်းကြီးပမာ ထိုးတက်လျက်ရှိသည့် တောင်တန်း ကြီးများဝန်းရံနေသော ရှုခင်းကို အံ့မခန်း တွေ့မြင်ရပေ တော့၏။

ထိုတောင်ကြားလမ်းကြီး၏ တစ်ဖက်အစွန်းတွင်ထိုးတက် သွားသော တောင်ကြီးတစ်ခုတောင်ကဲ့သို့ နေခြည်ဖြင့်ရွှေရည် များဖိတ်ဖိတ်တောက်လျက်ရှိနေလေ၏။

ထိုအရပ်နှင့် အနီးဆုံးရှိနိုင်သည့် လူသူအိုးအိမ်စေသည့်တို့ မှာ ၎င်းအရပ်ဒေသနှင့် မိုင်အနည်းငယ်အတွက်အားဖြင့်ရှာပေါင်နေ



www.burmeseclassic.com

များစွာ ကွာလှမ်းဖွယ်ရာရှိနေသည်ဟု ကျွန်ုပ်နားလည်လိုက်မိ၏။

'ခင်ဗျားကို ပြောနိုင်တာတစ်ခုတော့ရှိပါတယ် ကိုဒေါနဲ၊ ဒေါက်တာဘီဒေသဟာ တိဗက်နယ်မြေထဲက ဒေသတစ်ခုဆိုတာပါပဲ'ဟု မြောမြောဆိုဆိုသစ္စည်းသည့် သည့် အိတ်တစ်အိတ်ကို လွယ်ပိုး၍ စတင်ခရီးထွက်လေတော့၏။

ထို့ကြောင့် ...

ကျွန်ုပ်နှင့်ပုလဲမေသည်း ဒေါက်တာမီးပွားနောက်မှတိတ်ဆိတ်စွာလိုက်ပါခဲ့ရသည်။

လမ်းလျှောက်ရင်းမှကျွန်ုပ်ကမရှင်းလင်းသည့်အကြောင်းအရာတစ်ခုကို မေးလိုက်မိ၏။

'နေပါဦးဒေါက်တာရဲ့၊ ကျုပ်ရဲ့လက်ကို ခင်ဗျားရဲ့ခါးကုန်းကြီးက ခေါးနဲ့ဖြတ်ချလိုက်တယ်မဟုတ်သား။ အခုဘာဖြစ်လို့ နဂိုအတိုင်း ပုံမှန်ဖြစ်နေရတာလဲ၊ အဲဒါပြောစမ်းပါဦးဗျ'

'မအော် ဒါလား'

'ဟုတ်ပါတယ်'

'ခင်ဗျားကို ကျုပ်ပြောထားသားပဲ၊ ကျုပ်ဟာ ကာလအတွင်းယူနိဗာစီတီက အသူးခွဲစိတ်ကုသမှု (MD)ဘွဲ့ရသားတယ်ဆိုတဲ့အကြောင်း၊ ခင်ဗျားသက်ပြတ်ပြီး သတိသစ်နေမြောသွားတာနဲ့တစ်ပြိုင်နက်၊ သွေးကြောမျှင်တွေ မပျက်စီးခင်မှာ ပြန်ဆက်ခွဲစိတ်ဆက်စပ်ပြီး အကောင်းဆုံးကုသပေးခဲ့လို့အခုလို ပြန်ကောင်းတာပေါ့ကိုဒေါနဲ့ရဲ့'





'အေးဗျာ ခင်ဗျားရဲ့ခွဲစိတ်ကုသမှုကတော့ အံ့ဩလောက်အောင် ကောင်းပေတာပဲ၊ အခုနိုင်နိုင်နာနေတာကလွဲလို့ ပုံမှန်အတိုင်းပါပဲ'ဟု ကျွန်ုပ်က ချီးကျူးမိ၏။

'ဟဲဟဲဟဲ... လန်ဒန်က ဘော်ဝင်လောကခေါ်တဲ့ ပညာအသင်းကြီးရဲ့ အဖွဲ့ဝင်ဖြစ်တယ်ဆိုတဲ့အမြင် နောက်ကျန်တာကိုခင်ဗျားဘာသာ တွေးကြည့်ပေတော့ဗျာ'

ထို့နောက် ကျွန်ုပ်တို့သည် နွေးထွေးသောနေရောင်ခြည်အောက်၌ ခရီးကြမ်းကို ဆက်လက်လျှောက်လှမ်းကြပြန်လေ၏။

တဖြည်းဖြည်းနှင့် ကျောက်တောင်ကြီးနှစ်တောင်ကြားရှိ ခပ်ပြေပြေရှိသော လမ်းကလေးသို့ ရောက်ရှိလာခဲ့ကြ၏။

ထိုနေရာအရောက်၌ ပရော်ဖက်ဆာဒေါက်တာမီးပွားက

'ကျုပ်တို့ဟာ... ရှန်ဂရီလာဆိုတဲ့ တိဗက် ဘုန်းကြီးကျောင်းကို သွားမှာဖြစ်တယ်ကိုဒေါနဲ'ဟုဆိုလေ၏။

ထိုအချိန်မှာပင် အတော်ကွာလှမ်းသော တောင်ကြီး၏ဆင်ခြေလျှောဆီမှ ဆင်းလာကြသည့်လူတစ်စု၏ အသွင်သဏ္ဍာန်များကို ရုတ်တရက်မြင်လိုက်ရလေ၏။

ထိုသို့ဆင်းလာကြသူများ တဖြည်းဖြည်းနီးကပ်လာသည်တွင် လူအားလုံးအသယ်ယောက်ရှိကြောင်းနှင့် ဆယ်ယောက်အနက် လူနှစ်ယောက်မှာဝေါကွဲသို့ ကုလားထိုင်တစ်မျိုးကို သယ်ဆောင်လာကြောင်းသတိပြုမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများသည် ကျွန်ုပ်တို့ရှေ့ ဝါးတရိုက်ခန့်အကွာ၌ ရပ်လိုက်ပြီးလျှင် ယဉ်ကျေးဖွယ်ရာအမြဲအမူဖြင့် ကိုယ်ကိုရှေ့သို့ညွတ်၍ နှုတ်ဆက်ကြလေ၏။

ဤဘွင်....

ပရော်ဖက်ဆာ ဒေါက်တာမီးပွားက ခေါင်းညိတ်ပြပြီးလျှင် ကျွန်ုပ်အား....

'ကဲ ကဲ ကိုဒေါနဲ၊ ကျေးဇူးပြုပြီး အဲဒီကုလားထိုင်ပေါ် ထက်ပါဗျာ' ဟုဆို၍ ၎င်းကိုယ်တိုင်ကျွန်ုပ်အား ဆွဲခေါ်၍ ကုလားထိုင်ပေါ်ထိုင်ခိုင်းသဖြင့် ကျွန်ုပ်လည်း ဘုမ်သိ၊ဘမသိ ထိုင်လိုက်ရလေတော့၏။

ပုလဲမေက ကျွန်ုပ်အားကြည့်၍ ရယ်မောနေလေ၏။

ထို့နောက်....

တရုတ်လူမျိုးများနှင့် လွန်စွာတူသည့် လူဆယ်ယောက်သည်ကျွန်ုပ်အား သယ်ဆောင်၍ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာ ကြလေတော့၏။

ကျွန်ုပ်နှင့် ခုဘားတိုက် လိုက်ပါလာသည့် ပရော်ဖက်ဆာ ဒေါက်တာ မီးပွားက....

'အဲဒါ ခင်ဗျားကိုဂုဏ်သရေရှိစွာ ပြုစုခြင်းဖြစ်ပါတယ် ကိုဒေါနဲ၊ နောက်ဆုံးမှာလဲ ခင်ဗျားအတွက် ဝမ်းသာစရာ ဖြစ်စေဦးမှာပါ'ဟု ကျွန်ုပ် နားမလည်သော အဓိပ္ပါယ်မသိသော စကားကို ပြောဆိုလေ၏။





ကျွန်ုပ်မှာကား ကုလားထိုင်ပေါ်မှ ကျွန်ုပ်၏ အဖြစ်ကို အကြောင်ကြောင်နိုင်လှသည့်အတွက် ပြုံးပင်ပြုံးမိ လသေးတော့၏။

မကြာမီ တောင်ကြီးတစ်တောင်အနီး၌ ခေတ္တမျှ နားကြလေ၏။

'ဒီတောင်ကို ကာရာကာတောင်လို့ခေါ်တယ် ကိုဒေါနဲ။ ပေပေါင်း နှစ်သောင်းနဲ့ ရှစ်ထောင် မြင့်ပါတယ်' ဟု ဒေါက်တာ မီးပွားက ပြောပြ၏။

ထို့နောက်....

တိဗက်လူမျိုးများ ယူဆောင်လာသည့် ခိုင်အရက်နှင့် သစ်သီးများကို စားသောက်ကြပြီးလျှင် ခရီးဆက်ကြပြန်လေ၏။

အားလုံးမှာ ဖြည်းဖြည်းနှင့် မှန်မှန်ပင် လျှောက်ကြကြောင်း ကျွန်ုပ် သတိပြုမိလေ၏။

လမ်းမှာ မတ်စောက်လှသည် မဟုတ်သော်လည်း မြင့်မားလှသဖြင့် ခက်ခက်ခဲခဲ တက်ကြရလေ၏။

၎င်းတို့ပြောသော ဘာသာစကားမှာ တိဗက် ဘာသာစကား ဖြစ်ကြောင်း နောင်အခါ၌ ပုလဲမေ ပြောပြသဖြင့် ကျွန်ုပ် သိရှိရလေ၏။

နှစ်မိုင်မျှ တက်ပြီးသည့်နောက်တွင် လမ်းမှာ ပိုမို၍ မတ်စောက်လာလေတော့၏။

လေထုမှာလည်း နွေးထွေးရာမှ ပိုမို အေးမြခြင်းဖြစ်သော လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေမှာလည်း တိမ်ကြားသို့တိုးဝင်ပျောက်ကွယ်နေလေ၏။

ထို့နောက် အတက်ခရီး၏ လမ်းဆုံးသို့ ရောက်လာကြ ဟန်ဖြင့် ခဏမျှ ရပ်တန့်၍ အမောဖြေလိုက်ကြ၏။

ပြီးလျှင် တောင်တက်သမားများပြုလုပ်ကြသည့် သဘော သဘာဝအတိုင်း တောင်၏ အောက်ဘက်သို့ ဖြေးညင်းစွာ ဆင်းကြလေ၏။

ကျွန်ုပ်မှာ ရင်တဖိုဖို အသည်းဘအေးအေး ဖြစ်နေရ တော့၏။

တစ်ခုတော့သည်ဟု မှတ်ယူနိုင်သည်မှာ ကျောက်လမ်း ကလေးမှာ ကျောက်နံရံများ၏ နံဘေးတွင် ထွင်းဖောက် ထားသောကြောင့် ကျောက်နံရံများကို ကိုယ်တွယ် ဖေးမ နိုင်ခြင်းမင် ဖြစ်၏။

အဆုံးတွင် ကျွန်ုပ်တို့လူစုမှာ ညီညာသော မြေချက်နှာပြင် တစ်ခုသို့ ရောက်ရှိလာကြတော့၏။

ထိုအခါ….

ရှေ့တစ်မိုင်ခန့်အကွာ၌ ကျောက်တုံးကြီး တစ်ခုအပေါ် တွင် ပွင့်ချပ်ပွင့်လွှာများနှင့် ရေခွက်တစ်ခွက်သဏ္ဌာန်ကဲ့သို့ လှပစွာ ပုံဖော်ဆောက်လုပ်ထားသည့် ထူးဆန်း၍ မယုံကြည် နိုင်စရာကောင်းလှသော ရှန်ဂရီလာ ကျောင်းတော်ကြီးကို တွေ့လိုက်ရလေတော့၏။

တစ်နည်းအားဖြင့် တောင်ကမ်းပါးယံတွင် တွယ်ကပ် တည်ရှိနေသည့် ရောင်စုံခြည်သန်းသည့် နန်းတော်ကြီး တစ်ဆောင်ဟု ဆိုနိုင်သေးခုလေ၏။





အပြန်လမ်းကို မျှော်ကြည့်လိုက်သောအခါ နေရောင်ခြည် ဖြင့် တဖျပ်ဖျပ် တလက်လက် တောက်ပြောင်ဝင်းလက်နေ ကာ နှင်းမြူများ ဖုံးအုပ်လျက်ရှိသော ကာရာကာ တောင် ကုန်းမြင့်ကြီးကို လှပစွာ တွေ့ရပြန်လေ၏။

အောက်အရပ်သို့ ရှုမျှော်လိုက်ပြန်သော် စိမ်းလန်းစိုပြည် လျက် ရှိသည့် ချိုင့်ဝှမ်းများကို အထင်းသား မြင်တွေ့ရ လေ၏။

ကျောင်းတော်ကြီးမှာ လေတိုက်ခတ်မှုဒဏ်မှ ကင်းလွတ် လျက်ရှိသည့်ချိုင့်ဝှမ်းများကို အထင်းသား မြင်တွေ့ရလေ၏။

ကျောင်းတော်ကြီးမှာ လေတိုက်ခတ်မှုဒဏ်မှ ကင်းလွတ် လျက် ရှိသော်လည်း မြင်ပလောက်နှင့်ကား အဆက်ဖြတ် ထားသကဲ့သို့ ဖြစ်နေကြောင်း ကျွန်ုပ် တွက်ဆမိလေ၏။

'ကဲ–ကိုယ်တော်နေရော၊ ကျွန်တော်တို့ရဲ့ ခရီးလမ်းဆုံးဖြစ်တဲ့ ရှန်ဂရီလာ ကျောင်းတော်ကြီးကို ရောက်လာခဲ့ပြီ၊ ရှန် ဂရီလာ ကျောင်းတော်ကြီးက ခင်ဗျားကို နှစ်တောင်းအားရ စွာ ကြိုဆိုပါတယ်ဗျာ'တဲ့ ဒေါက်တာ မီးပွားက ဆိုလေ၏။

ထို့နောက်–

ဒေါက်တာ မီးပွားက ကျွန်ုပ်အား ကျောင်းတော်ကြီး၏ အခန်းခန်း အဆောင်ဆောင်ကို ဖြတ်၍ သန့်ပြန့် နွေးထွေး သော အဆောင်တစ်ဆောင်သို့ ခေါ်ဆောင်ခဲ့လေ၏။

ပုလဲမေ တင်ထောက်မှု ကားလိုက်ပါလာခြင်း ရှိခဲ့ ပါပေ။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

## ဗရော်ဖက်ဆာ ဒေါက်တာမီးပွား၏ ပြောပြချက်များ

ထိုနေ့ ညစာစားပွဲတွင် ပရော်ဖက်ဆာ ဒေါက်တာမီးပွားက မွန်ရည်စွာ ပြုံးပြ၍...

'ကဲ — ကိုဒေါနု — ရှန်ဂရီလာနဲ့ တကွ၊ ဒီကလူတွေဟာ ခင်ဗျား ထင်တာထက် ပိုပြီး ယဉ်ကျေးတယ်ဆိုတာ လက်တွေ့ သိရဖြို့ မဟုတ်လား' ဟု မေးပြော ပြော၏။

ရှန်ဂရီလာကျောင်းတော်ကြီး၌ မှုလုပ်စီစဉ် ထားသမျှတို့မှာ ပြောစရာမလိုအောင်ပင်၊ ကျွန်ုပ်မျှော်မှန်းထားသည်ထက် အဆပေါင်းများစွာပင် ကောင်းမွန် စနစ်ကျနေကြောင်း တွေ့ရသောကြောင့် ဒေါက်တာမီးပွား၏စကားကို ထောက်ခံလိုက်ရ လေ၏။

'မှန်ပါတယ်ဒေါက်တာ'

ကျွန်ုပ်မှာနဂိုကပင် တရုတ်အစားအစာကို ကြိုက်နှစ်သက်သူဖြစ်ပေရာ လတ်ဆတ်သောဟင်းသီးဟင်းရွက်နှင့် စိုင်အရေကြောင့် အထူးနှစ်ခြိုက်စရာ ဖြစ်နေလေတော့၏။





'ဒါနဲ့ ပုလဲမေတစ်ယောက်ကောဗျ' ဟု ကျွန်ုပ်ကမေးရာ ဒေါက်တာမီးပွားက—

'ဒီကျောင်းထဲကို မိန်းမ မဝင်ရအူးကိုဒေါနုရဲ့၊ အဲဒီကကျောင်းဝင်းအပြင်က အဆောင်လေးမှာ နေရတယ်ဆိုပါတော့' ဟုရှင်းပြ၏။

'ဒီကျောင်းထဲမှာ တိဗက်ဘုန်းကြီးတွေလဲ မတွေ့ရပါလား'

'အင်း ခင်ဗျားမတွေ့သေးလို့ပါ၊ ဒီကျောင်းမှာ လားမားဘုန်းတော်ကြီး ငါးဆယ်လောက်ရှိပါတယ်'

'ဘာလူမျိုးတွေလဲဗျ'

'များသောအားဖြင့် တိဗက်လူမျိုးနဲ့ တရုတ်လူမျိုးတွေ ဖြစ်ပါတယ်'

'ဘုန်းကြီးတွေကိုဘာကြောင့် မတွေ့ရတာလဲဒေါက်တာ' ဟု ကျွန်ုပ်ကမေး၏။

'သူတို့ဟာ သူစိမ်းလူတွေကို အကြောင်းမဲ့ အတွေ့မခံပါဘူး၊ အဲ ဒါပေမယ့်ခင်ဗျားကိုတော့ အတွေ့ခံကြမှာပါ' ဟုပရော်ဖက်ဆာဒေါက်တာမီးပွားက ပြော၏။

ထို့နောက် အနည်းငယ် ပြုံးလိုက်ပြီးလျှင်....

'လိုအပ်တာရှိရင် ဘာမဆိုပြောပါ၊ တတ်နိုင်သမျှကျူပ်ဆောင်ရွက်ပေးပါမယ်။ ပြီးတော့တရုတ်အစေခံတစ်ယောက်ကိုလဲ ထားပေးပါမယ်' ဟုဆို၏။

ကျွန်ုပ်မှာ ဤမျှကောင်းမွန်နေသည့်အတွက် မသင်္ကာဖြစ်လာမိသောကြောင့်—

www.burmeseclassic.com



'နေစမ်းပါဦး ဗျူ၊ ကျွန်တော့်ကို ဒီနေရာခေါ်လာပြီး အခုလို လိုလေသေးမရှိ ပြုစုနေတာဟာ အကျိုးမဲ့တော့ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ယူဆတယ်၊ ဒီတော့ အတတ်နိုင်ဆုံးပွင့်ပွင့်လင်းလင်း ပြောပြပါလား ဒေါက်တာ' ဟုတောင်းတောင်းပန်ပန် မေးမိ၏။

ပရော်ဖက်ဆာဒေါက်တာ မီးပွားက ခေါင်းညိတ်၍....

'ရော့ ဟောဒီမှာ စီးကရက်နဲ့ မီးခြစ်ရှိတယ် ကိုဒေါနယ်၊ သောက်ပါ၊ အေးအေးဆေးဆေး ပြောပြပါမယ်၊ ခွင်းချန်ထားတာ မရှိစေရပါဘူး'

'ကောင်းပါပြီ ဗျာ၊ အထူးကျေးဇူးတင်မိပါတယ်' ဟု ပြောပြောဆိုဆိုကျွန်ုပ်လည်း စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိ၍ နှာခေါင်းရန် အသင့်ပြင်လိုက်တော့၏။

'ဒီလိုဗျ၊ ဟောဒီရှန်ဂရီလာကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်ကြီးဟာ ကျုပ်ရဲ့အဘိုးတော်တယ်ဗျာ'

'ဗျာ'

'ဟုတ်ပါတယ်၊ ကျုပ်ရဲ့အမေက မြန်မာအမျိုးသမီးဖြစ်ပြီး ကျုပ်ရဲ့အဖေက တိဗက်လူမျိုးပါ'

'အင်း...အင်း ဆက်ပါဦးဗျာ'

'အဘိုးဆိုပေမယ့် အဘိုးအရင်းတော့ မဟုတ်ပါဘူး၊ အဘိုးရဲ့ညီဆိုပါတော့ဗျာ၊ ဒီကျောင်းထိုင် ဆရာတော်ကြီးဟာငယ်စဉ်ကတည်းက ရှန်ဂရီလာကျောင်းတော်ကြီးရောက်ပြီး လားမားဘုန်းတော်ကြီးအဖြစ် ခံယူလို့ ယောဂအကျင့်တွေကို ကျင့်ကြံနေတော့တယ်'





ကျွန်ုပ်လည်း စကားပြတ်သွားမည်စိုးသောကြောင့်ဖြတ်၍မမေးဘဲ စီးကရက်ကိုသာဖွာရှိုက်လျက် နားထောင်နေလေ၏။

ပရော်ဖက်ဆာ ဒေါက်တာမီးပွားကဆက်ပြန်၏။

'ရှင်းရှင်းပြောရရင်တော့ဗျာ၊ ကျုပ်ရဲ့အဘိုး ကျောင်းထိုင်ဘုန်းကြီးဟာ အသက်နှစ်ရာနီးပါးကပ်နေပြီဆိုပါတော့'

'ဟင်' ဟု ကျွန်ုပ် ရေရွတ်လိုက်မိ၏။

'သူဟာ နှစ်အနည်းငယ်အတွင်း ဘဝတစ်ပါးကိုပြောင်းတော့မှာဖြစ်ပါတယ်'

'အို' ဟု ကျွန်ုပ် ရေရွတ်မိပြန်၏။

'ဒီမှာတင် သူ့နေရာကိုလူစားထားဖို့ ဆရာတော်ကြီးစဉ်းစားမိလာတယ်'

'ဒီတော့....'

'ကျုပ်ဟာ ဆေးပညာတတ်ထားသူဆိုတော့ပညာအစွမ်းကိုအသုံးချပြီး ဖြတ်တောက်ကုသမှုတွေကို ပြုချင်သေးတာခင်ဗျားရဲ့ လတ်ပြတ်သွားမှုကို ကြည့်ရင် သိနိုင်ပါတယ် ကိုဒေါနယ်'

ကျွန်ုပ်က တိတ်ဆိတ်စွာနေလိုက်၏။

ပရော်ဖက်ဆာ ဒေါက်တာ မီးပွားက စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာပြီးလျှင်—

'ဒါကြောင့် ဒီနေရာဟာ ကျွန်တော်နဲ့ မဖြစ်နိုင်ပါဘူး၊ အဲဒီအခါမှာ လူတစ်ယောက်ကို ရေရှာနည်းနဲ့ ရှာဖို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာတာကြောင့် အခုလို ခင်ဗျားကို ကြံဖန်ပြီး ခေါ်လာခဲ့ရတာပါ ကိုဒေါနို’ဟု ပြောပြလေ၏။

‘ဒီ–ဒီမှာရှိတယ်ဆိုတဲ့ ‘လားခွားဘုန်းကြီး ငါးဆယ်ထဲကရော ရွေးမထုတ်ဖူးသလား’ဟု ကျွန်ုပ်က မေးရာ ဒေါက်တာ မီးပွားက–

‘သူတို့ရဲ့ အသက်တွေဟာလဲ မနည်းတော့ဘူး ကိုဒေါနို ရေ၊ အသက်ဘစ်ရာကျော်တဲ့ ပုဂ္ဂိုလ်တွေချည်းပဲ၊ ဒါကြောင့် နှစ်ကြာရှည် အပြောင်းအလဲ ခဏခဏ မဖြစ်ရအောင် ခင်ဗျားကို ရွေးထားရတာပဲ’ဟု ဆို၏။

‘အေးဗျာ– ပြောလို့သာ ယုံရတာ၊ ကျုပ်ဖြင့် အိပ်မက်တစ်ခုလိုပဲ ယူဆနေတုန်း ရှိသေးတယ်’ဟု ကျွန်ုပ်က ဆိုလေ၏။

ထိုအခါ ပရော်ဖက်ဆာ ဒေါက်တာ မီးပွားက–

‘ခင်ဗျားကို မလိမ့်တပတ်လုပ်ပြီး ခေါ်လာတဲ့ ကိစ္စ ခွင့်လွှတ်ပါဗျာ’ဟု တောင်းပန်၏။

‘ကျုပ်အတွက် ထားလိုက်ပါဗျာ၊ အိန္ဒိယ ဘုရင်ခံချုပ်ရဲ့ ပိုင်းလော့အတွက်တော့ ခင်ဗျားကို ကျုပ် ခွင့်မလွှတ်နိုင်ဘူး’ဟု ကျွန်ုပ်က ဆိုလိုက်၏။

ပရော်ဖက်ဆာ ဒေါက်တာ မီးပွားက–

‘အင်း– ခင်ဗျားအမြင်မှာ ကျုပ်ဟာ လူသတ်သမား တစ်ယောက် ဖြစ်ကောင်းဖြစ်လိမ့်မယ်။ သို့ပေမယ့် ကျုပ်ဟာ ရှန်ဂရီလာ ကျောင်းကြီးရဲ့ ဘုန်းတော်ကြီးတွေကို မြင်





ကမ္ဘာ့ရဲ့ အနှောင့်အယှက် မရှိစေချင်လို့ အခုလို လုပ်ရိုက်ရတာပါ’

‘ဒါက ဆင်ခြေလဲခြင်း တစ်မျိုးပါဗျာ’

‘ခင်ဗျား ဆိုချင်သလို ဆိုနိုင်ပါတယ်၊ ဒါပေမယ့် ဒီ ရှန်ဂရီလာ ဒေသဟာ မြင်ပလူမှ ရောက်နိုင်တဲ့ လျှို့ဝှက်ကမ္ဘာ တစ်ခုဆိုတာတော့ ခင်ဗျား မှတ်ထားပါ။ အဲ–ခြိမ်းခြောက်တယ်လို့ ပြောရင်လဲ ခံရမှာပဲ။ ဟောဒီ ရှန်ဂရီလာကျောင်းတော်ကို နှောင့်ယှက်ဖို့၊ ဒါမှမဟုတ် ရှန်ဂရီလာရဲ့ စည်းမျဉ်းကို ဖောက်ဖျက်လိုက်တော့ ဘယ်သူမဆို ကျုပ်နဲ့ ရင်ဆိုင်ရမှာ အမှန်ပဲ’

ကျွန်ုပ် ငြိမ်သက်နေစဉ် ဒေါက်တာ မီးပွားကပင်–

‘အော–နောက်တော့ ခင်ဗျားကို ကျောင်းထိုင် ဆရာတော်ကြီးနဲ့ ဆုံတွေ့ပေးပါမယ်’ဟု ဆို၏။

‘ဘယ်တော့လဲဗျ’

‘ဆယ်နှစ် ရှိသွားရင်ပေါ့ဗျာ’

ထိုသို့ပြောကာ ပရော်ဖက်ဆာ ဒေါက်တာ မီးပွားသည် အခန်းတွင်းမှ ထွက်ခွာသွားတော့၏။

* * *



www.burmeseclassic.com

## ကျွန်ုပ်နှင့် ပုလဲမေ

ဤသို့ဖြင့် အိပ်လိုက် စားလိုက်ဖြင့် အဓိပ္ပါယ်မရှိ အ
ဖြုန်း နေ့ထိုင်ရသည့် ကျွန်ုပ်၏ ဘဝအား များစွာ စက်ဆုပ်
တော့၏။

ရောက်စနှစ်တွင် ကျွန်ုပ်သည် ပဲခူးမြို့တွင် ကျန်ရစ်ခဲ့သ
ကျွန်ုပ်၏ ဇနီးသည်နှင့် သားကလေးတို့အတွက် လွမ်းစွာသ
တာရဖြင့် သော်က ရောက်မိသော်လည်း ကြာသော အ
သာယာဖွယ် ကောင်းသည့် ထိုဒေသကို နှစ်ခြိုက်သလိုဖြစ်
ပြီးလျှင် သတိရခြင်းများလည်း အနည်းငယ် လျော့ပါးသွ
ခဲ့ရလေ၏။

ဆက်လက်၍ ထူးခြားဆန်းကြယ်သော ကျွန်ုပ်၏ အ
အား မှတ်တမ်းပြုပါဦးမည်။

အကောက်တွင် ကျွန်ုပ် ဖော်ပြပြီးသည့် ရှန်ဂရီလာကျော
သို့ ရောက်စ ညစာ စားစဉ်အခါတွင်သာ နောက်ဆုံး
တွေ့ရပြီးနောက် ပရော်ဖက်ဆာ ဒေါက်တာ မီးပွားသ



ရက်ပေါင်းများစွာ ကြာသည့်တိုင်အောင် ကျွန်ုပ် မတွေ့ရ
ပါတော့ချေ။

ကျွန်ုပ်သည် နံနက်ခင်း နေခရောင်ခြည် ခံယူရင်း ညနေ
အညောင်းပြေ လမ်းလျှောက်ရင်း မြူလေ့ရှိရာ များသော
အားဖြင့် ပုလဲမေမှာ ကျွန်ုပ်နှင့်အတူ လမ်းလျှောက်လိုက်ပါ
လေ့ရှိလေ၏။

သူမ၏ ပြောစကားအရ ပရော်ဖက်ဆာ ဒေါက်တာ
မီးပွားမှာ လန်ဒန်မြို့သို့ လျှို့ဝှက်စွာ ထွက်ခွာသွားကြောင်း
သိရလေ၏။

ပုလဲမေနှင့် တွေ့သည့်အခါများတွင် ကျွန်ုပ်က မြန်မာပြည်
သို့ ပြန်လိုကြောင်းကို မကြာခဏ ပြောလေ့ရှိရာ ကြာသော်
ပုလဲမေမှာ ကျွန်ုပ်အား သနားညှာတာသည့် အရိပ်အယောင်
များ ဖြစ်ပေါ်လာကြောင်း ကျွန်ုပ် အကဲခတ်မိလေ၏။

တစ်နေ့တွင်—

ပုလဲမေ၏ ဖိတ်ခေါ်ချက်အရ ၎င်းနေသိုင်ရာ ရှန်ဂရီလာ
ကျောင်း အမြင့်ရှိ တန်းလျားသို့လိုက်ပါခဲ့ရာ သူမ၏ အခန်း၌
ရန်ကုန်မြို့တွင် ကျွန်ုပ် တွေ့ခဲ့ရသော ပန်းချီကား ချပ်ကို
ချိတ်ဆွဲထားသည်ကို ပြန်တွေ့ရလေ၏။

'ဒီပန်းချီကားထဲက ဂူကြီးဟာ အပြင်မှာလဲ အမှန်တကယ်
ရှိတာပဲလား ပုလဲမေ' ဟု ကျွန်ုပ်က မေးရာ ပုလဲမေက—

'အမှန်ကို ရှိတာပေါ့ တိုဒေါ်နု' ဟု ဖြေ၏။

'ဘယ်ဒေသလောက်မှာ ရှိတာလဲ'

www.burmeseclassic.com



'ကျွန်မ အထင်တော့ မြစ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းမှာ ရှိလိမ့်မယ်လို့ထင်မိတာပါပဲ၊ ဒေါက်တာ မီးပွားကတော့ အသေအချာ သိပါတယ်'

'အဲဒါက အဝါရောင်ခဲတွေ ပျံ့နှံ့ထွက်လာတာ ရွှေတွေပဲပေါ့နော်'

'ဒါကတော့ သေချာပါတယ်ရှင်'

'ပုလဲမေလဲ မြန်မာအမျိုးသမီး မဟုတ်ဘူးလား၊ မြန်မာပြည် မပြန်ချင်ဘူးလား' ဟု ကျွန်ုပ်က မေး၏။

ပုလဲမေက ခေါင်းခါ၍-

'ဒီဒေသက ခွာလို့ မဖြစ်နိုင်တော့ပါဘူး ကိုဒေါနရယ်၊ ကျွန်မအသက်ဟာ ရှစ်ဆယ်နားကပ်နေပြီ၊ ဒီဒေသကခွာတာနဲ့ တစ်ပြိုင်နက် သဘာဝအခြေအနေ ပြောင်းပြီး 'အသက်ရှစ်ဆယ်နဲ့ညီမျှတဲ့ ရုပ်ရည်ကို ပြန်လည်ရင်ဆိုင်ရလိမ့်မယ်'

'အို ဒါတွေ ကျုပ် အယုံအကြည်မရှိဘူး'

ကျွန်ုပ်က ဒေါသဖြင့် အော်ပြောမိလေ၏။

'အေးလေ ဆယ်နှစ်ပြည့်လို့ ကျောင်းထိုင်ဘုန်းတော်ကြီးနဲ့ တွေ့ရင်တော့ လက်ခံလာနှာပါ၊ ရှင့်ရုပ်ရည်ကလဲ လာတာအတိုင်း ဖြစ်နေမယ်ဆိုရင်ပေါ့သေ'

ကျွန်ုပ်မှာ ထိုနေရာဒေသ၌ ထိုကဲ့သို့သော အမိပ္ပာယ်မဲ့သည့်စကားမျိုးကိုသာ အစဉ် ကြားနေရသောကြောင့် စိတ်ပေါက်ပေါက်နှင့် ပုလဲမကိုပင် နှုတ်ဆက်ခြင်းမပြုတော့ဘဲ ဘုမ၏တန်းလျားမှ ကျွန်ုပ်နေထိုင်ရာ ရှိန်ဂုရီလာကျောင်းတော်ကြီးသို့ ပြန်လာခဲ့လေ၏။





နောက်ရက်များတွင် ကျွန်ုပ်လမ်းလျှောက်ရာသို့ ပုလဲမေမှာ ယခင်အတိုင်းဝင် ပြန်လာ၍လိုက်ပါလာပြန်၏။

ကြာသော် ကျွန်ုပ်အား သနားညှာတာစိတ်ဝင်နေသည့် ပုလဲမေနှင့် ကျွန်ုပ်မှာ ဖော်ကြပြန်မိကြတော့၏။

အစတွင် ပရော်ဖက်ဆာ ဒေါက်တာမီးပွား၏ ရန်နှင့်လင်ရှိမယားကို မပြစ်မှားထိုက်ကြောင်း တွေးတောပူပန်မိ၏။

သို့သော်လည်း သောက်လေသောက်လေ စော်မပြေသည့်ဆားငန်ရေပမာ ကျွန်ုပ်တို့နှစ်ဦးမှာ ဆိတ်ကွယ်ရာ၌ တွေ့ကြမြဲဖြစ်တော့၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည်လည်း ပဲခူးမြို့၌ကျန်ရစ်ခဲ့သည့် ဇနီးနှင့် သားကလေးအား တစ်ခါတစ်ရံမှသာ သတိရခြင်းဖြစ်မိတော့၏။

ကျွန်ုပ်သည် ပုလဲမေထံမှ တောင်းယူရရှိသော စာရွက်များနှင့် ဖောင်တိန်အား နေ့စဉ်မှတ်တမ်းပြု၍ ကျွန်ုပ်တွေ့ရှိခံစားရသော ဘဝဖြစ်စဉ်အား တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်ုပ်၏သားငယ် မောင်ထွန်းဝ သိစေရန်အတွက် ရေးသားတာ လုံခြုံသောနေရာတစ်ခု၌ သိမ်းဆည်းသိုဝှက်ထားရ၏။

မကြာမီ-

တစ်နေ့တွင် ပရော်ဖက်ဆာဒေါက်တာမီးပွားရောက်လာ၍ ကျွန်ုပ်အား နှုတ်ဆက်၍ စီးကရက်နှင့်အစားအသောက်များကို လာရောက်ပေးပို့၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် လန်ဒန်မှာ ဆေးပစ္စည်းတစ်ခု သွားဝယ်တာပါ ကိုဒေါန၊ သူ့ စကားမစပ် ပြောရဦးမယ်၊ ခင်ဗျား မှတ်မိလားမသိဘူး၊ ရန်ကုန်မြို့မှာ ခင်ဗျားကို ထုတ်ပြတဲ့ ပန်းချီကားလေ'

'မှတ်မိပါတယ် ဒေါက်တာ'

'ဒီလိုဗျ၊ လောင်းပန်းလှိုဒ်ခေါ်တဲ့ လားကုန်သည် တစ်ယောက်ဟာ ဒီဒေသကိုရောက်လာပြီး သိမ်းဆည်းထားတဲ့ ရှန်ဂရီလာကျောင်းပိုင်ရွှေနဲ့ တွင်းထွက်ရတနာ အခော် များများကို ခိုးယူထွက်ပြေးသွားခဲ့တယ်'

'အော်...'

'ဒီကောင်ဟာ မြန်မာပြည်ရောက်တော့ ဟောင်ကောင်သွားမယ့် သင်္ဘောတစ်စီးမှာ ရတနာတွေကို ဖုံးဖိပြီးသယ်သွားခဲ့တယ်'

'အင်း'

'ဒါပေမယ့် ကံဆိုးချင်တော့ သူ့နောက်ကို လိုက်နေတဲ့ ကျုပ်ကလဲ အဲဒီသင်္ဘောပေါ် ပါသွာတာ ဒီကောင်မသိဘူးပေါ့'

'ဒီလိုကိုး'ဟု ကျွန်ုပ် ရေရွတ်လိုက်မိ၏။

'အေးဗျာ၊ ဒီမှာဘင် ပြောရဦးမယ်၊ လမ်းခရီးမှာ ပြင်းထန်တဲ့ လေမုန်တိုင်းကြီးတိုက်ပြီး မြိတ်ကျွန်းစုဖက်ကိုသင်္ဘော လွင့်သွားတော့တယ်'

'ဟုတ်ကဲ့ ဒေါက်တာ'



'တိုတိုပြောရရင်တော့ အဲဒီ လောင်းပန်းဝန် သေဆုံးသွားပြီး ရတနာတွေကို ကျွန်တော် ပြန်ရခဲ့ဘယ်'

ထိုနေရာအရောက်၌ ကျွန်ုပ်က...

'ဒီလူဟာ ရိုးရိုးတန်းတန်းသေဆုံးသွားတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ'ဟု ပြောမိခဲ့လေ၏။

'ဟား-ဟား—ဟား၊ မှန်လိုက်လေဗျာ၊ ခင်ဗျားဗိုက်ထဲမှာ ပုဏ္ဏားလေးရှိသလား အောက်မေ့ရတယ်၊ ခင်ဗျား ဖူးဆသလိုပါပဲ ကိုဒေါနရဲ့၊ ကျုပ်ကမုန်တိုင်းမိလို့ လူတွေယောက်ယက်ခတ်နေတုန်း သူ့အနားကို ဖြုန်းခနဲ ကပ်ပြီး ဆိုင်ယာနိုက်အဆိပ် ထိုးထည့်ပေးပြီး ရေထဲ တွန်းချလိုက်တာပေါ့'

'ရက်စက်ပါပေ့ဗျာ'ဟု ကျွန်ုပ်က ညည်း၏။

'ကျုပ်ပြောပြီးပါပကော၊ ရှန်ဂရီလာကို ဒုက္ခပေးသူ စည်းကမ်းဖောက်ဖျက်သူမှန်သမျှ ကျုပ်နဲ့ ရင်ဆိုင်နေရမယ်ဆိုတာ....'

ထိုအခါ ကျွန်ုပ်မှာ ပုလဲမနှင့် ဖောက်ပြန်မိသည်ကို ပြန်လည်တွေးမိကာ ကျောချမ်းသွားမိလေ၏။

'အဲ- ဆက်ပြောရဦးမယ်၊ ရတနာတွေကိုယူပြီး၊ ပန်းချီကားချပ်ထဲမှာပါတဲ့ ဂူကြီးရှိရာကျွန်းကိုသွားတယ်၊ နောက်တော့အဲဒီဂူထဲမှာ လျှို့ဝှက်ထားရှိလိုက်တော့ဘယ်၊ ရတနာတွေကို ဒီနေရာပြန်ယူဖို့ အခက်အခဲရှိနေတာကိုး'ဟု ဆို၏။

ကျွန်ုပ်က ငြိမ်သက်စွာ နားထောင်နေစဉ်၊ ပေါရှော်ဖက်ဆာဒေါက်တာမီးပွားကပင် ဆက်သက်၍—



BURMESE CLASSIC
www.burmeseclassic.com

'နောက်တစ်ခေါက်မှာ အဲဒီကျွန်းကို မရောက်ရောက်အောင်ပြန်သွားခဲ့တာ၊ ဒီအခါမှာ ကျုပ်ဆေးကုပေးဖူးတဲ့ အိန္ဒိယတိုင်းသားတစ်ယောက်ကို ခေါ်သွားခဲ့တယ်၊ ဒီလူဟာ အိန္ဒိယမှာနေပေမယ့် အာဖရိကတိုင်းရင်းသားဖြစ်ပြီး မှော်ပညာအချို့ကိုလိုက်စားဖူးကြောင်း ကျုပ်သိရတယ်ကိုဒေါ်နန်' ဟုပြော၏။

ကျွန်ုပ်က စိတ်ဝင်တစားနားထောင်နေ၏။

'အတိုချုံးရရင်တော့ ကျုပ်တတ်သားသမျှ သိပ္ပံနည်းတွေအပြင်၊ အာဖရိကတိုင်းရင်းသားရဲ့ မှော်ပညာကိုအသုံးပြုပြီး၊ ရတနာထွေရှိရာကို မှတ်တမ်းတင်တဲ့ပန်းချီကားရေးဆွဲလိုက်တော့တာပါပဲ' ဟု နိဂုံးချုပ်လေ၏။

'ခင်ဗျား ဘာအတွက် ဒီအကြောင်းတွေကျုပ်ကိုပြောပြနေရတာလဲ' ဟု ကျွန်ုပ်ကမေးမိရာ ဒေါက်တာမီးပွားက...

'ဟဲဟဲဟဲ— ဒီပန်းချီကားကို ခင်ဗျားအတွက်လက်ဆောင်အဖြစ်ပေးမလို့ပါ၊ မနက်ဖြန် ခင်ဗျားရပါစေ့မယ်၊ ရှန်ဂရီလာရဲ့ အထူးလက်ဆောင်မွန် ဆိုပါတော့ဗျာ' ဟု ဆိုလေ၏။

'ဗျာ.... လက်ဆောင် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ— ဒါထက်အဲဒီရတနာတွေထဲက ကျွန်တော်နည်းနည်းပြန်ယူလာခဲ့တာ ခင်ဗျားကိုပြရဦးမယ်၊ ဒီမှာကြည့်စမ်း'

ပြောပြောဆိုဆို ရင်းဒေါက်တာအင်္ကျီအိတ်ထဲမှ လက်ကိုင်ပြက်ဆွဲထုတ်လိုက်ရာ သွေးရောင်တဲ့သို့ ရဲရဲနီနေသော မန်ကျည်းစေ့ခန့်ရှိ ပတ္တမြားနှစ်လုံးနှင့်အတူ အရောင်မျိုးစုံတွန်မြိုး





လျှက်ရှိသော ကွမ်းသီးလုံးခန့်ရှိ စိန်ကြီးတစ်လုံးကိုတွေ့ရလေ၏။

ကျွန်ုပ်မှာ ပဲခူးမြို့၌နေစဉ် သနပ်ဖက်ပွဲစားအလုပ် လုပ်ကိုင်နေခိုက် မိတ်ဆွေဖြစ်သူကျောက်ပွဲစားများနှင့် ရင်းနှီးဖူးသောကြောင့်၊ ထိုကျောက်သုံးလုံးမှာ မည်မျှအဖိုးထိုက်တန်ကြောင်း သိရှိလိုက်မိပေ၏။

ထိုအခိုက်မှာပင် ပရော်ဖက်ဆာ ဒေါက်တာမီးပွားက ကျွန်ုပ်၏လက်ထဲကို ကျောက်သုံးလုံးကိုထည့်၍—

'ရော့ဗျား— ဟောဒီကျောက်သုံးလုံးကိုလဲ ရှန်ဂရီလာရဲ့ကိုယ်စား ကျုပ်က ခင်ဗျားကို လက်ဆောင်အဖြစ် ပေးလိုက်တယ်' ဟု ဆိုလေ၏။

'အို— မဟုတ်တာ' ဟု ကျွန်ုပ်က ငြင်းမည်ပြုသော်လည်း ဒေါက်တာမီးပွားက—

'ယူပါဗျာ ခင်ဗျား ဒီကိုရောက်လာတာ ရှန်ဂရီလာကို အကျိုးပြုဖို့ပဲဟာ၊ ဒါကြောင့် မနက်ဖြန်ကျရင် တရုတ်အစေခံက ပန်းချီကားချပ်ကို ယူလာပေးပါလိမ့်မယ်' ဟု ပြော၏။

ပြီးမှ သတိရဟန်ဖြင့်....

'အော်-ကိုဒေါ်နန် ကျုပ်ကိုတော့ ခင်ဗျားတွေ့ဖို့မရှိဘူးဗျို့၊ မနက်ဖြန်ကစပြီး ကျုပ်တာ ယောဂအကျင့်တွေကျင့်ရတော့မှာကြောင့်ဖြစ်တယ်' ဟု ပြောပြောဆိုဆို ထိုင်ရာမှထ၍ ထွက်ခွာသွားတော့၏။

www.burmeseclassic.com



ကျွန်ုပ်လည်း အနီရောင်နှင့်အဖြူရောင်အဖိုးတန်ကျောက် သုံးလုံးကို ငေးမောကြည့်ရှုရာ အသိရခက်လှသည့် ပရော်ဖက်ဆာ ဒေါက်တာမီးပွားအကြောင်း တွေးတောလျက် တစ်ဦးတည်းကျန်ရစ်ခဲ့လေတော့၏။

*　　*　　*





## ကျွန်ုပ်နှင့် ဘုန်းတော်ကြီး

ကျွန်ုပ်သည် မေ့မေ့ပျောက်ပျောက်ဖြင့် နေထိုင်ရင်း အတတ်နိုင်ဆုံး စိတ်ချမ်းသာမှုဖြစ်စေရန် ကြိုးစားနေလေ၏။

ပုလဲမေနှင့်မူယာခင်အတိုင်း ဖောက်ပြန်မြဲဖောက်ပြန်လျက်သာရှိလေ၏။

ဤနေရာ၌ ကျွန်ုပ်ရေးသားဖော်ပြရန် ကျန်ရှိနေသည်မှာ ပရော်ဖက်ဆာ ဒေါက်တာမီးပွားသည် နောက်တစ်နေ့ နံနက်လင်းချိန်မှာပင် သူ၏ကတိအတိုင်း၊ တရုတ်အမေ့ခံကလေးနှင့် ထူးဆန်းသောမှော်ဝင်ပန်းချီကားချပ်အားကျွန်ုပ်ထံသို့ ပေးပို့လိုက်ခြင်းဖြစ်ပေ၏။

ဤသို့ဖြင့် အချိန်များ ကုန်မှန်းမသိ ကုန်ဆုံးလာခဲ့ရာ၊ မည်သည့်နှစ် မည်သည့်ကာလဟူ၍ပင် ကျွန်ုပ်အနေနှင့်မမှတ်မိပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရန် ပြက္ခဒိန်မရှိခြင်း၊ အမှတ်အသားပြုလုပ်ရန် ဓါးနှင့်မပါသည့် ကျွန်ုပ်၏အကျင့်ညံ့ဖျင်းခြင်းများကြောင့် ထိုကဲ့သို့မသိရှိခြင်းဖြစ်၏။

တစ်ညတွင် ပရော်ဖက်ဆာဒေါက်တာမီးပွားသည်ကျွန်ုပ်နှင့်အတူ ညစာလာရောက်စားသောက်ရင်းမှ....

'ကဲ ကိုဒေါနုရေး ခင်ဗျားကို ဒီဒေသရဲ့သဘာဝ ရာသီဥတုနဲ့ ငြိမ်းနိုင်အောင်နေခိုင်းခဲ့တာ မနက်ဖြန်ဆိုရင်ဆယ်နှစ်တင်းတင်းပြည့်ပြီဗျို့' ဟု ဆို၏။

'အလို—ဆယ်နှစ်တောင် ရှိနေပြီလား'

ကျွန်ုပ် အံ့ဩစွာ ရေရွတ်မိသည်တွင်—

'ဟုတ်ပါတယ်၊ ဆယ်နှစ်မှတစ်ရက်မစွန်းပါဘူး၊ ခင်ဗျားရှိရည်ဟာ ဆယ်နှစ်ကြာခဲ့ပေမယ် ရန်ကုန်မြို့မှာ တွေ့ရတဲ့ ရုပ်အတိုင်း မပြောင်းလဲဘဲရှိနေတယ်၊ ကဲ-ဒီဒေသရဲ့ သဘာဝရာသီဥတုနဲ့ အစားအသောက်တွေက အံ့ဩစရာမကောင်းဘူးလားဗျာ၊ အင်း—ယောဂကျင့်စဉ်သာ ကျင့်လိုက်ရရင် ခင်ဗျားပိုပြီးအဆင်ပြေသွားလိမ့်မယ်' ဟု ပြော၏။

ကျွန်ုပ်လည်း တွေဝေလျက်ရှိရာ ဒေါက်တာမီးပွားက—

'ခင်ဗျား ဒီည ကောင်းကောင်းအိပ်ပျော်အောင် အိပ်ထားပါ၊ မနက်ဖြန်ကျရင် ခင်ဗျားကို ကျောင်းထိုင်ဆရာတော်ကြီးက လက်ခံတွေ့ဆုံပါလိမ့်မယ်' ဟု ပြောပြန်၏။

'မနက်ဖြန် ဟုတ်လား' ဟု ကျွန်ုပ်က မေး၏။

'ဟုတ်ပါတယ်ဗျ၊ ကဲ-ကောင်းသောညပါ ကိုဒေါနုး ကျုပ်ပြန်လိုက်ဦးမယ်'





ထိုသို့ပြောဆိုကာ ထွက်ခွာသွားလေ၏။

မည်သည့်အတွက်ဟူ၍ ကျွန်ုပ်မတွေးတတ်အောင်ပင် ထိုညက နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့လေ၏။

နံနက်မိုးလင်းသည်နှင့် အစားအသောက် အနည်းငယ်စားသောက်ပြီးချိန်တွင် ပရော်ဖက်ဆာဒေါက်တာမီးပွားရောက်ရှိလာပြီးလျှင် ကျွန်ုပ်အား ခေါ်ဆောင်သွားလေ၏။

ကျွန်ုပ်တို့သည် လူသူမရှိသော ရှုခင်းရှိသာ၏အခန်းခန်းအဆောင်ဆောင်ကို ဖြတ်သန်းသွားရပေ၏။

ထိုအချိန်၌ ကျွန်ုပ်၏စိတ်တွင် မည်သို့မျှ စိုးရိမ်သောတာရောက်မနေဘဲ စိတ်အားထက်သန်လျက်ပင် ဖြစ်နေကြောင်း ကျွန်ုပ်သတိပြုမိပေ၏။

ဒေါက်တာမီးပွားပြောသည့်အတိုင်းသာ မှန်ကန်ပါက ကျွန်ုပ် တစ်ဝက်တစ်ပျက် တွေးထင်ထားချက်များ မှန်မမှန်မုချတွေ့ရမည် ဖြစ်တော့၏။

ပရော်ဖက်ဆာ ဒေါက်တာမီးပွားက ကျွန်ုပ် ယခင်ကတစ်ခါမှမျှ မရောက်ရှိဖူးသည့် အခန်းကြီးများ အတွင်းမှဖြတ်လျှောက်လျက် ခေါ်ဆောင်လာခဲ့လေ၏။

ထို့နောက်—

လှေကားတစ်ခုကို တက်လိုက်ကြပြီးလျှင် တံခါးတစ်ခုကို အသာအယာပင် ခေါက်လိုက်လေ၏။

ထိုအခါ ချက်ချင်းဆိုသကဲ့သို့ ကိုယ်တော်အစေခံစာဝင်လေးက တံခါးဖွင့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတံခါးများ အားလုံး ပိတ်ထားရှိလည်း အခန်းမှာ မှောင်နေ၏။

'ကျောင်းထိုင်ဆရာတော်ကြီး၊ လားမား အကြီးအကဲကခင်ဗျားကို တစ်ဦးတည်း တွေ့ဆုံပါလိမ့်မယ်'

ကျွန်ုပ်၏လက်ကို ဖျစ်ညှစ်၍ ပရော်ဖက်ဆာဒေါက်တာမီးပွားက ဆို၏။

ပြီးလျှင်—

ကျွန်ုပ်အား အတွင်းသို့ဝင်ရောက်ရန် လမ်းပေးလိုက်ပြီးနောက် တံခါးကို အသာအယာ ပိတ်လိုက်လေတော့၏။

ကျွန်ုပ်သည် မှောင်မိန်းနေသည့် အခန်းအတွင်း၌ မျက်စိကျင့်သားရစေရန် ခေတ္တမျှ ရပ်နေလိုက်၏။

စားပွဲ၊ ကုလားထိုင်များနှင့် ခပ်ရိုးရိုး ခင်းကျင်းထားလျက် ညှိုမောင်းသော ကန့်လန့်ကာကြီးတစ်ခု ကာရံထားသည့် အမှိန်မှိန်ရှိ အခန်းကလေးတစ်ခုအတွင်းသို့ ကျွန်ုပ်ရောက်ရှိနေကြောင်း သတိပြုမိ၏။

ကုလားထိုင် တစ်လုံးပေါ်၌ကား အသားအရေ ဖျော့တော့လျက် ပါးရည်၊ နားရည်များတွန့်လိပ်ကာ ကိုယ်ခန္ဓာအားဖြင့် ကြုံလှီသေးကွေးသော လူတစ်ယောက် ထိုင်နေလေ၏။

ထိုသူမှာ ရှေးဟောင်းရုပ်တုတစ်ခုကဲ့သို့ မှုန်ဝါးဝါးဖြစ်ပေါ်လွင်ထင်ရှားခြင်း ကင်းမဲ့စွာ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေကြောင်း တွေ့ရ၏။



ကျွန်ုပ်က ရှေ့ဖက်သို့ အနည်းငယ်တိုးလိုက်စဉ်တွင် သူသည် ဇက်စိုက်တစ်ရေး လှုပ်ရှားခြင်း မပြုဘဲလျက် ဟောင်းနွမ်းလှသည့် မျက်လုံးအစုံဖြင့်သာ ကျွန်ုပ်အား အကဲခတ်ကြည့်ရှုနေလေ၏။

ဆက်လက်၍ ကျွန်ုပ် တိုးသွားလေရာ အနီးရောက်သည်တွင်မှ ပုံပန်းသဏ္ဌာန်များ ပိုမိုပေါ်လွင်လာလျက် တရုတ်အဝတ်အစားများ ဝတ်ဆင်ထားသည့် လူအိုကြီးတစ်ဦးဖြစ်ကြောင်း တွေ့ရှိရတော့၏။

၎င်း၏ အဝတ်အစားများမှာ သေးကွေးသော သူ၏ခန္ဓာကိုယ်တွင် ခေါက်ရိုးများကို ဖြစ်စေလျက်၊ လျော့ရိလျော့ရဲနိုင်လှကြောင်းလည်း တွေ့ရပြန်၏။

ပြီး သို့သော် အသံဩဇာပြည့်ဝသော အသံဖြင့် ကျွန်ုပ်အား နှုတ်ဆက်လေ၏။

'ကိုဇေါ်နဆိုတာ မောင်ရင်လား၊ကွဲ့'

ပီသလှသော မြန်မာစကားကြောင့် ကျွန်ုပ်အထူးအံ့သြမိလေ၏။

'ဟုတ်ပါတယ်ခင်ဗျာ' ဟု ကျွန်ုပ်က ဖြေကြားလိုက်ရာ—

'မောင်ရင့်ကို တွေ့ရတာ ကျုပ်အဖို့ အလွန်နှစ်သောင်းအားရ ဖြစ်မိပါတယ်ကွယ်၊ ကိုဇေါ်န၊ ကျုပ်ရဲ့သေးမှာ ထိုင်နိုင်ပါတယ်၊ အကိုမှ မကြောက်ပါနဲ့၊ ကျုပ်ဟာ လူအိုတစ်ယောက် ဖြစ်ပါတယ်၊ ဘယ်သူ့ကိုမှ ဥပဒ် မပေးနိုင်ပါဘူး' ဟု ပြော၏။

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်လည်း အဘိုးအို၏ အနီးမှ ကုလား ထိုင်တွင် ဝင်ရောက်ထိုင်လိုက်ရင်း....

'ခုလို ဘုန်းတော်ကြီးနဲ့ တွေ့ခွင့်ရတာ ကျွန်တော် အ[illegible] ရက်ရှိလှပါတယ်ခင်ဗျာ' ဟု နှုတ်ခွန်းဆက်လိုက်၏။

'ကျေးဇူးတင်ပါတယ်ကွယ်၊ ဒီရှန်ဂရီလာကို ရောက်လာ တဲ့ အချိန်ကစပြီး အနေအထိုင် ကောင်းမွန်လိမ့်မယ်လို့ မျှော် လင့်မိပါတယ်'

'ကောင်းပါတယ်ခင်ဗျာ'

'ကျုပ်ရဲ့မြေး ဒေါက်တာ မီးပွားက ပြောတယ်၊ သူဟာ မောင်ရင့်ကို သဘောတူညီမှု မရှိဘဲ ကြံဖန်ပြီး ခေါ်ဆောင် လာတာပါတဲ့၊ အဲဒါ ဟုတ်သလား မောင်ရင်'

'မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော် မှာ ဇနီးသည်နှင့် သား ကလေးကို မပြောမဆို၊ ခွင့်မတောင်းဘဲ ပစ်ထားခဲ့ရပါ တယ်'

'အို-ဒါတော့ မကောင်းပေဘူးပေါ့ကွယ်၊ ဒီအတွက် ကျုပ်အနေနဲ့ စိတ်မကောင်းဖြစ်မိကြောင်း ပြောပါရစေ'

ကျွန်ုပ်မှာ ကရုဏာတရားကို လ[illegible]ထားပုံရသည့် ထို ပုဂ္ဂိုလ်ကြီးအား အထူးပင် ကြည်ညိုမိ[illegible]တော့၏။

ဘုန်းတော်ကြီးက ပြော၏။

'ဒီလိုကွယ် ကျုပ်အနေနဲ့ ဒီကျောင်းတော်[illegible]ကြီးကို ဘယ် လို တည်ထောင်လာခဲ့ရတယ် ဆိုတဲ့အကြောင်း ပြောပြမယ်၊ ပြီးတော့ လိုအပ်ချက်ကိုလဲ ပြောပြမယ်၊ ပြီးတော့မှ မကူညီ နိုင်ဘူးဆိုရင်လဲ မောင်ရင့်သဘောပါ၊ စဉ်းစားပြီးမှ ဆုံး ဖြတ်ပေါ့ကွယ်'

'ဟုတ်ကဲ့ ခင်ဗျာ'

ကျုပ်တို့ တိဗက်ပြည်ရဲ့ ရာဇဝင်အကြောင်းကို ယေဘုယျ သဘောလောက်တော့ဖြင့် မောင်ရင် ကြားဖူးမယ် ထင်ပါ ရဲ့၊ (၁၇၁၉)ခုနှစ်လောက်မှာ ဘယ်လ်ဂျီယန်လူမျိုး ဘုန်း တော်ကြီး လေးပါးဟာ တရုတ်ပြည်ကနေ တိဗက်ပြည်ကို ထွက်လာခဲ့ကြတယ်၊ ဘုန်းကြီးသုံးပါးဟာ လမ်းခရီးရဲ့ကြမ်း တမ်းမှုဒဏ်ကြောင့် လမ်းမှာပဲ ကွယ်လွန် အနိစ္စရောက်သွား ခဲ့ကြတယ်ကွယ့်'

'ဟုတ်ကဲ့ခင်ဗျာ'

'ကျန်တစ်ပါးကတော့ မသေရှိတမယ်ပဲ ကျန်ခဲ့တယ်၊ နို့ပေမယ့် အဲဒီ ဘုန်းကြီးဟာ လမြှာ့တောင်ကြားရဲ့ ကျောက် တုံး ကျောက်ဆောင်တွေ ရှုပ်ထွေးတဲ့ လမ်းကို မတော်တဆ တွေ့ခဲ့ရတယ်'

'ဟုတ်ကဲ့'

'အဲဒီမှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့ ဖော်ရွေလှတဲ့ လူ တွေက ဘုန်းကြီးကို ပြုစုကြတယ်၊ အဲဒီမှာက တောင်ကမ်း ပါးယံအတွင်းမှာ ဆောက်လုပ်ထားတဲ့ ရှေးက ဗုဒ္ဓဘာသာ ကျောင်းတစ်ဆောင်လည်း ရှိနေခဲ့တယ်ကွယ့်၊ ဘယ်လ်ဂျီယန် ဘုန်းတော်ကြီးဟာ အဲဒီနေရာမှာပဲ ခရစ်ယာန် သာသနာပြု ကျောင်းတစ်ကျောင်း ဆောက်လုပ်တော့တယ်၊ သူဟာ ဒီ ကျောင်းမှာ နေထိုင်ပြီး သူ့အသက်ဟာ ဒီအချိန်မှာ ၃၃၄





www.burmeseclassic.com

www.burmeseclassic.com



ထုပ်ဆိုတော့ အသက်အားဖြင့် ငါးဆယ့်သုံးနှစ် ရှိနေ[illegible]
လေ'

'ဟုတ်ကဲ့ခင်ဗျာ'

ကျွန်ုပ်က စိတ်ဝင်စားစွာ ဝင်ထောက်ပေး၏။

'အဲဒီ ဘုန်းကြီးဟာ ဘာသာစကား တော်တော်များ[illegible] များကို တတ်ကျွမ်းရုံမျှမက၊ ကာယဗလ အခုခုနဲ့လဲ အဝ[illegible] တန် သန်စွမ်းတယ်၊ ကိုဒါနရဲ့ သူ့ရောက်စ ပထမနှစ်[illegible] ဆိုရင် မြေတူး၊ မြေဖေ ကဲ၊ ပန်းပင်စိုက်၊ ချက်ပြုတ်နည်း[illegible] အစ၊ ဘာသာရေးများကိုပါ သင်ပြပေးတယ်၊ ဒီမှာ မြေ[illegible] စရာ တစ်ခုရှိတာက သူ့နာမည်ဟာ 'ပါရော့'လို့ ခေါ်တာ[illegible] ကွယ်'

'ပါရော့ ဟုတ်လား'ဟု ကျွန်ုပ် ရေရွတ်မိ၏။

'နောက် အချိန်တွေ ကုန်လွန်လာတော့ 'ပါရော့'ဟာ[illegible] ခင်မတန် အိုမင်းတဲ့ အဘိုးအိုတစ်ယောက် ဖြစ်လာ[illegible] တာပေါ့၊ သူ့နောက်လိုက် တပည့်သားမြေးတွေဟာလဲ [illegible] မတန် မွန်မြတ်တဲ့ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာတော့[illegible] ပေါ့၊ အဲဒီအခါမှာ 'ပါရော့'ဟာ သူ့အမှားကို သူမြင်[illegible] သတိရမိတော့တယ်၊ အဲဒါက ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်[illegible] နေရာမှာ ဆောက်လုပ်ခဲ့တဲ့ သူ့ကျောင်းကိစ္စပဲ'

'ဟုတ်ကဲ့'

'ပါရော့ဟာ သူ့[illegible] ကိုးဆယ်ရှစ်နှစ်[illegible] အခါမ[illegible] မွန်မြ[illegible]တဲ့ ဗုဒ္ဓဘာသာ [illegible] များ[illegible] ခေါ်လာလိုက်[illegible] မြဲတော့တယ်၊ သူဟာ [illegible] ဆေးအမျိုးမျိုး [illegible]

[illegible]



[illegible]တ်ကို အနားယူစေပြီး အိန္ဒိယ လူမျိုးတွေရဲ့ 'ယောဂ'လို့ ခေါ်တဲ့ အသက်ပြင်းပြင်း ရှည်ရှည် ရှူတဲ့နည်းတွေနဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကို အေးချမ်းစွာ ရှိနေစေပေမယ့် ၁၇၈၉ ခုနှစ်၊ ၁၈၀၀ နှစ် အရွယ်မှာ သူဟာ သေခယ့်ဆဲဆဲ ဝေဒနာ ခံစား[illegible]ရှာတယ်လေ'

'အို-စိတ်မကောင်းစရာပဲ'ဟု ကျွန်ုပ်က ရေရွတ်လိုက်ရာ ဘုန်းတော်ကြီးက ဆက်သက်၍ ပြောပြန်၏။

'ဒါပေမယ့် မသေပါဘူး မောင်ဒေါနရဲ့၊ သူဟာ ရက် [illegible]သတ္တပတ်အပေါင်း များစွာ စကားမပြော၊ မလှုပ်မရှားဖြစ် [illegible]နေပြီးမှ နောက်ဆုံးမှာ ပြန်လည် ကျန်းမာစ ပြုလာတာ[illegible]ပဲ၊ အင်း- ၁၇၉၄ ခုနှစ် နောက်ဆုံး ဘုန်းတော်ကြီး [illegible]သေဆုံးသွားတဲ့အခါမှာလဲ ပါရော့ဟာ အသက်ရှင်လျက်ပင် [illegible]နေသေးတယ်။ ဆေးသောက်ခြင်း၊ နေရာဒေသရဲ့ ထူးခြား[illegible]စွမ်းအင်နဲ့ ယောဂ အခလ အကျင့်များက သူ့ကို ထာ[illegible]ရ အသက်ဆက်ပေးနေတယ်'

'ထူးဆန်းလှပါတယ်ခင်ဗျာ'

'ဆက်ပြောရဦးမယ် ကိုဒေါနရဲ့၊ နည်းနည်း သည်းခံပြီး [illegible]နားထောင်စေချင်ပါတယ်၊ ဒီနောက် ၁၈၀၄ ခုနှစ်လောက်[illegible]မှာတော့ 'ဟင်ချယ်'ဆိုတဲ့ အောစတီးယန်း လူမျိုး တစ်[illegible] ယောက် မမျှော်လင့်ဘဲ ဟောဒီ လမ်ပြာတောင်ကြားဒေသကို [illegible]ရောက်ရှိလာခဲ့တယ်၊ ဒီ တောင်ကြားဒေသမှာက ရွှေအလွ[illegible] [illegible]သ တယ်ကွယ့်၊ အဲဒီ ဟင်ချယ်ဆိုတဲ့ သူငယ်ဟာ ရွှေရှာဖို့ [illegible]ကို အမှတ်မထင် ရောက်လာတာ ဆိုပါတော့'

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောကာ ခေတ္တမျှ ရပ်နားလျက် အနားယူလိုက်၏။ ပြီးမှ ဘုန်းတော်ကြီးက ဆက်လက်၍ ပြောပြန်၏။

'သူဟာ ဘုန်းတော်ကြီး ပါရေ့ရဲ့ ချစ်ခြင်းမေတ္တာဓာတ်ကို လေးစားကြည်ညိုပြီး ရိုသေလေးစားမှုနဲ့အတူ (၁၇၀၉) ခုနှစ်မှာ အင်မတန် ဘေးအန္တရာယ်များတဲ့ကြားက တရုတ်ပြည် ပီကင်းမြို့ကို သွားပြီး အပြန်မှာ ရှန်ဂရီလာ ကျောင်းအတွက် အသုံးအဆောင်ပစ္စည်း အတော်များများကို ဝယ်ချမ်း ယူလာခဲ့တယ်ကွယ့်'

'အော်–အော်'

'တင်ချယ် အဲဒီလို ဝယ်တဲ့အတွက် ဘာကို အသုံးပြုတယ်ဆိုတာ မောင်ရင် သိသလားဟင်'

'မသိပါဘူးခင်ဗျာ'

'ရွှေပေါ့ကွယ်–ရွှေပေါ့၊ ဒီမှာလိုတဲ့ ပစ္စည်းအတွက် ရွှေကို မြှန်ပေးနိုင်တော့ လွယ်ကူတာပေါ့၊ ဒါပေမယ့် တင်ချယ်ဟာ ၁၇၅၄ ခုနှစ်မှာပဲ သေဆုံးသွားရှာတယ်ကွယ့်၊ အဲဒီနောက်တော့ ရှန်ဂရီလာဟာ ဩဇာသည်ကင်းမဲ့တဲ့ ဂေဟာတစ်ခုလို အထီးတည်း ဖြစ်နေရတော့တာပေါ့'ဟု ဆိုလေ၏။

* * *

## ဘုန်းတော်ကြီး၏ ဆန္ဒ

ထိုအခိုက်....

အခန်းတံခါး ပွင့်သွားကာ တိဗက် အစေခံတစ်ယောက်က မွှေးကြိုင် သင်းပျံ့သော လက်ဖက်ရည်များကို လာရောက်ချပေးသည်နှင့် တစ်ယောက် တစ်ခွက်စီ သောက်လိုက်ကြလေ၏။

အစေခံ ပြန်လည်ထွက်ခွာသွား၍ တံခါးပိတ်ပြီးသောအခါ ဘုန်းတော်ကြီးက ဆက်လက်ပြောကြားပြန်၏။

'အင်း.... ရှန်ဂရီလာဟာ အလွန် သာယာတဲ့ နေရာကလေးပါကွယ်'

ထိုအချိန်၌ ကျွန်ုပ်မှာ တစ်စုံတစ်ရာကို အတွေးပေါက်မိသွားကာ မဆိုင်းမတွပင်—

'အို....ဖခင်၊ ဖခင်ဟာ မစ္စတာ ပါရော့ပဲ မဟုတ်ပါလား'ဟု မေးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



‘မှန်ပါတယ်ကွယ်၊ ကျွန်ုပ်ဟာ ပါရေ့ဖြစ်ပါတယ်’ဟု ဖြေခဲ့လေ၏။

ထို့နောက် ကျွန်ုပ်က…

‘နေပါဦး ဖခင်၊ ကျွန်ုပ်တော့ စိတ်ထဲမှာ မရှင်းတာက ကမ္ဘာ့သူ ကမ္ဘာ့သား အားလုံးထဲက ကျွန်တော် တစ်ယောက်ထဲကို ရွေးချယ်ခြင်း ခံရတယ်ဆိုတဲ့ အချက်ပါပဲ’

ကျွန်ုပ်က ထိုသို့ မေးလိုက်၏။

အုန်းတော်ကြီး ပါရေ့က…

‘ဒါကတော့ ကံတရားအပေါ်မှာ မူတည်ပြီး ဖြစ်ပေါ်လာတာပါ သားရယ်၊ ကျုပ်ရဲ့ မြေးဖြစ်တဲ့ ပနေရဝိဖက်ဆာ ဒေါက်တာမီးပွားက ကျုပ်ရဲ့နေရာကို ဆက်ခံမယ့်လူ တစ်ယောက်ကို ခေါ်ဆောင်ပေးဖို့ တာဝန်ယူသွားတယ်၊ ကျုပ်လိုချင်တာက ဗုဒ္ဓဘာသာ မြန်မာလူမျိုး တစ်ယောက် ဖြစ်ဖို့ရယ်၊ အသက်လေးဆယ်ကျော်အရွယ် ဖြစ်ရမယ်ဆိုတဲ့အချက်ကို ပြောပြသွားတယ်၊ အဲဒီမှာ ခြွင်းချက် ဖြစ်ရတာက အိမ်ထောင် ရှိမရှိနဲ့ သားသမီးတွေ ရှိမရှိကို ကျုပ်လဲ မပြောလိုက်မိဘူး၊ ဒီအတွက် ဒေါက်တာမီးပွားကို အပြစ်တင်ရမှာလဲ ခက်နေတယ်၊ ပြီးမှ မောင်ရင့်ဘာသာ ဆုံးဖြတ်ချက် ချပေတော့ကွယ်’

ကျွန်ုပ်က အနည်းငယ် စဉ်းစားလိုက်ပြီးလျှင်—

‘ဒီအသက် ပိုမိုပြည့်စုံတဲ့ ရှည်ရှည်ချက်များကော ရှိပါသေးသလား ဖခင်၊ ရှိရင် ကျွန်တော် သိပါရစေ’ဟု မေးမိ၏။

အုန်းတော်ကြီးက ပြုံးပြလိုက်ပြီးလျှင်—





‘ကောင်းပြီ၊ အခု ဖခင်က သားမောင်ကို အလွန်တရာ လှပပြီး နှစ်သက်ဖွယ် ကောင်းတဲ့ ပန်းချီကား တစ်ချပ်ကို ရေးဆွဲပြသလို ရှင်းလင်းအောင် ပြောပြပေးမယ်၊ သားမောင်ဟာ ငယ်ရွယ်နုပျိုလှတဲ့ အရွယ်ပဲ ရှိပါသေးတယ်၊ သားမောင် တစ်ခု စဉ်းစားကြည့်ပါ၊ အကယ်၍ သားဟာ ရှန်ဂရီလာမှာ နေထိုင်ခဲ့ရင် အသက် ကြီး… အခါမှာ သားမောင်အနေနဲ့ အခုအရွယ်ထက် ပိုပြီး… မဟုတ်ဘူး’

ကျွန်ုပ် ငြိမ်သက်လျက် နားထောင်နေ၏။

‘ဖခင်ပြောတာ— ဗုဒ္ဓဘာသာနဲ့ဆန့်ကျင်ပြီး … တရားကို မရှိဘူးလို့ပြောတာ မဟုတ်ဘူးနော်၊ သားမောင်တာ အခြားသူများလို အိုချိန်၊ သေချိန်ဟာ တစ်နေ့ ရောက်လာမှာပဲဖြစ်တယ်၊ သားမောင်ဟာ … လောက် ရောက်လာတဲ့အခါမှာ လူငယ်… လိုပဲ ကြံ့ခိုင်သန်စွမ်းနေမှာဖြစ်တယ်၊ ဒါ… အရွယ်နှစ်ဆ ဖြစ်လာတဲ့အခါမှာတော့ … ကိစ္စတွေ အသိုလိုရောက်လာလိမ့်မယ်၊ ဖခင်… တရားကို အနိုင်မယူနိုင်ပါဘူး၊ အခြားတရား… …သတဲ့ ဥစ္စာ၊ ဘဝဒေရီးရဲ့ခြလှမ်းကို အနိ… သွားအောင် လုပ်နိုင်တာပဲ ဖြစ်ပါတယ်၊ ပြောရရင် … ပြုန်းပြုန်းဒိုင်းဒိုင်းကြီး အိုမင်းမသွားဘဲအင်မတန်နှေးညဲ… နှေး ပဲနှုန်းအတိုင်း ဖြည်းဖြည်းချင်းဆေးအိုသွားတာဖြစ်ပါတယ်’



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နားလည်ပါပြီဖခင်၊ သို့ပေမယ့်အဲဒီလောက်
ရှည်ရှည်နေရရင် ကျွန်တော့်ရဲ့စိတ်ထဲမှာ ဘယ်လိုဖြစ်လာ
သိုတာ မပြောနိုင်ပါဘူး၊ တကယ်လို့ ရည်ရွယ်ချက်တစ်
ကမ္ဘာသူ နမှယ်ဆိုရင်ပေါ့လေ၊ သို့သော် ဘယ်လိုရည်ရွယ်ချက်
ထဲကို ရွေး းခြင်းအရာမှ မရှိရင်တော့ ဘဝခရီးရှည်အောင်
ကျွန်ုပ်ဟု ါအောင်လုပ်တာဟာ အဓိပ္ပာယ်မရှိ ဖြစ်နေမယ်
ပြောသည်'

ကျွန်ုပ်က ထိုသို့ပြောရာ ဘုန်းတော်ကြီးပါရော့က—
သာ့တ သား မောင်ပြောတာ မှန်ပါတယ်၊ ဖခင်ဖြစ်စေချင်တဲ့
အဖေ က သားမောင်ဟာ အသက်ရှည်နည်းတွေနဲ့ ရှန်ဂရီလာ
ယောက စင့်ရှောက်ထိန်းသိမ်းရုံမျှမက ဗုဒ္ဓဘာသာရဲ့ မွန်မြတ်
လိုချင်တာက တွေနဲ့ ဒီဒေသမှာရှိကြတဲ့ လူသားတွေကိုရော
ရယ်၊ အသက်လေး ပ်ရောက်ရှိလာမယ့် ညေသည်တွေကိုပါငြိမ်း
ကို ပြောပြသွားတယ် ကူညီပါဆိုတာပါပဲကွယ်' ဟုပြောလေ

တော် ရှိ မရှိနဲ့ ဝလျက်စဉ်းစားနေမိ၏။
မပြောလိုက်မိသော ရခြင်းရဲ့ အဓိကအချက်ကတော့ ဖခင်ဟာ
တာင်ရှမှာလဲ ခ စ်ပတ်အထွေး သေခြင်းတရားနဲ့ ရင်ဆိုင်ရ
ဖြတ်ချက် ချ ,
'ကျွန်ုပ်မှာ
ကြီး

ဖခင်အမှန်ပြောတာပါ၊ ပြီးတော့ ကျောင်းမှာ အခုရှိနေ
တဲ့ လားမားဘုန်းတော်ကြီး အပါးငါးဆယ်ကျော် ဟာလဲ
အသက်တော်တော်ကြီးနေကြပါပြီ၊ ဒါကြောင့် သားမောင်





ကို အကူအညီတောင်းရတာပါ၊ ဒီနေ့တစ်နေ့လုံး စဉ်းစား
ပေါ့လေ၊ မနက်ဖြန်ကျရင်သာ ဖခင်ရဲ့နေရာမှာ တာဝန်ယူ
နိုင်မယူနိုင် အကြောင်းပြန်ကြားဖို့မမေ့ပါနဲ့ - ဟုတ်လား၊
အကယ်၍ တာဝန်မယူနိုင်ဘူးဆိုရင်လဲ သားမောင်ရဲ့ နေရပ်
ရောက်အောင်ပို့ပေးဖို့ ဖခင်အနေနဲ့ ဒေါက်တာမီးပွားကို
ပြောလိုက်ပါမယ်'

'ဟုတ်ကဲ့ဖခင်'

ထို့နောက် ကျွန်ုပ်လည်း ကျောင်းထိုင်ဘုန်းတော်ကြီး
ပါရော့အား ဂါရဝပြု၍ ကျွန်ုပ်နေထိုင်ရာအခန်းဆီသို့ ပြန်
လည်ထွက်ခွာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

**အစားမခံတော့ တစ်လုတ်**

ကျွန်ုပ်သည် စိတ်ရှုပ်ရှုပ်ရှိသည်နှင့် ဘောင်ကြားလမ်းကလေးအတိုင်း နေရောင်ခြည်ခံရန် ထွက်ခဲ့လေ၏၊

ထိုစဉ်—

ကျောက်ဆွယ်တစ်ခုဘေးမှ လက်ကလေးတစ်ဖက် ထွက်ပေါ်လာလျက်—

'ကိုဒေါနန်— ဒီကိုလာခဲ့လေ'

ပုလဲမေ၏ အသံသာလေးကို ကြားလိုက်မိသောကြောင့် ကျွန်ုပ်လည်း ပုလဲမေရှိရာ ကျောက်ဆွယ်အကွယ်သို့ လျှောက်သွားလေ၏။

ကျွန်ုပ်တို့နှစ်ဦးသားမှာ ချစ်စနိုးဖွေ့ဖက်ရင်းမှ ကျောင်းတိုင်ဘုန်းတော်ကြီး ပေါ်ရောနှင့် တွေ့ဆုံဆွေးနွေးချက်များကို ကျွန်ုပ်က ပုလဲမေအား [illegible] ပြောပြနေ၏။

ထိုစဉ် [illegible] နှစ်လုံးခန့် လိမ့်ဆင်းလာသည်ကိုတွေ့ကြရလေ၏။





'ဟင်'

အထိတ်တလန့်ရေရွတ်လျက် ပုလဲမေ၏မျက်နှာ ပျက်သွားကြောင်း ကျွန်ုပ်အကဲခတ်မိသဖြင့်…

'တောင်ပေါ်မှာ ငှက်ဖြူဖြူ၊ တိရစ္ဆာန်တစ်ကောင်ဖြစ်ဖြစ် ရှိနေလို့ဖြစ်ပါလိမ့်မယ်ပုလဲမေ'ဟု ကျွန်ုပ်က နှစ်သိမ့်သော်လည်း ပုလဲမေက…

'မဖြစ်ဘူး…မဖြစ်ဘူးကိုဒေါနန် ဒါဒါတိရစ္ဆာန်မဖြစ်နိုင်ဘူး၊ သူ သူ ဖြစ်လိမ့်မယ်၊ ကျွန်မတို့မသေအောင်ဒီနေရာက ထွက်ပြေးကြမှဖြစ်လိမ့်မယ်'

'ဟင် ဘာကြောင့်ပြေးတာလားပုလဲမေ'ဟု ကျွန်ုပ်က တအံ့တသြဝမ်းသာစွာမေးလိုက်မိ၏။

'ကျွန်မသိပါတယ် မပြေးလို့ကို မဖြစ်တော့ဘူး၊ ဘယ်နည်းနဲ့မဆို သူသိသွားတာသေချာပါတယ်၊ မပြေးရင်တော့ အသေဆိုးနဲ့ သေရမှာ သေချာပါတယ်'

'ကဲ—ဒါဖြင့် ဘယ်လိုပြေးကြမလဲ'ဟု ကျွန်ုပ်က မေး၏။

ပုလဲမေက…

'အာပဲဖြစ်ဖြစ် ဒီယောင်ကြားလမ်းတွေအတိုင်း မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြေးကြရမှာပဲ'

ထို့နောက် ကျွန်ုပ်နှင့် ပုလဲမေတို့ နှစ်ဦးသားသည် [illegible] အချိန်၌ ထွက်ပြေးရန် [illegible] ဖြစ်ကြောင်းနှင့် ပန်းခြံ [illegible] တည်း [illegible] သဘောတူညီကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုလဲမေကလည်း လမ်းခရီးတွင် စားသောက်ရန်အတွက် အသင့်ရှိနေသော ရိက္ခာအချို့ကို ယူလာခဲ့မည့် အကြောင်း ပြောဆိုကာ ရှန်ဂရီလာကျောင်းတော်သို့ လူစုခွဲ၍ပြန်လာခဲ့ကြ၏။

ကျွန်ုပ် ကျောင်းအဝင်ဝသို့ ရောက်သောအခါ ကျောက်တောင်မှ ပြိုးပြိုးပြက်ပြက်ဖြင့်တစ်ချက်မျှလင်းလက်သွားသည်ဟု ထင်လိုက်မိ၏။

အခန်းသို့ ပြန်ရောက်သောအခါ ကျွန်ုပ်၏ တရုတ်အစေခံဖြစ်သူက အသင့်စောင့်ဆိုင်းနေလျက် ဘုန်းတော်ကြီးပါရော့ ရုတ်တရက်သေဆုံးသွားပြီ ဖြစ်ကြောင်း ပြောကြားလေ၏။

ကျွန်ုပ်မှာ ထိုသတင်းကြောင့်ကြက်သေသေကာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ နေရာ၌ အချိန်အတော်ကြာမျှ မလှုပ်မယှက် ရပ်နေမိလေ၏။

ပြီးမှပင် အစေခံအား—

'ပရော်ဖက်ဆာဒေါက်တာမီးပွားရောကွ'ဟု မေးရလေ၏။

'ဆရာကြီးနဲ့ လားမားဘုန်းတော်ကြီးတွေ ဈာပနကိစ္စအတွက် စီစဉ်ဆောင်ရွက်နေပါတယ်သခင်'ဟုပြောပြ၏။

တရုတ်အစေခံ ပြန်လည်ထွက်ခွာသွားသောအခါ ကျွန်ုပ်သည် အခန်းတစ်ခုတွင် တွေ့ရသည့် ဖယောင်းများအား ယူဆောင်၍ စက္ကူဖြင့် မီးရှို့လျက် အရည်ပျော်စေကာ ကျွန်ုပ်နေ့စဉ်ရေးသားထားသော မှတ်တမ်းကြီးအား အတတ်နိုင်





ဆုံး သေးငယ်အောင် ခေါက်လျက် ဖယောင်းလုံးဖြင့် မိ လိုက်တော့၏။

ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ နှစ်ပရိစ္ဆေဒ မည်မျှပင် ကြာသည်ဖြစ်စေ စာရွက်များ ရှိခြင်း၊ ဆွေးခြင်း မဖြစ်စေရန်ပင် ဖြစ်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် ညဖက်၌ ထွက်ပြေးကြရန် [illegible] အစဉ်အတွက် စဉ်းစား တွေးတောရင်း အခန်းအော[illegible] လျက်သာ ရှိနေတော့၏။

တရုတ်အစေခံက ညစာအတွက် အစားအသောက်များကို ယူဆောင်လာသဖြင့် ကျွန်ုပ်လည်း ထွက်မပြေးမီ ဝလင်အောင် စားသွားရန် စိတ်ကူးမိတော့၏။

အမှန်ပြောရလျှင်၊ ထိုအချိန်၌ ရှန်ဂရီလာ၏ ကျောင်းထိုင်ဘုန်းကြီး ပါရော့နှင့် ဆွေးနွေးချက်များအတွက် ကျွန်ုပ် စိတ်တွင် အနည်းငယ်မျှ ရှိမနေတော့ပေ။

ကျွန်ုပ်မှာ ကုန်ဆုံးနိုင်ခဲ့သော အချိန်နှင့် အလင်းရောင်များကိုသာ စိတ်ထဲမှ တီးတိုး ကျိန်ဆဲနေမိတော့၏။

သို့နှင့် ကျွန်ုပ်လည်း အသင့်ရှိနေသော ညစာမှ ဝိုင်အရက်နှင့် လတ်ဆတ်သော ဟင်းရွက်ကြော်အပြင် အသီးအနှံများကို စတင် စားသောက်လေ၏။

ယခင်က နှစ်ပေါင်း အတော်ကြာ စားသောက်လာခဲ့သော အစားအစာ များမှာ ယခုအခါ၌ အရသာမရှိတော့ ထင်မြင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အနေဖြင့် တွက်ပြေးရန် စိတ်စောနေသောကြောင့်သာ ထိုသို့ဖြစ်ရခြင်းဟု မှတ်ယူနေခိုက်မှာပင်—

ကျွန်ုပ်သည် ရုတ်တရက် အိပ်ချင်လာ၏။

မျက်လုံးများကို အနိုင်နိုင်ဖွင့်လှစ်နိုင်ရန် ကြိုးစားနေသည်ကြားမှပင် တစ်လောကလုံး မှောင်အတိ ကျသွားသည်မှာ သင်မြင်မိပေတော့၏။

ထိုသို့ မှောင်ကျမသွားမီ အချိန်အတောအတွင်း၌ပင် ပရော်ဖက်ဆာဒေါက်တာမီးပွား၏ တဟားဟား အော်ဟစ်ရယ်မောသံကြီးကို ကျွန်ုပ်၏နားနှင့် တိတိကျကျကြားလိုက်ရပါလေ၏။

* * *



## မောင်ထွန်းပနှင့် မုဆိုးကြီးဖရော်ဂန်

မုဆိုးကြီးဖရော်ဂန်နှင့် မောင်ထွန်းပတို့မှာ တစ်ငက်တစ်ပျက်၌ ဦးဒေါနုံ၏စာ ဆုံးသွားသောကြောင့် ကြိုင်မနိုင်ခဲမရ ဖြစ်နေကြလေ၏။

'တောက် ရှေ့ဆက်ပြီး ဘာဖြစ်တယ်ဆိုတာ သိချင်လိုက်တာ မောင်ထွန်းပရာ'

'ဟုတ်တယ်ဦးလေး၊ အဖေ့ကိုဖမ်းမိသွားပြီး ပရော်ဖက်ဆာ ဒေါက်တာမီးပွား ဆိုတဲ့ လူက ဘယ်လိုလုပ်တယ်၊ ပြီးတော့ ဒီအရေးက ဘယ်လို လွတ်မြောက်လာတာရယ်၊ နောက်တို့အဘွားအိုကြီးအလောင်းဟာ ဘယ်သူလဲဆိုတာကျွန်တော် သိပ်သိချင်တာပဲ' ဟု မောင်ထွန်းပက ပြော၏။

သူတို့နှစ်ဦးသည် မျက်ခွံကြီးများမို့အစ်၍ သေဆုံးရှာသော ဦးဒေါနုအလောင်းကို စိတ်မချမ်းမြေ့စွာ ကြည့်ပိုက်ကြ၏။

ထိုစဉ်မှာပင် မုဆိုးကြီးဖရော်ဂန်က—



www.burmeseclassic.com

www.burmeseclassic.com



'ဟာ—ခဟာ မောင်ထွန်းပရေ၊ သေသေချာချာကြည့်စမ်း ကျွမ်းမင်းအာဇဖ ကိုဓါနုမ္ဘ မျက်ခွံနဲ့မါးစပ်တွေကို အလွှတ် ပီရီဇသဿပ်တွာ ချုပ်ထားဘာတွ၊ တွေ့သား'

'ဟာ...ဟုဘ်ဘယ်ဦးသေး' ဟု မောင်ထွန်းပကလည်း တာအံ့တာသြ ပြောဓ၏။

'အင်း...ဒါကြောင့် သူ့ ချောမျက်စိလဲမမြင် စကားလဲ မပြောနိုင် ဖြစ်ရတာကိုး'

'ခေတ်တော် ရက်စက်တဲ့ လူပဲဗျာ၊ တစ်နေ့နေ့တော့ တွေ့ကြမှာပေါ့ ဒေါက်တာဒိမ်းပွားရယ်'

ဖခင်အတွက် အခဲမကျေနိုင်သည့် စိတ်ဓာတ်ဖြင့် မောင်ထွန်းပက ကြုံးဝါးလေ၏။

မှုဆိုးကြီး ဖရော်ဂန်က အနည်းငယ် စဉ်းစားလိုက်ပြီးလျှင်...

'မောင်ထွန်းပရေ ဟိုအဘွားကြီ အလောင်းဟာ သူ စာထဲပါတဲ့ သူနဲ့ အတူတူ ထွက်ပြေးလာသူ ပုလဲမဆိုဘာ များ ဖြစ်နေမလားပဲ' ဟု ဆို၏။

မောင်ထွန်းပက ခေါင်းခါ၍—

'ဖြစ်နိုင်မယ် မထင်ဘူး ဦးလေးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အဖေ မှတ်တမ်းမှာ ပါတဲ့ ပုလဲမေဘ အသက်နှစ်ဆယ်ကျော် ကျော်ဆို၊ အခုဟာက အဘွားကြီးပဲ မဟုတ်လား'

အလောင်းများမှာ ဆီးနှင်း၏ အအေးဓာတ်ကြောင့် ချမ်းဖျက် ဆင်းမျက် မဖြစ်ဘဲ ရှိနေလေ၏။





'ဟာ...ဟိုမှာ ကြည့်စမ်းဟေ့၊ အဘွားကြီးအလောင်းရဲ့ အောက်ဖက် နားမှာ အစွန်းထွက်နေတာ အိတ်တစ်အိတ် မဟုတ်လား'

မုဆိုးကြီး ဖရော်ဂန်က ပြောပြော ဆိုဆို အဘွားကြီး၏ အလောင်းရှိရာသို့ ထသွားလေ၏။

မောင်ထွန်းပလည်း မုဆိုးကြီး ဖရော်ဂန်ထံသို့ သွက်လက်စွာ လိုက်ပါသွားလေ၏။

ထို့နောက်...

မုဆိုးကြီး ဖရော်ဂန်က အဘွားကြီး၊ အလောင်းအား အနည်းငယ် ဆွဲဖယ်၍ အိတ်ကို ဆွဲယူလိုက်၏။

ပြီးလျှင် အိတ်ကို ဖောက်သိုး ဖြုလှုပ်၍ သွန်ချလိုက်သည်တွင်၊ အသားခြောက်အချို့၊ မုန့်ခြောက်အချို့နှင့် အတူ မောင်တိန်တစ်ချောင်းနှင့် အနက်ရောင်မှတ်စုစာအုပ်လေးတစ်အုပ်တို့ ထွက်ကျလာလေ၏။

'ဟာ၊ ဒီမှာစာအုပ်တစ်အုပ်ကွ၊ ဘာပဲဖြစ်ဖြစ် အထဲမှာ ရေးထားတာရှိရင် နည်းနည်းပါးပါးတော့ ထူးခြားမှာ အမှန်ပဲ' ဟု မုဆိုးကြီးဖရော်ဂန်ကပြော၏။

ထိုအခါကြောင့် မောင်ထွန်းပက စာအုပ်ကလေးကို ကောက်ယူ၍ စာမျက်နှာများကို ဖြည်းညင်းစွာ လှန်ကြည့်လိုက်လေ၏။

စာလုံးများမှာသေးငယ်သောကြောင့် ကျောက်ဂူအတွင်းမှအလင်းရောင်နှင့်ဖတ်ရှုရ၍မရနိုင်ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီး ဖရော်ဂန်က မောင်ထွန်းပအား....

'မောင်ထွန်းပရေ ဒါဟာ မိန်းမလက်ရေးကွ၊ ဒီဂူထဲက အလင်းရောင်နဲ့ ဖတ်လို့မရဘူးကွ၊ လာ–ဂူအပြင်ဖက် ထွက်ဖတ်ကြစို့' ဟု ပြောရာ မောင်ထွန်းပက ဦးခေါင်းညိတ်လိုက်ပြီးလျှင် —

'ဟုတ်ကဲ့ ဦးလေး' ဟု ထောက်ခံ၏။

မုဆိုးကြီး ဖရော်ဂန်နှင့် မောင်ထွန်းပတို့သည် နှစ်ဦးသား ကျောက်ဂူအပြင်သို့ ထွက်ခဲ့ကြလေ၏။

ထိုအချိန်၌ မိုးစင်စင် လင်းနေပြီဖြစ်သောကြောင့် အပြင်ဖက်၌ အလင်းရောင် ကောင်းစွာ ရရှိနေပြီ ဖြစ်ပေတော့၏။

မောင်ထွန်းပမှာ မချိမဆန့် ဝေဒနာခံစားလျက် သေဆုံးသွားရရှာသည့် ဖခင်ကြီးအတွက် အထူးပင် ယူကျုံးမရဖြစ်လျက် မျက်ရည်များဖြင့် ဝေဝါးနေပေရာ မှတ်စုစာအုပ်မှ စာလုံးလေးများကိုပင် အထူး ဂရုစိုက် ဖတ်ရှုရလေ၏။

မှတ်စုပါ အကြောင်းအရာများမှာ စိတ်ချောက်ချားဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ၊ စုန်လှုပ်ဖွယ်ရာများဖြင့် ရောပြွမ်းနေလေတော့၏။

ထိုအကြောင်းအရာများမှာ အောက်ပါအတိုင်း ရေးသားထားကြောင်း တွေ့ရလေ၏။

* * *



ကြောက်မက်ဖွယ် အန္တရာယ်လူသား

ကျွန်မ ပုလဲမေ၏ မှတ်စု

ကိုဒေါနန်၏ မှတ်တမ်း ရေးသားချက်များအရ ကျွန်မ ပုလဲမေမှာ မည်သူမည်ဝါဖြစ်ကြောင်း စာဖတ်သူ သိပြီးဖြစ်ပါလိမ့်မည်။

ကျွန်မမှာ စာအရေးအသား ဝါသနာပါလှသူမဟုတ်သော်လည်း ကျွန်မ တွယ်တာမြတ်နိုးသူ၊ ထို့ပြင် အလွန်သနားစရာ ကောင်းလှသည့် ကျွန်မချစ်သူ ကိုဒေါနန်၏ တိုက်တွန်း တောင်းပန်ချက်အရ ဤမှတ်စုကိုဆက်လက်ရေးသားခြင်း ဖြစ်ပါလေ၏။

ကိုဒေါနန်မှာမူ ကျွန်မတို့ ရှန်ဂရီလာမှ အောက်မမြေးမိသားစုတွင် ကျွန်မ၏ လင်ယောက်ျား ဖြစ်ခဲ့ဖူးသည့် ရော်ဖက်ဆာ ဒေါက်တာ မီးပွား၏ ညွှန်ကြားချက်အရ ချွတ် အစေခံက အိပ်ဆေးခတ်လိုက်သဖြင့် အိပ်ပျော်သွားကြောင်း ကိုဒေါနန်၏ မှတ်တမ်း၌ ဖော်ပြပြီး ဖြစ်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါနမှာ ထိုအချိန်မှစ၍ နေ့စဉ်မှတ်တမ်းကို ရေးသား နိုင်ခြင်း မရှိတော့သောကြောင့် ကိုဒေါန၏ တိုက်တွန်းမှုဖြင့် ဤ မှတ်စုကို ကျွန်မအနေဖြင့် ဆက်လက် ရေးသားဖော်ပြမည် ဖြစ်ပါ၏။

အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်ပါ လေ၏။

ကျွန်မသည် ညမိုးချုပ်သောအခါ အသင့် ရှိနေသည့် ရိက္ခာခြောက် အချို့၊ လိုရမည်ရ ယူဆောင်လာသည့် ဖယောင်းတိုင် တစ်ချောင်း၊ မှတ်စုစာအုပ် တစ်အုပ်တို့နှင့် အတူ ကိုဒေါနနှင့် ချိန်းဆိုထားသော ရှန်ဂရီလာနှင့် မိုင်ဝက်ခန့် ဝေးသည့် ကျောက်ဆွယ်ရှိရာသို့ သုတ်ခြေတင်၍လာခဲ့လေ၏။

ကျွန်မအနေနှင့် ကျောက်ဆွယ်သို့ ရောက်ကာနီးခွဲ ဟား တိုက် ရယ်မောလိုက်သော အသံကြီးကိုကြားလိုက်ရတော့၏။

'ဟား...ဟား...ဟား... ပုလဲမေ၊ ပုလဲမေ၊ မင်းဟာ တော်တော် သစ္စာမဲ့တဲ့ မိန်းမပဲကွ၊ မင်းဟာ ငါမရှိခို ကိုဒေါနဆိုတဲ့ကောင်နဲ့ ဖောက်ပြန်တဲ့အပြင် ရှန်ဂရီလာ မျိုးဆက်သစ် ဖြစ်စေမယ့်လူကိုတောင် ခေါ်ပြေးဖို့ လုပ် မိန်းမပဲ၊ မီးတွားကို ဒီလိုလုပ်လို့ မရဘူးလေ၊ ဟဲဟဲဟဲ'

ကြောက်မက်ဖွယ် မျက်နှာထားနှင့် ကျောက်ဆွယ်ကြား ပေါ်ထွက်လာသော ပရောဖက်ဆာ ဒေါက်တာ မီးတွား တွေ့လိုက်ရ၏။

ကျွန်မမှာ ကြောက်အားလန့်အားဖြင့် နောက်ကြောင်း ပြန်ပြေးရန်ပြင်လိုက်သော်လည်း ပရောဖက်ဆာ ဒေါက်တာ



မီးတွားက ကျွန်မအား ဖမ်းဆီးချုပ်နှောင်ကာ ကျောက်ဆွယ် ကြားသို့ ဆွဲခေါ်သွားတော့၏။

ထိုအခါ....

ကျောက်ကပ်တစ်ခုပေါ်၌ ပက်လက်အနေအထားနှင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကိုဒေါနကို အံ့ဩစဖွယ် တွေ့ မြင်ရတော့၏။

'ဟဲ ဟဲ ဟဲ... မင်းရဲ့ချစ်သူလေ၊ မင်းတို့ရဲ့ ချစ်ချင်းကို ငါမခွဲပါဘူးကွ၊ မင်းတို့ ပေါင်းရမှာပါ၊ အဲ... ဒါပေမယ့် ဒီ ရှန်ဂရီလာမှာတော့ မဟုတ်ဘူး၊ တခြား တစ်နေရာရာမှာ ဖြစ်လိမ့်မယ်လို့ ငါထင်တယ်ကွ'

ထိုသို့ပြောဆိုလျက် တဟားဟား အော်ဟစ် ရယ် ပြန် လေ၏။

ကျွန်မမှာ ကြောက်လွန်းလှသဖြင့် မေ့မြောသွားမည့်ကဲ့ သို့ပင် ဖြစ်နေရပါတော့၏။

'ကဲ လာခဲ့၊ မြီးတော့ ငြိမ်ငြိမ်လေးသာ ကြည့်၊ ကိစ္စ အားလုံးပြီးရင် မင်းတို့ နှစ်ယောက်စလုံးကို ငါ လွှတ်ပေး လိုက်ပါ့မယ် ဟုတ်လား ပုလဲမေ'

ပြောပြောဆိုဆို ကျွန်မ၏ ခြေနှင့် လက်များကို ကြိုးနှင့် ခိုင်ခံ့စွာတုပ်နှောင်သည့်အပြင် ကျွန်မ၏ ပါးစပ်အတွင်းသို့ အဝတ်စ တစ်စကိုလည်း ထည့်သွင်းလိုက်လေ၏။

ထို့နောက် အားပါးတရ ရယ်မောပြီးလျှင် မေ့မြော အိပ်ပျော်နေသည့် ကိုဒေါန အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ် ယူ၍ လက်ဝါးဖြန့်ပြလေ၏။

စန်းထက်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာ မန်ကျည်းစေ့ခန့်ရှိ အရည်အသွေးကောင်းလှသော ပတ္တမြားနှစ်လုံးနှင့် အရောင် တဖျပ်ဖျပ်လက်နေသည့် ကွမ်းသီးလုံးခန့် စိန်တစ်လုံးတို့ ဖြစ်ကြောင်း ကျွန်မ တွေ့မြင်ရ၏။

မကြာမီ...

ပရော်ဖက်ဆာ ဒေါက်တာမီးပွားသည် ကျောက်စွန်းအကွယ်၌ ဝှက်ထားသည့် အိတ်တစ်အိတ်ကိုဆွဲယူလိုက်ပြန်၏။

ထိုအိတ်မှာ ၎င်း၏ ခွဲစိတ်ကုသသော ကိရိယာများထည့်သည့်အိတ် ဖြစ်ကြောင်း ကျွန်မမှတ်မိသဖြင့် ကိုဒေါနအတွက် အထူးပင် စိုးရိမ်တုန်လှုပ်သွားမိလေ၏။

သို့သော်...

ကိုဒေါနအား ကယ်ဘင်ရန် ကျွန်မအနေနှင့် မည်သို့မျှ မတတ်နိုင်ပါပေ။

ပရော်ဖက်ဆာဒေါက်တာမီးပွားသည် ခွဲစိတ်ကုသ ကိရိယာများကို အေးဆေးစွာ ထုတ်နေရင်းမှ...

'အင်း...ဒေါန ဒေါန၊ ငါဘာဘော့ ကောင်းစေချင်လို့ အထက်ကို မြှင့်ပေးတယ်၊ မင်းက အောက်ကိုခုန်ချဘာတော့ မင်းကံလို့ပဲ ဆိုရတော့မှာပေါ့လေ၊ ဥပုသ်စောင့်နေတဲ့ကျားကို မင်းမို့ လာနှိုးရက်ပါလေ၊ ဒီမှာ ပုလဲခမ၊ မင်းတို့နှစ်ယောက် ဒီကျောက်ဆွယ်မှာရှိတဲ့အချိန် ငါက ကျောက်တောင်ပေါ်က နေ မှန်ပြောင်းနဲ့ကြည့်လို့ အားလုံး အတိအကျ သိရှိပြီးနေပြီ' ဟု ဆိုလေ၏။

ထို့နောက် ဆက်လက်၍...





'လန်ဒန်ကို ငါသွားနေပေမယ့် မင်းတို့ရဲ့ ကြာကူလီ ဇာတ်လမ်းကို ငါတည့်မြဲမြဲ စိတ်ထဲ တရုတ်အစေခံက ငါ့ဆီ သတင်းပို့ပြီးသားဆိုတာ မင်းတို့မသိကြဘူးလေ ဟဲဟဲဟဲ... ကဲ...ငါအလုပ်စတော့မယ်'

ပြောပြောဆိုဆို ခွဲစိတ်ကိရိယာများကို စတင်ကိုင်ဆောင်လေတော့၏။

ကျွန်မမှာ ထူးဆန်းသောလုပ်ဆောင်မှုကြောင့် အထူးပင် ကြောက်လန့်ခြင်း၊ ယူကျုံးမရခြင်းများ ဖြစ်နေရတော့၏။

ပရော်ဖက်ဆာဒေါက်တာမီးပွားနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ်မှာပင် ပရော်ဖက်ဆာဒေါက်တာမီးပွား၏ ရက်စက်မှုနှင့် သွေးသံရဲရဲကိစ္စရပ်များကို ကျွန်မ အနေဖြင့် ကြုံတွေ့ခဲ့ရသော်လည်း အထူးတုန်လှုပ်ခြင်းမဖြစ်ခဲ့ပါ။

အဆုံးတွင် ကိုဒေါန၏လက်မောင်းတစ်ဖက်ကို ဓါးရှန်းကြီးက တိခနဲ ပြတ်ကျအောင် ခုတ်လိုက်သော်လည်း ကျွန်မ မတုန်လှုပ်ခဲ့ပါ။

ယခု မြင်တွေ့နေရသည့်ကိစ္စမှာ ပရော်ဖက်ဆာဒေါက်တာမီးပွားသည် ကိုဒေါန၏ မျက်လုံးများကို မြှင်းမြီးကြီးနှင့် ပိရိသေသပ်စွာ ချုပ်နေ၏။

ပြီးလျှင် မန်ကျည်းစေ့ခန့်ရှိ ပတ္တမြားအား ပိတ်နေသော မျက်စိပေါ်၌တင်ကာ မျက်ခွံအပေါ်နှင့်အောက် ဆဲ့၍ စိတ်အေးလက်အေး ချုပ်လုပ်နေသောကြောင့်ပင်...



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကောက်ကိုင်လိုက်သည်။ ပြီးဆုံးသွားသောအခါ ညာဘက်မျက်လုံးနှင့်မှန်ဘီလူး၌ ခန့်ရှိ မတွေ့ရသော ဗိုက်ကပ်၍ အထက်ပါ နည်းအတိုင်း သေတ္တာချွန်ချွန်ဖြင့် ပိရိသေသပ်စွာ ချုပ်လုပ်ပြန်လေ၏။

တစ်ဖန်– ထိုအိတ်ပြီးသောအခါ၌ စိန်တုံးကြီးအား ကိုဒေါ်၏ လျှာအောက်တွင် ထားပြီးလျှင် နှုတ်ခမ်းနှစ်ခုကို ခွဲစေ၍ ချုပ်ပြန်လေတော့၏။

မကြာမီ သူ၏ လုပ်ငန်းဆောင်တာအဝဝ ပြီးဆုံးသွားသဖြင့် ကျွန်မအား ကြိုးဖြေပေးပြီးနောက်–

'မင်းတို့ ဗီနေရာကဲ ချက်ချင်းထွက်သွားပေတော့၊ ရောက်ရာအရပ်မှာ မပူမပင်သုံးစွဲနိုင်အောင် မင်းချစ်သူထံမှာ ငါ့ရဲ့ အရင်းအနှီးတွေကို ထည့်ပေးလိုက်တယ် ပုလဲမေ'

ကျွန်မမှာ အာခေါင်များခြောက်ကပ်လျက်၊ အေးမြလှသည့် မြူနှင်းများကြားတွင် ချွေးပြိုက်ပြိုက် ယိုစီးကျလာသည်အထိ လွန်စွာရက်စက်လှသော ပရော်ဖက်ဆာဒေါက်တာမီးပွား (သို့မဟုတ်) ကျွန်မ၏ လင်ယောကျ်ားဟောင်းအား ကြောက်လန့်စွာ ကြည့်နေမိတော့၏။

'ဒီမှာ ပုလဲမေ၊ မင်းချစ်သူဆိုတဲ့ ဒေါနကို ပြောလိုက်စမ်းပါ၊ တစ်နှစ်အတွင်းမှာ အသက်ရှင်နေသေးတယ်ဆိုရင် မင်းတို့ ရောက်နေရာအရပ်ကို ငါလိုက်လာသတ်မယ်ဆိုတာ' ဟု ကြိမ်းဝါးပြန်၏။

ကျွန်မလည်း ကြောက်ရွံ့သည့်မျက်လုံးများနှင့် ကြည့်နေရသည်မှအပ မည်သို့မျှမတတ်နိုင်ဘဲ တုန်လှုပ်စွာရှိနေလေ၏။





ပရော်ဖက်ဆာဒေါက်တာမီးပွားက စူးရှဖြင့်တောက်လှသည့် ဒေါသမျက်လုံးများနှင့် ကျွန်မအား တစ်ချက်မျှကြည့်လိုက်ပြီးနောက်–

'ငါက မင်းယောကျ်ား ဒေါနကို မြင့်မြတ်စေချင်လို့ ကောင်းကင်ပေါ် ဆွဲတင်တယ်၊ မင်းရဲ့ကောင်က မြှားပုံထဲခုန်ချတာတော့ သူ့ကြမ္မာ သူဖန်တီးတာပဲလေ၊ ငါ့အပြစ် မဟုတ်ဘူး ပုလဲမေရေ–ဟား ဟားဟားဟား'

ထိုသို့ပြောကာ သူရူးတစ်ယောက်ပမာ ဟားတိုက် ရယ်မောနေလေ၏။

ဆက်လက်၍ သူကပင်....

'ကောင်းပြီ၊ သူသိပ်လိုချင်နေတဲ့ စိန်ချိုကားကြီးကိုလဲ လက်ဆောင်အဖြစ် ငါပေးလိုက်ပါတယ်၊ တစ်ဖါတည်း ယူသွားကြပေါ့' ဟု ပြောပြန်၏။

ကျွန်မမှာ လူသေကောင်နှင့်မခြား ငြိမ်သက်လျက်ရှိသည့် ကိုဒေါနတိုသာ ကရုဏာသက်စွာ ကြည့်နေမိ၏။

ပရော်ဖက်ဆာ ဒေါက်တာမီးပွားသည် ကျောက်ဆွယ်အတွယ်မှ ထွက်ခွာမည့်ဟန်ပြင်လိုက်ပြီးမှ ပြန်လှည့်လျက်....

'အေး မင်းသိအောင် ပြောပြခဲ့ရဦးမယ်၊ တစ်ချိန်က ဒီလပြားတောင်ကြားကို ရောက်လာတဲ့ ဩစတီးယန်းလူမျိုးတိုချယ်တို့ မင်းမှတ်မိဖါလိမ့်မယ်၊ အဲဒီကောင်ဟာ ရိုးရိုးတန်းတန်းသေသွားတာမဟုတ်ဘူးပုလဲမေရဲ့၊ ငါ့ရဲ့ခွဲစိတ်ပြီး သေဆုံးသွားရတာကွ၊ ဟားဟားဟား– ဘာ့ကြောင့်သတ်ရတယ်ဆိုတာ မင်းသိချင်လိမ့်ဦးမယ်၊ ဒီဒေသတရွှေ

www.burmeseclassic.com



တွေကို တခြားယူဆောင်သွားဖို့ စိတ်ကူးလို့ပဲကွ ရှင်းပြီ မဟုတ်လား'

ထိုအခါကျမှပင် လွန်ခဲ့သောနှစ်အတော်ကြာက ဤဒေသ ခြံရှိန်ဂရိလာဘုန်းတော်ကြီးအတွက် ပစ္စည်းများကိုယူဆောင် လာခဲ့သည့် ဩစတြီးယန်းလူမျိုးဟိုချယ်ဆိုသူကို ကျွန်မအနေ ဖြင့် ပြန်လည်သတိရမိတော့၏။

ထိုအချိန်၌ လွန်စွာကြောက်ရွံ့ခြင်းဖြစ်နေမိသော်လည်း၊ လွန်စွာ ရက်စက်လွန်းလှသည့် ကျွန်မ၏ ထင်ယောက်ျား ဟောင်းဖြစ်သူ ပရော်ဖက်ဆာဒေါက်တာမီးပွားအား စက် ဆုပ်စွာကြည့်နေမိလေ၏။

'မင်းကိုတော့ ငါမသတ်လိုတော့ပါဘူး၊ ပတ်ဝန်းကျင် သဘာဝအနေအထားတွေက မင်းကို သတ်လိမ့်မယ်ဆိုတာ မင်းသိထားမှာပေါ့လေ၊ ကဲ ကဲ– ငါနှုတ်ဆက်ခဲ့ပါတယ်၊ မင်းယောက်ျားဟာ မကြာမီပြန်သတိရလာပါလိမ့်မယ်၊ သူ သတိရတာနဲ့ အမြန်ဆုံးထွက်ခွာသွားကြပေတော့'

ပြောပြောဆိုဆို တောင်ဆင်းလမ်းမှ လျှောက်သွားလျက် ထူထပ်သော သစ်ပင်များအကြားတွင် ပျောက်ကွယ်သွား တော့၏။

ထိုအခါကျမှပင် လျော့ရိလျော့ရဲဖြစ်နေသော ကြိုးများ ကို ကျွန်မဘာသာ ဖြေရလေတော့၏။

*　　*　　*



အန္တရာယ်များနှင့်အတူ

ရေးသားရန် ကျန်ရှိနေသည်များကို ဆက်လက်၍ ရေး သားပြပါဦးမည်။

ပရော်ဖက်ဆာဒေါက်တာမီးပွား ထွက်ခွာသွားပြီးတွင်း တစ်ယာညက်ခန့်အကြာ၌ ကိုဒေါနမှာအိပ်ရာမှနိုးလာသူကဲ့သို့ လှုပ်လာသော်၏။

ထို့နောက်–

'အူး' ဟု အလန့်တကြားအော်ဟစ်လိုက်ရှာလေ၏။

'ကိုဒေါန ကိုဒေါန သတိရလာပြီလား'

'ဟူး ဟူး ဝူး ဝူး ဝါး ဝါး'

ကိုဒေါနမှာ မှက်စိမမြင်ရတော့သည့်အပြင် စကားပင် မပြောနိုင်တော့သောအဖြစ်ကို အထူးတုန်လှုပ်၍ နေရှာလေ ၏။

ထို့ကြောင့်–



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက မရှော်ဖက်ဆာမောက်တာမိန်းပွားဏ်လုပ်ဆောင်မှုများကို ဖြည်းလေးစွာ ပြောပြလိုက်ရ၏။

ဤတွင် ကိုဒေါနမှာ ဆောက်တည်ရာမရဖြစ်ကာ တဝူးဝူး အော်ဟစ်နေတော့၏။

ရှန်ဂရီလာကျောင်းတော်ကြီးဆီမှ ထူးခြားသောခေါင်းလောင်းသံများကို ကြားလိုက်ရ၏။

ကျောင်းထိုင်ဆရာတော်ကြီး ချာာနကီစွ ဆောင်ရွက်ကြရန် နိုးဆော်တီးခတ်မှုဖြစ်ကြောင်း ကျွန်မသတိပြုမိပါ၏။

ကိုဒေါနက ကျွန်မ၏လက်များကို စမ်းသပ်ဆုပ်ကိုင်လိုက်ပြီးလျှင် သူ၏မျက်လုံးနှင့်ပါးစပ်များကို လက်ညှိုးထိုးပြလျက် ခေါင်းဖြင့်လှုပ်ပြလေ၏။

ချုပ်ရိုးများကို ပြန်လည်ဖြုတ်တောက်ပေးရန်ဖြစ်ကြောင်း ကျွန်မနားလည်သိရှိသော်လည်း ကျွန်မထံ၌ ဓားမရှိ၍ ဖြင့် တစ်နေရာရာအရောက်၌ ဓားကိုရှာဖွေ ဖြုတ်တောက်ပေးမည့် အကြောင်း နှစ်သိမ့်ပြောကြားရပြန်၏။

ဤသို့ဖြင့် ကျွန်မနှင့်ကိုဒေါနတို့နှစ်ဦးသားသည် ရှန်ဂရီလာကျောင်းတော်ကြီးကို ကျောခိုင်း၍ လပြာတောင်ကြားဒေသ သို့မဟုတ် လျှို့ဂှုက်ကမ္ဘာကို ကျောခိုင်းထွက်ခွာလာခဲ့ကြတော့၏။

တစ်ခုကံကောင်းသည်မှာ ကျွန်မအား ချည်နှောင်ထားခဲ့သည့်ကြိုးများ ဖြစ်ပေ၏။





ထိုကြိုးကို ကိုဒေါနဏ်ခါးနှင့် ကျွန်မ၏ခါးတွင်ချည်နှောင်ကာ ကျွန်မကအာရှေ့မှလမ်းပြခေါ်ဆောင်နိုင်ခဲ့သောကြောင့် ဖြစ်လေ၏။

ကိုဒေါနမှာ အစပထမတွင် လွန်စွာကြောက်ရွံ့ တုန်လှုပ်လျက် ရူးမတတ်ဖြစ်သွားသော်လည်း အတန်ငယ်ကြာသောအခါ တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့် စိတ်ကိုတည်ငြိမ်စွာ ထားနိုင်လာပြီးလျှင် တောင်တက်လမ်းနှင့် တောင်ဆင်းလမ်း၊ ချိုင့်ဝှမ်း၊ လွင်ပြင်များကို ဆက်လက်လျှောက်လှမ်းနိုင်ခဲ့လေ၏။

လမ်းခရီး၌ ဘောင်လမ်းဆောမှ ကမ်းပါးကြီးထဲသို့ကျ လူလုဖြစ်သွားသည့်အကြိမ်ပေါင်းမှာ မရေမတွက်နိုင်အောင် ရှိခဲ့ကြောင်း ကျွန်မရေးသားရမည် ဖြစ်ပါလေ၏။

သို့ပါသော်–

ကျွန်မ၏အချိန်မီ ဖမ်းဆွဲနိုင်မှု၊ အော်ဟစ်သတိပေးမှုများကြောင့်ချောက်ထဲသို့အား ကျရောက်ခြင်း မရှိခဲ့ပါပေ။

တစ်ချိန်တွင် တောင်ကြားလမ်း တစ်ခုကို နှစ်ဦးသား ဖြတ်သန်း လျှောက်သွားစဉ်တွင် လွန်စွာ ကြီးမားသော ငှက်ကြီးတစ်ကောင်မှာ ၎င်း၏ အစာအမှတ်ဖြင့် ကျွန်မတို့အား လျှပ်တစ်ပြက် ထိုးသုတ် တိုက်ခိုက်လေတော့၏။

ငှက်ကြီး၏ ဘောင်ပံခတ်မှုကြောင့် ကျောက်တောင်ကြီးမှ ကျောက်တုံး အချို့ ပဲ့ကျကာ တဝုန်းဝုန်းနှင့် တောင်အောက်သို့ လိမ့်ဆင်းသွားသည်ကို တွေ့ရ၏။

“ဂီး...ဂစ်...ဂစ်”



www.burmeseclassic.com

www.burmeseclassic.com



'ဖလဲပီ...ဖလဲပီ'

'ရှိန်း...ရှိန်း...ရှိန်း'

'ဝုန်း...ဝုန်း'

ကျွန်မက ရုတ်တရက် သတိဝင်လာတာ ဖျတ်လတ်စွာဖြင့် ဆွနစ်ယောက်မျှ ပုန်းခိုနိုင်သော ကျောက်လမ်းကျဉ်းကလေးထဲသို့ တိုးဝင်လိုက်သောကြောင့်သာ အသက်ချမ်းသာရာ ရခြင်း ဖြစ်ပေ၏။

ငှက်ကြီးမှာ ကျွန်မတို့အား မတွေ့ရသည့်အတွက် ပြင်းစွာ အမျက်ထွက်လျက် ကျောက်တောင်၏အပေါ် နှစ်ပေသုံးပေ ခန့်မှ ဝဲပျံကာ အတောင်ပံကြီးကို တဖျပ်ဖျပ် ခတ်လျက်သာ ရှိနေ၏။

သုံးလေးပတ်မျှ ဝဲပျံပြီးသော အခါမှ စိတ်လျော့လိုက်ဟန်ဖြင့် တစ်ဖက် တောင်ထွတ်ဆီသို့ ပျံသန်း ထွက်ခွာသွားတော့၏။

'ဟင်း...အခုမှ စိတ်သက်သာရလာတော့တယ်ကိုဒေါ်နဲ့' ဟု ကျွန်မက ပြောလိုက်ရာ—

'ဟူး...ဟူး' ဟူ၍ အအ တစ်ယောက်ကဲ့သို့ 'အန္တရာယ်ကင်းရှင်းသွားပြီလား' ဟူသည့် အနေအထားကို ကိုဒေါ်နက လက်ဟန် ခြေဟန်နှင့် မေးရှာလေ၏။

ထို့ကြောင့် ကျွန်မက စိတ်အေးရပြီ ဖြစ်ကြောင်း ကိုဒေါ်နကို ရှင်းလင်း ပြောပြရ၏။

ငှက်ကြီးရန်ကို စိတ်မအေးရသေးသောကြောင့် ထိုနေ့အဖို့ ထိုကျောက်လမ်းကျဉ်းလေးထဲတွင်ပင် ညအိပ် ရပ်နား





ရန် ကျွန်မတို့ ဆုံးဖြတ်ပြီးလျှင် ပါလာသည့် အစားခြောက် အနည်းငယ်နှင့် အသီးများကို စားသောက်ကြ၏။

နှင်းမှုန်များ ဖွဲဖွဲ ကျလျက် အေးစိမ့်လွန်းသောကြောင့် ချုပ်ထားသည့် ဒဏ်ရာများ နာကျင် ကိုက်ခဲနေရှာသဖြင့် မခံမရပ်နိုင်ဖြစ်ကာ၊ ကိုဒေါ်နမှာ ဟူးဟူး ဟားဝါးဝါး ဟစ်အော်နေရှာ၏။

ထို့ကြောင့် ကျွန်မက ချော့မော့ ဖျောင်းဖျ၍ ကျောက်တုံးကြီး တစ်တုံးဘေးတွင် အိပ်စက်စေ၏။

သနားစမွယ်ကောင်းလှသည့် ကိုဒေါ်န၏အဖြစ်အား စိတ်မကောင်းဖြစ်မိသည့် အလျောက် တစ်ခုံတစ်ရာ အာရုံဝင်စားနေလျှင် ဒဏ်ရာနာကျင်မှုကို သက်သာသွားစေနိုင်ရန် ကျွန်မ၏ဘဝဖြစ်စဉ်ကို အောက်ပါအတိုင်း ကိုဒေါ်နအား ပြောပြရ၏။

ကျွန်မ၏ဖခင်မှာ ဘုံဘေဘားမား သစ်ကုမ္ပဏီမှ အဝယ်တော်ဖြစ်သည့် ဦးမော်သိန်းဖြစ်၍ မိခင်မှာ ဒေါ်လှ ဖြစ်၏။

ကျွန်မ အသက်နှစ်ဆယ်အရွယ်ရောက်သည့်တိုင် ကန်တော်ကြီးစောင်းရှိ တိုက်အိမ်ကြီးတွင် မိသားစုမပူမပင်နှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြ၏။

ကျွန်မမှာ အင်္ဂလိပ်သာသနာပြုကျောင်းမှ အထက်တန်းပညာရပ်များကို ဆည်းပူးနေဆဲ ဖြစ်၏။

တစ်နေ့တွင် ဖခင်ကြီးဦးမော်သိန်းသည် ခရီးထွက်ရာမှ အပြန်၌ ၎င်း၏ မိတ်ဆွေဟောင်းဆိုသူ လူကြီးတစ်ဦးကို ကျွန်မတို့နေအိမ်သို့ ခေါ်ဆောင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ဤခန်းမှာ၌ ဖော်ပြရေးသားရန် ကျန်ရှိနေသည်မှာ ကျွန်မ၏မိခင်ဖြစ်သူမှာ အိမ်မှုကိစ္စများကိုသာ ဒေါ်သနားပေါ်ပေါ်ချော ဆေးတည်ငြိမ်စွာ နေတတ်ခဲ့သည်သည်း—

ဖခင်ဖြစ်သူနှင့် ကျွန်မမှာ စွန့်စားခြင်းကို အထူးဝါသနာပါကြသျှင် ရှေးဟောင်းပစ္စည်းများကိုလည်း အထူးမက်မောကြသည်တကြ၏။

'သမီးရေ…သမီးနဲ့မိတ်ဆက်ပေးရဦးမယ်၊ သူက ကျောက်စာဝန်ထောက်ဟောင်း ဦးထွန်းမြတ်တဲ့၊ မေမေ ရဲ့ သူငယ်ချင်းပေါ့' ဟု မိတ်ဆက်ပေး၏။

'အို… ကျောက်စာဝန်ဟောင်း ဆိုတော့ ရှေးဟောင်းကျောက်စာတွေအပြင် တခြားထူးဆန်းတဲ့ ရှေးဟောင်းပစ္စည်းတွေကိုလဲ တွေ့ရ၊ သိရ၊ စုဆောင်းရနိုင်တာပေါ့နော် မေမေ'

ကျွန်မက စိတ်အားထက်သန်စွာ မေးလိုက်မိ၏။

မေမေနှင့် ကျောက်စာဝန်ဟောင်း ဦးထွန်းမြတ်ဆိုသူ လူကြီးက ကျွန်မကို ကြည့်၍ သဘောကျစွာ ရယ်ကြ၏။

ပြီးမှ ဖခင်ကြီးက ကျွန်မအား လက်ညှိုးညွှန်လျက် ဦးထွန်းမြတ်အား….

'ကဲ-ထွန်းမြတ်ရေ၊ ငါ့သမီးကို အခု မင်းကိုယ်တိုင်အကဲခတ်မိပြီ မဟုတ်လားကွ၊ သူက ထူးထူးဆန်းဆန်းနဲ့ စွန့်စွန့်စားစားကိစ္စဆိုရင် ဝါသနာပါရုံမက ရှေးဟောင်းပစ္စည်းတွေဆိုရင်လဲ အင်မတန် ခုံမင်နှစ်သက်တာကွ'

မေမေက ထိုသို့ပြောလိုက်၏။





ဦးထွန်းမြတ်က တဟဲဟဲရယ်၍ ခေါင်းညိတ်ရင်း—

'အင်း…အဲ့ဒါတော့ သမီး ပီသပါပေ့ကွ' ဟု ဆို၏။

မေမေက ပြုံး၍—

'ဒါ့ အာဟုတ်သေးလဲ သူငယ်ချင်းရ၊ အလုပ်ကိစ္စနဲ့သွားရတဲ့ ဒေသတွေကိုတောင် ငါနဲ့အတူတူ နေရာအနှံ့တော်များများကို သူလိုက်ခဲ့ဖူးတယ်ကွ' ဟု ပြော၏။

'အိုး—အာဂကလေးပါလား'

ဦးထွန်းမြတ်က အံ့သြချီးကျူးသော အကြည့်ဖြင့် ကျွန်မအား ကြည့်နေ၏။ ပြီးမှ

'အင်း—သမီးနာမည်က ဘယ်လိုခေါ်လဲကွဲ့' ဟု မေး၏။

'ပုလဲမေပါ'

'ပုလဲမေ—ပုလဲမေ နာမည်လေးက ရိုးရိုးနဲ့ သိပ်လှပါပေ၊ သမီးရဲ့ အသားအရောင်နဲ့လဲ လိုက်ဖက်ပါတယ်ကွယ်၊ သမီးလေး ပုလဲမေရေ၊ ဦးလေးဟာ အခုဆိုရင် အငြိမ်းစားအလုပ်ကထွက်ပြီး ရှေးဟောင်းပစ္စည်းတွေကို ဝါသနာအရ စုဆောင်းသိမ်းဆည်းနေတာ ဆိုပါတော့ကွယ်၊ သမီးကြည့်ချင်တယ်ဆိုရင်တော့ ဦးရဲ့အိမ်ကို တစ်နေ့လောက် မင်းတို့ သားအဖ လာခဲ့ဟုတ်လား၊ ဦးစုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေကို မင်း မြင်ရပါလိမ့်မယ်'

ထိုနေ့က ကျောက်စာဝန်ဟောင်း ဦးထွန်းမြတ်သည် မေမေ၊ မေမေတို့နှင့် စကားစမြည်ပြောကြားရင်း ညစာစားသောက်ပြီးမှ ကျွန်မတို့၏အိမ်တော်ကြီးမှ နေအိမ်သို့ ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမြတ်၏ ကတိပေးမှုကြောင့် မကြာမီ ရက်များ အတွင်း ရွှေဟောင်းပစ္စည်းများ ကြည့်ရှုရမည်ကို ပီတိဖြစ်လျက်၊ ထိုညက ညစာကိုပင် ကောင်းစွာ စားသောက်ခြင်း မပြုနိုင်ပါပေ။

ကျွန်မ၏ ဖေဖေကလည်း အလုပ်အားလပ်သည့်နေ့ ရက်တစ်ရက်တွင် ဦးထွန်းမြတ်နေထိုင်ရာ တာမွေရှိအိမ်သို့ လိုက်ပို့ပေးမည်ဖြစ်ကြောင်း ကတိပြုလေသည်။

ကျွန်မလည်း ထိုကတိအတိုင်း ဖေဖေ အလုပ်အားမည့် ရက်ကို စောင့်မျှော်လျက်သာ ရှိလေ၏။

တစ်နေ့သ၌ ဖေဖေသည် အလုပ်မှ စောစီးစွာပြန်လာလျက်—

'သမီးရေ၊ မကြာခင်ရက်အတွင်းမှာ ဖေဖေတော့ သစ်ဝယ်ဖို့ကိစ္စနဲ့ ခရီးထွက်ရလိမ့်မယ် တူတယ်၊ ဒီတော့ ဖေဖေ ကတိအတိုင်း ဦးထွန်းမြတ်ဆီ လိုက်ပို့ပေးမယ်—သွားစို့'

ထို့နောက် သားအဖနှစ်ဦးသည် ကားလေးဖြင့် တာမွေရှိ ကျောက်စာဝန်ဟောင်း ဦးထွန်းမြတ်နေအိမ်သို့ ထွက်ခဲ့ကြ၏။

* * *



## ခရီးထွက်ခွင့်ကြုံရခြင်း အကြောင်းရင်း

ကျောက်စာဝန်ဟောင်း ဦးထွန်းမြတ်၏ တိုက်ကလေးမှာ သပ်ရပ်သော တစ်ထပ်တိုက်ပုလေးဖြစ်၍ အလွန်ပင် နေချင်စဖွယ် ကောင်းလှပေ၏။

'လာကြဟေ့ သူငယ်ချင်း၊ အခုနမှ လေလံပွဲက ပြန်ရောက်တာကွ၊ လေလံဆွဲ ဝယ်လာတာလေ၊ မလှဘူးလား'

ဟုဆိုကာ ရင်းရှေ့ရှိ ကြွေပန်းအိုး ဖြူဖြူလေးကို လက်ညှိုးထိုးပြလေ၏။

ဖေဖေနှင့် ကျွန်မ နှစ်ယောက်သား တလှည့်စီ ယူကြည့်ကြ၏။

ထိုစဉ် ဦးထွန်းမြတ်က —

'အဲဒီ ပန်းအိုးလေးဟာ နှစ်ပေါင်း ငါးရာလောက်က တန်လူမျိုးစုရဲ့ လက်ရာလို့ ခန့်မှန်းရတာပဲကွ' ဟု ဆို၏။

ရှင်းရှင်းနှင့် လှနေသည့် တန်မင်းဆက် အနွယ်တော်များ၏ 'အနုပညာလက်ရာ ပန်းအိုးလေးကို ကျွန်မမှာ လွမ်းစွာ ကြည့်မဝ ရှုမဝ ဖြစ်နေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးထွန်းမြတ်က....

'ကဲ–ကဲ လာကြ၊ လာကြ၊ မင်းတို့ကြည့်ချင်တာလေးတွေ ကြည့်ရအောင်'

ထိုသို့ပြောတာ ကျွန်မတို့ သားအဖအား သော့ခတ်၍ ဆေးရောင်အပြာ ရေးခြယ်ထားသော အခန်းတစ်ခုသို့ခေါ် ဆောင်သွား၏။

သော့တွဲထဲမှ သော့တစ်ချောင်းဖြင့် အခန်းတံခါးကို ဖွင့်လိုက်ပြီးလျှင် ပြတင်းပေါက်များကို ဖွင့်လှစ်လိုက်တော့၏။

ထို့ကြောင့် အခန်းတွင်း၌ အလင်းရောင်များ လုံလောက်စွာ ရရှိပြီးလျှင် အခန်းတွင်းမှ မြင်ကွင်းများအား ကောင်းမွန်စွာ မြင်တွေ့ရလေ၏။

ခါးအဘောင်းကျိုက်၍ ကနေဟန် တူသော နတ်ရုပ်နှင့် ဖောင်းလွှယ် ဆင်ထားသည့် ဝန်ကြီးရုပ်တုများကို အဝင်ဝ တံခါး၏ တစ်ဖက် တစ်ချက်စီ၌ ဆီးကြိုသည့် အနေအထား မျိုးနှင့် ချထားလေ၏။

နေရာအနှံ့အပြားတွင် ရုပ်တုအမျိုးမျိုး၊ ပစ္စည်းအမျိုး မျိုးကို တွေ့ရသည့်အတွက် ကျွန်မ အံ့အားသင့်သွားမိ၏။

ထိုကဲ့သို့ စုံသင်လှသော ရုပ်တုများမှာ ပြတိုက်အချို့တွင် ပင် ရှိနိုင်မည် မဟုတ်ဟု ကျွန်မ ထင်မြင်မိ၏။

အသစ် ထုထားသော ဆင်ရုပ်များနှင့်ကြေးခလောက်ပုံများ၊ ရှေးခေတ် ယွန်းပန်းကန်နှင့် ကျွမ်းအစ် ကြီးငယ်များ၊ ငွေဘူး ငွေခွက်များ၊ ကြေးဘူး၊ ကြေးခွက်များ၊ ခေါင်းလောင်းကြေး



များ၊ ရွှေချည် ငွေချည်ဖြင့် ခေါင်းရုပ်များ ဖော်ထားသည့် အလှခင်းပစ္စည်းများ စုံလင်လှပေ၏။

ထို့ပြင်....

စားပွဲတင် လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်နှင့် အမျိုးအမည် မသိသော ရုပ်များ၊ ရှေးဟောင်း တရုတ်ရုပ်တုများ၊ ကိန္နရာရုပ်၊ ငွေဓား အမျိုးမျိုး၊ သံဓား အမျိုးမျိုး၊ အိန္ဒိယ နိုင်ငံသုံး ကြေးအိုး ကြေးခွက်များ၊ မှန်အိမ် တောင်ကြီး များ၊ ဖန်သည်ပစ္စည်းများ၊ ကြွေကရားအိုးနှင့် အနုပညာ မြောက်လှသည့် စဥ့်အသုံးအဆောင်များမှာလည်း ကြည့်ရှု၍ မငြီးအောင်ပင် ဖြစ်ရ၏။

ထို့နောက် တရုတ် ယဥ်ကျေးမှု အရုပ်များနှင့် အသုံး အဆောင် ပစ္စည်းများ၊ အိန္ဒိယရှင်ကုန့် ယဥ်ကျေးမှုအသုံး အဆောင် ပစ္စည်းများ၊ အာရှလူမျိုး အဝေါ် များ များ၏ ရုပ်တုများ၊ အာရှမင်းသမီး ရုပ်တုအချို့၊ ယည်ဆွဲများ၊ မန်လက်ကောက်၊ လက်စွပ်များ၊ အာဖရိကတိုင်းရှိ ဘုရင် များ သုံးစွဲသည့် ပစ္စည်းအချို့ကိုလည်း တွေ့ရသေး၏။

အဖိုးတန်လှသည့် ထိုပစ္စည်းများကို ထူထဲလှသော မှန် နှစ်ထပ်ဖြင့် ကာရံထားပြီးလျှင် အာမခံသော့များ ခတ်ထား ကြောင်းကိုလည်း သတိပြုမိလိုက်၏။

'တံခါးတွေ–အလုံပိတ်ထားပေမယ့် စိတ်ချရတာ မဟုတ် လေတော့ အခုလို မှန်နှစ်ထပ်ခံပြီး ထပ်မံပိတ်ထားရတာ ပေါ့ကွာ'ဟု ဦးထွန်းမြတ်က ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အရုပ်ချားထားရာ စင်မြင့်ပေါ်မှ ထူးခြားစွာ အရုပ်ဆိုးလှသော နတ်ရုပ်သဏ္ဌာန် ရုပ်တုတစ်ခုကို ကျွန်မ တွေ့လိုက်ရရာ ...

'အဲဒီအရုပ်က ဘာရုပ်လဲ ဦးလေးရဲ့'ဟု မေးမိ၏။

ဦးထွန်းမြတ်က သက်ပြင်းချ၍ပြုံးလျက် ...

'ဒီအရုပ်လား၊ သိကြားရုပ်တုလေ'ဟု ဆို၏။

'ကျွန်မမှာ မည်းနက်၍ မျက်လုံးများ ပြူးလျက်ရှိပြီး ပါးစပ်ကို ဖြဲကာ လက်များစွာ ထွက်ပေါ်နေသော သိကြားရုပ်တုကို စိတ်ဝင်စားစွာ လေ့လာကြည့်နေမိ၏။

ထိုခဏတွင် တစ်နေရာမှ အမြင့်လေးသက်မခွဲ၊ ဖြတ်အကျယ် သုံးလက်မခွဲခန့်ရှိ ကြည်လင်လှသော သလင်းသား အတုံး လေးကို ဦးထွန်းမြတ်က ညင်သာစွာ ဆွဲယူလိုက်ပြီးလျှင်....

'ရော့မော သူငယ်ချင်း၊ ဒါကို သေသေချာချာကြည့်ကြ ကွ၊ မင်းတို့ သားအဖ အဲဒီ သလင်းကျောက်ထဲက ထူးခြား မှုတွေကို တွေ့ရလိမ့်မယ်'

ဖေဖေကယူကြည့်လည့်အခါ မှန်သားပမာ ကြည်လင် တင်းလက်နေသည့် ထို သလင်း ကျောက်တုံးလေးထဲ၌ ပြာ သလိုလို၊ ဝါသလိုလို၊ ဖြူသလိုလို အရောင်များနှင့် အပြာ ရောင် မိုးတိမ်များနှင့် တိမ်လှိုင်း အထပ်ထပ်ကို မြင်နေရ လေ၏။

တိမ်လှိုင်းများ အောက်တွင် တောင်ထိပ်ဖြူဖြူများနှင့် တောင်ပတ်သန်းကျင်ဝယ် သစ်ပင်သဏ္ဌာန်များကို တွေ့ရ ပြန်၏။





'သေသေချာချာကြည့်ကြကွ'ဟု ဦးထွန်းမြတ်က ဆိုသဖြင့် ဆက်လက်၍ကြည့်မိကြ၏။

ထိုအခါ—

တောင်များမှာ တစ်တောင်တည်းမဟုတ်ဘဲ၊ တစ်တောင်နှင့်တစ်တောင် ဖို၍မြင့်မားစွာတည်နေသည်ကို တွေ့ရ၏။

ထိုတောင်များကြားမှ မိုးတိမ်သို့ ထိုးဖောက်ဝင်ရောက် လုလုမြင့်မားလှသော ဆောင်ကြီးနှစ်တောင်ကိုတွေ့ကြရပြန် လေ၏။

တစ်ဖန်ခပ်ဝေးဝေးဆီမှ တောင်ထိပ်တစ်ခုတွင် မီးခိုးမှိုင်း များ ဆီးနှင်းခဲများပမာ တဝေဝေ၊ တလူလူထိုးတက် နေသောအရာများကိုလည်း တွေ့ကြရလေသေး၏။

'နောက်တစ်ဖက်ကို လှန်ကြည့်လိုက်စမ်းသူငယ်ချင်း'

ဦးထွန်းမြတ်ကပြောသောကြောင့် ဖေဖေက သလင်းတုံး လေးအား တစ်ဖက်သို့လှန်ကြည့်လိုက်ပြန်လေ၏။

ဦးထွန်းမြတ်ပြောသောစကားမှန်ကန်ကြောင်း ကျွန်မတို့ တွေ့ရလေသည်။

အဘက်ကြောင့်ဆိုသော်၊ ပထမအကြိမ်တွင် တွေ့မြင်ခဲ့ရ သည့်ပုံသဏ္ဌာန်မျိုး မဟုတ်တော့ဘဲ အနီးကပ်တောင်နံရံကြီး တစ်ခုကို ဗြုန်းခနဲ တွေ့ကြရလိုက်သောကြောင့် ပင်တည်း။

ထူးခြားသည်မှာ တောင်နံရံများမှာ လူ၏မျက်နှာများ ကဲ့သို့ အလားသဏ္ဌာန်တူနေခြင်း ဖြစ်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီပစ္စည်းတွေ ဘာလူမျိုးရဲ့ ပစ္စည်းလဲဆိုတာ ယေဘုယျ၊ မြို့တော့အထဲမှာ ဘယ်ပုံနှိပ်ထားသလို ထူးခြားတာ ဘာကြောင့်လဲ၊ ရှင်းပြစမ်းပါဦး'

မဖေမေက မေးရာ ကျောက်စာဝန် ဦးထွန်းမြတ်က–

'ငါ ကချင်ပြည်နယ်ကို ရောက်သွားတော့၊ ကချင်ပြည်နယ်ထဲမှာ စီတာဖူးခေါ်တဲ့ ဒူးဝါးကြီးတစ်ယောက် အုပ်ချုပ်တဲ့ နတ်ရုံရွာကလေးကို ရောက်ဖူးတယ်ကွ'

'အင်း ဆက်ပြောပါဦး' ဟု မဖေမေက ဆော်၏။

'အဲဒီရွာလေးနားမှာ ရွှေထွက်တဲ့ ဂူတစ်ခုရှိတယ်လို့ ပြောကြတယ်'

'ဘာလူမျိုးတွေ နေထိုင်ကြတာလဲ'

'အများဆုံး နေကြတာကတော့ ဒူးလင်းကျင်းဖော်တွေနဲ့ လီဆူးတွေ နေကြတာပဲ၊ အဲဒီရွာကလေးဟာ ပေါင်း ခြောက်ထောင်ကျော်လောက် မြင့်တဲ့ တောင်ပေါ်မှာ တည်ထားတာ၊ ပူတာအိုနဲ့တော့ သိပ်မကွာလှပါဘူး'

'အင်း...အင်း'

'ငါ အဲဒီရွာကို သွားရင်း ဆန်းဆန်းပြားပြား လူတစ်ယောက်ကို တွေ့ခဲ့တယ်လေ၊ သူဟာ ရိုးရိုးသောတာ မဟုတ်ဘူး၊ လူတော်တော်များများရဲ့ ထိုးခုတ် ရိုက်နှက်မှုကြောင့် ဒဏ်ရာမလှဖြစ်ပြီး သေရတာကွ'

ဦးထွန်းမြတ်က ထိုသို့ပြော၏။

'အို' ဟု ကျွန်မ ရေရွတ်မိ၏။



'သေတာတော့ သူဟာ တော်တော်သတိထားပြီးသေသွားပုံရတယ်ကွ၊ သူဟာ ပက်လက်မှောက်ခုံ သေတာမဟုတ်ဘဲ ညာဘက်ကိုလဲကျပြီး သူ့လက်ညှိုးကို ကျောက်တောင် မြင့်ကြီးတွေဘက် လက်ညှိုးညွှန်ထားတယ်'

'အဆန်းပါလားကွ'

'သူကိုင်တဲ့ကချင်ဓားဟာ ဘေးတစ်လံအကွာလောက်မှာ လွင့်ကျနေတယ်ကွ၊ သူဟာ ဒူးလင်းဂျင်းဖော အမျိုးသား တစ်ဦးဖြစ်ပြီး သေရခြင်းကလည်း ရန်သူတွေက မသေမချင်း လိုက်သတ်ကြပုံရတယ်လို့ ငါထင်မိတယ်'

'ကျောက်သလင်းတုံးကရောကွ' မဖေမေက ဖြတ်မေးရာ ဦးထွန်းမြတ်ကပြုံး၍–

'အေးပါ– ပြောပြပါမယ်၊ သူ့မှာ ဆေးဘူးဆေးဝါနဲ့ တိုလီမိုလီထည့်တဲ့ လွယ်အိတ်တစ်လုံးပါလာတယ်၊ အဲဒီလွယ်အိတ်ကိုဖွင့်ခဲ့ပြီး အစိတ်စိတ်အမြွှာမြွှာ ခုတ်ဖြတ်ထားတာကို တွေ့ရလို့ သူနဲ့တိုက်ခိုက်တဲ့ရန်သူတွေဟာ သူ့ဆီက ပစ္စည်း တစ်ခုကို ရယူလိုဇောနဲ့ ပြုလုပ်ကြပုံရတယ်ဆိုတာ ထင်ရှား နေတော့တာပေါ့'

'အင်း... မှန်တယ်'

မဖေမေ ထောက်ခံ၏။

ကျွန်မကလည်း ခေါင်းညိတ်ထောက်ခံမိ၏။

'အဲ ကံထူးချင်လို့ဖြစ်မယ်၊ ငါသေသေချာချာ ရှာကြည့်တော့ သူ့ရဲ့ဆေးဘူးထဲက ဆေးမှုန့်တွေ အောက်က အဲဒီ သလင်းကျောက်တုံးလေးကို တွေ့ရတော့တာပဲ

www.burmeseclassic.com

www.burmeseclassic.com



'အော်'

'နောက်တော့ ငါနည်းငါဟန်နဲ့ စုံစမ်းကြည့်တဲ့အခါမှာ ဒီကျောက်ဟာ ရွှေထွက်တဲ့နေရာဒေသတစ်ခုကို ညွှန်းထားတဲ့ ထူးဆန်းတဲ့ ကျောက်တစ်မျိုးဖြစ်ကြောင်း သိရတော့တယ်'

'ထူးဆန်းပါပေ ကွာ'

ဖေဖေက ရေရွတ်၏။

'မကြာခဏ ရဝပ်လိုလို၊ တိဗက်လိုလို၊ ရေခဲတောင်ပေါ်မှာနေထိုင်တဲ့ လူဘစ်မျိုးကို တွေ့ရကြောင်းသည်း ခရီးသွားတဲ့ လေဝင်းပန်းတွေဆီက တစ်ဆင့်စကား တစ်ဆင့်နားကြားသိရတယ်ကွ၊ ဒါကြောင့် အဲဒီလိုထူးဆန်းတဲ့နေရာဒေသကို ငါမသေခင် မရောက် ရောက်အောင်ပြန်သွားမယ်လို့ ဆုံးဖြတ်ပြီးသားဖြစ်နေပြီ' ဟု ဦးထွန်းမြတ်က အဆုံးသတ်၏။

'မင်းဆုံးဖြတ်ချက် မှန်ပါတယ်ကွာ၊ ငါလဲ အလုပ်အားရင် မင်းနဲ့အတူ လိုက်ချင်တယ်'

ဖေဖေက ပြော၏။

'သမီးလဲ လိုက်မယ်'

ကျွန်မကလည်း ပြောလိုက်၏။

'မင်းတို့သားအဖ တကယ်လိုက်ဖို့ပြောနေတာလား၊ ဒီလိုသာဆိုရင် ငါက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ကွာ' ဟု ဦးထွန်းမြတ်က ပြောရာ ဖေဖေက–

'ကောင်းပြီလေကွာ ထွန်းမြတ်၊ ငါ့အခုသစ်ကတိစ္စနဲ့ တစ်လလောက် ခရီးထွက်ရမယ်၊ ဒီကြားထဲမှာ မင်းက လိုအပ်တဲ့ မရှိ့ညီးတွေ ဝယ်ထား၊ ပြီးတော့ အစီအစဉ်ဆွဲပေါ့၊ ငါပြန်ရောက်လာပြီး မကြာခင် သွားကြမယ်'

'ကောင်းပြီ–ကောင်းပြီ စိတ်ချ၊ အားလုံး ငါစီစဉ်ထားမယ်'

ထို့နောက် သွားရောက်မည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းကာ ကျွန်မတို့သားအဖနှစ်ဦးလည်း ကန်တော်ကြီးနေအိမ်သို့ ပြန်လာခဲ့တော့၏။

* * *







www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ် ဗဟုသုတများ

မြို့တံဖက်သို့ထွက်ခွာသွားသည့် ကျွန်မ၏ဖေဖေပြန်ရောက်လာပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ဦးထွန်းမြတ်နှင့် ဖေဖေတို့ ပြန်တွေ့ဆုံမိပြီးလျှင် ခရီးထွက်ရန်စီစဉ်တိုင်ပင်ကြတော့၏။

ခရီးမထွက်မီညက တွေ့ဆုံကြစဉ် ဦးထွန်းမြတ်က–

'ဒီခရီးက စွန့်စားချင်သူတွေသာ သွားကြတဲ့ ခရီးပဲ၊ အန္တရာယ်ဆိုးအမျိုးမျိုးနဲ့ ကြုံရတဲ့ ခရီးလမ်းဖြစ်တယ်'

'ဘာပဲဖြစ်ဖြစ် သွားကြမယ်ကွာ' ဖေဖေက ပြော၏။

'ကျွန်မလဲ မကြောက်ဘူး' ကျွန်မကပါပြော၏။

ဦးထွန်းမြတ်က ကျွန်မအား ကြည့်လျက်–

'သမီး သတ္တိနည်းဘယ်လို ပြောတာ မဟုတ်ဘူးနော်၊ ဒီခရီးမှာ ပိုပြီး သတ္တိရှိဖို့လိုအပ်တော့ အမှန်ပဲ၊ ဘာကြောင့်လဲဆိုတော့ ယောကျ်ားသားတွေသာ သွားဖို့ကောင်းတဲ့ခရီး ဖြစ်လို့ပဲကွဲ့'





ကျွန်မကဲ အနည်းငယ်စိတ်ဆိုးသွားတာ–

'ကျွန်မကို အဆင်မသေးပါနဲ့' ဟု ခတ်ဆတ်ဆတ် ပြောလိုက်ရာ ဦးထွန်းမြတ်က ပြုံး၍ လက်ကာလိုက်ပြီး–

'အို–အို မိန်းမသားတွေကို အားငယ်တဲ့သတ္တဝါ ဆိုပြီး နှိမ့်ချတာတဲ့ သဘောသဘာဝမျိုး ဦးမှာ မရှိပါဘူး သမီး ရယ်၊ ခုလိုပြောရတာက ကချင်ပြည်နယ် တောင်တန်းခရီး တစ်လျှောက်မှာ ပေပေါင်း ရှစ်ထောင်ကနေပြီး ပေပေါင်း ခြောက်ထောင်ကျော်၊ ငါးထောင်ကျော်ခတွေ အစတော်များ များကို ဖြတ်သန်းသွားကြရမှာဖြစ်တယ်' ဟု ဆို၏။

ထို့နောက်–

'ကြီးမားလှတဲ့ ဖြူတ်ကောင်တွေဟာ (၂၄)နာရီလုံးလုံး ဝိုင်းအုံကိုက်ခဲလေ ရှိတယ်၊ မြွေတော့ ရောမမျှော့မည်းကြီးတွေ၊ ကျောက်ပုရွက်ဆိတ်လို့ခေါ်တဲ့ အလွန် အဆိပ်ပြင်းတဲ့ အိရုန်ပြန်တွေဆိုတာ မပြောပလောက်တဲ့ သတ္တဝါတွေလို့ စောင့်ကြိုနေကြမှာ သေချာတယ်၊ သူ့ညာဒီဂရီနီးပါးလောက်ကို အေးမြတဲ့ရေခဲတောင်ကို ဖြတ်ကြရမယ့်ခရီးဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ သမီးကိုကြိုတင် အသိပေးထားဖို့ ဦးမှာ တာဝန်ရှိတယ် မဟုတ်လားကွယ်'

'အို–ဘာပဲဖြစ်ဖြစ် ဘယ်လိုအန္တရာယ်မှ သမီး မမှုပါဘူး၊ လိုက်ကိုလိုက်မယ်'

ကျွန်မက ဇွတ်အတင်းပြောရာ သမီးကို ချစ်ရှာသော ဖေဖေက–



www.burmeseclassic.com

www.burmeseclassic.com



'ကဲ–အဲဒါသာကြည့်တော့၊ သမီးက လုပ်မယ်ဆိုရင် ဘာကိုမှ နောက်မတွန့်ဘူး၊ ငါ့အစိုင်းပဲ မဟုတ်လားကွ ထွန်းမြတ်ရဲ့'ဟု ၎င်း၏သူငယ်ချင်းကိုပခုံးပုတ်၍ပြောလိုက်လေ၏။

ထို့နောက် ကျောက်စာဝန်ဟောင်း ဦးထွန်းမြတ်က...

'ဝမ်းသာပါတယ် သမီးရယ်၊ မြန်မာပြည်ရဲ့ အနောက်မြောက်ဖက် ရေခဲတောင် တာတိုင်းတွေဆီကို မြန်မာလူမျိုးတွေ ရောက်ခဲ့ကြတယ်ကွ၊ အဲဒီမှာ ထူးဆန်းမှုနဲ့အတူ လျှို့ဝှက်ချက် တော်တော်များများရှိနေတယ်၊ ဒါကို တို့မြန်မာလူမျိုး အတော်များများ မသိကြသလို ဖြစ်နေတယ်၊ စွန့်စားသွားလာချင်စိတ် နည်းပါးမှုက မသိခြင်းကို ဖြစ်စေတာပဲ'

ထိုအခါ ဖေဖေကလည်း....

'မှန်တယ်သူငယ်ချင်း မှန်တယ်၊ ငါနေခဲ့တဲ့ သာသနာပြုအမေရိကန် ဘုန်းတော်ကြီးတစ်ဦးကပြောဖူးတယ်၊ တိဗက်နဲ့ကချင်ပြည်နယ် စပ်ကြားမှာ ထူးဆန်း လျှို့ဝှက်တဲ့ လူမျိုးတစ်မျိုးကို တွေ့ဖူးတယ်တဲ့၊ ဒီလူမျိုးတွေဟာ သူတို့နယ်မြေလျှို့ဝှက်ကမ္ဘာလေးထဲကပဲ အခြားကမ္ဘာနယ်မြေကို ထွက်မသွားချင်ဘူးလား၊ ဒါမှမဟုတ်လဲ တခြားကမ္ဘာနယ်မြေကလူတွေနဲ့ ကူးလူးဆက်ဆံရမှာ စိုးရိမ်ကြလို့လား ဆိုတာကစဉ်းစားစရာဖြစ်နေတာပေါ့ကွာ'

ကျွန်မမှာ ထို စကားဝိုင်းကို စိတ် ဝင် စား လွန်း သောကြောင့် ငြိမ်သက် တိတ်ဆိတ်စွာ နားထောင်လျက်ရှိ၏။

ကျောက်စာဝန်ဟောင်း ဦးထွန်းမြတ်က....





'ဒီလိုကွ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားပြီးစက အမေရိကန် ယဉ်ကျေးမှု သုတေသန အရာရှိတစ်ဦးဟာ အရှေ့တောင်အာရှတိုက်မှာရှိတဲ့ ယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းတွေကို လေ့လာဖို့ ခရီးထွက်ခဲ့တယ်'

ဦးထွန်းမြတ်က စကားကို ခဏရပ်၍ ဂဠုန်နဂါးဆေးပြင်းလိပ်ကို မီးညှိရှိုက်ဖွာ၍ မီးခိုးများကို မှုတ်ထုတ်လိုက်ပြီးနောက် ၎င်း၏စကားကို ဆက်ပြန်လေ၏။

'သူ့ရဲ့ခရီးစဉ်ဟာ မာကိုပိုလိုရဲ့ ခရီးစဉ်အတိုင်း ဘားနှစ်မြို့ကနေ ခရီး စထွက်လာတယ်၊ သူ့ခရီးစဉ်ဟာ မြေကျွင်ဆိုပေမယ့် မြင်းတွေ ပါလာတယ်၊ ဂိုဘီသဲကန္တာရကိုရောက်တော့ မျက်စိလည်ပြီး တရုတ်ပြည် အနောက်မြောက်ပိုင်းအာကန်စူးနယ်ထဲကို ရောက်သွားတယ်လို့ ဆိုတယ်'

'စိတ်ဝင်စားစရာပဲ'ဟု ဖေဖေက ထောက်ခံ၏။

'အဲဒီ တရုတ်ပြည် အနောက်မြောက်ဖက် ကန်စူးနယ်ထဲမှာ တောဖုံးနေတဲ့ ရှေးခေတ် ဗုဒ္ဓဘာသာ လိုဏ်ဂူတောင်ကြီးကို သူ တွေ့ခဲ့ရတယ်၊ တောင်ကြီးကို ထွင်းထုလိုဏ်ဂူတွေ ဖောက်ပြီးတော့ ဗုဒ္ဓဘာသာ ဆင်းတုတော်တွေရှိနေတာ သူ တွေ့လိုက်ရတယ်၊ အဲဒီလိုဏ်ဂူကတော့ တရုတ်လူမျိုးတွေရဲ့ အခေါ်အဝေါ်အားဖြင့် မေချိလိုဏ်ဂူလို့ ခေါ်တယ်ကွ'

'အင်း....အင်း....'

'လိုဏ်ဂူရဲ့ အမြင့်ဟာ အမြင့်ပေ (၁၄၂)မီတာ ရှိတယ်၊ သက္ကရာဇ်အရ ဆိုရင်တော့ သက္ကရာဇ်(၄၂၆)ခုနှစ်မှာ 'ဝေ'

www.burmeseclassic.com



ဘုရင်များက တည်ဆောက်ခဲ့တာ ဖြစ်နိုင်တယ်၊ ရုပ်တုတော်တွေရဲ့ အနေအထားကတော့ ခရစ်(၁၀၂) ခုနှစ်ဘုရင်များ လက်ထက်ကလို့ အဲဒီ အမေရိကန် အရာရှိက ခန့်မှန်းတယ်'

'အေးကွာ…ထူးဆန်းလိုက်တာ'

'မင်းအဆက်ဆက်ဖြစ်တဲ့ ဧကရာဇ်၊ ချင်၊ ချူ၊ ဆွေ စာန်ဘုရင်များ လက်ထက်က အဆင့်ဆင့် တည်ဆောက်ခဲ့တာ ဖြစ်ပေမှာပေါ့၊ အဲဒီ အမေရိကန်လူမျိုးဟာ သူ့အတွက် မဟာသာသနာကြီးတစ်ခု ရဖို့ဆိုပြီး ဂူကြီးထဲက ရှေးဟောင်းပစ္စည်းအချို့ ယူဆောင်လို့ တရုတ်လူမျိုးတွေနဲ့ ဝေးနိုင်သမျှ ဝေးအောင် ပြေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ အနောက်မြောက်တောင်တန်းကို ဖြတ်ကျော်လာတဲ့အခါမှာ မြန်မာပြည်ထဲကို နမ်မီးလခါး တောင်ကြားကနေပြီး ဖြတ်ကျော်လာခဲ့တာ ဖြစ်ရာတယ်'

'အံ့စရာပါပဲ'

'သူ့တိုင်းပြည် ပြန်ရောက်သွားတဲ့အခါမှာ အာရှတိုက်မှာ ထူးဆန်း အံ့ဖွယ်ကောင်းတဲ့ ရေခဲတောင်မြင့်ကြီးတွေနဲ့ ထူးဆန်းသော လူမျိုးတစ်မျိုးကို တွေ့ရတဲ့အကြောင်း သူ့ရဲ့ သတင်းစာမှာ ရေးသားထားတာ တွေ့ရတယ်'

ဖြိုးလျှင် ဆက်ပြောပြန်လေ၏။

'နောက် ဒီလို ဖြတ်သန်းလာတဲ့ အခါမှာ မြန်မာပြည် အနီးမှာ အင်မတန် ကြီးကျယ်တဲ့ ရေကန်ကြီး တစ်ကန် သစ်ပင် ပန်းမန်များကို တွေ့ရတယ်လို့ဆိုတယ်၊ ဒီသစ်ပင် ပန်းမန်ထဲမှာ အရသာတစ်မျိုး ထူးလှတဲ့ ကြက်သွန်လို





တွေကို စားလိုက်ရတာဟာ သူ့အတွက် အင်အားတွေ ပိုပြည့်ပြီး ခရီးသွားမြန်တယ်၊ ခွန်အား တိုးတက်လာတယ်၊ အစားအသောက် စားချင်တဲ့ဆန္ဒတွေ လျော့ပါးသွားတယ်လို့ ဆိုတယ်၊ ငါလဲ ကချင်မုဆိုးအချို့နဲ့ တွေ့ပြီး စူးစမ်းကြည့်တဲ့အခါမှာ မှန်ကန်တဲ့အချက် တော်တော်များများကို တွေ့ရတယ် သူငယ်ချင်း'

မှတ်ချက်။ ။ဤဥမှာ မချစ်ဥဟု ခေါ်၍ ကချင် လူမျိုးများက မရှော့ဟု ခေါ်၏။ မြန်မာလူမျိုးများက 'မသေဆေး'ဟု ခေါ်ကြ၏။ အရောင်မှာ ဖြူ၍ ကြက်သွန်ဥကဲ့သို့ ပုံသဏ္ဍာန်ရှိ၏။ ထိုဥကဲ့သို့ အာနိသင်ရှိသော မှိုတစ်မျိုးကိုလည်း ထိုဒေသ၌ ရှာဖွေတွေ့ရှိနိုင်၏။ ဂမုန်းမှို တစ်မျိုး ဖြစ်ကြောင်း ဗဟုသုတ ဖြစ်စေရန် မော်ပြအပ်ပါ၏။

-စာရေးသူ

ဖေဖေက ဦးထွန်းမြတ်အား—

'သူငယ်ချင်း အဲဒီဥကို မသေဆေးလို့ ခေါ်ကြတာ ဗဟုသုတအဖြစ် ငါကြားဖူးတယ်ကွ ဟုတ်လား'ဟု မေး၏။

'ဟား ဟား ဟား…. မင်းပြောတဲ့အတိုင်း ဒီဆေးသာ အသက်ရှည်ဆေး ဖြစ်ခဲ့ရင် ကချင် တောင်တန်းက လူတွေဟာ အသုဘ၊ မနေ့ပွဲတွေဆိုတာ ဘယ်လာ ရှိပါ့မလဲ….၊ သေတာကတော့ သေကြတာချည်းပါပဲ၊ အသက်မသေဘူး



www.burmeseclassic.com

ဆိုတာထက် အသက် ဇိုပြီး ရှည်ကြာတယ်ဆိုရင် ဟုတ်—ဟုတ်သေးပေါ့ကွာ’

‘ဒါ မှန်တယ်’ဟု ဖေဖေက ထောက်ခံ၏။

‘ဒီ မချစ်ခေါ်တဲ့၊ မရှေ့ခေါ်တဲ့ ကြက်သွန်ဥလို ဆေးမြစ်ကို စားခြင်းဖြင့် ဝမ်းမှာ ဖြစ်စေတဲ့ လေနာ၊ ပန်းနာ အမြင် အင်အား ဆုတ်ယုတ်ခြင်းကို ပိုပြီး အားပြည့်လာစေနိုင်တာကတော့ အမှန်ပဲကွ’

‘အေးကွာ’ အင်မတန် အစွမ်းထက်တဲ့ မြန်မာ့ဆေးမြစ်တစ်မျိုးပါပဲ’ဟု ဖေဖေကပြော၏။

မှတ်ချက်။ ။ထိုဆေးမြစ်၊ ဆေးဥနှင့်ပတ်သက်၍ အစွမ်းအာနိသင်ထက်မြက်ပုံကို ကျွန်ုပ်ရေးသားသည့် ‘အိုင်အိုနန်းထိုက်နှင့် သူတော်ပြန်တာတေလ’ စာအုပ်တွင် ပိုမိုပြည့်စုံစွာ ရေးသားထားကြောင်း ဖော်ပြလိုပါသည်။

စာရေးသူ။

ထိုအခါဦးထွန်းမြတ်အား ကျွန်မက—

‘အင်း—ဦးပြောပြတာတွေဟာ အလွန်ပဲ စိတ်ဝင်စားစရာကောင်းလှပါတယ်၊ ဒီလိုထူးဆန်းမှုတွေကို စူးစမ်းရှင်းရှေးဟောင်းပစ္စည်းတွေကို ရှာဖွေရင်း၊ စစ်ကြီးအပြီးမှာ သာသနာပြုပုဂ္ဂိုလ်တွေဟာ တောင်တန်းမှာ စွန့်စားလာနေကြသလားမှ မသိတာနေ့’ဟု ပြောလိုက်လေ၏။

‘ဟုတ်နိုင်တယ်ကွဲ့ သမီးရဲ့၊ ဒီနေရာကိုရောက်ခဲ့ဖူးတဲ့ တချင်မှုဆိုးကြီးတစ်ဦးနဲ့ ဦးတို့ တွေ့ခဲ့ဖူးပါတယ်၊ အဲဒီနေရာတွေကို





သူလဲကောတဖြုတ်သာ ရောက်ဖူးတာတဲ့၊ ရောက်တာကအစေးကပဲဆိုပါတော့၊ သူတို့အခေါ်ကတော့ ‘ဇလားလွှဲးမိုက်’လို့ခေါ်တယ်၊ တိဗက်မြန်မာနယ်ခြားမှာရှိတဲ့ခါကာဘိုရာဇီတောင်ကြီးတစ်ဝိုက် ရောက်ခဲ့ဖူးတဲ့မစ္စတာကင်းဒမ်းဝဒ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း မှတ်တမ်းတင်ခဲ့ဘာ တွေ့ရဖူးတယ်၊ ဒါ့အပြင်မကဘူး အဲဒီနယ်မြေမှာပဲ ဂရန်ဂီဘွန်ဆိုတဲ့ နတ်ရဲ့တောင်အကြောင်းလဲ ပြောပြဖူးလေသော့ အထူးစိတ်ဝင်စားစရာ ဖြစ်နေဘော့တာပေါ့’ဟု ဦးထွန်းမြတ်ကရှည်လျားစွာပြောကြား၏။

ထို့နောက်—ကျွန်မတို့သုံးဦးသားသည်ညစာကိုမြိန်ယှက်စွာ စားသောက်ကြလေ၏။

ထမင်းစားရင်းမှ ဦးထွန်းမြတ်က...

‘ခရီးသွားရင်း အသုံးလိုမယ့်ပစ္စည်းတွေကိုတော့ ငါစုဆောင်းဝယ်ခြမ်းထားပြီးပါပြီ ကိုမော်သိန်း’ဟု ဖေဖေ့ကိုပြောရာ ဖေဖေက—

‘ဒါဖြင့် ဘယ်တော့ထွက်ကြမလဲ’ဟု မေး၏။

‘ထွက်ဆို မနက်စောစောထွက်ကြမယ်’

‘ကောင်းပြီလေ သွားကြတာပေါ့၊ ငါတော့အခုချက်ချင်းသာ ထသွားချင်တော့တာကွ၊ ဘာဖြစ်လို့လဲဆိုတော့ ထူးဆန်းမှုတွေက ငါ့ကိုလက်ယပ်လှမ်းခေါ်သလို ဖြစ်နေလို့ပဲ၊ ဟုတ်ဘူးလားသမီးရယ်... ဟဲဟဲဟဲ’

ဟု ပြုံးရွှင်ရယ်မောလျက် ကျွန်မအားမေးနေ၏။

‘မှန်တာပေါ့ ဖေဖေ’

www.burmeseclassic.com



ကျွန်မကလည်း ထောက်ခံ၏။ ဦးထွန်းမြတ်က ထမင်းကို လက်စသတ်လိုက်ရာမှ....

'အင်းတစ်ခုပြောဖို့ကျန်နေတာသလင်းတုံးကိစ္စပဲ' ဟုဆို၏။

'ဘယ်လိုများပါလိမ့်' ဟု ဖေဖေကမေး၏။

'ဒီသလင်းတုံးမျိုးဟာ သုတ္တပညာစွမ်းနဲ့ ဖန်တီးထားတာမဖြစ်နိုင်ဘူး၊ သလင်းတုံးမှာကိုက အလိုအလျောက် ဖလင်များလို အရုပ်ထင်နိုင်အောင် ဓာတ်ဆားတစ်ခုဖြစ်ပေါ်နေရမယ်' ဟု ဦးထွန်းမြတ်ကပြော၏။

'ဒါ ဟုတ်တယ်ကွ' ဟု ဖေဖေကထောက်ခံ၏။

'ဒါကြောင့်လည်း ပထမမြင်ရတဲ့ ဈေးခင်းကြီးတွေဟာ အဝေးမြင်ကွင်း ဖြစ်နိုင်တယ်၊ ဒုတိယကတော့ သလင်းရဲ့ နောက်ကျောမှာရှိနေတဲ့ တောင်နံရံက အရာဝတ္ထုတွေကို အနီးကပ်မြင်ရတယ်၊ ဒါကြောင့်တို့ဟာ အဲဒီကိုသွားရင်ထူး ဆန်းတဲ့သလင်းတောင်ကို တွေ့ရမှာသေချာတယ်'

'မှန်တယ် သူငယ်ချင်း'

'ကချင်ဒေသသလင်းတွေဟာ ခါကာဘိုရာဇီတောင်ရဲ့ အရှေ့ဖက်နားကျတဲ့မှာ အရောင်တွေဖြာထွက်နေတဲ့ တောင်တစ်တောင်ကိုတွေ့ရတယ်လို့ဆိုတာ၊ အဲဒါဟာအခုပြောတဲ့သလင်း တောင်မဟုတ်ဘူးလို့ မပြောနိုင်ဘူး' ဟု ဆို၏။

ထို့နောက်....

ကျွန်မတို့လည်း ဆက်လက်၍အကြောင်းအရာ အတော်များများကို ပြောဆိုကြပြီးလျှင် ညဆယ်နာရီ ကျော်ကျော်ကြာမှပင် ဦးထွန်းမြတ်အိမ်မှ ပြန်ခဲ့ကြတော့၏။



**ကျွန်မ (သို့မဟုတ်) ပုလဲမေ၏ အကျဉ်းသားဘဝ**

ပထမဦးစွာ ကျွန်မတို့သုံးဦးသည် ပူတာအိုမြို့သို့ ခတ်ခဲ စွာရောက်ရှိသည်မှစ၍ ရေးသားရပါမည်။

ပူတာအိုမြို့တွင် ငါးရက်ခန့်နေထိုင်ကြပြီးလျှင် လောင်း ပန်းခေါ် တရုတ်လားသမားအငှားများနှင့် လမ်းပြအဖြစ် လီဆူးအမျိုးသားကြီးတစ်ဦးအား ခေါ်ယူလိုက်ပြီးလျှင် ခရီး ထွက်ခဲ့ကြတော့၏။

ခရီးထွက်သည့်နေ့တွင် ရောက်သည့်နေ့မှစ၍ မလင်းနိုင် အောင် အဆက်မပြတ်ကျနေသည့် ဆီးနှင်းများမှာနေရောင် ခြည်ကြောင့်မြို့ကွဲသွားရာ နိမိတ်ကောင်းတစ်ခု ဖြစ်သည်ဟု လမ်းပြလီဆူးအမျိုးသားကြီးက ပြော၏။

ကျွန်မမှာ တစ်ခါမှမမြင်မတွေ့ဘူးသည့်ရှုခင်းများကိုကြည့် တာ ခရီးသွားရခြင်းကို ကြည်နူးနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ညို့မှိုင်းသော တောင်တန်းကြီးများက မိုးတိမ်အတွင်း ဝင်ရောက်လျက် ထိုးဖောက်မတတ် ရှိနေသည်ကို လှပစွာ တွေ့ရလေ၏။

ကျွန်းမှာ တီကျူးမားတိုက်ထုတ် ခိုပြာရောင် ဘောင်းဘီ ရှည်၊ ဖလန်နယ် စပို့ရှပ်လက်ရှည်၊ လုံမွှာ်ရောင်နှင့်အပေါ်တွင် ကုဘ်အင်္ကျီ ထပ်ဝတ်ကာ ခေါင်းတွင်သည်းရန်ကုန်မြို့မှ သီးသန့် ချုပ်လုပ်လာခဲ့သည့်ဦးထုပ်အဖြူကလေးကိုဆောင်းထား၏။

ခြေထောက်တွင်ဘောင့်ဘွတ်ခံ၍ တောစီးရှူးဖျင်ဖိနပ်အရှည်ကို စီးထားသဖြင့် ဘောချိုကလေးများမှ ပျံဝဲကာ ကိုက်လာတတ်သော ဖြုတ်ကောင်လေးများအတွက် အကာအကွယ် ရလျက် အတန်ပင် သက်သာလျက် ရှိနေချေ၏။

ခရီးပြင်း နှင်ခဲ့ကြပြီးနောက် မကြာမီ မေလိုခကမ်းပါးတွင် တည်ဆောက်ထားသော နမ်းခမ်းရွာကလေးသို့ ဆိုက်ရောက်ခဲ့လေတော့၏။

ထိုရွာ၌ တစ်ညတာ အိမ်စက်နားနေပြီးနောက် ရွာသူရွာသားများကို နှုတ်ဆက်၍ နံနက်လင်းသည်နှင့် ခရီးဆက်ခဲ့ကြပြန်လေ၏။

ကြာသော် ဘောင်များမှာ တဖြည်းဖြည်း မြင့်မှန်းမသိ မြင့်လာခဲ့သလို လမ်းခရီးမှာ ချောချော မွေ့မွေ့ မဟုတ်တော့ပဲ ကျောက်တုံး ဖိဘ်ဆို့ထားသည့် ကျောက်လမ်းများကို မယ်ရှား၍လည်းကောင်း၊ တသဲသဲ တဟဲဟဲ စီးဆင်းနေသော တောင်ကျချောင်းများ၌ ထိမ့်၍ မျောပါလာလေ





ရှိသည့် ကျောက်ဆွေ့တုံးကြီးများကို သတိထား ရှောင်ရှား၍လည်းကောင်း ဖြတ်ကျော်ခဲ့ကြရ၏။

လမ်းမှာ တဖြည်းဖြည်း ကြမ်းတမ်းသလို ကွေ့ကောက်၍ သွားရသော တောင်ကမ်းပါး လမ်းများတွင် တစ်ဖက်သုံးပေသာ ရှိသော လမ်းကျဉ်းနှင့် ရေတိုက်စားထားသဖြင့် ချောမွတ်နေသော တောင်လမ်းတွင် အထူးသတိထား၍ သွားကြရလေ၏။

ဦးထွန်းမြတ်နှင့် ဖေဖေတို့မှာ လမ်းခရီး၌ တွေ့ရသည့် ဆေးပင်၊ ဆေးမြစ်နှင့် ထူးဆန်းသော အရာဝတ္ထုမှန်သမျှကို မြည်းပုခလေးပေါ်တွင် တင်ထားသည့် ပတ္တူအိတ်ထဲသို့ တွင်တွင်ကြီး ထည့်နေကြလေ၏။

အသက် အရွယ် အနည်းငယ် ရနေကြပြီ ဖြစ်သော်လည်း ဖေဖေနှင့် ကျောက်စာဝန်မှောင်း ဦးထွန်းမြတ်တို့မှာ အနည်းငယ်မျှ မောပန်းမှု မရကြဘဲ လူငယ်လေးများကဲ့သို့ စိတ်အား ထက်သန်စွာ ခရီးသွားနေကြကြောင်း တွေ့ရ၏။

လေမှာ ဖိုမို၍ ပြင်းထန်လာသသောက်၊ လေနှင့် ဆော နှော၍ ပါလာသော အဆုပ်လိုက်၊ အဆုပ်လိုက် ဖြာကျော်ထွက်သွားသည့် တိမ်လိုင်းများကို လက်များနှင့်ပင် ပွေ့ပိုက်မိကြ၏။

ဤသို့ဖြင့် အလွန်တရာ အေးမြခြင်း ဒဏ်ကို ခံ၍လည်းကောင်း၊ ပြင်းထန်သော မိုးလေတို့၏ ဒဏ်ကို ခံ၍လည်းကောင်း၊ သတ္တဝါဆိုးတို့၏ရန်ကိုလည်းကောင်း၊ ကျော်လွှား

၍ အန္တရာယ် ခရီးကြမ်းကို ဆက်လက် ဖြတ်သန်းလာခဲ့ကြရာ ယနေ့ဆိုလျှင် ခုနစ်ရက်မြောက်ခဲ့ချေပြီ။

ရေးသားခဲ့ဖော်ပြရန် ရှိနေသည်မှာ လမ်းခရီး၌ ရောမ မျှော့ကြီးများ၏ ဝါးမျိုစားသောက်မှုကြောင့် မြည်းလေး တစ်ကောင်သေဆုံးသွားရပြီးလျှင်—

ဘိန်းမှိန်း၍ မြည်းပေါ်၌လိုက်ပါလာသော လောင်းပန်း လားသမားတစ်ဦးမှာ မြည်းနှင့်အတူ ပေပေါင်းရှစ်သောင်း မျှနက်ရှိုင်းသည့် ချောက်ထဲသို့ခြေချော်ကျရောက်၍ သေဆုံး သွားခဲ့ခြင်းပင်ဖြစ်တော့၏။

တစ်နေ့တွင် ဖေဖေနှင့်ဦးထွန်းမြတ်တို့ ချောင်းတစ်ခုသို့ ရေချိုးဆင်းသွားကြပြီးနောက် မကြာမီအော်သံကြားသော ကြောင့် ကျွန်မမှာ လိုင်စင်နှင့်ကိုင်ဆောင်သော ဖေဖေ၏ ခြောက်လုံးပြူးကိုဆွဲကိုင်၍ ပြေးထွက်လာခဲ့လေ၏။

'သမီး= သမီး မြန်မြန်ပစ်၊ မြန်မြန်ပစ်'ဟု ဖေဖေက အကောင်ကြီးတစ်ကောင်ကိုညွှန်ပြ၍ အော်ဟစ်၏။

ကျွန်မမှာ ဖြုန်းခနဲအံ့ဩသွားသောကြောင့် တွေနေမိ လေ၏။

အဘယ်ကြောင့်ဆိုစေ ကြီးမားလှသည့် မျောက်ဝံကြီး တစ်ကောင်သည် ကျောက်စာဝံနှင့်ဟောင်း ဦးထွန်းမြတ်အား ကလေးငယ်တစ်ယောက်ကဲ့သို့ ပွေ့ချီယူဆောင်၍ ကမ်းထက် သို့တက်နေသောကြောင့်ဖြစ်၏။

'ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း'





ကျွန်မနှင့်အလွန်နီးကပ်စွာရှိနေသော မျောက်ဝံကြီးအား သေနတ်ဖြင့် ကြောက်လန့်စွာတရကြမ်းပစ်ခတ်မိပါတော့၏။

ကံအားလျော်စွာပင် ကျွန်မပစ်လိုက်သော ကျည်ဆန် များမှာ မျောက်ဝံကြီး၏ ချက်ကောင်းကို ထိမှန်သွားပုံရ လျက် ဦးထွန်းမြတ်ကို ချောင်းရေထဲသို့ပစ်ချလိုက်ပြီးနောက် ကျောက်တောင်တစ်တောင်သို့ ဒယီးဒယိုင်ဖြင့် တက်ပြေး သွားလေ၏။

'ထိသွားတယ် သမီးရေ၊ ဒီကောင်ကြီးသေမှာ ၊ အမှန် ပဲကွ'

ဖေဖေက အားရဝမ်းသာပြောလျက် ကြောက်လန့်မှုဖြင့် သတိလစ်နေသော ဂုင်း၏သူငယ်ချင်း ဦးထွန်းမြတ်ဆီ ပြေး သွားလေ၏။

ဦးထွန်းမြတ်အား တည်းခိုသည့်စခန်းသို့ လောင်းပန်း များ၏အကူအညီဖြင့် ဖေါ်ဆောင်လာပြီးနောက်မြုံစုစောင့် ရှောက်ကြ၏။

နောက်တစ်နေ့၌ စတင်ခရီးထွက်ကြရာ ကျောက်တုံးတစ်ခု တုံးဘေး၌ သေဆုံးနေသော ကြီးမားလှသည့်မျောက်ဝံကြီး ကို တွေ့ကြရတော့၏။

'နို့တဲ့ကောင်ကြီး မဟုတ်[illegible]ကွ'

ဖေဖေက ပြော၏။

ရေခဲမြင်ကြီးပေါ်မှ မိုင်(၂၈)ကျော်၊ (၂၅)မိုင်ခန့် သွားပြီးသောအခါ ကျွန်မတို့အသည် အတက်ခရီးကို စတင် တွေ့ရှိကြရတော့၏။

www.burmeseclassic.com



ထို့ကြောင့် အတက်ခရီးကို စတင်ကြရပြန်လေ၏၊

လမ်းပြ လီဆူးအမျိုးသားကြီးက ကျောက်တုံးတစ်တုံးပေါ်၌ မတ်တတ်ရပ်နေသော ဂျိဘစ်ကောင်အား အမှတ်မထင်တွေ့ရှိရာ ၎င်း၌အသင့်ပါလာသောဒူးလေးဖြင့် လျှင်မြန်စွာပစ်ခတ်လိုက်၍ ရွှီ ရွှီ ရွှီ ဟူသောအသံသည် လေထဲတွင်ဖြစ်ပေါ်သွားလျက် ဂျိကလေး၏ရှေ့လက်ပြင်ကို ဒုတ်ခနဲစိုက်သွားတော့၏။

ထိုညက ဂျိသားကင်ကို တစ်ဝတစ်ပြ စားသောက်ကြ၏။

ပြီးနောက် နှစ်ခြိုက်စွာအိပ်ပျော်သွားကြတော့၏။

နံနက်မိုးလင်းသောအခါ ထူးဆန်းသောမြင်ကွင်းကြောင့် ကျွန်မ၏ နှလုံးသားများ ကြွေပြုန်းမတတ်ခံစားရတော့၏။

အဘယ်ကြောင့်နည်းဟူမူ....

ဖေဖေ၊ ဦးထွန်းမြတ်နှင့် သောင်းသန်းနှစ်ဦး၊ လမ်းပြလီဆူးအမျိုးသားတို့မှာ ဓားဒဏ်ရာများနှင့် သေပွဲဝင်လျက်ကြသောကြောင့်တည်း။

ထို့နောက်—

အသားဖြူဖြူ၊ တရုတ်လူမျိုးသဏ္ဍာန်ရှိသူများ ရောက်ရှိလာလျက် ကျွန်မအား ဆွဲယူခေါ်ဆောင်သွားခဲ့လေ၏။

ကြမ်းတမ်းသောလမ်းခရီး အတော်များများကို ဖြတ်သန်းပြီးနောက်တွင်၊ ထူးဆန်း၍လှပသော ကျောင်းပုံစံဆောက်အအုံအဆောက်အအုံသဘောမျိုး တန်းလျားသို့ ကျွန်မအား ခေါ်ဆောင်သွားလေ၏။





ပြီးနောက်– ကျွန်မအား လူတစ်ယောက်နှင့် တွေ့ဆုံပေး၏။

ထိုလူသည်ကား ကျွန်မအား အမွေသိမ်းပိုက်၍ လွန်စွာရက်စက်သော ရှန်ဂရီလာကျောင်းတော်ကြီး၏ ကျေးကျွန်သို့မဟုတ် အစွန်းရောက်သမား ပရော်ဖက်ဆာ ဒေါက်တာမီးပွားပင် ဖြစ်ပါလေတော့၏။

* * *



www.burmeseclassic.com

## ချောက်ချားဖွယ်ရာအဖြစ်ဆန်းနှင့်အတူ

ကိုဒေါ်နမှာ ကျွန်မ၏ဘဝဖြစ်စဉ်ကို ငြိမ်သက်စွာနားထောင်နေပြီးနောက် ကရုဏာသက်စွာဖြင့် ကျွန်မ၏လက်ကလေးအား ဆုပ်ကိုင်ဖျစ်ညှစ်ပြီးလျှင် ပင်ပန်းမှုဒဏ်ကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားရှာလေ၏။

နောက်တစ်နေ့၌ ခရီးဆက်ခဲ့ကြပြန်၏။

ဤသို့ဖြင့် နေ့ရက်ပေါင်း များစွာ၊ လပေါင်းများစွာ ကျော်လွန်ခဲ့လေတော့၏။

တောက်လေရာ အရပ်တွင် ရရှိနိုင်သမျှ သစ်သီး သစ်ဥများကို ရှာဖွေစားသောက်ရင်း ခရီးဆက်ခဲ့ကြရာ အချိန်တို့မှာ ကုန်လွန်မှန်းမသိ ကုန်လွန်ခဲ့ကြောင်း ကျွန်မ သတိမပြုနိုင်အောင် ဖြစ်နေရတော့၏။

တစ်နေ့တွင် ကျောက်ထွတ်တစ်ခု၏ ဘေးတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ထူးဆန်းသည့် ကျောက်ဂူ





တစ်ခုကို တွေ့ရာ ကိုဒေါ်နကို ခေါ်ဆောင်၍ ထိုကျောက်ဂူ၌ ခေတ္တ နေထိုင်ကြရန် ဆုံးဖြတ်လိုက်၏။

ကိုဒေါ်န၏ ဒဏ်ရာများမှာ အသားကျက်ပြီ ဖြစ်သောကြောင့် ချုပ်ရိုးများကို ရုတ်တရက် မမြင်ရလောက်အောင် ဖြစ်နေရတော့၏။

ကာလကတ္တား ယူနီဗာစီတီမှ ခွဲစိတ်ကုသမှု အထူးဘာသာရပ်ကို ( ) ဘွဲ့နှင့် ယူသာသည့် ပရော်ဖက်ဆာ ဓေါက်တာမိဒ်မှူး၏ ပညာရပ်မှာ အံ့မခန်း ထူးကဲသည်ကြောင်း ကျွန်မ ဝန်ခံမိလေ၏။

ကိုဒေါ်နမှာ အစားအသောက် မစားနိုင်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပင်ပန်းမှုဒဏ်များကြောင့် အရိုးပေါ် အရေတင်လျက် ရှိနေပြီ။

ထိုညက နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီး နောက်နေ့နံနက်လင်းသောအခါ ကျွန်မ၏ မျက်နှာကို စမ်းသပ်ကြည့်ရာ၌ ကျွန်မမှာ လွန်စွာ ချောက်ချား တုန်လှုပ်သွားမိပေတော့၏။

အဘယ့်ကြောင့်ဆိုသော် အမြဲနုပျိုပြည့်နေသော ကျွန်မ၏ အသားအရေများမှာ ရှုံ့တွလျက်၊ အသက် ရှစ်ဆယ်ကျော် အဘွားအိုတစ်ဦးကဲ့သို့ ဖြစ်သွားကြောင်း တွေ့လိုက်ရသည့်အတွက် ဖြစ်ပေ၏။

ကျွန်မ၏ အသက် အမှန်မှာလည်း ရှစ်ဆယ်ကျော်ပြီဖြစ်ကြောင်း ဝန်ခံလိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ထူးခြားသည့် လပြာဒေသ၏ သဘာဝရာသီဥတု၊ အစားအသောက်နှင့် ရှန်ဂရီလာ ကျောင်းတော်၏ ထူးခြားသော ယောဂ ကျင့်စဉ်ကြောင့်သာ မူလရုပ်ရည် အတိုင်း နုပျိုစိုပြည်နေခဲ့ခြင်း ဖြစ်၏။

ယခုမူကား အစားအသောက်နှင့် ရာသီဥတု၊ သဘာဝ များ ပြောင်းလဲခြင်း၊ ယောဂကျင့်စဉ်ကို ဆက်လက် အားထုတ်ရန် မဖြစ်နိုင်ခြင်းတို့ကြောင့် ကျွန်မ၏ ကိုယ်ခန္ဓာမှာ လက်ရှိအသက်၏ ရုပ်ရည်သို့ ပြန်လည် ပြောင်းလဲခြင်း ဖြစ်ကြောင်း သတိပြုမိတော့၏။

သေခြင်းတရားသည် ကျွန်မထံသို့ မကြာမီ ဆိုက်ရောက်လာတော့မည်တကား။

ကိုဇေါနီ၏ အသက်ရှူသံသည်လည်း နွေးကွေးလွန်းလှ၏။

ဟော... ရယ်သံတစ်ခု ကြားရပါလား၊ အို—သူ—သူ... ပရော်ဖက်ဆာ ဓေါက်တာမီးပွားရဲ့ အသံပေပဲ၊ ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ နီးလာပြီ—သူ နီးလာပြီ။

မှတ်စုမှာ ထိုနေရာ၌ အဆုံးသတ်သွားလေ၏။

မုဆိုးကြီး ဖရော်ဂန်က သက်ပြင်းတစ်ချက်ကို ပြင်းစွာ ချရှိုက်ရင်း—

'အံ့ဩစရာ တော်တော် ကောင်းတာပဲကွာ၊ ငါတော့ တစ်သက်မှာ တစ်ခါ ဆိုတာလို၊ ဒီလို အဖြစ်မျိုးကို ကြားတောင် မကြားဖူးဘူး' ဟု ပြောလိုက်လေ၏။





'ဟုတ်ပါ့ ဦးလေးရယ်၊ ဖေဖေဟာ ဒီလို ထူးဆန်းပြီး ကြောက်လန့်စရာ ကောင်းလှတဲ့ အဖြစ်ထဲကို ကံတရားရဲ့ တွန်းပို့မှုကြောင့် သနားစဖွယ်ပါသွားရတာပဲ' ဟု မချိတင်ကဲ ပြောလိုက်လေ၏။

'ကဲဟာ—မောင်ထွန်းပ၊ ဒီလိုနေလို့ မဖြစ်သေးဘူး၊ သူတို့ကို သင့်တော်သလို မြှုပ်နှံပေးရဦးမယ်။ ဒါမှ ဗိုလ်ကတာဝန်ကျေမှာကွ'

'မှန်တာပေါ့ ဦးလေး'

'ကဲ- ဒါဆိုရင် လောလောဆယ် လုပ်စရာတစ်ခုတော့ လုပ်ရလိမ့်မယ်ကွ'

'ဘာများပါလိမ့်'

'မင်းအဖေ ကိုဇေါနီရဲ့ နှုတ်ခမ်းနဲ့ မျက်လုံး နှစ်လုံးက ချုပ်ရိုးတွေ ဖြေဖို့လေ'

'အို-လုပ်မနေပါနဲ့တော့ ဦးလေးရယ်၊ အေးချမ်းစွာသေဆုံးနေသူကို အနှောင့်အယှက် မပြုနဲ့တော့'

မောင်ထွန်းပက ထိုသို့ဖြေလိုက်ရာ မုဆိုးကြီး ဖရော်ဂန်က....

'မဟုတ်သေးဘူးကွယ့် မောင်ထွန်းပရဲ့၊ ငါ့နားလည်သလောက်ကတော့ မင်းရဲ့အဖေဟာ ဒီလို မျက်မမြင်၊ စကားမပြောနိုင်တဲ့ ကြားထဲက ပင်ပန်းဆင်းရဲမှုတွေကို ဖြတ်သန်းပြီး ဒီကို ရောက်အောင် လာတာဟာ၊ အဲဒီ ရတနာတွေကို သူ့ရဲ့ ကေပုတ္တ တစ်ဦးတည်းသော သားလေး မင်းကို ပေးချင်လို့ ဖြစ်လိမ့်မယ်၊ မဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆော့ မှန်ပါလိမ့်မယ်'

'ဒါဆိုရင် မင်းအခုဖတ်ခဲ့ ဆန္ဒအတိုင်း အဲဒီရတနာတွေကို ယူရမှာပေါ့ကွ' ဟု ဆို၏။

မောင်ထွန်းပမှာ ငိုင်တွေလျက်ရှိ၏။

မုဆိုးကြီး ဖရော်ဂန်က ဆက်လက်၍ ပြော၏။

'ဖြီးတော့— သူ ခံစားခဲ့ရတဲ့ ဒုက္ခတွေ ပြေပျောက်သွားအောင် သူ့ချုပ်ရိုးတွေကို ဖြေပေးခြင်းလို့ ယူဆပေါ့ကွာ'

'မှန်ပါတယ်ခင်ဗျာ'

'ကောင်းပြီ အလုပ်စကြစို့' ဟု ပြောပြောဆိုဆို တသက်လက်အောက်၌နေသည့် အသွားအက်လှသည့် အမဲလိုက်ဓားမြှောင်ကို လှမ်းခနဲ ထုတ်ယူလိုက်တော့၏။

ထို့နောက် ပထမဦးစွာ ဘယ်ဘက်မျက်လုံးမှချုပ်ရိုးကို ဂရုတစိုက် လှီးဖြတ်ဖြေလိုက်လေ၏။

မကြာမီ မျက်ခွံပေါ်မှ မိန်ကျည်းစေ့ခန့်ရှိ ပတ္တမြားတစ်လုံးကို တွေ့ရတော့၏။

'အင်း... တော်တော်ကို အရည်အသွေး ကောင်းတဲ့ ပတ္တမြားပဲကွ မောင်ထွန်းပရဲ့' ဟု မုဆိုးကြီး ဖရော်ဂန်က ပြောလိုက်၏။

ထို့နောက်—

ညာဘက်မျက်ခွံမှ ချုပ်ရိုးကို ဂရုတစိုက် လှီးဖြတ် ဖြေလိုက်ပြန်လေ၏။

မန်ကျည်းစေ့ခန့် ပတ္တမြားတစ်လုံးကိုပင် ရရှိပြန်လေ၏။

မုဆိုးကြီးဖရော်ဂန်က—





'အင်း...ဒီအတိုင်းဆိုရင် မှတ်တမ်းထဲမှာပါတဲ့ အဖြစ်အပျက်တွေဟာ အားလုံး အမှန်တွေချည်းပဲ ဖြစ်လိမ့်မယ်ကွဲ့' ဟု ဆို၏။

မောင်ထွန်းပကလည်း ခေါင်းညိတ်ထောက်ခံလေ၏။

တစ်ဖန် ပါးစပ်မှချုပ်ရိုးကို နောက်ဆုံး လှီးဖြတ်ဖြေလိုက်ပြီးသည့်နောက် အခေါင်းကို မွှေ၍ ငိုက်စိုက်ဖြစ်စေရန် ဖန်တီးလိုက်သောအခါ...

'ဒေါက်'

အဖြူ၊ အဝါ၊ အပြာရောင် အမျိုးမျိုးဖြင့် ဖြိုးဖြိုးဖြက်ဖြက် လင်းလက်လျက်ရှိသည့် ကွမ်းသီးလုံးခန့် စိန်ကြီးကို တွေ့ရပြန်တော့၏။

'အင်း...ပရော်ဖက်ဆာဒေါက်ဟာမီးဗွား ဆိုတဲ့ကောင်ဟာ ရက်စက်ဘာက လွှဲရင်တော့၊ ဆေးအတတ်ပညာမှာ လူတော်တစ်ယောက်လို့ ခေါ်ရမှာပဲကွ၊ ကြည့်စမ်း သူချုပ်ပေးလိုက်တဲ့နည်းဟာ မျက်လုံးအိမ်ကို လုံးဝ ထိခိုက်မှုမပေးအဲ မျက်ခမ်းနှစ်ခုကိုသာ အတိအကျ မတိမ်းမစောင်း ဆွဲစေ့ပြီးတော့ ချုပ်ထားလိုက်တာကွ'

'ဟုတ်တယ်ဦးလေး၊ စိန်ကြီးကိုလဲ လျှာအောက်မှာ သေသပ်စွာထားပြီး နှုတ်ခမ်းအထက်အောက်ကိုသာ ချုပ်လိုက်တာခင်ဗျ'

မောင်ထွန်းပကလည်း ထောက်ခံပြောဆို၏။

'ကဲ... အဲဒီကိစ္စတော့ ပြီးပြီဟေ့၊ မင်း ဒီမှာ ခဏနေခဲ့ဦး၊ အလောင်းတွေကို အဆင်ပြေပြေ လျှို့ဝှက်မြှုပ်နှံနိုင်



www.burmeseclassic.com

www.burmeseclassic.com



မည့်နေရာကောင်းတစ်ခုလောက် ငါသွားရှာလိုက်ဦးမယ်’ဟု ဆိုကာ မုဆိုးကြီးဖရော်ဂန်သည် သူ၏ဒူးလေးကြီးနှင့် ဝေါ မြှားတင်ခုကို ယူဆောင်ကာ ဂူပေါက်ဝမှ ထွက်ခွာသွား တော့၏။

မောင်ထွန်းပမှာ ဖခင်ကြီး၏ရုပ်အလောင်းကိုကြည့်လျက် အသည်း ပူဆွေးနေရှာလေ၏။

တစ်ဖန် ဖခင်ကြီးနှင့် မမျှော်လင့်ဘဲ ထူးဆန်းစွာ ဖူးစာ ဖက်ခဲ့ကြသူ မုလဲမေဆိုသူ အဘွားကြီး၏ ရုပ်အလောင်းကို လည်း ကရုဏာသက်စွာ ကြည့်နေမိ၏။

သေဆုံးသည့်အချိန်အထိ သူ့အပေါ် လွန်စွာ ချစ်ခင်ရှာ သော ဖခင်ကြီး၏ မေတ္တာတရားကို အပြန်ပြန် အထပ်ထပ် အောက်မေ့သတိရမိ၏။

ထိုအခိုက် ဂူတစ်ခုလုံး ပြိုကျမတတ် တုန်လှုပ်ချောက်ချား ဖွယ်သော အသံနက်ကြီးနှင့် ရယ်မောလိုက်သံကို ကြားရ တော့၏။

‘ဟား...ဟား...ဟား...ဟား’

မောင်ထွန်းပက ဓားမြှောင်ကိုကိုင်၍ဆတ်ခနဲလှည့်ကြည့် လိုက်သည်တွင် ဂူဝေါက်ဝ၌ရပ်နေသော မည်းမည်းအရိပ် သဏ္ဌာန်ကြီးကို ချောက်ချားစဖွယ် တွေ့လိုက်ရတော့၏။

ပြီးမှ...

‘ခင်ဗျား ဘယ်သူလဲ’ဟု မေးလိုက်မိ၏။





‘ငါလား...ငါသေမင်းလေ၊ မင်းက ဒေါနရဲ့တစ်ဦးတည်း သောသား ထွန်းပဆိုတာ မဟုတ်လားကွ တင်’ ဟု ပြန် မေးလိုက်၏။

‘ဟုတ်တယ် အဲဒါ ဘာဖြစ်သလဲ’ ဟု မောင်ထွန်းပက လှမ်းမေး၏။

‘ဘာဖြစ်ရမှာလဲကွ၊ မင်းအဖေဒေါနဟာ ငါ့ရဲ့ စာမွှာ ရန် ဖြစ်လေတော့ သူနဲ့အတူ ပုလဲမေကို မသေမချင်း စောင့် စားကြည့်နေရတာ သိပ်ကို အရသာ ရှိတာပေါ့’ ဟု ဆို လေ၏။

‘ခင်ဗျား...ခင်ဗျား ဖရော်ဖက်ဆာဒေါက်တာမီးပွားဆို တဲ့လူ မဟုတ်လား၊ ခင်ဗျားဟာ လူမဟုတ်ဘူး၊ တိရစ္ဆာန်၊ တိရစ္ဆာန်မှ တိရစ္ဆာန်ရိုင်းတစ်ကောင်ပဲ သိရဲ့လား’

ပြောပြောဆိုဆို မောင်ထွန်းပက ဓားကိုင်၍ ရင်ဆိုင် လိုက်၏။

‘ဖြည်းဖြည်းပေါ့ကွာ။ ငါပြောတာလဲ နားထောင်ပါ ဦး၊ မင်းအဖေရဲ့ပြောစကားအရ သူ့မှာ ထွန်းပဆိုတဲ့သား တစ်ယောက်ရှိကြောင်း ငါသိရတယ်၊ ငါ့လူတွေနဲ့စုံစမ်းတော့ ခင်းဟာ ကချင်ပြည်နယ်က မုဆိုးတစ်ယောက်နဲ့ လိုက်ပါပြီး ပန်နန်ဒင်ရွာမှာ နေတယ်ဆိုတာ သိရပြန်တယ်၊ ဒီအတိုင်းဆို ရင် မင်းတို့သားအဖဟာ မကြာခင် တွေ့ဆုံနိုင်လိမ့်မယ်လို့ ငါယူဆထားတယ်ကွ’ဟု ဆို၏။

‘ဒီတော့ ဘာဖြစ်သလဲဗျ’ဟု မောင်ထွန်းပက မေးလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်ရမှာလဲကွာ၊ ငါ့အစီအစဉ်တွေကို ဖျက်စီးအောင် ဖျက်ဆီးပြီး ငါ့မိန်းမပုလဲမေကို ခိုးယူသွားတဲ့ မင်းအဖေကို သတ်ရုံနဲ့ အားမရသေးဘူးဟေ့၊ သူ့ရဲ့မျိုးဆက် မင်းကိုပါ အစတုံးဖို့ ငါကြံစည်ထားတာ၊ အခုတော့ အခွင့်သင့်ပြီပေါ့ ကွာ' ဟု ဆို၏။

'ဒီလိုလား၊ လူမဆန်တဲ့ခင်ဗျားကို ကျုပ်ကလည်း ကမ္ဘာဆုံးအောင်လိုက်ရှာပြီး လက်စားချေဖို့ ရည်ရွယ်ထားတာနဲ့ အတော်ပဲပေါ့ဗျာ၊ ကဲ လာ ယှဉ်ကြစို့' ဟု မောင်ထွန်းပက တက်ကြွစွာပြောလိုက်၏။

'ရပါဘယ်ကွာ ကဲ တင်ရှိတဲ့ကြွေးတွေကို ရှင်းကြစို့' ဟု ဒေါက်တာမီးပွားက ပြော၏။

ထို့နောက် နှစ်ဦးသား ကျောက်ဂူအတွင်း၌ မီးထွက်မတတ် စူးရှတောက်ပြောင်သောမျက်လုံးများနှင့် သတိအထူးထား၍ ရင်ဆိုင်လိုက်ကြတော့သည်။

ပရော်ဖက်ဆာ ဒေါက်တာမီးပွား၏ လက်ထဲ၌လည်း စူးချွန်သဏ္ဍာန် ကြေးလက်နက်တစ်ခုကို အသင့်ကိုင်ဆောင်ထားလေ၏။

မောင်ထွန်းပကကြောင်တစ်ကောင်ကဲ့သို့ လှစ်ခနဲတိုးဝင်၍ ထိုး၏။ ပက်၏။ ဆွဲ၏။ ကိုက်၏။ တိုက်၏။ ခိုက်၏။

ပရော်ဖက်ဆာ ဒေါက်တာမီးပွားကလည်း အရွယ်နှင့်မလိုက်အောင် ကျားသစ်တစ်ကောင်ကဲ့သို့ ရှောင်၏။ တိမ်း၏။ ယိမ်း၏။ ငုံ့၏။ သွဲ့၏။ ခုတ်၏။ ပိုင်း၏။





တစ်ချီတွင် ပရော်ဖက်ဆာဒေါက်တာမီးပွား၏ တိုက်ခိုက်မှုကြောင့် မောင်ထွန်းပမှာ ဂူပေါက်ဝသို့ လွင့်ထွက်သွားခဲ့၏။

ပရော်ဖက်ဆာ ဒေါက်တာမီးပွားက အခွင့်အရေးကို လက်လွှတ်မခံဘဲ အတင်းဝင်ရောက် ထိုးနှက်တိုက်ခိုက်ပြန်လေ၏။

တိုက်ပွဲကား ကြောက်ခမန်းလိလိ အသက်လုတိုက်ခိုက်ပွဲ တစ်ပွဲ ဖြစ်နေလေ၏။

မောင်ထွန်းပ၏ ဓားမြှောင်မှာ ကျောက်သားနံရံနှင့် မတော်တဆထိပြီး ချောက်ထဲသို့ လွင့်ကျသွားတော့၏။

ထိုအခါ... ပရော်ဖက်ဆာဒေါက်တာမီးပွားက တဟဲဟဲ ရယ်မောလိုက်ပြီးလျှင်...

'ကဲဟေ့... မင်းအတွက် ခန္ဓာကိုယ်နဲ့ဝိညာဉ် ကင်းကွာဖို့အချိန်သိပ်မဝေးတော့ဘူး၊ လိုရာဆုကို တောင်းပေတော့၊ ပြီးတော့ သားအဖနှစ်ယောက် တမလွန်မှာ သွားဆုံစည်းကြပေါ့ကွာ... ဟားဟားဟား' ဟု ကျယ်လောင်စွာ ရယ်မောလေ၏။

ပရော်ဖက်ဆာဒေါက်တာမီးပွား၏ သွေးဆာသောရယ်မောသံကြီးမှာ ဂူတစ်ခုလုံး ဟိန်းထွက်သွားပြီးလျှင် တောင်ကြားနှင့်တောအုပ်များဆီအထိ ပျံ့နှံ့သွားလေ၏။

ထိုအချိန်၌မောင်ထွန်းပမှာ သေခြင်းတရားကို ရင်ဆိုင်ရမှလွဲ၍ မည်သည့်အားကိုးသူကိုမျှ မရနိုင်ကြောင်း တွေးမိသဖြင့် စိတ်အားလျော့သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာ ဒေါက်တာမီးပွားက ရှေ့သို့တစ်လှမ်း ချင်းတိုးလာ၏။

မောင်ထွန်းပက အကွက်ကောင်းစောင့်၍ နောက်ဆုတ် ပေး၏။

ဤသို့နှင့် ပရော်ဖက်ဆာဒေါက်တာမီးပွားက ရုတ်တရက် ခုန်အုပ်၍ မောင်ထွန်းပ၏ရင်ဝကို စူး၍ချွန်နှစ်ထိုးလိုက်တော့ ၏။

မောင်ထွန်းပက ထိုအချိန်၌ မမျှော်လင့်သော အမြူအမှု တစ်ခုကို ပြုလိုက်လေသည်။

ရင်းသည် ခုန်အုပ်လာသော ပရော်ဖက်ဆာဒေါက်တာ မီးပွား၏ မြေနှစ်ချောင်းကြားသို့ မိုက်မဲစွာကျွမ်းပစ်လျက်ခုန် ဝင်သွားတော့၏။

ထိုအချိန်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု သည် ရုတ်ခြည်းပေါ်ပေါက်လာသည်ကို တွေ့လိုက်ရ၏။

ကံဘုရားကား ဆန်းကြယ်လှပေစွတကား။

ပရော်ဖက်ဆာဒေါက်တာမီးပွားမှာ ဆတ်ခနဲတွန့်သွား ပြီးလျှင် နောက်ဖက်သို့ခြေတစ်လှမ်းဆုတ်လျက် တွေတွေကြီး ရပ်နေလေတော့၏။

မြားတစ်ချောင်းသည် ပရော်ဖက်ဆာဒေါက်တာမီးပွား ၏ရင်ဝမှကျောဖက်သို့ ထွင်းဖောက်နေလျက် ကျန်မြားတစ် ချောင်းမှာ လည်ပင်းသို့ ထုတ်ချင်းခတ်စူးဝင်နေသ၏။

သွေးတို့သည်တစ်စက်စက် ဂူ၏ကျောက်သားပြင်ပေါ်သို့ ကျရောက်လျက်ရှိ၏။





'ဟေး.... မောင်ထွန်းပ'

ထိုအချိန်၌ ဂူဆင်းလမ်း၊ ကျောက်တုံးတစ်တုံးအကွယ်မှ အူးလေးကိုကိုင်ကာ ရုတ်တရက်ပေါ်ထွက်လာသောမုဆိုးကြီး ဖရော်ဂန်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့၏။

'ဟင်.... ဦးလေး'

မောင်ထွန်းပက အံ့ဩဝမ်းသာစွာ လှမ်းခေါ်လိုက်၏၊

'ဝုန်း'

ထိုစဉ်မှာပင် ပရော်ဖက်ဆာ၊ ဒေါက်တာမီးပွားသည် ပန်းချီကားချပ်အနီးသို့ လဲကျသွားတော့၏။

ထို့နောက်....

'မင်း မင်း ဒေါနရဲ့သား၊ ငါ့ရန်သူ'ဟု သွေးရူးသွေး တန်းဟစ်အော်ကာ ပန်းချီကားချပ်ကိုကိုင်ကာ ဒယီးဒယိုင် ထလာလေ၏။

ပြီးလျှင်....

မုဆိုးကြီးဖရော်ဂန်အား တွေတွေကြီး ကြည့်ပြီးနောက်– တဟွတ်ဟွတ် ချောင်းဆိုးနေလေ၏၊

ထို တခဏ်အချိန်မှာပင် မယုံကြည်နိုင်စရာ အဖြစ်ကို နှစ်တွေ့ မြင်ကြရပြန်လေသည်။

သွေးအထွက်လွန်နေသော ပရော်ဖက်ဆာ ဒေါက်တာ မီးပွား၏ ကိုယ်ခန္ဓာကြီးမှ အသားအရေများမှာ ရုတ်ခြည်း ပြောင်းလဲလာလျက် အရွယ်အို အဘိုးကြီးတစ်ယောက်သို့ အသားအရေများ ရှုံ့တွအိတွဲလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်း၏ ခန္ဓာကိုယ်မှာ အရိုးများ အပြိုင်းပြိုင်း ထလာလျက် အရိုးစုဒုဏ်ကြီး တစ်ခုယောက်ကဲ့သို့ ခပ်ကိုင်းကိုင်း ဖြစ်နေခဲ့တော့၏။

မှုဆိုးကြီး ဖရော်ဂန်က ဒူးလေးနှင့် ထပ်မံချိန်ရွယ်ထားသော်လည်း ထူးဆန်းသော အခြင်းအရာကြောင့် မောင်ထွန်းပမှာ ကြက်သေ သေနေလေ၏။

ထိုအခိုက်မှာပင် ဖရော်ဖက်ဆာ ဒေါက်တာမီးပွားသည် တအင့်အင့် ညည်းညူသံကို ပြုလျက် လွန်စွာ နက်ရှိုင်းလှသည့် တောင်ထွတ်အောက်၊ ချောက်ကြီးထဲသို့ ပန်းချီကားချပ်ကြီးကို ပိုက်၍ ခုန်ဆင်းသွားလေတော့၏။

'အား'

ဖရော်ဖက်ဆာ ဒေါက်တာမီးပွား၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံကြီးမှာ တောတောင် တစ်ခွင်ပဲ့တင်ရိုက်ခတ် မြည်ဟီးသွားလေ၏။

'အင်း...အင်မတန် ထိတ်လန့် ကြောက်ရွံ့ဖွယ်ကောင်းတဲ့ အဖြစ်တစ်ခုပါပဲ ဦးလေးရယ်' ဟု မောင်ထွန်းပက ပြောရာ မုဆိုးကြီး ဖရော်ဂန်က—

'ငါလဲ ဂုဏ်က ရယ်ခဲ့မှာသံ တိုက်ခိုက်သံတွေကြောင့် မသက်သာတာနဲ့ ကျောက်တုံးအကွယ်က အသင့်ချောင်းမြောင်းနေတာကွ၊ ပင်ကျွင်းကို မင်းကိုယ်လုံးက ကွယ်ထားတော့ ခက်နေတာပေါ့၊ ဒါပေမယ့် သူက ခုန်အုပ်တာမှာ မင်းကမျှော်လင့်ဘဲ ချောင်လိုက်တော့၊ အဲဒီအချိန်လေးမှာ ငါရဲ့





ဒူးလေးက မြားတံတွေကို ပစ်ထုတ်လိုက်ရတာပဲ မောင်ထွန်းပရေ'

မုဆိုးကြီး ဖရော်ဂန်က ပြောလိုက်၏။

'အချိန်မီလေးပါပဲ၊ နို့မို့ဖြင့် ပရော်ဖက်ဆာ ဒေါက်တာမီးပွားရဲ့ လက်ချက်နဲ့ ကျွန်တော် သေနေပြီ'

ထိုအခါ မုဆိုးကြီး ဖရော်ဂန်က—

'သူ့ရဲ့သွေးတွေ အထွက်လွန်တာမှာ သူ့ရဲ့ကိုယ်ခန္ဓာက လက်ရှိ ရှိနေတဲ့ သူ့အသက်ရဲ့ ရုပ်ရည်အတိုင်း ပြောင်းလဲအောင် ဖြစ်စေတော့တာပဲကွ' ဟု ရှင်းပြ၏။

ထို့နောက် နှစ်ယောက်သား ဦးဒေါန အလောင်းနှင့် ပုလဲမေခေါ် အဘွားအို၏ အလောင်းများကို ကျောက်လိုဏ်ခေါင်း ထွင်းထု၍ မြှုပ်နှံသဂြိုဟ်၏။

ပြီးနောက် ကြေကွဲစွာဖြင့် ကချင်ပြည်နယ်ဖက်သို့ ပြန်လာခဲ့ကြတော့၏။

အထက်ပါ အဖြစ်အပျက်များနှင့် ပတ်သက်၍ မှုကား မုဆိုးကြီး ဖရော်ဂန်သည် လည်းကောင်း၊ မောင်ထွန်းပသည် လည်းကောင်း ဤတစ်သက်တာတွင် မမေ့ပျောက်နိုင်လိမ့်မည် မဟုတ်ချေတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## …မှော်ဝင်ပန်းချီကားနှင့် အန္တရာယ် အထွေထွေ အပြားပြား

‘ဦးလေးရာ ကျွန်တော်တော့ အဖေ့ကိုယ်စား လူယုတ်…မာကြီးကို လက်စားချေလိုက်နိုင်တာ တော်တော်လေးကို…ဝမ်းသာမိတယ်’ဟု ကျေနပ်အားရခြင်း၊ ပီတိဖြစ်ခြင်းများ…ဖြင့် အားပါးတရ ပြောလိုက်သော မောင်ထွန်းပအား ကြည့်…ကာ မုဆိုးကြီး ဖရော်ဂန်က....

‘အေးကွ၊ ဦးလေး အဖြစ်ဆိုး အမျိုးမျိုး၊ ဒုက္ခ အဖုံဖုံ…ကြုံတွေ့အောင် ဖန်တီးခဲ့တဲ့ လူယုတ်မာကြီး ပရော်ဖက်ဆာ…ဒေါက်တာ မီးပွားကို လက်စားချေလိုက်နိုင်တာကို တော်…တော် ကျေနပ်နေမိပါတယ်’ဟု ပြောလိုက်၏။

ထို့နောက် နှစ် ယောက် သား သည် ပရော် ဖက် ဆာ…ဒေါက်တာ မီးပွား ကျသွားရာ ချောက်ကမ်းပါးကြီးသို့ ငုံ့…ကြည့်လိုက်ကြ၏။

‘ပေပေါင်း နှစ်သောင်းလောက် နက်လိမ့်မယ်ထင်တယ်…ဦးလေး နော’





‘ဒါထက်သာ ပိုရင်ပိုမယ်၊ ဒီ့အောက်တော့ မလျော့နိုင်ဘူးကွယ့်’

မုဆိုးကြီး ဖရော်ဂန်က ဆို၏။

‘ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ် ဦးလေး’

‘အေး…ပြောပါ မောင်ထွန်းပ’

‘ဒီလိုလေ…အန္တရာယ်ခရီးကြမ်းကို အခက်အခဲအမျိုးမျိုး ရင်ဆိုင်ပြီး မမြင်မကမ်း ထားခဲ့ရတဲ့အဖေဟာ ကျွန်တော့်ကို ပေးချင်လွန်းလို့ ပန်းချီကားကြီးကို ယူခဲ့ရှာတယ်’

‘အေး–ဟုတ်ပါတယ်၊ ဒီတော့….’

‘ဒီတော့ ဖြစ်ချင်ရာ ဖြစ်စေ၊ ပရော်ဖက်ဆာ ဒေါက်တာ မီးပွားနဲ့ အတူ ကျရောက်သွားတဲ့ ဒီ ပန်းချီကားကိုတော့ မရ ရတဲ့နည်းနဲ့ ယူကြမှ ဖြစ်လိမ့်မယ်ထင်တယ် ဦးလေး’ဟု မောင်ထွန်းပက သန္နိဋ္ဌာန်ချထားသော အမူအရာဖြင့် ပြောလိုက်သည်တွင် မုဆိုးကြီး ဖရော်ဂန်က….

‘ကောင်းပြီလေ… ဒါဖြင့် ဒီလိုလုပ်ကြရအောင်’

ပြောပြောဆိုဆို သူ၏ လက်စွဲတော် ဒူးလေးကြီးကို ကျောက်စွန်းတစ်ခုပေါ်သို့ အသာအယာ ချင်လိုက်၏။

‘ဘယ်လိုလုပ်မှာလဲ ဦးလေးရဲ့’

‘ဒီလိုလေကွာ’ဟု ပြောပြောဆိုဆို မုဆိုးကြီး ဖရော်ဂန်က စံစိန်ဖွာ ထည့်၍ ယူဆောင်ခဲ့သော ၎င်း၏ အိတ်ကြီးထဲမှ ကြိုးခွေတစ်ခွေကို ဖော်ယူလိုက်တော့၏။

ပြီးလျှင် ထန်းတစ်ဖျားခန့် အမြင့်ရှိသည့် ကျောက်ချွန်းကြီးဆီသို့ ကြိုးကို ကွင်းလျှောလုပ်၍ ဝှီးခနဲ ပစ်လိုက်လေရာ



www.burmeseclassic.com

www.burmeseclassic.com



အခန့်သင့်မင်း ကြိုးထိပ်ရှိ ကွင်းလျှောမှာ ကျောက်ချွန်းကြီး ဆီသို့ တိကျစွာ စွပ်မိသွား၏။

ထိုအခါ မုဆိုးကြီးဖရော်ဂန်က...

'ဒီကြိုးက လူနှစ်ယောက်ကို နိုင်အောင် ထိန်းနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် တစ်ယောက်ချင်းဆင်းရင် ပိုကောင်းလိမ့်မယ်' ဟု ပြော၏။

'ဒီကြိုးက ချောက်ကမ်းပါးအဆုံးကို ရောက်နိုင်ပါ့မလား ဦးလေးရာ' ခမောင်ထွန်းပက မယုံမရဲမေးရာ မုဆိုးကြီးဖရော်ဂန်က...

'မင်းပြောသလိုမပါဘူး၊ ကြိုးကတော့မမီဘူးကွ၊ သို့ပေမယ့် တစ်ခါက အဲဒီချောက်ထဲကို ငါဆင်းဖူးပါတယ်၊ ပေ၆၀လောက်ရောက်ရင် ချောက်ထဲကို ဆင်းသွားနိုင်တဲ့ ကျောက်တွင်းလမ်းတစ်လမ်း ရှိတယ်ကွ၊ အရေးကြီးတာက အဲဒီ ကျောက်တွင်းလမ်းကို ရောက်ဖို့ ဆိုပါတော့' ဟု ရှင်းပြ၏။

'အော်–ဒီလိုကိုး'

'ကဲဟေ့...ကြာတယ်၊ အလုပ်စကြစို့' ဟု ပြောပြီးလျှင် မုဆိုးကြီးဖရော်ဂန်က သူ၏လက်စွဲတော် ဒူးလေးကြီးကို ခါး၌ သေချာစွာ လွယ်ပိုးပြီးနောက် ကြိုးကိုဆွဲ၍ ချောက်ကမ်းပါးအတွင်းသို့ လျှောချသွားသတော့၏။

'ငါ အောက်ရောက်ရင် ကြိုးကို လှုပ်လိုက်မယ်၊ အဲဒီအခါမှာ မင်း ဆင်းခဲ့ပေတော့ မောင်ထွန်းပ' ဟု အော်ပြောခဲ့သေး၏။





ကွမ်းတစ်ယာညက်ခန့်အကြာတွင် ကြိုးစမှာ အလွန်အမင်းလှုပ်ခါလျက်ရှိနေသောကြောင့် ၎င်းအား ဆင်းလာရန် အချက်ပေးခြင်းဖြစ်ကြောင်း သိရှိသည်နှင့် မောင်ထွန်းပ လည်း ဓားရှည်တစ်ချောင်းကို လွယ်ပိုးကာ ကြိုးတန်းကို ကိုင်၍ လျှောချလိုက်တော့၏။

အောက်ဖက်မှ ဝင့်၍ တိုက်ခတ်လိုက်သော လေကြောင့် မောင်ထွန်းပ၏ရင်ထဲ၌ ဟာခနဲဖြစ်သွားရပြီးလျှင် လေဟာပြင်ထဲ၌ လွယ်ရာမဲ့ သူကဲ့သို့ ဖြစ်နေတော့၏။

စိတ်ကို အနိုင်နိုင် တင်း၍ ဆက်လက် လျှောချလိုက်ရာ မကြာမီမှာပင် အောက်ဖက်မှ ဆီးကြိုဆွဲယူလိုက်သော မုဆိုးကြီး ဖရော်ဂန်၏ လက်တစ်ဖက်ကြောင့် အားတက်သွားမိတော့၏။

ထိုအခါမှပင် နှစ်ယောက်သားမှာ ကျောက်ကလပ်တစ်ခုပေါ်တွင် ခြေချမိခြင်းဖြစ်ကြောင်း မောင်ထွန်းပ သဘောပေါက်မိတော့၏။

'နောက်တစ်ပြန်ဆိုရင်တော့ ကျောက်တွင်းလမ်းဆီရောက်ကောင်းပါရဲ့ကွာ'

'ဒါနဲ့ ကြိုးစကို ကျောက်ချွန်းကြီးဆီက ဘယ်လိုဖြုတ်ယူမလဲ ဦးလေး' ဟု မောင်ထွန်းပက စိုးရိမ်စွာမေးလိုက်၏။

မုဆိုးကြီးဖရော်ဂန်က အေးဆေးတည်ငြိမ်စွာ ပြုံး၍–

'ဟဲဟဲဟဲ...မပူပါနဲ့ မောင်ထွန်းပရဲ့၊ ခေါစောကတည်းက ဒီကိစ္စအဆင်ပြေအောင် စီမံထားပြီးသားပါ၊ ဟောဒီမှာ လေ–တစ်ဖက်ကွင်းလျှောထိပ်မှာ တွဲချည်လာခဲ့တဲ့ ပိုးကြိုး



www.burmeseclassic.com

www.burmeseclassic.com



အနက်လေး၊ ငါကြီးအတိုင်း ဆွဲယူရင် ကွင်းလျှောပြေပြီး ကြိုးမြုတ်ပြီးသားဖြစ်သွားပြီပေါ့’ဟု ရှင်းပြလေ၏။

ဤတွင်မှ ပိုးကြိုးစအနက်လေးကို လေထဲ၌ လှုပ်လှုပ်လျက် မောင်ထွန်းပ တွေ့ရတော့၏။

‘အင်း....အင်မတန်အကြံပိုင်တဲ့ ဦးလေးပါပဲဗျာ’ဟု ဆရာဖြစ်သူ မုဆိုးကြီးဖရော်ဂန်အား မောင်ထွန်းပက တအံ့တသြ ချီးကျူးလိုက်လေ၏။

ကြိုးစကို ဆွဲယူပြီးနောက် တစ်ဖန် ကျောက်ကလပ်ဘေးရှိ ကျောက်ချွန်း တစ်ခုသို့ ပစ်ရန် အားယူ လွှဲလိုက်စဉ်မှာပင် ၎င်းတို့အထက် ကျောက်ချွန်းထက်မှ ခဲလုံးအချို့ ပြိုကျလာသံကို ကြားလိုက်ရတော့သည်။

ထိုအခါ မုဆိုးကြီးဖရော်ဂန်က မောင်ထွန်းပအား–

‘ဟေ့ မောင်ထွန်းပ၊ ကျောက်ကလပ်ရဲ့အတွင်းပိုင်းမှာ မြန်မြန်ပုန်းလိုက်စမ်း၊ အပေါ်မှာ ရန်သူတွေရောက်နေပြီကွ ... ကန္တ ပရော်ဖက်ဆာဒေါက်တာမီးပွားရဲ့ တပည့်တွေ ဖြစ်လိမ့်မယ်’ဟု ပြောပြောဆိုဆို ကျောက်ကလပ်၏ အရင်း ... ပြေးဝင်ကပ်လိုက်တော့၏။

‘ဟူး–ဟူး–ဝါး ဝါး....ဟေး’

‘ဝေါ–ဝေါ–ဝေါ’

‘ဒလုံး....ဒလုံး’

သို့စဉ်အခိုက်၌ အပေါ်မှပေါ်ထွက်လာသည့် အော်ဟစ်သံများနှင့်အတူ ကျောက်တုံးကြီးများသည် ၎င်းတို့နေထိုင်ရာ ကျောက်ကလပ်ပေါ်သို့ ပြင်းထန်စွာ ကျရောက်လာလေ...





‘ဒီကောင်တွေ သူတို့ဆရာသေဆုံးသွားကြောင်းနဲ့ တို့နှစ်ယောက် အောင်ဆင်းသွားတာကို အမှန်သိနေတယ်ကွ၊ ဒါပေမယ့် ဒီကောင်တွေ တောင်ပေါ်အတက်နည်းနည်းနှေးသွားလို့ တို့နှစ်ယောက် အသက်ချမ်းသာရာရတာ’

‘ဟုတ်တယ်ဦးလေး၊ နို့မို့ဖြင့် ကျွန်တော်တို့ ကြိုးနဲ့လျှောချဆင်းနေတုန်း ကြိုးကိုဖြတ်ချလိုက်ရင် အခုလောက်ရှိ နှစ်ယောက်သား အရိုးအသား ရှာတွေ့တော့မှာ မဟုတ်ဘူး’

ထိုစဉ် ကျောက်တုံးကျောက်ခဲများ အဆက်မပြတ်ပြိုကျလာပြန်လေ၏။

အားစိမ့်သောလေကလည်း အဆက်မပြတ်တိုက်ခတ်လာလေ၏။ လေတိုက်မှုကြောင့် မျက်နှာများ ငပ်ဖျင်းဖျင်းဖြစ်ရာမှ ထုံကျဉ်လာတော့၏။

‘ဘာပဲဖြစ်ဖြစ်တို့ဒီကျောက်ကလပ်ပေါ်ရောက်ရင်အပေါ်က ကျောက်တုံးတွေပစ်ချပြီး အစတုံးအောင် အပိုင်စီစဉ်ပြီးလုပ်နေတာကွ’

‘ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ’

‘လွယ်ပါတယ်ကွာ၊ အခုလိုပဲ ဆက်ပုန်းနေပေါ့၊ ဒါမှ ဒီကောင်တွေ ဒို့သေသွားပြီထင်သွားမယ်၊ မိုးချုပ်လည်းဖြစ်နေပြီလေ၊ ဘာပဲဖြစ်ဖြစ် ဒီကောင်တွေဟာမိုးလင်းတာနဲ့ ကျောက်ထဲက သူတို့ဆရာအလောင်းကိုတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ယူဆောင်သွားမှာ အမှန်ပဲ’ မုဆိုးကြီးဖရော်ဂန်ကပြော



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုဆိုရင် ဒုက္ခပေါ့ ဦးလေးရယ်'တဲ့ မောင်ထွန်းဖေက စိုးရိမ်သံနှင့် ပြောရှာလေ၏။

'သိပ်တော့ မစိုးရိမ်ပါနဲ့ကွာ၊ သူတို့ဟာ ချောက်ထဲကို ဆင်းချင်ရင် လှေလမ်းအတိုင်း ပြန်ဆင်းပြီး ကျောက်တွင်းလမ်းကသွားကြရမှာပါ။ ဒို့က ဒီမှာညအိပ်ပြီး အချိန်အြိန်ပြီးမှ အခြေအနေကြည့်ဆင်းရမယ်'ဟု ဆို၏။

မောင်ထွန်းပေမှာ ထိုမျှကြောက်လန့်စေဥ၊ အသည်းထိတ်စရာ၊ အားငယ်စရာ အကြောင်းများကို မည်သည့်အခါမှ မကြုံတွေ့ခဲ့ရဘူးသောကြောင့် အားငယ်သွားမိရှာသေ၏။

ဤသို့ဖြင့် အတန်ကြာသောအခါ ကျောက်တုံးများ ကျရောက်လာခြင်း ရပ်ဘန့်သွားတော့သည်။

'ဒို့သေသွားပြီလို့ ဒီကောင်တွေ ထင်သွားပြီကွ၊ သူတို့လူသိက်ဟာ အနည်းဆုံးလူသယ်ယောက်တော့ ရှိလိမ့်မယ်'

'ဘာကြောင့် ဒီလိုပြောနိုင်တာလဲဦးလေး'

'ဟိုမှာကြည့်လေ' မှဆိုးကြီးဖရေဇ်ဂန်က ဓာင်ပူစာသဏ္ဍာန် ကျောက်ပုံနှစ်ပုံကို လက်ညှိုးညွှန်ပြရင်း....

'ကျောက်တုံးတွေ ဒီလိုဖြစ်အောင်၊ ဒီအချိန်အတွင်း လှိမ့်နိုင်တဲ့ အင်အားဟာ လူဆယ်ယောက်အနည်းဆုံး ရှိမှဖြစ်နိုင်တာကွ'ဟု ရှင်းပြ၏။

နှစ်ယောက်သား စကားစမြည်ပြောလျက် ပုန်းအောင်းနေခဲ့ကြရာ အတန်ပင်မှောင်မိုက်၍ ညဥ့် အချိန်သို့ရောက်ရှိခဲ့ပြီဖြစ်လေတော့၏။





ထိုစဥ်- ငှင်းတို့အောက်ဖက် ပေနှစ်ရာခန့်အကွာ၌အလင်းရောင်များ တဖျပ်ဖျပ် ထွက်ပေါ်နေလေရာ နှစ်ဦးသားတို့ ကြည့်ရှုပြီးနောက် မုဆိုးကြီးဖရေဇ်ဂန်က—

'ဒါ ဘာဖြစ်နိုင်မလဲမသိဘူး၊ သတ္တု တစ်မျိုးမျိုးလား၊ သတ္တဝါတစ်ကောင်ကောင်ရဲ့ အရောင်အဆင်းလား ဆိုတာ ခန့်မှန်းခဲ့ခက်လိုက်တာ'ဟု မုဆိုးကြီးဖရေဇ်ဂန်က ညည်းတွားလေ၏။

မောင်ထွန်းပေလည်း ထူးဆန်းစွာ လင်းလက်နေသည့် အောက်ဖက်ကျောက်ကပေ်မှ အလင်းရောင်ကို စိုက်ကြည့်နေမိ၏။

ထိုအလင်းရောင်မှာ လဖ်းရာမှ မှိန်သွားသည့်အခါ မှိန်သွားဘဘ်ရာ အရောင်တစ်မျိုးဖြင့် ထူးဆန်းစွာ လှုပ်နေကြောင်း တွေ့ရတော့၏။

'ဟာ...ဦးလေး... ဒါ ဘာဆိုတာ ကျွန်တော်သိပြီဗျ'ဟု မောင်ထွန်းပေက ဝမ်းသာအားရပြောလိုက်၏။

'ဟုတ်လား- သိရင်ပြောစမ်းကွာ၊ မောင်ထွန်းပေရာ၊ ဒီတောင်တန်းတွေပေါ်မှာ ဦးလေးကျင်လည် ကျက်စားခဲ့တာနှစ်ပေါင်း မနည်းတော့ပါဘူး၊ ဒီအလင်းရောင်မျိုးကို တော့ အခုဘစ်ခါပဲမြင်ဖူးတာကွဲ၊ ဘာမှန်းကို မသိပါဘူး' ဟုညည်းညူရင်း မောင်ထွန်းပေအပြောကို ငံ့လင့်နေ၏။

'ဒါဟာ- ဒါဟာ-အဖေယူလာတဲ့ မှော်ဝင်မန်းခါးဘား ကြီးပေါ့ဦးလေးရာ၊ ကြေ္ဌ ဒီမန်းချိကားဟာပရော်ဆာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ်မီးပွားဆိုတဲ့ လူကြီးရဲ့လက်ကလွင့်ပြီး ဒီကျောက်ကာလပ်အပေါ်မှာ လာတင်နေတာဖြစ်လိမ့်မယ်'

'ဟုတ်နိုင်ပါ့မလားကွာ'

'ဦးလေးစဉ်းစားကြည့်လေ၊ အဖေရေးခဲ့ဘဲ့ မှတ်တမ်းထဲမှာ၊ မှော်ဝင်မန်းချိုကားဟာ အလင်းရောင် တစ်မျိုးထောက်ပနေတတ်တယ်ဆိုတာ အခုအချိန်က ညအချိန်ဖြစ်တော့ အလင်းရောင်ဟွာပိုပြီး ထောက်ပလာတာ ဖြစ်လိမ့်မယ်'

'အင်း– ဟုတ်နိုင်တယ်၊ ဒါဆို ငါဆင်းပြီးယူမယ်၊ မင်းဒီကစောင့်နေ မောင်ထွန်းပ' မုဆိုးကြီးဖရေဘ်ဂန်က အားတက်သရောပြော၏။

'ကျွန်တော် ဆင်းယူပါရစေဦးလေး' မောင်ထွန်းပက တောင်းပန်၏။

'ငါက တောင်ဇက်တောင်ဆင်းမှာ မင်းသက်ပိုပြီးကျွမ်းကျင်ပါတယ်ကွာ၊ ငါသွားပါရစေ'

'ကောင်းပါပြီ ဦးလေး၊ ဒါထက် အပေါ်ကလူတွေရဲ့ရန်ကရှိသေးတယ်၊ ဘယ်လိုလုပ်ကြမလဲ'

'ဒီကောင်တွေ လေကာတိုက်လွန်းအားကြီးတော့ အဆောက်ခံနိုင်မှာမဟုတ်ပါဘူး၊ တောင်အောက်ကို ပြန်ဆင်းသွားလောက်ပြီ၊ ကဲ– အလုပ်စကြစို့'

မုဆိုးကြီးဖရေဘ်ဂန်က ကျောက်ချွန်းတွင်ကြိုးကွင်းကိုချိတ်စေပြီးနောက် လျင်မြန်သွက်လက်စွာ အောက်ဖက်သို့ဆင်းသွားတော့၏။





ခေတ္တမျှအကြာ၌ မုဆိုးကြီးဖရေဘ်ဂန်တစ်ယောက်မှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။

သို့သော် မကြာမီအချိန်တွင် အောက်ဖက်ရှိ ကျောက်ကာလပ်မှ ထူးဆန်းသော အော်သံတစ်ခုနှင့်အတူ ကြိုးစမှာ ယိမ်းထိုးလှုပ်ယမ်းသွားသည်ကို မောင်ထွန်းပ ခံစားသိရှိလိုက်ရလေ၏။

ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဟု နှလုံးပိုက်ကာ ဓားရှည်ကိုလွယ်ပိုး၍ ကြိုးစအတိုင်း လျှောဆင်းခဲ့လေတော့၏။

'ဂရား–ဂရား'

'ဝူး...ဝူး–ဂရီး'

ဆူညံသော အသံကြီးနှင့်အတူ လွန်စွာ ကြီးမားလှသည့် မည်းမည်း သတ္တဝါကြီး တစ်ကောင်သည် မုဆိုးကြီး ဖရေဘ်ဂန်အား လိုက်လံဘိုက်ခိုက်နေသည်ကို ကြယ်ရောင်ရေးရေးဖြင့် မောင်ထွန်းဝ မြင်ရလေ၏။

'ဟာ–ဘာကောင်ကြီးပါလိမ့်'

လူနှင့် သဏ္ဌာန်တူသော သတ္တဝါကြီးအား ကြည့်ကာ မောင်ထွန်းပမှာ ကြက်သေ သေသွားတော့၏။

သတ္တဝါကြီးမှာ ကြိုးအတိုင်း လျှောဆင်းလာသည့် မောင်ထွန်းပအား သတိမမူနိုင်ဘဲလျက်ရှောင်တိမ်းပြေးလွှားနေသော မုဆိုးကြီး ဖရေဘ်ဂန်ကိုသာ ဒေါသတကြီး အတင်းဝင်ရောက် ဖမ်းဆီးနေ၏။

ရုတ်ဘရက် သတိဝင်လာသော မောင်ထွန်းပသည် ခြေထောက်ကို ကျောက်နံရံသို့ အားတုန် ကန်လွှဲ၍ မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကြီး၏ နောက်ကျောအား ကြုံးလျက် ကန့်ယည့်လိုက်တော့၏။

'ဘုန်း'

'ဂရုး...ဂရုး'

မြင်းထန်လှသည့် မောင်ထွန်းပ၏ ကန့်အား ကြောင့် သတ္တဝါကြီးမှာ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီး အတွင်းသို့ ကျရောက်သွားတော့၏။

'ဗွီး-တော်ပါသေးရဲ့ကွာ၊ မင်း ရောက်လာပေလို့ပေါ့ နို့မို့ ဖြင့်ဒီကောင်ကြီးအစား ငါ့ရဲ့ဇီဝိန်ဟာ ချုပ်နေသောက် ပြီကွ ဟဲ ဟဲ ဟဲ' မုဆိုးကြီး ဖုန်ရော်ဂန်မှာ ရယ်နိုင် ပြုံးနိုင် ရှာလေ၏။

'ကျွန်တော်လဲ အောက်ဖက်က အော်သံကြားပြီး ကြို လုပ်နေတာတွေ့လို့မသင့်ာတာနဲ့ ဆင်းလာတာ ဦးလေး တော်သေးတာပေါ့ဗျာ'

'သူ့အ ငါ့ကို တွေ့တာနဲ့ ဒေါသဖြစ်ပြီး အတင်း တိုက်တာကွ မောင်ထွန်းပရဲ့၊ ရှောင် ကောင်း နေလို့သ ပေါ့ကွာ၊ မင်းသာ ရောက်မလာရင် ငါလဲ ကြာကြာရှော နိုင်မှာတော့ မဟုတ်ပါဘူး'

'ဒါနဲ့ ဒီကောင်ကြီးဟာ ဘာကောင်ကြီးလဲ ဦးလေး



'ဝက်ဝံမျိုးနွယ်စုထဲကပဲကွ၊ နို့ပေမယ့် နှင်းတောင်တွေ ထဲမှာ ကျက်စားတတ်တော့ တချို့က နှင်းဝက်ဝံလို့လဲ ခေါ်တယ်'

'အော်'

'ဒီကောင်ဟာ ငယ်သေးတယ်ကွ'

'ဗျာ'

'အဲဒီထက် ကြီးတဲ့ကောင်ကြီးတွေ ရှိတတ်သေးတယ်... ဒါကို တချို့လူတွေက နှင်းလူလို့ သတ်မှတ်ထားကြတယ်' ဟု ရှင်းပြလေ၏။

**မှတ်ချက်။** ။နှင်းလူနှင့် ပတ်သက်၍ ယခုအခါတွင် ကမ္ဘာ့ သုတေသီများက အတွေ့အကြုံများ၊ ဓာတ်ပုံ ကားချပ်များ၊ မှတ်တမ်း မှတ်ရာများနှင့် တိကျစွာ ပြဆိုနိုင်ရန် စူးစမ်းလေ့လာလျက် ရှိကြောင်း ပြောကြားလိုပါ၏။

စာရေးသူ။

'အံ့ဩစရာပဲနော်' ဟု မောင်ထွန်းပက စိတ်ဝင်စားစွာ ဆို၏။ ထို နောက် ကျောက်ကလပ်အုံး၌ ထူးဆန်းစွာ အရောင်တစ်မျိုး လင်းနေသော မှော်ဝင် ပန်းချီကားအား ကောက်ယူလိုက်ကြတော့၏။

'ဟဲတော့—ပန်းချီကားတော့ ရပြီ၊ ဒီ ကျောက်တလပ်မှာ ဝက်ဝံကြီး ဝင်လာနိုင်တဲ့လမ်း ကြောနဲ့ရှိရမယ်ကွ၊ ဒါကြောင့် သာ ဒီကောင်ကြီး ဒီကိုရောက်လာတာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုကာ နေရာအနှံ့ လိုက်လံကြည့်ရှုပြီးနောက် အသင့် တွေ့ရသည့် ကျောက်ဘွင်း လမ်းဘေးအတိုင်း စမ်းတဝါးဝါးဖြင့် မုဆိုးကြီး ဖရော်ဂန်နှင့် မောင်ထွန်းပ တို့ နှစ်ဦး ဆက်လက်၍ ခရီးနှင်လာခဲ့ကြတော့၏။

* * *



## ပင်လယ်ပြင်ခရီး၊ အထီးကျန်ထူနှစ်ယောက်

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးနောက် နှစ်လ ခန့် အကြာတွင် ကချင်ပြည်နယ် ပန်နန်ဒင်ရွာတွင် နေထိုင်ကြ သည့် မုဆိုးကြီးဖရော်ဂန်နှင့် မောင်ထွန်းပတို့သည် ပူတာအို မြို့သို့ ခရီးထွက်လာကြလေ၏။

လမ်း၌ မောင်ထွန်းပက မေး၏။

'ဦးလေး ဖရော်ဂန်၊ ဦးလေးရဲ့ မိတ်ဆွေ လားမား ကုန်သည်ကြီး ပြောတဲ့အတိုင်း ဖြစ်နိုင်ပါ့မလား ဦးလေးရဲ့'

'သိပ် ဖြစ်နိုင်တာပေါ့ကွယ်၊ အဲဒီကျွန်းဟာ အဝေးကနေ ကြည့်ရင် လူမျက်နှာနဲ့တူလို့ လူမျက်နှာကျွန်းလို့ အမည်တွင် သတဲ့၊ ကျွန်းဟာ ကျွန်းစုတွေ မိုလိုပေါ်များတဲ့ မြိတ်ကျွန်းစု ဆက်စပ်နေပြီး လူသူ အရောက်အပေါက် မရှိတဲ့ ကျွန်း တစ် ကျွန်းဆိုတော့ ဖြစ်နိုင်တာပေါ့ မောင်ထွန်းပ'



www.burmeseclassic.com

'သူက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာပါလိမ့်'

'ဟာ...သေဒသချာ ချာ တိတိကျကျ ပြောနိုင်ဆိုရင်၊ အဲဒီလားမားကုန်သည်ဟာ တစ်ချိန်က သင်္ဘောသားအဖြစ် ဒီနေရာအနှံ့ကို ရောက်ခဲ့ဖူးလို့ပေါ့'

'အော်–ဒီလိုကြောင့်ကိုး'

'ဒါကြောင့်မို့ တို့ကလဲ ခရီးစဉ်ကို မဖင့်နွှဲအောင် ရန်ကုန်ကတစ်ဆင့် အမြန်ဆုံးသွားကြမှာ ဖြစ်တယ်'

၎င်းတို့သည် ရန်ကုန်မြို့သို့ရောက်သောအခါ ပတ္တမြားကြီးတစ်လုံးကို ထုခွဲရောင်းချရန် တိုင်ပင်စီစဉ်ထားကြပြီး ဖြစ်လေ၏။

'ဦးလေးဖရော်ဂန်ရေ၊ မရော်ဖက်ဆာ ဒေါက်တာမီးမွားဟာ ဒီလောက်ဝေးကွာတဲ့ကျွန်းကြီးမှာ ရတနာတွေသွားထားတယ်ဆိုတော့ ဒီလူဟာ နေရာအနှံ့ ရောက်နေတာတာပဲမေ့နော'

'အေးလေ... မင်းအားဖန့် ပုလဲမတို့ ရေးထားတဲ့မှတ်တမ်းတွေမှာ ကြည့်ပါလား၊ ခု ရန်ကုန်ရောက်လိုက်၊ တော်ကြာ အင်္ဂလန်ရောက်လိုက် လုပ်နေတာ၊ ဒီလူဟာ အင်မတန်ကို ကြောက်စရာကောင်းလှတဲ့ လူတစ်ဦးပဲကွဲ'

ပူတာအိုရောက်သောအခါ တစ်ရက်မျှနားနေ၍ လိုအပ်သည့်ပစ္စည်းပစ္စယများကို ဝယ်ခြမ်းစုဆောင်းပြီး သစ္စာထ ရန်ကုန်သို့ ခရီးဆက်ကြပြန်လေ၏။



ထိုအခါ မောင်ထွန်းမှာ ကွယ်လွန်သွားရှာသော မိခင်ကြီးနှင့် မဲခူးမြို့ကလေးကို များစွာ သတိရ လွမ်းဆွတ်မိပေတော့၏။

မှတ်ချက်။ ။ထိုကျွန်း (လူမျက်နှာကျွန်း) မှာ အနောက်အိန္ဒိယကျွန်းစုရှိ ဗြိတိသျှပိုင် ဗာကျင်းကျွန်းရှိ ဝင် လူသူမနေဖူးသည့် မရှိးနားတေး ခေါ် ကျွန်းကလေး ဖြစ်နိုင်ကြောင်း ခန့်မှန်းမိပေါလေ၏။

စာရေးသူ

ရန်ကုန်မြို့သို့ရောက်သည့်ဌ် ဗဟန်း ကြားတောရလမ်းရှိ မုန်းကြီး ဖရော်ဂန်၏ မိတ်ဆွေဖြစ်သူ ဆန်ပွဲစားအိမ်တစ်အိမ်၌ ခေတ္တတည်းခို၍ မြိတ်သို့ သွားရောက်မည့် အစီအစဉ်များကို ခရေးဆွဲကြလေ၏။

ပတ္တမြားတစ်လုံးကို ထုခွဲရောင်းချပြီးလျှင် နေရာတကာ၌ လွန်စွာပေါက်ရောက်သော အိမ်ရှင်မိတ်ဆွေ ဆန်ကုန်သည်၏ အကူအညီကို ရယူကာ အတန်အသင့်ကောင်းမွန်သောမော်တော်ဘုတ်တစ်စီးကို ဝယ်ယူလိုက်၏။

ထို နောက် လိုအပ်သည့်စားနပ်ရိက္ခာများကို လုံလောက်အောင် ဝယ်ခြမ်းပြီးလျှင် အိမ်ရှင်များကိုနှုတ်ဆက်၍ မြိတ်မြို့သို့ ဦးတည်ကာ မောင်းထွက်လာခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှသ မော်တော်ဘုတ်ပိုင်ရှင်၏သွန်သင်ပြသပေးမှုကြောင့် မောင်ထွန်းပမှာ မော်တော်ဘုတ်ကို ကိုယ်တိုင်မောင်းနှင်လာခဲ့တော့၏။

'အင်း…တောတွေတောင်တွေထဲမှာ နေရတာဟာ တစ်မျိုးစိတ်ချမ်းမြေ့စရာ ဖြစ်ရသလို၊ ပင်လယ်ဒလနဲ့အတူ ပါလာတဲ့ ကျောက်ကျောက်ကျောက်ပွင့်တွေရဲ့ အငွေ့အသက်ကို ရှူရှိုက်ပြီး ပင်လယ်ခရီးကို ဖြတ်သန်းရတာဟာလဲ ကြုံတောင့်ကြုံခဲအရသာတစ်မျိုးလို့ ဆိုနိုင်ပေတာပေါ့ မောင်ထွန်းပ' မုဆိုးကြီးဖရော်ဂန်က ပြောလိုက်၏၊

'ဒါနဲ့ ဦးလေးဖရော်ဂန်လဲ မြိတ်မြို့မှာ နေခဲ့ဖူးသလားဟင်' ဟု မောင်ထွန်းပက မေး၏။

ထိုအခိုက် ပင်လယ်စင်ရော်တစ်သိုက်က ၎င်းတို့၏မော်တော်ဘုတ်ပေါ်၌ ဝဲပျံကူးလာလျက် ရှိလေ၏။

'နေခဲ့ဖူးတာပေါ့ကွာ၊ ဦးလေးရဲ့ဘကြီးတစ်ယောက်ဟာ မြိတ်မြို့သူ တစ်ဦးနဲ့ ညားလေတော့ ဦးလေးလူပျိုပေါက်လောက်မှာ မြိတ်မြို့ဘစ်ဝိုက်အနှံ့အပြားရောက်ဖူးတာပေါ့၊ ဒါကြောင့်လဲ လားမားမိတ်ဆွေ ပြောလိုက်တဲ့ ကျွန်းဟာ အတိအကျဖြစ်လိမ့်မယ်လို့ ဦးလေး ခန့်မှန်းမိလိုက်တာပေါ့'

'ဦးလေးရေ…ဟိုက ကျွန်းကြီးဟာ သိပ်လှတာပဲနော်၊ ဘာကျွန်းလို့ ခေါ်ပါလိမ့်'





'ဟဲဟဲဟဲ…အဲဒါ ကျွန်းကန့်လန့်တဲ့ကွဲ့၊ များသောအားဖြင့် မြိတ်ခရိုင်မှာရှိတဲ့ ကျွန်းတွေဟာ တောင်နဲ့မြောက်တန်းနေကြတယ်၊ အဲဒီကျွန်းကတော့ အရှေ့နဲ့အနောက်ခပ်တန်းတန်းဖြစ်နေလို့ ကျွန်းကန့်လန့်လို့ ခေါ်ကြတာပဲကွဲ့' ဆို၏။ ထို့နောက်–

'ဟိုမှာမြင်နေရတာ ဂွကျွန်း၊ ဟိုးက ဖြော့ကျွန်း၊ ဟိုးမှာမြင်နေရတာက ဒူးတောင်ကျွန်းနဲ့ ကျွန်းလှကျွန်း၊ ပြီးတော့ ခပ်မှိုင်းမှိုင်းတွေ့ရတာ ခါချဉ်တောင်ကြီးနှင့် ခါချဉ်းတောင်ငယ် ကျွန်းနှစ်ကျွန်း၊ အဲဒါပြီးတော့ ဟိုးကဟာ အတွင်းဒုံးကျွန်းကြီး၊ အို…ကျွန်းတွေသာ ပြောရရင်တော့ မန်ည်းတော့ပါဘူးကွယ်၊ တစ်နေ့လုံး ပြောရင်တောင် ကုန်နိုင်မှာမဟုတ်သေးပါဘူး'

'များလှချည်လား ဦးလေး'

'အေး…ကျွန်းတွေများသလို အန္တရာယ်ကလဲ မသေးလှဘူးကွဲ့၊ အဲဒီကျွန်းတွေကိုခိုပြီး ပင်လယ်ဓားပြတွေ ပုန်းခိုစောင့်ဆိုင်းနေကြတယ်၊ အထူးသတိထားပြီးတော့သာ မော်တော်ဘုတ်ကို မောင်းနှင်ပေတော့'

စကားတပြောပြောနှင့် မော်တော်ဘုတ်ကိုအပြင်းမောင်းနှင်ခဲ့ကြရာ ပုလောဖက်သို့ပင် ရောက်ရှိလာခဲ့လေ၏။

ထိုအခါ မုဆိုးကြီးဖရော်ဂန်က–

'မောင်ထွန်းပရေ မင်းကိုဗဟုသုတဖြစ်စရာတစ်ခု ပြောပြရဦးမယ်ကွဲ့၊ ဒီပုလောမြို့ဟာ မြိတ်နှင့်ထားဝယ်ကြားမှာရှိ

www.burmeseclassic.com



တယ်၊ ဒါကြောင့်လည်း ဒီမြို့ရဲ့ထုံးစံဘွေဟာ နှီးစပ်ရာမြို့တွေနဲ့အတူတူလို ဖြစ်နေတယ်ကွဲ့

'ဘယ်လိုပါလိမ့် ဦးလေး'

'ရှင်ပြုမယ်ဆိုရင် ညနေ ပရိတ်တရားတော်နာ၊ ညနေဖက်မှာ ဆံချရှင်ဝင်၊ နောက်နေ့မနက် ရှင်ပွဲလုပ်၊ ရှင်တွေက ရှ ပွဲကို ဘုန်းကြီးတွေနဲ့အတူပါ၊ သိပ်မထူးလှပ ဘူး၊ အဲ— ဒါပေမယ့် ထူးခြားတာက မင်းတို့အောက်သားတွေလို မိန်းကလေးတွေကို နားသမင်္ဂလာမလုပ်ဘူး၊ မီးရှင်(သီလရှင်)ဝွင်းတယ်'

'ထူးဆန်းတယ်နော်'

'ပြီးတော့ တစ်ခါတစ်ခါ အလှူမင်္ဂလာပွဲမှာ အချို့က အလှူသိုက်ခံပြီး အလှူရှင်ကို ပေးတာလည်းရှိတယ်'

'အင်း...အင်း'

ထိုအခိုက် မောင်ထွန်းပက အိမ်ခြေစည်ကားလှသည့်ရွာကြီးဖက်သို့ ဦးတည်လိုက်တော့၏။

'အဲဒါ— နန်းတောင်ရွာဆိုတာပေါ့ကွဲ့၊ အဲဒီရွာမှာ ညအိပ်ပြီးမှ ခရီးဆက်ကြတာပေါ့၊ ဒါနဲ့ ပြောပြီးသေးတဲ့စကားကို ဆက်ပြောရဦးမယ်၊ ထူးခြားတာနောက်တစ်ခုက အိမ်တက်မွဲလိုခေါ်တဲ့ မင်္ဂလာဆောင်မှာ ခဲဖိုးမပေးရဘူး၊ ခန်းဝင်ပစ္စည်းဘိုးဘာတို့လည်း ယောက်ျားလေးတာဝန်မဟုတ်ဘူး၊





မိန်းကလေးရှင်ကို သင့်တော်တဲ့ငွေကြေး ပေးလိုက်ရပြီးတယ်ကွဲ့'

'အော်.... အော်'

'လက်ဖွဲ့တာတို့၊ ခန်းဝမှာ ကြိုးတားတာတို့တော့ရှိတယ်၊ ဒါကတော့ အောက်သားတွေ အလေ့အတိုင်းပဲ'ဟု မျှားစွာသောဗဟုသုတများကို မုဆိုးကြီးဖုရော်ဂန်က ခရီးသွားရင်း ပြောပြနေ၏။

'အသုဘကိစ္စကျတော့ရော ဦးလေး'

'အော်— ဟုတ်သားပဲ၊ အသုဘကျတော့ ခင်ခင်၊ မခင်ခင်၊ စိမ်းစိမ်းကျက်ကျက် ပို့ဆောင်ကူညီလေ့ ရှိကြတယ် မောင်ထွန်းပရဲ့'ဟု ရှင်းပြပြန်၏။

မှတ်ချက်။ ။ထိုပုလောမြို့ကို ရှေးရာဇဝင်ကြောင်း အရ 'ပုလရက္ခ' မြို့ဟု ခေါ်ကြောင်း သိရ၏။ ဦးအောင်ဇေယျသည်(၁၁၂၁)ခုနှစ်တွင်အယုဒ္ဓယ (ယိုးဒယားပြည်)သို့ ချီတက်စဉ် ယခု နန်းတောင်ရွာပတ်လည်မှ တောင်ပေါ်တွင် စေတ္တာနန်းတော်ဆောက်၍ နေခဲ့ဖူး၏။ ယခင်ဘိလူးမင်းလက်ထက်ကလည်း ဤကောင်ပေါ်တွင် ထီးနန်းစိုက်ခဲ့သည်ဟု ဆိုပြန်လေ၏။ ထိုတောင်နှင့်တစ်ဆက်တည်း မြောက်ဖက်လုံခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင် စေတီငယ်တစ်ဆူနှင့် နန်းရာတောင်ခေါ် တောင်ငယ်တစ်လုံးသည်းရှိကြောင်း (မြိတ်မြို့ ဆရာဦးကြီးစိန်၏ တနင်္သာရီတိုင်း၊ မြိတ် ရာဇဝင်တော်ကြီး)၌ ဖတ်ရှု သိရှိရကြောင်း ဗဟုသုတအဖြစ် တင်ပြရပါမေ၏။

စာရေးသူ။

ထိုညတွင် ထိုရွာမှ တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုသူတစ်ဦး၏အိမ်၌ ထိုမိသားစု၏ ဧည့်ဝတ်ပြုမှု အရ ငရောင်ခြောက်ကြော်(ရခိုင်အခေါ် ငရင်းကုန်းခြောက် ကြော်) မြီးသွယ်တန်း ချဉ်ရေဟင်းတို့ဖြင့် မြိန်ယှက်စွာ စားသောက်ပြီးနောက် နှစ်ခြိုက်စွာ အိပ်မောကျသွားတော့၏။

နှစ်ရက်ခန့်ကြာသောအခါ ၎င်းတို့သည် ခရီးအတော် ပေါက်လာချက် မြိတ်ကျွန်းစု၏အပြင်ဖက်ကျွန်းတန်းများဆီ သို့ပင် ခရီးပေါက်လာလေတော့၏။

'ဟေ့ မောင်ထွန်းပ၊ မော်တော်ဘုတ်ကို ဟိုကျွန်းနှစ် ကျွန်းကြား အမြန်ဝင်ကပ်စမ်းဟေ့ — အမြန်'

ရုတ်တရက်ပြောလိုက်သော မုဆိုးကြီးဖရော်ဂန်၏စကား ကြောင့် မောင်ထွန်းပမှာ မော်တော်ဘုတ်ကို ကျောက်ကျွန်း နှစ်ကျွန်းကြားသို့ အမြန်ဆိုက်ကပ် လိုက်တော့၏။ ပြီးမှ—





'အရေးတကြီး ကပ်ရတာ ဘာဖြစ်လို့လဲဦးလေး ဖရော် ဂန်ရ'ဟု နားမလည်သည့် မောင်ထွန်းပကမေးလိုက်ရာမုဆိုး ကြီးဖရော်ဂန်က-

'တောထဲမှာတင် သားကောင်အနံ့ ခံနိုင်တယ် မထင်နဲ့ မောင်ထွန်းပရေ၊ ပင်လယ်ရေပြင်မှာလည်း တတ်နိုင်သမျှ သားကောင်အနံ့ကို ခံနိုင်ရတယ်ကွ၊ ဟော— အသံနား ထောင်စမ်း၊ ဒါဟာ စက်အားကောင်းကောင်းနဲ့ အမြန် ခုတ်မောင်းလာတဲ့ ပင်လယ်ဓားပြသင်္ဘောပဲ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရိုးရိုးသင်္ဘောတွေဟာ အန္တရာယ်များ တဲ့ ဒီရေလက်ကြားကို ရှောင်ကြလို့ပဲ'

ထိုအခိုက်မှာပင် လွန်စွာကြီးမားရှည်သော အနက်ရောင်ပိတ်စ ပေါ်၌ အဖြူရောင် အရိုးခေါင်းပုံ ရေးဆွဲလွှင့်ထူထားသည့် အလံကြီးနှင့်အတူ လူငါးဆယ်ခန့်ပါဝင်သည့် သင်္ဘောကြီး တစ်စီးသည် ပင်လယ်ရေလက်ကြားကို ဖြတ်သန်းသွားလေ ၏။

'အင်း တော်သေးတာပေါ့ ဦးလေးရယ်'

'ဒီကောင်တွေ ဒီတစ်ဝိုက်မှာ ကျက်စားတတ်တာအရင် ထဲက ဗဟုသုတအနေနဲ့ ကြားဖူးထားတာကိုးကွ'

ဤသို့ဖြင့် နောက်ထပ်နှစ်ရက်ခန့် ကျွန်းစုအတော်များ များကို ရှာဖွေကြရာ၊ တစ်နေ့သည် အဝေးမှကြည့်လျှင်လူ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ဆင်ဆင်တူသော ကျွန်းတစ်ကျွန်းကို တွေ့ကြရသော်၏။ ထို့ကြောင့် ၎င်းတို့၏ မော်တော်ဘုတ်ကို လူမျက်နှာကျွန်းဆီသို့ ဦးတည်လိုက်လေသော်၏။

* * *



လူလော မျှောက်လော

ကျွန်းသို့ ရောက်ချိန်မှာ ညမှောင်ချိန် ဖြစ်သောရာ မှောင်မည်းသော ကမ္ဘာကြီးတစ်ချပ် လွှမ်းမြူထားသည့်ပမာ အရာရာသည် မပီပိုးတဝါး နိုင်လှချေလေ၏။

'မောင်ထွန်းဖရေ ကျွန်းပေါ်က အခြေအနေတွေဟာ ဘယ်လို အန္တရာယ် ရှိနေမယ်ဆိုတာ ဘာမှ ခန့်မှန်းလို့ မရဘူးကွ၊ ဒီတော့ မင်းရဲ့ မော်တော်ဘုတ်ကို စက်ရပ်ပြီး ကျွန်းကို ဖြည်းဖြည်းချင်း ပတ်နေပေတော့'ဟု မှဆိုးကြီး ဖရော်ဂန်က ပြော၏။

'ဟုတ်ကဲ့ ဦးလေး၊ တစ်ကျွန်းလုံးကတော့ ကျေးငှက်တိရစ္ဆာန်တွေရဲ့ အော်သံက လွဲလို့ တခြား ဘာအသံမှမကြားရဘူး'ဟု မောင်ထွန်းဖက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ကျွန်း၏ သောင်ပြင်တွင် ကြီးမားသော အရာဝတ္ထုကြီး တစ်ခုကို ရုတ်တရက် ရှမ်းမြင်လိုက်ရလေ၏။

'အလို ဒါက ဘာကြီးပါလိမ့်'

'ဟာ အဲဒါ သင်္ဘောပျက်ကြီးမဲ ဖြစ်လိမ့်မယ်ကွ၊ အင်းဘယ်က သင်္ဘောပျက်ကြီးပါလိမ့်၊ ကေန္တတော့ လေမုန်တိုင်းမိပြီး ဒီကျွန်းကို လွင့်မျောလာတာနဲ့ တူတယ်၊ ဒါဆိုရင် ဆတ်တော့ အစွေးရှိမှ လိုလိမ့်မယ် မောင်ထွန်းပရေ'

'ဘာဖြစ်လို့လဲ ဦးလေး ဖခရော်ဂန်'

'ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်းဆိုရင် ကျွန်းပေါ်မှာ လူတချို့ ရှိနိုင်လိမ့်မယ်လို့ ယူဆရတာပဲ'

'ထို့နောက် မောင်ထွန်းပက မော်တော်ဘုတ်ကို သင်္ဘောပျက်ကြီးနှင့် မနီးမဝေး၌ ရပ်တန့်လိုက်တော့၏။

သို့ရှိစဉ် ကျွန်း၏ အတွင်းပိုင်းမှ ကောင်းကင်သို့ ထိုးတက်လာသော စူးရှသည့် အလင်းတန်းတစ်ခုကို တွေ့လိုက်ကြရလေ၏။

ထိုအခါ မောင်ထွန်းပက—

'ဟာ—ဦးလေး၊ ဒါ—ဒါဟာ ကျွန်တော်တို့ ပန်းချီကားထဲက ထွက်ပေါ်လာတတ်တဲ့ အလင်းရောင်နဲ့ တထေရာတည်းတူမနေဘူးလား'ဟု ပြောလိုက်ရာ မှုဆိုးကြီး ဖရော်ဂန်လည်း ထိုအခါမှ သဘောပေါက်သွားပြီးလျှင်—





'အေး... ဟုတ်တယ် မောင်ထွန်းပရေ၊ ငါတူပြောမှပဲ ဦးလေးလဲ သတိရတော့တယ်၊ ပန်းချီကားထဲက အလင်းရောင်နဲ့ အတူတူပါပဲကွာ'ဟု ဝန်ခံလေ၏။

'ဒါဆိုရင် ကျွန်တော်တို့ ရှာဖွေနေတဲ့ ကျောက်ဂူကြီးဟာ ဒီကျွန်းပေါ်မှာ ရှိနေတာ သေချာသွားပြီပေါ့'

'မှန်တာပေါ့ကွာ၊ ကဲ အခြေအနေကြည့်ပြီး ကျွန်းနားကို မော်တော်ဘုတ် ကပ်ပေတော့'

'ဟုတ်ကဲ့ ဦးလေး'

မောင်ထွန်းပက မော်တော်ဘုတ်ကို ကမ်းစပ်သို့ ဖြည်းညင်းစွာ ကပ်လေတော့၏။

ကမ်းစပ်သို့ ရောက်သောအခါ မော်တော်ဘုတ်ကို ကမ်းနှင့် အတန်ငယ် ဝေးသော နေရာ၌ ကျောက်ချရပ်နားထားပြီးနောက် လက်နက်များကို ဆွဲကိုင်၍ ကမ်းပေါ်သို့ တက်ရောက်ခဲ့ကြလေ၏။

'ဂူး...ဂူး'

'ဝေး—ဝါး'

ထိုအခိုက် ဂူးဂူးဝါးဝါး ထွက်ပေါ်လာသော အသံနက်ကြီးများနှင့်အတူ တိရစ္ဆာန်များ သဏ္ဌာန်ရှိ၍ လူသားများကဲ့သို့သော သတ္တဝါများသည် ကျွန်း၏ အတွင်းပိုင်းမှ ချွန်ထက်သော လက်နက်များကို စွဲကိုင်လျက် လျှပ်တစ်ပြက် ခုန်ထွက်လာကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဦးလေးရေ၊ လူလား မျောက်လား ဘာသတ္တဝါ တွေပါလိမ့်'

'ဟော ကောင် မောင်ထွန်းပ၊ ဒါတွေ စူးစမ်းလေ လာနေချိန် မရဘူးဟေ့၊ အရေးကြီးတာက ဒီအန္တရာယ်ထွေကို သတိထား ရှောင်ဖာမ်းနိုင်ဖို့ပဲ၊ မင်း ဒီနေရာကတိုက်၊ ငါက ညာဘက်ကို လှည့်ပြီး တိုက်မယ်၊ ဒါမှ ဒီကောင်တွေ လူရှုပ်ကွဲသွားမယ်'တု ဆိုလျက် မုဆိုးကြီး ဖရော်ဂန်က ဒူးလေးကြီးကို အသင့် ချိန်ရွယ်ကာ ညာဖက်ရှိ တောအုပ်အတွင်းသို့ ခုန်ဝင်သွားတော့၏။

မကြာမီ ညအမှောင်၌ ခုန်လွှား ထိုးခုတ် တိုက်ခိုက်သံများသည် ဆူညံလျက် ရှိချေတော့၏။

'ချွင်...ချွမ်း'

'ဝူး...ဝူး'

'ကဲကွာ'

'ရွှမ်'

'ဟူး'

ထိုးခုတ် တိုက်ခိုက်သံ၊ မာန်ဝင့် ကြုံးဝါးသံ၊ ဝူးဝူးဝါး ဝါး အော်ဟစ်သံများသည် တောအုပ်အတွင်း ပဲ့တင်ရိုက်ခတ် ထွက်ပေါ်လာလေ၏။

'ရှီး...ရှီး'



'ဒုတ်...ဒုတ်'

'ဝူး...ဝူး'

မုဆိုးကြီး ဖရော်ဂန်ထံမှ အဆက်မပြတ်ပစ်ခတ်လိုက်သည့် ဒူးလေးမြှားချက်များကြောင့် သတ္တဝါသဏ္ဌာန် လူအကောင်များများ ကျဆုံးသွားကြတော့၏။

တစ်နေရာတွင် မောင်ထွန်းပသည် ၎င်း၏ လက်စွဲတော် ငှက်ကြီးတောင်ဓားကြီးဖြင့် တရစပ် မနားမနေ ခုတ်ထစ်မိုင်းဖြတ်နေလေ၏။

တစ်ခါတစ်ရံ၌ ပြိုးခနဲပြက်ခနဲ လင်းလက်သွားသော ဓားရောင်မှာ မှောင်မည်းလှသည့် အကာလ ညအချိန်တွင် လျှပ်စီးလက်သကဲ့သို့ ရှိပေတော့၏။

ထမင်းတစ်အိုးချက်ခန့်အကြာတွင် တိုက်ပွဲမှာ ရုပ်ထွေးနေရာမှ လွန်စွာ ရှင်းလင်းသွားတော့၏။

မျောက်သဏ္ဌာန်၊ လူသဏ္ဌာန် သတ္တဝါများသည် အတုံးအရုံး လဲကျလျက် အသက်ပျောက်ကုန်တော့၏။ နောက်ဆုံးထွက်ပြေးရန်ကြသူ နှစ်ဦးအား မုဆိုးကြီးဖရော်ဂန်က ဒူးလေးမြှားတံများ ပစ်လွှတ်၍ ဇာတ်သိမ်းပေးလိုက်တော့၏။

'အကြွင်းအကျန်ကတော့ နည်းနည်းရှင်းသွားပြီ ဦးလေး၊ နောက် ဘာကောင်တွေလာဦးမယ် မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အေး–သတိတော့ မလစ်စေနဲ့ပေါ့ ဟော့–နားထောင်စမ်း၊ ကျောက်ဂူဖက်က အော်ဟစ်သံကြီးတစ်သံ ကြားလိုက်ရသလိုပဲ'

'ဟုတ်တယ်ဦးလေး'

အသံကြီးမှာ ကျယ်လောင်လွန်းလှ၍ အချက်ပေးသံတစ်ခုဖြစ်နိုင်ကြောင်း မုဆိုးကြီးဖရော်ဂန် တွက်ဆမိလေ၏။

'ဒီကောင်တွေဟာ ဘယ်လိုသတ္တဝါတွေဖြစ်နိုင်မလဲဆိုတာ ကြည့်ကြရအောင်'

'ကောင်းသားပဲ ဦးလေး'

ထိုအခါ မောင်ထွန်းပက ကြယ်ရောင်လရောင်ကို အားကိုး၍ လဲကျသေဆုံးသူတစ်ဦးကို အနီးကပ်၍ ကြည့်လိုက်ပြီးလျှင်–

'ဟာ...မျောက်ကြီး ဦးလေးရ' ဟု အလန့်တကြား ဆိုလေ၏၊

'မဟုတ်သေးပါဘူးကွာ၊ ခြေထောက်တွေကို ကြည့်ပါလား၊ လူ့ရဲ့ခြေထောက်တွေမှ ရေမရောပါဘူးကွ' ဟု မုဆိုးကြီးဖရော်ဂန်က ထောက်ပြ၏၊ ထို့နောက်–

'မှန်းစမ်း ငါသင်တာမလွဲဘူး ဆိုရင်တော့ မျက်နှာကို မျောက်မျက်နှာစွပ်ထားတာ ဖြစ်လိမ့်မယ်'

ထိုသို့ပြောရင်းမှပင် မောင်ထွန်းပ၏ခါးကို လှမ်းယူလျက် အလောင်း၏ မျက်နှာကို ထောင့်မျှားအား လှီးဖြတ်လိုက်လေ၏၊





'ဟင်...မျက်နှာကြီးပြုတ်သွားပြီ၊ အို...ဒါ...ဒါ လူတစ်ယောက်ပါလား၊ သူ့ရဲ့ပါးစပ်ကိုသော့ ချုပ်ရိုးနဲ့ ချုပ်ထားတယ် ဦးလေး'

'အင်း...ဒီအတိုင်းဆိုရင် တို့အတွက် အန္တရာယ်က ပိုမိုကြီးမားလာပါလား'

'ဘာဖြစ်လို့ ဒီလိုပြောတာလဲ ဦးလေးဖရော်ဂန်'

'ဘာလို့ပြောသလဲဆိုတော့ လူရဲ့မျက်နှာမှာ မျောက်မျက်နှာ အရေခွံကို ချုပ်ပေးနိုင်တာဟာ ဒီကမ္ဘာမှာ ပရော်ဖက်ဆာ ဒေါက်တာမီးဗွားအပြင် ဘယ်သူမှမရှိလို့ဘဲ မောင်ထွန်းပ'

'ဗျာ...'

မောင်ထွန်းပမှာ တစ်ခွန်းတည်းသာ အော်လိုက်နိုင်ရှာလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## မယုံနိုင်စရာအဖြစ်အပျက်နှင့် ကျောက်ဂူ၏ လျှို့ဝှက်ချက်

မိုးစင်စင်လင်းသောအခါမှပင် မုဆိုးကြီး မရှော်ဂန်နှင့် မောင်ထွန်းပတို့နှစ်ဦးသား ရတနာများရှိနေသည့် ကျောက်ဂူကြီးဆီသို့ သတိကို အထူးထား၍ ထွက်လာခဲ့ကြတော့၏။

ကျောက်ဂူ၏နံရံ၌ ဆန်းကြယ်စွာ အစီအရီရှိနေကြသည့် ကျောက်ဖျာချပ်များကို တွေ့နေရ၏။

ထို့ပြင် ကျောက်ထစ်သတ္တာန် ကျောက်ထစ်သုံးခုအနီးတွင် ပန်းချီကားချပ်ထဲမှ ပုံအတိုင်း ကျောက်ခဲငယ်ကလေးများ စုပုံလျက်ရှိကြောင်း တွေ့နေရခဲ့လေ၏။

'ဟာ... ကြည့်စမ်းဟေ့၊ ဟိုကျောက်ခဲတွေထဲမှာ အဝါရောင်အလုံးလေးနှစ်လုံးကို တွေ့ရတယ်၊ ဒါ ဟာ ရွှေတုံးလေးတွေ ဖြစ်လိမ့်မယ် မောင်ထွန်းပ'

'ဟုတ်မယ်ထင်တယ်ဦးလေး၊ မှန်း သွားကြည့်စမ်းမယ်' ပြောပြောဆိုဆို မောင်ထွန်းပက အနည်းငယ်ကြီးသော ရွှေရောင်ကျောက်တုံးကို ကောက်ယူလိုက်တော့၏။

'ဂျိမ်း....ဒလိန်း....လိမ်း'

'ဂျစ်...ဂျစ်...ဂျစ်'

ရုတ်တရက် မိုးပြိုသကဲ့သို့သော အသံကြီးများ ထစ်ချုန်းမြည်ဟီးလာပြီးနောက် ကျောက်ဖျာချပ်များမှာ ဂူဝပေါက်ဝ၌ အသေပိတ်ဆို့ပြီး ဖြစ်နေတော့၏။

'ထူးဆန်းလိုက်တာ ဦးလေးရာ' ဟု မောင်ထွန်းပက အံ့ဩစွာ ရေရွတ်နေလေ၏။

'ဒါဟာ ဂူပေါက်ကြီးရဲ့လျှို့ဝှက်တံခါးပဲကွ၊ ကျောက်ဖျာချပ်တွေရဲ့ အနေအထားကို တစ်စုံတစ်ရာနဲ့ဆက်သွယ်ပြီး သိပ်သည်းဆ တစ်မျိုးနဲ့ ထောင်ချောက် ဆင်ထားတာ မောင်ထွန်းပရဲ့'

'ဒါဟာလဲ ပရော်ဖက်ဆာဒေါက်တာမီးပွားရဲ့ အကြံဉာဏ်နဲ့ တီထွင်ချက်တွေပဲ ဖြစ်ရမယ်'

'သိပ်သေချာတာပေါ့ကွ' ဟု မုဆိုးကြီး မရှော်ဂန်က ထောက်ခံလေ၏။

ထိုအခိုက် မုဆိုးကြီး မရှော်ဂန်က အမှတ်မထင် ရွှေတုံးငယ်ကို ကောက်ယူလိုက်ရာ တော်လဲသံကဲ့သို့ ပြင်းထန်သော အသံဖြင့် ကျောက်ဖျာချပ်များ ပြန်လည် ပွင့်သွားတော့၏။





www.burmeseclassic.com

'အင်း...တော်ပါသေးရဲ့၊ ကဲဟေ့—သတိထားပေတော့၊ အချိန်မဆိုင်းဘဲ ဂူထဲဝင်ကြရအောင်'

'ဟုတ်ကဲ့ ဦးလေးဖရော်ဂန်'

နှစ်ဦးသားမှာ ကျောက်ဂူလှကားထစ်များကို ခုန်ကျော်၍ အတွင်းသို့ လွှားခနဲ ခုန်ကျော် ဝင်သွားကြတော့၏။

'ရှိုး...ရှိုး'

'ဒုတ်...ဒုတ်'

'ချွင်း...ချွမ်း'

လှံနှစ်ချောင်းသည် လေထုကို ဖြတ်သန်း၍ မောင်ထွန်းပ တို့ နှစ်ဦး ရှိရာ တိုးဝင်လာခဲ့၏။

သို့သော် အဆင်သင့် သတိရှိနေသော မောင်ထွန်းပတို့ နှစ်ဦးက လျှပ်တစ်ပြက် ခုန်ရှောင်လိုက်နိုင်ကြခြင်းကြောင့် လှံသွားများမှာ ကျောက်ဂူ နံရံနှင့် ထိလျက် ဂူ၏ ကြမ်းပြင်သို့ ထိုးကျသွားတော့၏။

ထိုခဏမှာပင် ဖျတ်သတ် သွက်လက်လှသည့် မောင်ထွန်းပ၏ ဓားသည် မှောင်ရိပ် အတွင်းရှိ ရန်သူ၏ ရင်ဝသို့ ဖောက်ဝင်သွားခဲ့လေတော့၏။

'ရှစ်'

'ရှူး'

ရန်သူမှာ ထိုမျှသာ အော်နိုင်လျက် ကြမ်းပြင်ပေါ်သို့ လဲကျ သေဆုံးသွားတော့၏။





'ဒီကောင်ဟာ ဂူထဲမှာ တစ်စုံတစ်ရာကို စောင့်ရှောက်နေရတဲ့ ခေါင်းဆောင်နဲ့ တူတယ်၊ ဟာ...ဒီကောင့် မျက်နှာမှာလည်း မျောက်မျက်နှာ ချုပ်ထားပါလား၊ မှန်း'

မုဆိုးကြီး ဖရော်ဂန်က ခါးကြားမှ သူ၏ ဓားမြှောင်ကို ဆွဲထုတ်၍ ရွှစ်ခနဲ လှီးချလိုက်တော့၏။

'ဟာ...ဒီလူဟာ ရုပ်ရည်လည်း မဆိုးလှပါကလား၊ အယ်နယ်ကြောင့် ဒီကျွန်းပေါ် ရောက်ပြီး ဒီလိုအဖြစ်မျိုး ခံစားနေရတာပါလိမ့်'

'အေးကွ—စိတ်ဝင်စားစရာ အကြောင်း တစ်ခုခုတော့ ရှိနိုင်လိမ့်မယ် ထင်တယ်လေ'

ထိုအခါ မောင်ထွန်းပက သေဆုံးနေသူ၏ အပေါ်အင်္ကျီအိတ်ကို စမ်းသပ်ရှာဖွေလိုက်ရာ မှတ်စုစာအုပ်ကလေး တစ်အုပ်သည် ဂူ၏ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲထွက်ကျလာလေ၏။

'ဟာ စာအုပ်လေးပါလား၊ သူ့အကြောင်း တစ်စွန်း တစ်စတော့ ပါနိုင်လိမ့်မယ်ထင်တယ်'

'အေး ဟုတ်တယ်၊ ဘေးရန်တွေ ကင်းကုန်ပြီနဲ့တူပါရဲ့ကွာ၊ အေးအေးဆေးဆေးဖြစ်နေပြီ၊ ဘာသံမှလဲ မကြားရတော့ဘူး' ဟု ဒီကျွန်းပေါ်မှာ တို့နှစ်ယောက်ထဲရှိတော့တယ်ထင်ပါရဲ့'

'ဖြစ်နိုင်တယ် ဦးလေးဖရော်ဂန်၊ ကဲ ဒီလူရဲ့မှတ်စုကိုဖတ်ကြည့်ကြရအောင်' မောင်ထွန်းပကပြော၍ မှတ်စုစာအုပ်

www.burmeseclassic.com



ဝါရေးသားချက်များကို စဘင် ဖတ်ရှုကြရာ အောက်ပါ အတိုင်း စိတ်ဝင်စားဖွယ် ရေးသားထားကြောင်း တွေ့ရလေတော့၏။

ထူးဆန်းသော ကျွန်ုပ်၏အဖြစ်အပျက်များအား လူသူအပေါင်း သိရှိစေရန် အကျဉ်းရေးသားအစီရင်ခံအပ်ပါသည်။

ကျွန်ုပ်သည် ထားဝယ်မြို့မှ သိုင်းပညာထူးချွန်ပြောင်မြောက်လှသည့်လူရွယ်တစ်ဦးဖြစ်၍ နာမည်မှာမောင်သာစည်ဟူ၍ အမည်တွင်လေ၏။

ကျွန်ုပ်သည် ငယ်စဉ်ကပင် မိဘများဆုံးပါးသွားသောကြောင့် အရောင်းအဝယ်လုပ်ကိုင်ရန် ရန်ကုန်မြို့သို့စက်လှေဖြင့် လိုက်ပါလာခဲ့စဉ် စက်လှေပေါ်၌ လွန်စွာမွန်ရည်ချစ်ဖွယ်ကောင်းသည့် ပရော်ဖက်ဆာဒေါက်တာမီးပွားဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် သိကျွမ်းခင်မင်ခဲ့ရလေ၏။

ထိုပုဂ္ဂိုလ်ကြီးက ကျွန်ုပ်နှင့် စကားစမြည်ပြောရင်း စွန့်စားမှုတွင် ဝါသနာပါသည့်ကျွန်ုပ်အတွက် အလုပ်တစ်ခုရှိနေကြောင်းနှင့် သဘောတူညီလျှင် ချက်ချင်းငွေကြေးပေးမည်ဟု ပြောလေ၏။

ကျွန်ုပ်လည်း တစ်ကောင်ကြွက်တစ်ဦးမိဘ မည်သည့်အရာကိုမျှ တွေးတောစဉ်းစားခြင်းမရှိတော့ဘဲလျက် လမ်းခရီးတစ်ဝက်တွင်ဆင်းကာ ပရော်ဖက်ဆာ ဒေါက်တာမီးပွားနှင့်





အတူ မော်တော်ဘုတ်တစ်စီးဖြင့် မြိတ်မြို့ကျွန်းစုများဖက်သို့ ထွက်လာခဲ့ကြတော့၏။

ထိုကျွန်းစုများအနက် လူချက်နှာသဏ္ဍာန်ရှိသော ယခုနေထိုင်သည့်ကျွန်းသို့ ရောက်သောအခါ၊ တစ်ညသ၌ ကျွန်ုပ်အိပ်ပျော်နေစဉ် ဆူးရှပြင်းထန်သော အနံ့တစ်မျိုးကြောင့် သတိလစ်မေ့မြောသွားစဉ် အိပ်ရာမှနိုးသောအခါ အလွန်တရာနာကျင်သော ဝေဒနာတစ်ရပ်သည် ကျွန်ုပ်မျက်နှာ၌ ပေါ်လွင်ခံစားလာရကြောင်းသတိပြုမိပြီးနောက်၊ ကျောက်ဂူအတွင်းပိုင်းမှ ပရော်ဖက်ဆာဒေါက်တာမီးပွား၏အသံဖြင့်—

'ဟေ့ကောင် မောင်သာစည်၊ ဟောဒီ ကျောက်ဂူထဲမှာ ရွှေတွေရှိတယ်၊ မင်းဟာ အဲဒီရွှေတွေကို စောင့်ရှောက်ရမယ်၊ ဒီကျွန်းမှာ မင်းအတွက် စားစရာ အသီးအနှံ သားငါးတွေ အလွန်ပေါတယ်ကွ၊ အေး—ဒါပေမယ့် ဒီကျွန်းက ခွာသွားမယ်လို့တော့ မစဉ်းစားနဲ့၊ ဘာကြောင့်လဲဆိုရင် မင်းရဲ့မျက်နှာပေါ်မှာ မျောက်မျက်နှာကို အစားထိုးပြီး ကပ်ထားခဲ့လို့ပဲ၊ တခြားကို မင်းထွက်သွားမယ်ဆိုရင် လူမကျ မျောက်မကျတဲ့ မင်းကို တယ်သူကမှ ရင်းရင်းနှီးနှီး ဆက်ဆံမှာမဟုတ်ဘူး၊ ရန်ပြုကြမှာပဲ'ဟု ဆို၏။ ပြီးလျှင် ဆက်လက်၍—

'အေး — ဓယုံရင်လဲ စမ်းကြည့်ဦးပေါ့၊ တကယ်လို့ ဒီကျွန်းက ခွာသွားပြီး ပြန်လာခဲ့မယ်ဆိုရင် နောက်တစ်ခါမှာ အစား မစားနိုင်အောင် ဝါးစပ်ကိုပါ ပိတ်ပြီး ချုပ်ထားမယ်၊ နောက်တစ်ခုက ကျွန်းပေါ်ရောက်လာတဲ့ လူသားမှန်



www.burmeseclassic.com

www.burmeseclassic.com



ငမ္မကို တစ်ယောက်မကျန် သတ်ပစ်ရမယ်၊ ဒါမှသာ ဒီ ကျောက်ဂူထဲက ရွှေတွေဟာ သူများလက်ကို ပါမသွားဘဲ ကျန်နေမှာ တဲ့ ဆို၏။

မကြာမီရက်များတွင် ပရော်ဖက်ဆာ ဒေါက်တာမီးမွှား တစ်ယောက် ကျွန်းပေါ်မှ ပျောက်ချင်းမလှ ပျောက်သွား တော့၏။

ကျွန်ုပ်မှာ လွန်စွာ စိတ်ပျက်အားငယ်လျက် ကျွန်းပေါ်၌ အေးဆီးတည်း နေရာမှာ မကြာမီ တစ်နေ့တွင် ကျွန်ုပ်တို့ကဲ့သို့ လူပေါင်း တစ်ဆယ့်ငါးဦး ကျွန်းပေါ်သို့ ရောက်ရှိလာလေ တော့၏။

ကျွန်ုပ်တို့ အားလုံးမှာ မျောက်မျက်နှာနှင့်လူများ ဖြစ်ကြ သော်လည်း စကားပြောနိုင်ကြသဖြင့် စုဝေး တိုင်ပင်ကာ ဤကျွန်းနှင့် လွတ်ကင်းရာသို့ ဖောင်ဖွဲ့၍ ပြေးကြရန် တိုင်ပင် စီစဉ်ကြတော့၏။

ကျွန်ုပ်တို့ ဖောင်ဖွဲ့၍ ပြေးမည့်ညတွင် မမျှော်လင့်ဘဲ ပရော်ဖက်ဆာ ဒေါက်တာမီးမွှား ရောက်လာလျက် ကျွန်ုပ်တို့ အားလုံးအား မေ့ဆေး တစ်မျိုးဖြင့် အိပ်ပျော်စေပြီး လျှင် ကျွန်ုပ်တို့၏ ပါးစပ်များအား ၎င်း၏ သတိပေးချက်အတိုင်း ချုပ်နှောင်၍ ဖြတ်ခဲ့လေတော့၏။

မကြာမီ ထုံးစံအတိုင်း ထိုကျွန်းပေါ်မှ ပရော်ဖက်ဆာ ဒေါက်တာမီးမွှား တစ်ယောက် ထူးဆန်းစွာ ပျောက်ကွယ် သွားပြန်လေတော့၏။





အထူးဆိုရန်ရှိသည်မှာ ပရော်ဖက်ဆာ ဒေါက်တာမီးမွှား တစ်ယောက် ပျောက်ကွယ်သွားသည့်ညမှာပင် ပင်လယ်ပြင်၌ ကြီးမားသော မုန်တိုင်းကြီးစင်ခဲ့ ကျရောက်ပြီးလျှင် ရေမ လှိုင်းလုံးကြီးများ ကိုသည်း ဖြစ်ပေါ်စေသည်အထိ ကြောက်မ ခမန်းလိလိ ရာသီဥတု ဆိုးရွားလှလေ၏။

ထိုအခိုက် စက်လှေတစ်စီးမှာ လေမုန်တိုင်းဒဏ်ကြောင့် ကျွန်ုပ်တို့ကျွန်းသို့ မျောပါလာရာ အသက်ရှင်လျက်ရှိသော လူဆယ်ယောက်ခန့်ကို ကျွန်ုပ်၏ တပည့်ဖြစ်သော မျောက်လူ များက ရက်စက်စွာ သတ်ဖြတ်လိုက်ကြတော့၏။

ကျန် တစ်ယောက်ကိုပါ သတ်မည်ပြုစဉ် ကျွန်ုပ် အချိန်မီ ရောက်ရှိ ကယ်တင်နိုင်သောကြောင့် ထိုတစ်ဦးမှာ အသက် သေဆုံးမည့် ဘေးဒုက္ခမှ လွတ်ကင်းခဲ့လေ၏။

ထိုလူသားမှာ မိန်းမပျိုလေး တစ်ဦး ဖြစ်၍ သူမ၏ နာ မည်မှာ မမီးမြေ ဖြစ်ပြီးလျှင် မြို့တော်ရှိ ဘိုးဘွားများ ကိုယ်စားလှယ် တစ်ဦး၏ သမီးဖြစ်ကြောင်းလည်း သူမ၏ ပြောပြချက်အရ သိရှိရလေ၏။

အသက်ခံရသူများထဲ၌ သူမ၏ ဖခင်ဖြစ်သူပါဝင်ကြောင်း လည်း သိရှိရပြန်လေ၏။ ၎င်းတို့ သွားအဖမှာ ဘိုးဘွား များ ကုမ္ပဏီအတွက် သစ်များကို မြိတ်ကျွန်းစုတွင် လာ၍ရှာဖွေ ကြည့်ရှုရာမှ လေမုန်တိုင်းဒဏ်ကိုခံရခြင်း ဖြစ်ကြောင်းလည်း ဆက်လက် သိရှိရပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မမိုးမြေအား တွေ့သည်မှစ၍ လွန်စွာ စွဲ လမ်းချစ်ခင်မိသောကြောင့် ကျောက်ဂူထဲ၌ အဆင်ပြေစွာ ထားရှိပါ၏။ သို့သော် မမိုးမြေမှာ မျောက်မျက်နှာနှင့်ဖြစ် နေသောကြောင့် စကား မပြောနိုင်သည့် ကျွန်ုပ်အား အထူး ကြောက်လန့်နေရှာလေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် မမိုးမြေ၏ အချစ်မန်းကို ဆွတ် လှမ်းရရှိရန်အတွက် စောင့်မျှော်နေမိသည့်မှာ ယခုနှစ် လျှင် တစ်လနီးပါးမျှ ရှိနေပြီ ဖြစ်ပါလေ၏။

တစ်နေ့တွင် ကျွန်ုပ်သည် မျောက်မျက်နှာနှင့် လူ့ဘဝကို ~~မဖြောင်းသနိုင်ပြီးလျှင် ရွှေချားကို ထူးဆောင်၍ မမိုးမြေအား~~ ဤကျွန်းမှ အပြီးအပိုင် ခေါ်သွားနိုင်ရန် စီစဉ်ထားပါ၏။

ထိုအစီအစဉ်ကား ကျွန်ုပ်ကို လည်းကောင်း၊ အခြား ကျွန်ုပ်၏ တာညီများအား လည်းကောင်း လူမဆန် စွာ ရက်စက် ယုတ်မာခဲ့သည့် ပရော်ဖက်ဆာ ဒေါက်တာမိုးမွှား အား ဖမ်းဆီး အကြပ်ကိုင်ကာ မျက်နှာကို ပြုပြင်ခိုင်းပြီး နောက် အဆုံးစီရင်ဖစ်ရန် ဖြစ်လေတော့၏။

ပရော်ဖက်ဆာ ဒေါက်တာမိုးမွှား သေရမည်။ ဒေါက် တာ မိုးမွှား သေရမည်၊ သေရမည်၊ သေရမည်။

❀ ❀ ❀

သေဆုံးသူ ကိုသာစည်၏ မှတ်တမ်းစာကို ဖတ်ရှုကြပြီး နောက် မောင်ထွန်းပနှင့် မုဆိုးကြီး ဖရော်ဂန်တို့မှာ သက် ပြင်းတစ်ချက်ကို ရှူရှိုက်လိုက်ကြလေ၏။





'အေးကွာ-သူသာ တို့ကိုမတိုက်ခိုက်ဘဲ အကျိုးအကြောင်း ပြောပြနိုင်ရင် ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ကူညီနိုင်တာပေါ့၊ အခုတော့....'ဟု၍ မုဆိုးကြီး ဖရော်ဂန်က စိတ်မကောင်းစွာ ပြောလိုက်သကဲ့သို့ မောင်ထွန်းပကလည်း....

'ဟုတ်တယ်ဦးလေး ဖရော်ဂန်၊ ကျွန်တော်တို့ကိုမိတ်ဆွေ လို့ ဆက်ဆံရင် သူ့ရဲ့မျောက်မျက်နှာကို ဖြစ်တဲ့နည်းနဲ့ ဖြတ် တောက်လှီးပစ်၊ ပြီးတော့ ပါးစပ်ကချုပ်ရိုးတွေလည်း ဖြေ လို့ရတာပေါ့၊ အခုတော့ သူဟာ သေမထူး၊ နေမထူးလို့ သဘောထားပြီး ကျွန်တော်တို့ကို တိုက်ခိုက်ပေထာကိုး'ဟု တသသ ရေရွတ်နေလေ၏။

'ဖော် - မောင်ထွန်းပရေ၊ ဒီလိုစိတ်မကောင်း ဖြစ်နေရုံနဲ့ မပြီးသေးဘူးကွ၊ မောင်သာစည်ရဲ့ စာထဲမှာပါတဲ့ကလေးမ ဘယ်သူ—'

'မမိုးမြေပါ'

'အေး.... အဲဒီမမိုးမြေကို ရှာကြည့်းစို့ရဲ့'

'ဟုတ်တယ်ဦးလေးဖရော်ဂန်'

၎င်းတို့သည် ကျောက်ဂူကြီးအနှံ့ လှောက်၍ရှာဖွေကြ တော့၏။ ထိုအခါ ထင်းပုံကြီးများ၊ အသားချက်ပြုတ်ကျွေး နေရာများ၊ အသားခြောက်များကို တွေ့ရပြီးလျှင် နေရာ တစ်ခု၌ မာတ်ဆီပုံးများကိုလည်း တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မောင်ထွန်းပရေ၊ ဒါဟာ နှစ်ရှည်လများအပြင်မထွက်ဘဲ ဂူကြီးထဲမှာနေနိုင်အောင် စီစဉ်ထားတဲ့ကြိုတင်မှုတွေပဲကွ'

'ဒါလဲ ပရော်ဖက်ဆာဒေါက်တာမီးပွားရဲ့ အစီအစဉ်ပဲပေါ့နော်'

'မှန်တာပေါ့ကွာ၊ ဒီလူကြီးသေသွားတာ တော်တော်ကောင်းတယ်ကွ၊ နို့မို့ဖြင့် လူသားအတော်များများဟာ သူ့ရဲ့ရက်စက်ယုတ်မာမှုကို ထပ်မံပြီး ခံကြရဦးမှာ သေချာတယ်' ဟု မုဆိုးကြီးဖရော်ဂန်က ပြောပြ၏။

'ဒီဓာတ်ဆီပုံးတွေက ဘာလုပ်ဖို့ပါလိမ့်'

'ဒါက တစ်ခါတစ်ရံ သွားရေးလာရေး အဆင်ပြေအောင် ဓာတ်ဆီကို အဆင်သင့်ထားရှိတာ ထင်ပါရဲ့'

'ဖြစ်နိုင်ပါတယ်'

ထို့နောက် တစ်နေရာတွင် သံတိုင်များစိုက်၍ အလုံအခြုံ သော့ခတ်ထားသော အခန်းတစ်ခန်းကို တွေ့ရလေ၏။

အခန်းထဲ၌ မျက်စိကျိန်းမတတ် အဝါရောင်များ ပျံ့ထွက်နေ၏။

'ဦးလေး... ဦးလေး ကျွန်တော်တို့ရှာနေတာ တွေ့ပြီ ဟိုမှာ ဟိုမှာ'

'ဟာ... ဟုတ်တယ်ဟေ့၊ ရွှေတွေပဲ'





နှစ်ဦးသားမှာ အခန်းတွင်းရှိ ပြန့်ကျဲနေသော များပြားလှသည့် ရွှေတုံးများအား မှင်သက်လျက် ကြည့်နေမိကြလေ၏။

'အင်း ငါ့တစ်သက်တာမှာ ဒီလောက် များပြားတဲ့ရွှေတွေကို မတွေ့ဖူးသေးပါဘူး မောင်ထွန်းပရယ်' ဟု မုဆိုးကြီးဖရော်ဂန်က တုန်တုန်ယင်ယင် ပြောလေ၏။ မောင်ထွန်းပက–

'ဟုတ်ပါ့ များလိုက်တာနော်၊ တိဗက်ပြည်နယ်နဲ့ တောဝင်ကုန်းနဲ့လွင်ပြင်၊ တောတန်းတွေကို ကျော်ဖြတ်ပြီး ဒီကျွန်းရောက်အောင် ယူလာနိုင်တဲ့သတ္တိကိုတော့ ကျွန်တော်အထူးပဲ လေးစားမိတယ် ဦးလေးဖရော်ဂန်' ဟု မောင်ထွန်းပကဆို၏။

'မှန်တာပေါ့ကွယ်၊ အင်မတန်မှ ခက်ခဲတာကလား၊ လူသာမန်တွေ စွမ်းဆောင်နိုင်တဲ့ကိစ္စမျိုး မဟုတ်ဘူးကွ'

ထိုအခိုက် အခန်းမှောင်ရိပ်မှ ချွတ်ခနဲအသံတစ်ခု ကြားလိုက်ကြရ၏။

နားပါး၍ သွက်လက်လှသော မုဆိုးကြီးဖရော်ဂန်နှင့် မောင်ထွန်းပတို့သည် အသံကြားရာသို့ တစ်ပြိုင်နက်ခုန်အုပ်လိုက်ကြလေ၏။

'အို... အမေ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ'

'ဟင်'

နှစ်ဦးသား၏စားများသည် လမ်းခုလတ်၌ ရပ်တန့်သွားကြရလေ၏။ အကြောင်းသော်ကား—

လှပသော မိန်းမပျိုလေး တစ်ယောက်သည် မှောင်ရိပ်အတွယ်၌ ကြောက်ရွံ့ထိတ်လန့်သော သမင်မငယ်၏မျက်လုံးများကဲ့သို့ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် တဆတ်ဆတ်တုန်လှုပ်လျက် ရှိနေသောကြောင့်ပင်တည်း။

ပထမဦးစွာ သတိဝင်လာသူမှာ မုဆိုးကြီးဖရော်ဂန်ဖြစ်လေ၏။

'မင်း.... မမိုးမြေ ဆိုတာလား'

'ဟာ— ဦးလေးတို့က စကားပြောတတ်တယ် ဟုတ်လားတတ်ပါတယ် ကျွန်မ.... ကျွန်မ မမိုးမြေပါ'

မောင်ထွန်းပမှာကား လှပလွန်းသော မမိုးမြေဆိုသူလေးကို စေးစိုက်၍ကြည့်ကာ စကားမပြောနိုင်အောင် ဖြစ်နေမိတော့၏။

ထိုအခါမမိုးမြေက မောင်ထွန်းပအား လက်ညှိုးထိုးပြ၍

'ဒီ– ဒီ အစ်ကိုကရော စကားပြောတတ်ရဲ့လားဟင်' ဟု မေးရှာလေ၏။

'ဟေ့ ကောင် မောင်ထွန်းပ ပြောလိုက်လေ' မုဆိုးကြီးဖရော်ဂန်က တံတောင်နှင့်တွက်၍ သတိပေးရလေ၏။





ထိုအခါကျမှပင် မောင်ထွန်းပမှာ သတိဝင်လာလျက်—

'ပြော ပြောတတ်ပါတယ် မမိုးမြေ၊ ဒါနဲ့ ဒီဂူထဲမှာညီမအပြင် နောက်ထပ်ဘယ်သူတွေ ရှိကြသေးလဲ၊ အဲဒါ ပြောစမ်းပါ'

'မရှိတော့ပါဘူး၊ အစ်ကိုတို့သတ်ပစ်လိုက်တဲ့ ဂူထဲကလူဟာ ခေါင်းဆောင်ပါပဲ၊ ဒီဂူထဲမှာ သူနဲ့ကျွန်မက လွဲရင်ဘယ်သူမှ မရှိတော့ဘူးရှင့်'

'အော်...အော်'

'မင်းက ဘာဖြစ်လို့ပုန်းနေရတာလဲ' ဟု မုဆိုးကြီး ဖရော်ဂန်ကမေးလိုက်၏။

'ဦးလေးတို့နှစ်ယောက်က မျောက်မျက်နှာအဖွဲ့က လူတွေပဲလို့ ထင်မိတာကြောင့်ပါ၊ ဂူထဲက ကျွန်မကို စောင့်ရှောက်နေတဲ့မျောက်မျက်နှာ လူကိုလည်း သတ်ပစ်လိုက်ရော ကြောက်ကြောက်နဲ့ ရွှေတွေထားတဲ့ အခန်းဘေး မှောင်ရိပ်မှာ ပုန်းနေရတာပေါ့' ဟု ရှင်းပြ၏။

'အင်း ဒီမှာ ကလေးမရဲ့ အမှန်က သေဆုံးသွားတဲ့ ဂူထဲကမျောက်မျက်နှာ လူဟာ မောင်သာစည်တဲ့ကွဲ ၊ ရုပ်ရည် ချောမောလှပပြီး မင်းတို့ငါတို့လို လူတစ်ယောက်ပါကွယ်'

'ဟင် ဟုတ်လား၊ ဒါကို ကျွန်မ မသိပါဘူး'

'အေးလေ မသိနိုင်အောင်လည်း လူဆိုးကြီး စစ်ဦးထဲသူ့ရဲ့ ရက်စက် ယုတ်မာတဲ့ အကြံအစည်ကို အသုံးပြုပြီး

မောင်သာစည်ရဲ့ မျက်နှာပေါ်မှာ မျောက်မျက်နှာကို အစားထိုးချုပ်လုပ်၊ ဆုပ်ဆိုင်းသွားတာပေါ့'

'ရက်စက်လိုက်တာနော်'

မမိုးမြေခေါ် မိန်းမပျိုလေးမှာ မျောက်မျက်နှာ လူသားများ၏အဖြစ်အပျက်တို့ သနားကရုဏာသက်ဟန် အမူအရာဖြင့် ညိုးငယ်လျက်ရှိရှာလေ၏။

မောင်ထွန်းပမှာ မည်သည့်စကားမှ မဆိုနိုင်ဘဲ မမိုးမြေ၏ အလှအပအား ငေးမောလျက်သာ ရှိနေပေ၏၊

'ဆိုးရွားချင်တော့ မိန်းကလေးတို့ ဒီကျွန်းကို မရောက်လာခင်က သူတို့အားလုံး မျောက်မျက်နှာကပ်သားခြင်း ခံရပေမယ့် ဟားမြောက်၊ အစားစားတက်ကြသေးတယ်'

'ကျွန်မတို့ ရောက်တော့ ဒီမျောက်မျက်နှာ လူတွေမှာ စူးစူးဝါးဝါးနဲ့ မြေဟုန်လက်ဟန်မြတောကသွဲလို့ ဘာမှမတတ်ကြဘူး၊ ဒီးရှူသဲကလူကလွဲရင် အားလုံးဟာ ရက်စက်ရိုင်းစိုင်းကြတယ်၊ ကျွန်မအဖေ အပါအဝင် သဘောနဲ့ပါလာသူ ဆယ်ယောက်ကို ထိုးခုတ်သတ်ဖြတ်ကြတာ ကျွန်မရှေ့တွင်ပါပဲ' ဟု ရှည်လျားစွာ ပြောလေ၏။

မုဆိုးကြီး ဖရောင်ဂန်က ခေါင်းညိတ်၍—

'အေး ဒီဂူထဲက မျောက်မျက်နှာ လူသား မောင်သာစည်ဆိုတာက မင်းကို ကယ်တင် စောင့်ရှောက်သားတာပဲ မိန်းကလေး သူတို့အားလုံးဟာ မင်းတို့ ဒီကျွန်းကိုမရောက်





လာခင်ကလေးမှာပဲ ပါးစပ်တွေကို ဆေးပညာ အစီအရင်နဲ့ ချုပ်လုပ်ခြင်းခံလိုက်ကြရတယ်ကွဲ'

'အို ကျွတ် ကျွတ်'

'ဘာဖြစ်ဖြစ် မင်းရဲ့အသက်ကို ကယ်ဆယ်ခဲ့တဲ့ မောင်သာစည်ကိုတော့ ကျေးဇူးတင်သင့်တယ်ကွယ်'

'ဟုတ်ပါတယ်ရှင်၊ သူဟာ ကျွန်မကို အမြဲ လိုလေသေးမရှိ ဆောင်ရွက်ပေးရှာပါတယ်၊ သူ့မျက်နှာကို ကျွန်မမြင်ရရင် ကြောက်ဘတ်မှန်းသိလို့ ကျောက်ဂူအဝ ခပ်ဝေးဝေးမှာသာ သွားနေဘာက များပါတယ်'

'အေး ဟုတ်တယ်၊ သူဟာ မင်းအတွက် တာမဆို အသို့ရှိရာ ဆောင်ရွက်ပေးမယ်လို့ သန္နိဋ္ဌာန်ချထားရှာတယ်ကွဲ'

'ဟင် ဘာဖြစ်လို့ သူက အဲဒီလို စိတ်ထား ထားရတာလဲ ဦးလေး'

'သူက အခု မင်းကိုချစ်နေရှာလို့ပေါ့'

'အို'

မမိုးမြေမှာ ရှက်သွေးဖြန်းလျက် ပန်းနုရောင်ပြေးသွားသော မျက်နှာလေးအား ဂူပေါက်ဝသို့ လှဲ၍ ရှုနေသည့် မောင်သာစည်၏ အလောင်းထံသို့ ရွှေ့လျားလိုက်လေ၏။

မုဆိုးကြီး ဖရောင်ဂန်က သက်ပြင်းဘာချလိုက်ရင်း လေးပင်စွာ မှုတ်ထုတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌ သူသည် သေသူ မောင်သာစည် ဖြစ်စေလို သော ဆန္ဒများအား မမိုးမြေကို ဖော်ထုတ်လိုက်ရပြီဖြစ် သောကြောင့် တစ်ကိုယ်လုံး ပေါ့ပါးသွားသည်သို့ ရှိလေ၏။ သေသူ၏ ဆန္ဒနှင့် မေတ္တာတရားကို မမိုးမြေ သိရှိသွားလျှင် တာဝန်ကျေပြီဟု ထင်မှတ်မိ၏။

ထိုအခိုက် မိုးချုန်းသံကဲ့သို့ လည်းကောင်း၊ တော်လဲသံ ကဲ့သို့ လည်းကောင်း အသံကြီးများ ထွက်ပေါ်လာလေ၏။

'ဝုန်း ဒုန်း ဒလုန်း'

'ဂျိမ်း ဂျိမ်း'

'ဟာ ဦးလေး ဟိုမှာကျောက် ဂူကြီးပိတ်သွားပြီး'

'ဟင် ဒုက္ခပါပဲရှင်'

'ဟိုက် အပြင်က တစ်ယောက်ယောက်က လျှို့ဝှက်ခလုတ် ဆွဲပြီး ပိတ်လိုက်တာပဲကွ'

'ဘယ်သူဖြစ်မယ်ထင်သလဲ ဦးလေး၊ ဒီကျွန်းပေါ်မှာ ကျွန်တော်တို့ကလွဲပြီး တခြားလူတွေလာဖို့ သိပ်မလွယ်လှပါ ဘူး'

'တော့ နားထောင်စမ်းဟေ့၊ အပြင်ကရယ်မောသံကြီး တစ်သံကြားရတယ်'

မုဆိုးကြီး ဖရော်ဂန်၏ စကားအဆုံးတွင် အားပါးတရ ရယ်မောသံကြီးသည် ကျောက်ဖျာချပ်များကို ဖောက်ထွင်း၍ ဂူကြီးအတွင်းသို့ တိုးဝင်လာလေ၏။





'ဟား...ဟား...ဟား— ဒါဟာ တခြားလူ မဟုတ်ဘူး ဟ၊ ပရော်ဖက်ဆာဒေါက်တာမိုးပွားကွ'

'ဟာ'

'ဟင်—သူ—သူ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ကျွန်တော်တို့ မျက်စိရှေ့မှာတင် မြားမှန်ပြီး ချောက်ထဲထိုးကျသွားတာပဲ' ဟု မောင်ထွန်းပက မယုံနိုင်ဟန်ပြောလေ၏။

ထိုအခိုက် ပရော်ဖက်ဆာဒေါက်တာမိုးပွား၏ အသံကြီး က ထွက်ပေါ်လာပြန်လေ၏။

'ငါ့မယားကို ခိုးပြေးပြီး၊ ငါ့အစီအစဉ်တွေ ဖျက်ပြား အောင်လုပ်ဆောင်ခဲ့တဲ့ ခေါနရဲ့ သားကို ရေဆုံးရေဖျား လိုက်လံလက်စားချေဖို့ ငါစီစဉ်ထားတာကွ၊ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ မင်းတို့ဟာ ဒီကျွန်းကဂူကို ရောက်လာရမယ် ဆိုတာ ငါသိခဲ့ပြီးပြီ'

ထိုခဏမှာပင် မောင်ထွန်းပက အသံကုန်တစ်၍ အော် လိုက်လေ၏။

'ဒီမှာ ဒေါက်တာမိုးပွား၊ ကျုပ်တစ်ယောက်တည်း ဂူ ထဲက ထွက်ခွင့်ပြုပါ၊ ခင်ဗျားနဲ့ကျုပ် မသေမချင်း တိုက်ကြ ရအောင်'

ကျောက်ဂူအတွင်း၌ မောင်ထွန်းပ၏အသံများသည် ဟိုမှ သည်မှ ဟိန်းထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာမှ မမိုးမြေက မုဆိုးကြီးဖရော်ဂန်အား တစ်ဖုံတစ်ရာ လက်တို့၍ တိုးတိုးပြောပြလိုက်၏။ မုဆိုးကြီး ဖရော်ဂန်ပင် အံ့သြသွားရလေ၏။

'တကယ်နော် ကလေးမ'

'တကယ်ပါရှင်၊ အဲဒီ ဈေးလျှို့ဝှက်ထွက်ပေါက်ကို အရေးရှိရင် အသုံးပြုရအောင် ဦးလေးတို့ဖြောတဲ့ မောင်သာစည် ဆိုသူ ချောက်ချက်နှာလူက ပြပေးခဲ့တာပါ'

အမြင့်မှ ပရော်ဖက်ဆာ ဒေါက်တာမီးပွား၏အသံ ထွက် ပေါ်လာပြန်လေ၏။

'မင်းတို့က တိုက်ချင်ပေမယ့် ငါ့မှာ အချိန်မရဘူး ချာ တိတ်ရေ၊ ဒီတော့ မင်းတို့ကို ရွှေရည်ကျိုပြီးသား ရုပ်တုတွေ ဖြစ်သွားအောင် မီးလောင်တိုက်သွင်းပေးရမယ်၊ ကဲ...လာ ပြီဟေ့'

ပြောပြောဆိုဆို ကျောက်ဂူ၏ လေဝင်ပေါက်များမှ မီး တုတ်များကို ပစ်လွှတ်လေတော့၏။

'ဟာ...မမိုးမြေ'

မောင်ထွန်းဖက မီးတုတ်တစ်ခု မမိုးမြေခေါင်းပေါ်သို့ ထိုးကျလာရာ လျှင်မြန်ဖျတ်လတ်စွာခုန်လွှား၍ မမိုးမြေကိုယ် လုံးလေးအား ဖွေ့ယူရှောင်ရှားလိုက်ရလေ၏။

---





ထိုစဉ် အဆက်မပြတ်ပစ်လွှတ်နေသော မီးတုတ်များကြား မှ ပရော်ဖက်ဆာ ဒေါက်တာမီးပွား၏ အသံက ထပ်မံထွက် ပေါ်လာပြန်လေ၏။

'အေး–မင်းတို့ မသေခင် သိချင်တာလေး သိသွားရ အောင် ငါပြောပြမယ်၊ ဟို...ကချင်ပြည်နယ် တောင်ကုန်း တွေပေါ်မှာ တိုက်ခိုက်ကြရင်း မြားမှန်ပြီး ချောက်ထဲကျ သွားတာ မင်းတို့သိမှာပေါ့၊ အမှန်က သွေးအထွက် သိမ် များတော့ ငါ့ခန္ဓာကိုယ်ရဲ့ မူလစွမ်းအား အသက်တစ်ရာ ကျော် အရွယ်ခွန်အားမျိုး ဖြစ်သွားပြီး ခုန်တုန်ယင်ယင်နဲ့ ချောက်ထဲတို့ ကျသွားတာကွ၊ နို့ပေမယ့် အဲဒီလိုကျသွား တုန်းမှာပဲ ဖျတ်ခနဲ လေထဲမှာတင်သတိရပြီး ငါ့အင်္ကျီအိတ်ထဲ မှာ ထာဝစဉ်ထည့်ထားလေ့ရှိတဲ့ 'အသက်ခွန်အားဆေး' ကို စားသုံးလိုက်လို့ ကျောက်ဂလပ်တစ်ခုပေါ်ကို တည်တည်ငြိမ် ငြိမ် ပြန်လည်ဆင်းသက်နိုင်ခဲ့တယ်၊ နောက်တစ်ခုက အေးအေး ဆေးဆေး ရှုံ့ဂရိုလာကျောင်းတော်မှာ ပြန်နေပြီး ယောဂ ကျင့်စဉ်တွေ ပြန်ကျင့်တယ်၊ မင်းတို့ ဒီကျောက်ဂူကို မရောက် မကြာမကြာ ငါလာကြည့်တယ်၊ ငါ့ရှိတုန်းလား ရင်လဲ ကိုစွ တူးအောင် ချောက်ချက်နှာတပ်ဆင်ထားတဲ့ ငါ့လူတွေကို ဒီ ကျွန်းမှာ နေရာချထားတာ မင်းတို့အမြင်ပဲလေ'

'ဟဲဟဲဟဲ...မင်းလေးဟာ ဒေါ်ရဲ့သားမီပီ တိုက်ရည်ခိုက် ရည်နဲ့ သတ္တိဘာတော့ ပြောစရာမရှိ အောင်ထူးချွန်ပြီး [illegible] ပါတယ်၊ ဒါကြောင့်လဲ ငါ့သည် ချောက်ချက်နှာ လူသား [illegible]

---



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ အားလုံး သေဆုံးကုန်ကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် လေ မင်းအဖေကိုယ်စား မင်းတို့ကို မီးလောင်တိုက်သွင်းရမှာပဲ၊ ဒါမှ အစွမ်းကောင်းသေးတယ်ဆိုရင်တော့ ရွှေတွေယူပြီး လွတ်ရာကျွတ်ရာ သွားကြပေါ့ကွာ၊ ဟားဟားဟား'

ဖရော်ဖက်ဆာဒေါက်တာမီးပွား၏ ကျေနပ်ဝမ်းသာစွာ အားပါးတရ ရယ်မောသံကြီးသည် ကျောက်ဂူ၏ အုရပ် လေးမျက်နှာမှ စာစ်ပြိုင်နက် ထွက်ပေါ်လာသကဲ့သို့ ဟိန်း၍ ထွက်ပေါ်လာလေ၏။

'တောက် ခင်ဗျားဟာ လူယုတ်မာကြီးပဲ၊ ကျုပ် မသေသေးရင်တော့ တွေ့ကြသေးတာပေါ့ဗျာ'

မောင်ထွန်းဝေ၏ အော်ဟစ်ကြုံးဝါးသံသည်လည်း ဂူကြီး အတွင်း၌ ဟိန်း၍ ထွက်ပေါ်လာပြန်တော့၏။

ထိုခဏ၌ ထင်းပုံများအား မီးစွဲလောင်သောကြောင့် တဖျစ်ဖျစ်မြည်သံများသည် နေရာအနှံ့ အစီအရီ ထွက်ပေါ် လာသေး၏။

'မောင် မောင်ထွန်းဝေ၊ လာဟေ့ အချိန်မရှိဘူး၊ တော် ကြာ ခါတ်ဆီပုံးတွေဆီ မီးကူးပြီး ပေါက်ကွဲတော့မယ်၊ လာ လာ သွားကြစို့ မမိုးမြေ'

'ဟုတ်ကဲ့ဦးလေး'

မောင်ထွန်းဝေမှာ ဘုမသိ၊ ဘမသိဖြစ်နေသောကြောင့် မုဆိုးကြီး ဖရော်ဂန်က ဆွဲခေါ်လာရလေ၏။





မမိုးမြေက ကျောက်ဂူ၏ မှောင်ရိပ်သို့ တိုးဝင်သွားပြီး လျှင် သစ်စများကာရံပိတ်ဆို့ထားသည့်နေရာ တစ်ခုကိုပြ လေ၏။

'ဒီနေရာပဲ ဦးလေး၊ သစ်သားတွေကို ဖယ်ပစ်ပါ'

မုဆိုးကြီးဖရော်ဂန်နှင့် မောင်ထွန်းဝေတို့ သစ်သားစများ ကိုခွာနေချိန်တွင် ရိကွာခြောက်များကို မီးလောင်သော ကြောင့် ညှော်နံ့များမှာ စူးရှစွာ ပေါ်ထွက်လာတော့၏။

ထင်းပုံကြီးများကို မီးစွဲလောင်ရာမှ ကျောက်သားများ ပူလာကာ လူအားလုံးမှာ ပေါင်းအိုးထဲသို့ ရောက်နေသည် နှင့် မခြားရှိလေတော့၏။

နောက်ဆုံး ပျဉ်စကိုခွာပြီးသောအခါ ပိတ်ဆို့ထားသော လူတစ်ကိုယ်စာ ကျောက်တုံးကြီးကို ပင်ပန်းခက်ခဲစွာ ကြိုး စားဖယ်ထုတ်ရပြန်လေတော့၏။

'ဝုန်း'

မကြာမီ ပိတ်ဆို့ထားသည့် ကျောက်တုံးကြီး မြုတ်ကျ၍ လိမ့်ဆင်းသွားတော့၏။

'အဲဒါ လျှို့ဝှက် ထွက်ပေါက်ပဲ ဦးလေး'ဟု မမိုးမြေက ပြော၏။

'ကလေးမရေဒီကနေထွက်သွားရင်ကျောက်ဂူရဲ့ ယိမ်နေ ရာကို ရောက်မလဲကွဲ့'



www.burmeseclassic.com

www.burmeseclassic.com



နီအပေါက်ကျောက်ဆောကားထစ်တွေကနေ့ဥမင် အတိုင်း ဆင်းသွားရမယ်၊ ဒါဆိုရင် ကျောက်ဂူအရှေ့က တော အုပ်ထဲကို ရောက်သွားလိမ့်မယ်'

'တန်ကျတာပဲ၊ လာဟ အမြန်ထွက်ကြစို့'

သူတို့သုံးဦးသားသည် ကျောက်ငုတ်တား ထစ်များကို အလျင်အမြန် ဖြတ်ကျော်ဆင်းလိုက်ကြတော့၏။ ထိုအခါကျမှ မီးအပူရှိန်မှာ နည်းငယ် သက်သာသွားကြတော့၏။

ထို့နောက် မြေအောက် ဥမင်အတိုင်း ခုန်ဆုန်း၍ လည်း ကောင်း၊ တွားသွား၍လည်းကောင်း၊ ခက်ခဲစွာ သွားကြရာ မကြာမီ ချိုင့်ဝှက်လမ်း၏ အထက်သို့ တက်ရောက်နိုင်ခဲ့ကြလေ၏။

'ဟား ဟား ဟား ဟား ပရော်ဖက်ဆာတာဒေါက် မီးပွားကိုအန်တုဖို့ကြံတဲ့ကောင်တွေ အခုတော့ ဘယ်နှယ်ရှိစ'

အရှူးတစ်ယောက်ကဲ့သို့ အော်မာစ်ရယ်မော၍ သဘော ကျနေသော ပရော်ဖက်ဆာ ဒေါက်တာမီးပွားကို မီးများ တဟုန်းဟုန်းတောက်လောင်နေသည့် ကျောက်ဂူကြီး ရှေ့၌ တစ္ဆေသရဲတစ်ကောင်ကဲ့သို့ မြင်တွေ့ကြရလေ၏။

မုဆိုးကြီးဖရော်ဂန့်က မြားတံထိုးသိုဘူးထဲမှ တစ်စုံ တစ်ရာကိုထုတ်ယူသတ်လိမ်းလိုက်လေ၏ နှုတ်မှလည်း 'ဒါဟာ ကချင်ပြည်နယ်က အကောင်းဆုံး အဆိပ်တစ်မျိုးပဲကွ'ဟု လည်းပြော၏။





ထို့နောက် အရူးတစ်ယောက်ကဲ့သို့ အော်ဟစ်ရယ်မော နေသော ပရော်ဖက်ဆာဒေါက်တာမီးပွားထံသို့ ထိုမြားတံ ကိုဒူးလေးတွင်ထည့်၍ ချိန်ရွယ်ပစ်လွှတ်လိုက်တော့၏။

'ရွှစ်'

'အား'

ပရော်ဖက်ဆာဒေါက်တာမီးပွားမှာ ရုတ်တရက်လဲကျ၍ ငြိမ်သက်သွားတော့၏။

'လာစမ်းဟေ့ မောင်ထွန်းပ၊ ဒီဆေးဟာသိပ်ကြာကြာ ခံတာမဟုတ်ဘူး၊ မကြာခင် သူသတိရလာတော့မှာ၊ အချိန် တိုအတွင်း တို့လုပ်စရာရှိတာ လုပ်ကြစို့'

ပြောပြောဆိုဆို ပရော်ဖက်ဆာဒေါက်တာမီးပွားထံပြေး သွားသောကြောင့် မောင်ထွန်းပလည်း မမိုးမြေကိုနေရာ၌ ချထားခဲ့ကာ ပြေးလိုက်သွားရလေ၏။

မုဆိုးကြီးဖရော်ဂန်က ရွှေတုံးငယ်ကလေးကို ဆွဲယူလိုက် ၏။

မိုးခြိမ်းသံကဲ့သို့ အသံကြီးနှင့် ကျောက်ဖျာချပ်များပွင့် သွားလေ၏။

'လာဟေ့ သူ့ခြေထောက်က ကိုင်စမ်း၊ ငါက ခေါင်း ဖက်က ကိုင်မယ်'

'ဟုတ်ကဲ့ ဦးလေး'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားသည် ပရော်ဖက်ဆာဒေါက်တာမီးပွား၏ကိုယ်လုံးကြီးအား ကျောက်ဂူအဝမှအထဲသို့ လှဲပစ်လိုက်ရာ ပရော်ဖက်ဆာဒေါက်တာမီးပွားမှာ မီးလောင်ပြင်ထဲသို့ ရောက်ရှိသွားတော့၏။

'မောင်ထွန်းပ ရွှေတုံးအကြီးကို အမြန်ဆွဲယူ၊ ဒါမှ ရှပေါက်ပိတ်သွားမယ်'

မောင်ထွန်းပက အပြင်မှရွှေတုံးအကြီးကို ဆွဲယူလိုက်၏။ ထိုအခါ မြည်ဟည်းသောအသံကြီးဖြစ်ပေါ်လျက် ကျောက်ဖျာချပ်များမှာ ဂူဝကိုပိတ်ဆို့ထားလိုက်လေတော့၏။

'ကဲဟေ့ မော်တော်ဘုတ်ဆီကို သွားကြစို့'

'ဟုတ်ကဲ့ဦးလေး ကျွန်တော်ခမိုးမြေကို သွားခေါ်လိုက်ဦးမယ်'

'အေး အေး မြန်မြန်လုပ်'

မောင်ထွန်းပသည် စိုးရိမ်ကြီးစွာစောင့်မျှော်နေရှာသည့် မမိုးမြေလက်ကလေးကို ဆွဲလျက်...,

'လာ ညီမ အစ်ကိုတို့သွားကြစို့'

'အို ဟိုလူကြီးရော အစ်ကို'

'ဒီလူကြီးလား၊ သူ့ရဲ့ဆိုးမိုက်တဲ့ဒဏ်ကိုသူ့ဘာသာခံသွားရပြီပေါ့တော့ ကဲ... သာသွားကြမယ်'ဟု မမိုးမြေကိုဆွဲခေါ်ထွက်လာခဲ့တော့၏။



မုဆိုးကြီးဖရော်ဂန်မှာ မော်တော်ဘုတ်အပေါ်သို့ အမြန်ရောက်ရှိနေပြီးလျှင် စက်နှိုး၍ ကမ်းစပ်မှသူတို့နှစ်ဦးရှိရာသို့ လာကြိုနေ၏။

မော်တော်ဘုတ်ပေါ်သို့ အားလုံးရောက်ရှိ၍ ကမ်းမှခွာလိုက်စဉ် ဓာတ်ဆီပုံးများ မီးလောင်မှုကြောင့် ပေါက်ကွဲသံကြီးများကို ကြားလိုက်ကြရ၏။

'ဟာ ဟိုမှာဦးလေး ဒေါက်တာမီးပွားရဲ့ မော်တော်ဘုတ်ဖြစ်ဟိမ့်မယ်'

'အို...ဟုတ်သားပဲ၊ ကဲ ရော့ ဟောဒီမှာ မီးခြစ်၊ မင်းက မီးခြစ်ခြစ်စမ်းမောင်ထွန်းပ'

'ဘာလုပ်မလို့လဲ ဦးလေး'

မုဆိုးကြီးဖရော်ဂန်က ဘာမျှ ပြန်လည်ပြောကြားခြင်းမပြုဘဲလျက် အသင့်ပြုလုပ်ထားသော မြားတံငါးချောင်းကို ထုတ်ယူလိုက်၏။

ပြီးလျှင် မော်တော်ဘုတ်ဆီတိုင်ကီထဲမှ ဓာတ်ဆီများဖြင့် ဆွတ်စေ၏။

ထို့နောက် မောင်ထွန်းပမီးရှို့ပေးသောမြားတံကို ဒူးလေးတွင်တည့်ကာ မော်တော်ဘုတ်ဆီသို့ ပစ်လွှတ်လိုက်တော့၏။

တစ်ဖန်... ထိုနည်းအတိုင်း နောက်ထပ်လေးချောင်းကိုသည်း မော်တော်ဘုတ်ဆီသို့ ထပ်မံပစ်လွှတ်လိုက်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မော်တော်ဘုတ်နံရံများတွင် မြားတံချက်စိုက် မျက် မီးများဖောင်မြိုက်လေတော့၏။

'ဝုန်း...ဖိုင်း'

'ဝေါ...ဝေါ'

ထိုခဏမှာပင် ကျောက်ဂူကြီးမှာ မီးအရှိန်ကိုမခံနိုင်တော့ဘဲ ပေါက်ကွဲကုန်လေရာ နီရဲသောမီးခဲများမှာ ကျွန်းအနှံ့ ကျရောက်လေတော့၏။

'အင်း– ဒီအတိုင်းဆိုရင် တစ်ကျွန်းလုံး တောမီးလောင်ဝိုမှာ သေချာသွားပြီ၊ အေးကွာ မီးထဲမှာ ကျန်ရစ်ခဲ့တဲ့ရွှေတွေကိုတော့ နှမြောစရာပဲ ဒါပေမယ့်ဒီရွှေတွေဟာ ကျိန်စာသင့်ထားတဲ့ရွှေတွေလို့ ငါကြားဖူးထားတယ် မောင်ထွန်းပရဲ့'

'မှန်ပါတယ်ဦးလေး၊ ကျွန်တော်လဲ အဲဒီလိုပဲတွေးမိပါတယ်၊ အဖေ့ရဲ့ဆန္ဒအရသာ လာခဲ့ရတာပါ၊ ဒီရွှေတွေကိုလည်း ဒီလောက်ဘောင် မက်မောလှတာ မဟုတ်ပါဘူး' ဟု ပြော၏။

ထိုစဉ်အခိုက်, မမိုးမြေက ကျွန်း၏တစ်နေရာသို့ လက်ညှိုးထိုးပြ၍...

'ဟာ– ဟိုမှာအစ်ကို၊ မီးလောင်နေတဲ့ လူဘစ်ယောက် ကျွန်မတို့ထွက်လာတဲ့ လှိုဏ်ဥမင်ပေါက်က ပြေးထွက်လာနေပြီ'





'အိုး...ဟုတ်ပါရဲ့၊ ဒါ ပရော်ဖက်ဆာဒေါက်တာမီးပွား ပဲ၊ အသက်ပြင်းလှချည်လား ဦးလေး'

'အေး– စောင့်ကြည့်ကြသေးတာပေါ့'

'ဝုန်း...ဝုန်း'

'ဒေါ– ဒုန်း ဒုလှုန်း'

မီးအရှိန်ကြောင့် ပေါက်ကွဲ၍ လွင့်စဉ်ထွက်ကုန်သော ကျောက်တုံးကျောက်ခဲများမှာ မြန်ကျသွားလေ၏။

ထိုမှ သစ်ပင်များကို မီးစွဲလောင်၍မီးကျွမြန်လေ၏။

ထိုခဏ၌ မီးရှို့ထားသော မြားတံများကြောင့် မော်တော်ဘုတ်မှာလည်း မီးအရှိန်ရနေပြီ ဖြစ်ပေတော့၏။

'ဟော– ဟော သူ ဒို့ ရေစပ်ကိုဆင်းလာပြီ' ဟု မမိုးမြေက အော်ပြော၏။

မီးများစွဲလောင်လျက်ရှိသည့် အရိုးစုကြီးသဏ္ဍာန်ဖြစ်နေသော ပရော်ဖက်ဆာ ဒေါက်တာမီးပွားသည် သွေးရူးသွေးတန်းဖြင့် မီးလောင်နေသော မော်တော်ဘုတ်ဆီသို့ခုန်သွား၍ ဆိုက်ရောက်သွားလေ၏။

'ဟာ...ဒီလူတော့ ဒုက္ခပဲ' ဟု မောင်ထွန်းမပင် ရေရွတ်မိ၏။

'ဖောင်း– ဝုန်း'

www.burmeseclassic.com

ထိုအခိုက်၌ မော်တော်ဘုတ်သည် မီးလောင်ပေါက်ကွဲသွားရာ ပဲရော့ဖက်ဆာဒေါက်တာမီးဖွား၏အရိုးစုကိုယ်ခန္ဓာကြီးမှာ မီးများစွဲလောင်လျက် ဝင်းအယ်ပြင်သို့ လွင့်စဉ်သွားတော့၏။

'ဟာ'

'ဟင်'

'အင်း–ဗုဒ္ဓရိုက်ရာဇာကြီးတော့ သူ့မိုက်အစ်နဲ့သူ လောကကြီးကို ကျောခိုင်းသွားရှာပြီ မောင်ထွန်းပရေ'ဟုမှူးဆိုးကြီး ပဲရော့ဂန်က စိတ်မကောင်းစွာ ပြောလိုက်ရှာလေ၏။

အတန်ကြာသည်အထိ ရေပြင်ပေါ်၌ မည်သည့်အရာမျှ မလာတော့ ငြိမ်သက်လျက်ရှိနေဆဲဖြစ်သည်။

ကျွန်းကြီးတစ်ကျွန်းလုံးမှာ မီးဟုန်းဟုန်းတောက်လောင်လျက် ရှိချေပြီ။

'သွားကြစို့ မောင်ထွန်းပရေ၊ သူ ဘယ်လောက်အထိ ဆိုးရွားယုတ်မာသည်ဖြစ်ပေစေ လူသားတစ်ယောက်အနေနဲ့တော့ ကိုယ်ချင်းစာမိတာ အမှန်ပါပဲကွယ်' ဟု မှူးဆိုးကြီးပဲရော့ဂန်က ဝမ်းနည်းကြေကွဲသံဖြင့် ပြော၏။

မောင်ထွန်းပကသည်း...

'ဟုတ်ပါတယ်ဦးလေး၊ သူ့ရဲ့ယုတ်မာမှုဟာ ကမ်းကုန်သလောက်ရှိပေမယ့် အခုလိုမြင်ရတော့ စိတ်မကောင်းနိုင်ပါဘူး'ဟု ပြောရှာသေး၏။

သုရိန်ဆွေ



www.burmeseclassic.com